
ဒုတိယအကြိမ်

# နွယ်ကျော်သိုင်း

## တမ်းတ,ရာ အသက်ရှင်ခြင်းလေးရယ်

သူရဲကောင်းစာပေတိုက်

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

**စာမူခွင့်ပြုချက်အမှတ်** - ၁၄၄၀/၂၀၀၄ (၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၀၁၅၀၀၅၀၂

**ထုတ်ဝေသူ**

ဦးအေးသိန်း (မောင်ညိုအေး-ပန်းတော)
တိုက် ၂၅၊ အခန်း ၃၀၄၊ ဘီဘာလောက်၊
ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့။

**အတွင်းနှင့် အဖုံးပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (၀၆၃၆၄) အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်၊ ၂၀၀၅-ခုနှစ်၊ ဧပြီလ။

**တန်ဖိုး** - ၁၀၀ ကျပ်

**အုပ်ရေ** - ၅၀၀

**ဖြန့်ချိရေး**

**သုခရဲကောင်းစာပေတိုက်**

ထာဝစဉ်သာ ရည်ရွယ်ရာ
ထာဝစဉ်သာ ပျော်ရွှင်ရာ
မင်းတစ်ယောက်သာ
ငါတမ်းတ,ရာ အသက်ရှင်ခြင်းလေးရယ်။

ထာဝစဉ်သီချင်း…မှ
ရေး-ဝင်းမင်းထွေး
ဆို-ထူးအိမ်သင်



( အစ )

"အခြေအနေ ဘယ်လိုလဲ မောင်အုန်း၊ အဆင်ပြေရဲ့လား"

ထွန်းဇမ္ဗူပုံနှိပ်တိုက်နှင့် ဇမ္ဗူထွန်းစာပေတိုက် ပိုင်ရှင်သူဌေး ဦးတက်ထွန်းက မြို့မှ စာအုပ်တွေ သိမ်းပြီး ပြန်လာသော ဖြန့်ချိရေး မန်နေဂျာလေး မောင်အုန်းကို သိချင်စောကြီးသော လေသံဖြင့်လှမ်း မေးသည်။

"ဟို…ဟို…ဟိုဒင်း…ဦးလေး"

ရုတ်တရက် မောင်အုန်းက ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွား၏။ တိုက်၏ အလုပ်စားပွဲတွင် စွပ်ကျယ်အင်္ကျီကြီး ထိုင်နေရင်းသူ့ အဖြေ စကားကို စိတ်အားထက်သန်စွာ စောင့်စားနေသည့် ဦးတက်ထွန်းကို တစ်လှည့်၊ အနားက ကြိမ်ကုလားထိုင်တွင် အခန့်သား အကြော့သား

ဝတ်စားထားပြီး သူ့ကို ရှုတင်းတင်းပုံစံဖြင့် မျက်မှောင်ကြုတ် ကြည့်နေသည့် ဦးတက်ထွန်း၏သား ဝေယံထွန်းကို တစ်လှည့်ကြည့်၍ သူတော့ ဒုက္ခကောင်းစွာ ရောက်တော့မည်ဖြစ်ကြောင်း သဘောပေါက်နေသည်။

'ဟိုဒင်း၊ ဘာဟိုဒင်းလဲကွ၊ ငါမေးတာ မင်းကို ဟိုဒင်းအကြောင်းမဟုတ်ဘူး၊ စာအုပ်အခြေအနေမေးတာ၊ ပန်းဖြူဖြူပွင့်စာအုပ် အခြေအနေ ဘယ်လိုလဲ'

'အေးလေကွာ မင်းကလဲ ဘယ်လိုဖြစ်နေရတာလဲ မောင်အုန်းရ၊ အခြေအနေကောင်းတာ သေချာနေတဲ့ကိစ္စပဲ၊ ကောင်းတယ်ပဲ ပြောလိုက်ပေါ့'

မောင်အုန်း ပြန်မဖြေခင်မှာပင် ဝေယံထွန်းက ဦးအောင်ဝင်၍ နှုတ်ကြောင်းပေးလိုက်သည်။

မောင်အုန်း ချွေးပြန်လာသည်။

ဝေယံထွန်း ပြောသလို ကောင်းတယ်ဟု ပြောလိုက်ဖို့ကတော့ ဘာမှမခက်။

ခက်တာက အလုပ်ကိစ္စနှင့်ပတ်သက်လာလျှင် သိပ်စေ့စပ်သေချာလွန်းသည်နှင့်အမျှ လုပ်ခွင်စည်းကမ်းကြီးသည့် ဦးတက်ထွန်းနှင့် ရင်ဆိုင်ရမည့်အရေးဖြစ်သည်။



'ဟော့ကောင်…ပြောလေကွာ'

ဦးတက်ထွန်းက ထပ်မေးသည်။

မောင်အုန်း ခေါင်းကုတ်လိုက်ပြီး…

'ကောင်း…ကောင်းပါတယ် ဦးလေး'

'ဘာကောင်းတာလဲ၊ ဘယ်လိုကောင်းတာလဲ'

စိတ်ညစ်ဖို့နဲ့ စိတ်ရှုပ်စရာကောင်းတာ ဦးလေး ဆိုသော စကားကို မောင်အုန်း ပြန်မပြောရဲတော့။ ဝေယံထွန်းဘက်သာ မသိအသာတစ်ချက်ကြည့်ပြီး…

'စာအုပ် အခြေအနေ ကောင်းတယ် ပြောတာပါဦးလေး၊ စာအုပ်တွေ အကုန်လုံးနီးပါး ရောင်းခဲ့ရပါတယ်'

'ဟော…ဟုတ်ရဲ့လား မောင်အုန်းရာ'

'ဟုတ်…ဟုတ်ပါတယ်ဦးလေး၊ ကျွန်တော် အခုဆိုင်တွေက ပြန်သိမ်းလာခဲ့တာ အုပ်ငါးဆယ်ထက် မပိုပါဘူး'

'ဟ…ဒါဖြင့် အုပ်ရေ တစ်ထောင်ရိုက်တာ ကုန်သလောက်ဖြစ်သွားပြီပေါ့'

'ဟုတ်…ဟုတ်ကဲ့၊ နယ်ကပြန်လာမယ့် စာအုပ်နဲ့ ဘာနဲ့ပေါင်းရင်တောင် အုပ်ကိုးရာတော့ အနည်းဆုံးကုန်ပါတယ်'

ဦးတက်ထွန်း မျက်ခုံးပင့်၊ မျက်လုံးပြူး၊ နှုတ်ခမ်းမဲ့ပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။

သူဖတ်ကြည့်ရသလောက် စာရေးဆရာမပန်းဖြူဖြူပွင့်၏ ပထမလုံးချင်းဖြစ်သော 'ချစ်သော ကိုကို' ဆိုသော စာအုပ်နှင့် ယခု ဒုတိယစာအုပ် ဖြစ်သော 'ကိုကို့ကို ချစ်သော' ဆိုသော စာအုပ်နှစ်အုပ်စလုံးမှာ ကောင်းတာဆို၍ ဘာတစ်ခုမှ ရှာမတွေ့။

အရေးအသားကလည်း အလွန်ရိုးသားပြီး အလွန်ကလေးဆန်သော အရေးအသားမျိုး။ ဇာတ်လမ်းကလည်း နှစ်ပိုဒ်စလုံး ပေါင်းတာတောင် ဘာမှမည်မည်ရရမရှိ။

သူ့ခေါင်းစဉ်များ အတိုင်းပင် ကိုကို့ကို ချစ်တာနှင့် သူချစ်တဲ့ ကိုကို့ အကြောင်းတွေပဲ ထပ်ပြန်တလဲလဲ ပါနေသည်။

အဲဒါကို ပရိသတ်တွေက ကြိုက်သတဲ့လား။

စာအုပ်တွေလည်း ရောင်းလို့ကုန်သတဲ့လား။

တကယ့်ကို မယုံနိုင်စရာအဖြစ်ပင်။

လူတွေ ပြောပြောနေသည့် သည်ခေတ်မှာ မိန်းကလေးနာမည် လှလှလေးနှင့် ချစ်တို့၊ ကိုကိုတို့ပါသော ခေါင်းစဉ်တပ်လျှင် ရောင်းရတာပါပဲ ဆိုသော စကားများ တကယ်မှန်နေတာပဲ။



အံ့သြကုန်နိုင်ဖွယ်ဆိုသော အဖြစ်မျိုးနှင့် ကိုယ်တွေ့ ကြုံလိုက်ရသဖြင့် စာပေနယ်မှ ဝါရင့်ပုံနှိပ် ထုတ်ဝေရေးဆရာကြီး ဦးတက်ထွန်း စိတ်ညစ်စွာ ခေါင်းကုတ်လိုက်မိ၏။

◆ ◆ ◆

'တကယ်ပြောတာ အဖေ၊ ဒီစာအုပ်ကို မဖြစ်ဖြစ်အောင် ထုတ်ပါ၊ လုံးဝရောင်းရစေမယ်လို့ ကျွန်တော်အာမခံတယ်၊ အဲဒီစာအုပ် ထုတ်လို့ အဖေရှုံးရင် ကျွန်တော် အဲဒီရှုံးသမျှ ကျွန်တော်ခံမယ်၊ ရှုံးသမျှ ပိုက်ဆံအတွက် ကျွန်တော့်ကို မုန့်ဖိုးမပေးနဲ့၊ မြတ်ရင် တစ်ဝက် အဖေယူ'

ပန်းဖြူဖြူပွင့်၏ ပထမစာမူ ယူလာပြီး ထုတ်ဖို့ပြောစဉ်က သားဖြစ်သူ ဝေယံထွန်း အာမခံခဲ့သည့် စကားကို အမှတ်ရသည်။

မှန်တာပြောရလျှင် ထိုစဉ်က ဦးတက်ထွန်းသည် ဝေယံထွန်း၏ စကားကို လုံးဝ အယုံအကြည် မရှိခဲ့။

ခုတော့…။

'စာအုပ်တွေ ပြန်သိမ်းတော့ ပိုက်ဆံကော အပြည့်ပေးလိုက်ကြရဲ့လား၊ မောင်အုန်း'

မောင်အုန်းက နဖူးမှ ချွေးများကို လက်ဖြင့်သုတ်လိုက်ရင်း…

'ပေးလိုက်ပါတယ် ဦးလေး၊ ဒီမှာပါ'

ဦးတက်ထွန်းရှေ့ စားပွဲပေါ်တွင်ငွေများ အထပ်လိုက်ပုံသွားသည်။

ဟင်း…ခုခါမှာတော့ သားဖြစ်သူ ဝေယံထွန်း၏စကားများကို အယုံအကြည် မရှိစရာ မရှိတော့။ မောင်အုန်းကို တစ်ချက်လှမ်းကြည့်ရင်း

'အံ့သြစရာပဲနော် မောင်အုန်း၊ ငါတော့ ယုံတောင်မယုံချင်ဘူး'

မောင်အုန်းကလည်း သက်ပြင်းချရင် ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ဦးလေး၊ တကယ့်ကို အံ့သြစရာပါပဲ'

ဦးတက်ထွန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ငွေများကို စတင်ရေတွက်ရန် ပြင်သည်။



ထိုစဉ် သူ့ခေါင်းပေါ်မှ ပန်ကာကြီးက တဝီဝီမြည်၍ လည်ပတ်နေ၏။

♦ ♦ ♦

'ဟား ဟား ဟား'

ဝေယံထွန်းက ကားကိုတိုက်ရှေ့မှ မောင်းထွက်လာခဲ့ပြီး လမ်းထိပ်လမ်းမကြီးထဲ ချိုးဝင်ကွေ့လိုက်သည်နှင့် သဘောကျစွာ တဟားဟား ထရယ်သည်။

သူ့ဘေးတွင် ကျုံ့ကျုံ့လေးထိုင်လိုက်လာသော မောင်အုန်းကို တစ်ချက်ကြည့်ရင်း…

'မင်းမဆိုးပါဘူး မောင်အုန်း၊ အပြောအဆိုတွေ လုပ်ပုံကိုင်ပုံတွေ အားလုံးပီရိပါတယ်၊ ဒါပေမယ့် အမူအရာကတော့ နည်းနည်းလိုသေးတယ်ကွာ၊ မင်းက ဘာဖြစ်လို့အလကားနေရင်း ကြောက်နေရတာလဲ'

'မဟုတ်ဘူး ကိုဝေယံ ဒီကိစ္စကသိပ်ပြဿနာကြီးတယ်၊ ခုဟာက ဦးလေးကိုယ်တိုင် စာအုပ်တန်းကို တစ်ချက်မှဆင်းမကြည့်

လို့ ကျွန်တော်တို့ ပိပိရိရိ လိမ်နိုင်တာ စာအုပ်တန်းကိုသာ ဦးလေး တစ်ချက်ဆင်းလိုက်ရင် အားလုံးကွဲခန့်မိကုန်မှာ'

'စာအုပ်က တော်တော့်ကို အခြေအနေဆိုးသလားမောင်အုန်း'

'ဆိုးတယ်ကိုဝေယံ၊ တကယ်ရောင်းရတဲ့စာအုပ်က တစ်မြို့လုံးမှ ဆယ့်လေးငါးအုပ်ပဲ ရှိတယ်'

'ကျန်တဲ့ စာအုပ်တွေဘယ်ရောက်ကုန်ပြီလဲ'

'ကိုဝေယံ တစ်ခါတည်း အစဖျောက်လိုက်ဆိုလို့ ကျွန်တော် ပဲခူး ဆေးလိပ်ခုံမှာ အစီခံ သမားတွေဆီ ပိဿချိန်နဲ့ အပြတ်ရောင်း ပစ်လိုက်တယ်'

ဝေယံထွန်းသက်ပြင်းချရင်း ခေါင်းတဆတ်ဆတ် ညိတ်၍ စဉ်းစား အကြံထုတ်သည်။

'ဒီအတိုင်း ဆက်ထုတ်သွားရင် ဘယ်လို ဖြစ်လာနိုင်လဲ မောင်အုန်း'

မောင်အုန်းက ရယ်၍…

'ဒီအတိုင်းဆက်သွားရင် ကိုဝေယံတို့ ရှိသမျှ စည်းစိမ်တွေ အကုန်ပြုတ်ဖို့ပဲ ရှိတော့တာပေါ့ ကိုဝေယံ'

'ဒီလောက်ပဲလားကွာ'



'ဒီထက်ဆိုးတယ် ကိုဝေယံ၊ ဒါကျွန်တော် လျှော့ပြောတာ'

'ဒါပေမယ့် ငါဒီစာအုပ်ကို ဆက်မထုတ်လို့ မဖြစ်ဘူးမောင်အုန်းရာ၊ ကောင်မလေးကို ငါကတိတွေ အပြတ်ပေးထားတာ၊ ငါတို့လဲ စီးပွားမပြုတ်၊ ကောင်မလေး စာအုပ်လဲ ဆက်ထုတ်လို့ ရနိုင်တဲ့ နည်းမရှိဘူးလား'

'ကျွန်တော် စဉ်းစားလို့ရတာ တစ်ခုတော့ရှိတယ် ကိုဝေယံ ကြိုက်မကြိုက်တော့ မပြောတတ်ဘူး'

'ကြိုက်မကြိုက် နောက်မှ စဉ်းစားမယ်ကွာ၊ မင်းအကြံအရင် ပြောပြစမ်း'

'ဒီလိုလေ ကိုဝေယံ…'

အစချီ၍ မောင်အုန်းက သူ့စိတ်ကူးကို ပြောပြသည်။

ဝေယံထွန်းက တအင်းအင်းနှင့် ခေါင်းညိတ်နားထောင်ရင်း မျက်မှောင်ကြီးမှား ကြုတ်လာသည်အထိ စဉ်းစားသည်။

ခဏကြာသောအခါ ဝေယံထွန်း မျက်နှာတစ်ခုလုံးဝင်းလက်သွားသည်။

'အေး၊ မင်းအကြံမဆိုးဘူး မောင်အုန်း'

ဝမ်းသာ အားရလက်ဖျောက်တီးရင်း ဝေယံထွန်းက ကားကို အရှိထပ်မြှင့်၍ မောင်းလိုက်သည်။

'ဟာ…ကံ့ဇေယံ'

ဝေယံထွန်း ကားစက်ရှိန် မြှင့်မောင်းလိုက်သောအချိန်တွင် သူ့တို့ဖြတ်လာသည့် မီးပွိုင့်တွင် မီးနီကြီးပြလျှက်ရှိနေသည်တကား။

◆ ◆ ◆

## အပိုင်း တစ်

(စာရေးဆရာမလေး ပန်းဖြူဖြူမွှင့်)

(၁)

'ဟင်'

ခင်ဖြူဖြူပွင့် အရမ်းအံ့သြသွား၏။

မြင်လိုက်ရသော ကိုယ့်မျက်လုံး ကြားလိုက်ရသော ကိုယ့်နား ကိုပင် ကိုယ်မယုံ။ ဘာတွေဖြစ်ကုန်တာလဲ၊ ဘယ်လိုဖြစ်ကုန်တာလဲ။ စဉ်းစားမရ ဖြစ်သွားသည်။

အလားတူပင် ဖြူပွင့်နှင့်အတူ ရုပ်မြင်သံကြားထိုင်ကြည့် နေသည့် အိမ်သားများလည်း တအံ့တသြ ဖြစ်သွားသည်။

ရုပ်မြင်သံကြားနှင့် သတင်းစာကို တစ်ပြိုင်တည်းတစ်လှည့် စီ ကြည့်နေသော ဖေဖေက စာကြည့်မျက်မှန်ပေါ်မှကျော်၍ ဖြူပွင့်ကို လှမ်းကြည့်ပြီး…

'ဟဲ့ သမီးဒီစာအုပ်ရေးဖြစ်သွားတာတောင် ဖေဖေတို့မသိလိုက်ပါလား၊ ဘယ်တုန်းကရေးပြီး သွားသလဲ'

'အေးဟဲ့၊ ဒီတစ်ခါစာအုပ်နာမည်လေးကလဲ လှတယ်'

'ဟာ…မမစာအုပ် တယ်လီဗေးရှင်းထဲ ကြော်ငြာပါမယ်ဆိုရင်လဲ ကြိုပြောထားရှော့ပေါ့ဗျာ၊ သားသူငယ်ချင်းတွေကို အစောကြီးကတည်းက ကြွားရအောင်၊ ခုတော့ ဒီကောင်တွေကြည့်မှ ကြည့်ဖြစ်ရဲ့လား မသိဘူး'

ဖေဖေ့အသံနောက်မှ၊ မေမေ့အသံကော၊ မောင်လေးအသံကော ကပ်ပါလာသည်။

ဖြူပွင့် ဘယ်သူကိုမှ ဘာမှပြန်မပြောဖြစ်။

သူ့ခေါင်းထဲမှာ ဒီကိစ္စဘာဖြစ်တာလဲ ဆိုတာသာအရမ်းသိချင်နေသည်။ သူသာမဟုတ် ဖေဖေကော၊ မေမေကော၊ မောင်လေးပါ တစ်ပြိုက်နက် ကြားလိုက် မြင်လိုက်ရသော ကိစ္စမို့၊ တယ်လီဗေးရှင်းထဲက သူ့စာအုပ်ကြော်ငြာသည် သူထင်ယောင်ထင်မှား ဖြစ်လိုက်ရတာမဟုတ်ဘဲ၊ တကယ်ဖြစ်သွားတာတော့ သေချာနေပြီ။

ရုပ်မြင်သံကြားထဲမှ စာအုပ်အဖုံး ရုပ်မြင်ကွင်းများ ပြန်မြင်နေမိသလို၊ ကြော်ငြာသွားသူ၏ စကားသံကလည်း ခုထိနားထဲမှ မထွက်။



'ဆယ်ကျော်သက်တို့ အကြိုက် စာရေးဆရာမလေး ပန်းဖြူဖြူပွင့်ရဲ့ တတိယမြောက် လုံးချင်းဝတ္ထုသစ် အပြစ်ကင်းအသည်းနှင့် ချစ်ခြင်းမြဲနိုင်ချင်ပါတယ်၊ ဇမ္ဗူထွန်းစာပေမှ မကြာမီ ထွက်ပါတော့မည်'

တတိယမြောက် လုံးချင်းဝတ္ထုသစ်။

'အပြစ်ကင်းအသည်းနှင့် ချစ်ခြင်းမြဲနိုင်ချင်တယ်' တဲ့။

စာရေးဆရာမနာမည်ကလည်း ပန်းဖြူဖြူပွင့်။

ထုတ်ဝေဖြန့်ချိမည့် စာပေကလည်း ဇမ္ဗူထွန်း။

ကလောင်နာမည်တူ စာရေးဆရာမ တစ်ယောက်တော့ မဟုတ်နိုင်။ ဇမ္ဗူထွန်းစာပေဆိုတာကလည်း ကိုဝေယံတို့တိုက်အပြင် အခြားအမည်တူမရှိ။

ဒါဖြင့် တတိယမြောက် လုံးချင်းဝတ္ထုသစ်ဆိုတာက ဘယ်လိုဖြစ်ရတာလဲ။

ခုထိ ဖြူပွင့်ထုတ်ဝေပြီးသော စာအုပ်က နှစ်အုပ်ရှိပြီ။ ဒုတိယမြောက် လုံးချင်းဖြစ်သော 'ကိုကို့ကို ချစ်သော' စာအုပ်ထွက်ပြီးတာ နှစ်လတောင် မကြာသေး။

ကိုဝေယံဆီမှာလည်း ရေးပြီးသား ပေးထားသောစာအုပ်တစ်

အုပ်မှမရှိ။ လွန်ခဲ့သည့် သုံးလေးရက်ကပင် ကိုဝေယံနှင့်တွေ့တော့ ကိုဝေယံက…

တတိယအုပ်ကို ဖြည်းဖြည်းပဲရေး ဖြူပွင့်၊ အချိန်ယူပြီး အကောင်းဆုံးဖြစ်အောင်ကြိုးစား၊ ကြာချင်ကြာပါစေ၊ ကောင်းဖို့အရေး ကြီးတယ်' ဟုပင် ပြောခဲ့သေးသည်။

ခုကျတော့ ဘယ်လိုဖြစ်တာလဲ။

ယုံစရာပင်မရှိ။

စာရေးဆရာမ ပန်းဖြူဖြူပွင့်ဆိုတာက ဖြူပွင့်ဆိုသော သူမမှ အစစ်။

သို့သော် ဖြူပွင့်၏ တတိယမြောက် လုံးချင်းဝတ္ထုခုမှရေး လက်စ လက်ထဲမှာ ပြီးလုပြီးခင်သာ ရှိသေးသည်။ ခေါင်းစဉ်ကလည်း စောစောကကြော်ငြာသွားသော ခေါင်းစဉ်မဟုတ်။ ဖြူပွင့် ကိုယ့်ဝတ္ထု ကိုယ် ပေးထားသည့် ခေါင်းစဉ်က 'သူမနှင့်သူမ၏ ချစ်သူကိုကို'

တစ်ခုခုတော့ မှားနေတာ သေချာပြီ။

ဖြူပွင့်ကို ဖေဖေ မေမေနှင့် မောင်လေးတို့က နားမလည်စွာ ကြည့်နေဆဲမှာပင် ဖြူပွင့်ထ,ရပ်သည်။

ထို့နောက်သူတို့ ငှားရမ်းနေထိုင်သည့် ပျဉ်ထောင်အိမ်လေးထဲ မှ သူမအတွက် သီးသန့်ပေးထားသည့် အခန်းကျဉ်းလေးဆီ လျှောက်လာခဲ့သည်။

ထို့နောက် တစ်ယောက်အိပ် ခုတင်ဘေးမှာ ကျပ်ကျပ်ညပ်ညပ်ရှိနေသည့် စာရေးစားပွဲလေးမှ ဖြူပွင့်ဝင်ထိုင်သည်။

သူ့တတိယမြောက် လုံးချင်းဝတ္ထု ရေးလက်စ စာမူတွေက သူ့စားပွဲပေါ်မှာပင် သည်အတိုင်း ရှိနေသေးသည်။

ဒါဖြင့်ရင် 'အပြစ်ကင်းအသည်းနှင့် ချစ်ခြင်းမြနိုင်ချင်ပါတယ်' ဆိုသော ခေါင်းစဉ်လှလှလေးနှင့် ပန်းဖြူဖြူပွင့်၏ ဝတ္ထုသစ်က အဘယ်ကဲ့သို့ ဖြစ်လာရသနည်း။

ဖြူပွင့် ခေါင်းရှုပ်လာသည်။

ဖြစ်နိုင်လျှင် ခုချက်ချင်းပင် ကိုဝေယံ၏အိမ်ကို ဖုန်းဆက်၍ ချက်ချင်းမေးကြည့်လိုက်ချင်၏။

သို့သော် အိမ်မှာက ဖုန်းမရှိ။ သည်အချိန်လမ်းထိပ်ကစာအုပ်ဆိုင်မှ ဖုန်းဆက်ပြီး ပြောဖို့ကလည်း မကောင်း။ မောင်နေမှ လမ်းထိပ်မထွက်ချင်တော့သလို သည်အကြောင်းတွေကို စာအုပ်အငှားဆိုင်မှနေ တယ်လီဖုန်း ပြောဖို့လည်းမသင့်။

မနက်ဖြန်ကျမှပဲ အကျိုးအကြောင်း မေးကြည့်တော့မည်ဟု ဆုံးဖြတ်သည်။

သေချာတာ တစ်ခုကတော့ သည်ညတစ်ညလုံး ဖြူပွင့် အိပ် ပျော်တော့မည် မဟုတ်။

စာလည်း ရေးလို့ရတော့မှာ မဟုတ်။

သူမ မရေးဘဲ ထွက်လာမည့် စာအုပ်တစ်အုပ်အကြောင်း တစ်ညလုံး စဉ်းစားရတော့မည်ဖြစ်၏။

◆ ◆ ◆

သူမသည် အလွန်တရာ ပါရမီ ထူးချွန်ထက်မြက်လှသော အနုပညာရှင် မိန်းကလေးတစ်ယောက်တော့ မဟုတ်။

အရွယ်နှင့်မမျှစွာ အရည်အသွေး လှပကောင်းမွန်သော ဝတ္ထု ဇာတ်လမ်းများကို မယုံနိုင်လောက်အောင် ရေးဖွဲ့နေနိုင်ခြင်းလည်း ရှိမနေ။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ဖြူပွင့်သည် ကိုယ်တိုင်၊ ပင်ကို ရေး ဝတ္ထုများသာ ရေးနေသူဖြစ်သည်။ ယနေ့ခေတ် စာပေလောကမှာ အများသူငါရှို့မှန်းစက်ဆုပ်နေကြသည့် ရှဲဒိုးစာရေးဆရာမမဟုတ်။ လုံးဝမဟုတ်။



ထို့အပြင် သည်လိုကိုယ့်အရည်အချင်းမဟုတ်ဘဲ သူများ အရိပ်ခိုကာ သူများနာခေါင်းပေါက်ဖြင့် အသက်ရှူ၍ အောင်မြင်ထင် ရှား ကြီးပွားရသည့် အလုပ်မျိုးကို ဖြူပွင့်ကိုယ်တိုင်လည်း စက်ဆုပ် သည်။

အမှန်အတိုင်း ပြောရလျှင် ခုချိန်မှာ ဖြူပွင့်အနေနှင့် စာရေး ဆရာမ ဆိုသော အမည်ကိုပင် မခံထိုက်သေး။ လုံးချင်တွေ ပုံမှန်ရေး သားထုတ်ဝေနိုင်သည့် ပညာရှင်အဆင့်မျိုး၌ ဖြူပွင့်မရှိ။

တကယ်တမ်းကျတော့ ဖြူပွင့်သည်။ စာရေးချင်သော စိတ် ဆန္ဒအရမ်းများပြီး စာရေးဆရာမတစ်ယောက်ဘဝကို အရမ်းအားကျ ဖြစ်ချင်နေသူ မိန်းကလေးတစ်ဦးသာ ဖြစ်သည်။

သည်ဆန္ဒနှင့် သည်စိတ်ကတော့ ဖြူပွင့် ငယ်ငယ်လေး ကတည်းက စွဲလမ်းခဲ့သော ဆန္ဒနှင့် စိတ်ဖြစ်သည်။

စာဖတ်ဝါသနာပါစေရန် အဓိက တွန်းအားပေးသူက ဖေဖေ။

"အလိမ္မာ စာမှာရှိတဲ့ စကားဟာ အကြားများလို့ ရိုးနေပေ မယ့် သိပ်မှန်တဲ့စကားပဲ သမီး၊ ဘဝမှာ သမီးလုပ်ချင်တဲ့ အလုပ်ကို လုပ်။ ဒါပေမယ့် ဘယ်အရွယ်ရောက်ရောက် သမီးမိတ်ဆွေ အရင်း အချာတွေဟာ စာအုပ်တွေပဲဆိုတာ ဘယ်တော့မှ မမေ့နဲ့"

ဖေဖေသည် ချမ်းသာကြွယ်ဝသူတစ်ယောက်မဟုတ်။ ရိုးသားသော အစိုးရဝန်ထမ်း အရာရှိတစ်ယောက်မို့ သူ့ဂုဏ်နှင့် သူ့လောကမှာ မျက်နှာ မငယ်သော်လည်း ချမ်းချမ်းသာသာတော့ မနေနိုင်။

ပျဉ်ထောင်အိမ်ကလေးတစ်လုံး ငှားရမ်း နေထိုင်၍ အစိုးရဈေးဖြင့် အရစ်ကျ ဝယ်ထားသော ရုပ်မြင်သံကြားစက် တစ်လုံးရှိသည်မှအပ ဖေဖေ့မှာ အခြားအဖိုးတန်ပရိဘောဂများ၊ အသုံးအဆောင်များ ဘာမှမရှိ။

သို့သော် ရသည့်ငွေ၊ ရှိသည့်ပိုက်ဆံဖြင့် ဖေဖေစာအုပ်များကိုတော့ ဝယ်ယူစုဆောင်းသည်။

သမီးဖြစ်သူ ဖြူပွင့်ကိုလည်း စာအုပ်များကို လက်လှမ်းမီသလောက်ကစ၍ တစ်ဆင့်ပြီး တစ်ဆင့် မြှင့်တင်ဖတ်နိုင်ရန်အားပေးသည်။

ဖြူပွင့် သည်နည်းဖြင့် စာကို ဝါသနာပါခဲ့ရာ ရှစ်တန်း၊ ကိုးတန်းလောက် အရောက်မှာ စာရေးချင်စိတ် ဝင်လာသည်။ စာဖတ်အလေ့အကျင့်အခံဖြင့် ကျောင်းမှာ မြန်မာစာတော်၊ စာစီစာကုံး အရေးကောင်းနေသည့်အပြင် အလုပ်အားချိန်လေးများမှာ ကဗျာတိုလေးတွေ၊ စာတိုလေးတွေ စ,ရေးကြည့်မိသည်။

စာရေးသည့် ကိစ္စမှာတော့ ဖေဖေလည်း ဘာမှဦးဆောင်လမ်း



သမီး ရေးထားသော စာလေးများကို ဖတ်ကြည့်ပြီး…

'ဟာ…ငါ့သမီးက ဘယ်ဆိုးလို့လဲ၊ ငါတို့ကတော့ စာရေးဆရာမ အဖေနဲ့အမေ ဖြစ်ကြရဦးမယ် ထင်တယ်ဟေ့'

ဆိုတာလောက်ပဲ ပြောပြီး အားပေးနိုင်တယ်။

သို့အတွက် စိတ်သာရှိပြီး ဖြူပွင့်စာရေးခြင်း အတတ်ပညာကို ကျကျနန ခရီးရောက်အောင် သင်ကြားမတတ်မြောက်ခဲ့ရ။

'တကယ် စာရေးနေတဲ့ စာရေးဆရာ၊ ဆရာမ တစ်ယောက်ယောက်နဲ့တွေ့ပြီး သူတို့ဘယ်လိုရေးတယ်၊ စာရေးတတ်အောင် ဘယ်လို လုပ်ရတယ်ဆိုတာ မေးကြည့်လို့ ရရင် သိပ်ကောင်းမှာပဲနော်'

ဆယ်တန်းလောက်ကတည်းက ဖြူပွင့်ရင်ထဲမှာ တောင့်တခဲ့သော ဆန္ဒဖြစ်၏။

◆ ◆ ◆

'သမီး ဝတ္ထုရေးချင်တယ် ဖေဖေရယ်၊ ဝတ္ထုရေးတတ်အောင် ဘယ်လိုလုပ်ရမလဲ၊ ဖေဖေ သင်မပေးနိုင်ဘူးလား'

ဖြူပွင့်စကားကြောင့် ဖေဖေက ရယ်သည်။

‘ဖေဖေက စာရေးဆရာ မဟုတ်ဘဲ သမီးရယ်၊ ဖေဖေတောင် စာမရေးတတ်ဘဲနဲ့ သမီးကိုဘယ်လိုသင်ပေးရမလဲ’

‘အဲဒါမှ ဒုက္ခပဲဖေဖေရာ၊ သမီးက ဝတ္ထုအရမ်းရေးချင်နေတာ’

‘အင်း…တစ်ခုတော့ရှိတယ်သမီး၊ ဖေဖေသိသလောက် ဝတ္ထု ရေးနည်းဆိုတာကျောင်းစာသင်သလို၊ ရှေ့အင့်…ဒါ စာရေးနည်းပဲဆိုပြီး သင်လို့မရဘူး၊ ဒါပေမယ့် တေးထပ်ရေးနည်းသိချင်တဲ့ လူတွေအတွက် ဦးပုညရဲ့ တေးထပ်နည်းမှာတော့ ဒီလိုရေးထားတယ်’

‘ဘယ်လိုလဲ ဖေဖေ’

‘စပ်မှုနည်း ရေးလိုပါလျှင်

တေးကိုသာ ရအောင်ကျက်ပါတော့

ခက်ပါဘူး ကိုးစိန်လွှာမှာ

နိုးရှိန်ဝါတောက်ပါလိမ့်လေး…တဲ့’

‘သမီးမှ အဓိပ္ပါယ် နားမလည်တာ’

‘အဓိပ္ပါယ်ကတော့ တေးထပ်ရေးချင်ရင် တေးထပ်ကဗျာတွေ များများရအောင် ကျက်ပါ၊ ဘာမှ မခက်ပါဘူး၊ မတတ်မှာ စိုးရိမ်စရာမလိုပါဘူး၊ အရမ်းတတ် အရမ်းအောင်မြင်ပါလိမ့်မယ်လို့ ပြောတာသမီး’

‘သမီးက တေးထပ်ရေးချင်တာမှ မဟုတ်ဘဲ’

‘တူတူပဲပေါ့သမီး၊ တေးထပ်ရေးချင်ရင် တေးထပ်တွေများများဖတ်၊ များများရအောင် ကျက်ရတယ် အဲ့ဒီလိုပဲ ဝတ္ထုရေးချင်ရင်လဲ ဝတ္ထုတွေ များများဖတ်၊ ဝတ္ထုကြီးတွေတော့ အလွတ်ကျက်စရာမလိုပါဘူး၊ အဲဒီဖတ်တဲ့ ဝတ္ထုတွေကို လေ့လာအတုခိုးပြီး နည်းယူရေးပေါ့’

‘အင်း…သမီးစမ်းတော့ကြည့်မယ် ဖေဖေ’

ဤနည်းဖြင့် ဆယ်တန်းဖြေပြီး ကျောင်းပိတ်ရက်ကာစ,၌ ဖြူပွင့် ဝတ္ထုများရေးလာခဲ့ခြင်းဖြစ်သည်။

နဂိုကတည်းက ဉာဏ်ကောင်းပြီး ထက်ထက်မြက်မြက်ရှိသူမို့၊ အစပထမ ဝတ္ထုတိုလေးများ၊ နောက်ပိုင်းမှာ ဝတ္ထုရှည်များ၊ တစ်ပုဒ်ပြီး တစ်ပုဒ်ပြီးအောင်တော့ ရေးလာလို့ရသည်။

သို့သော် အားလုံးပြီး၍ပြန်ဖတ်တိုင်း ဘာလိုနေမှန်းမသိ။ တစ်ခုခု အမြဲလိုနေမှန်းသိသည်။

နီးစပ်ရာ သူငယ်ချင်းများ ပေးဖတ်တော့လည်း ထိုမှတ်ချက်ကိုပဲ ပေးသည်။

"နှင့်ဝတ္ထုလေးက ကောင်းတော့ ကောင်းတော့ကောင်းသလိုပဲ ဖြူပွင့်ရဲ့၊ ဒါပေမယ့် ဖတ်ပြီးသွားရင် တစ်ခုခုလိုနေသလိုပဲ၊ ဘာလိုမှန်းလဲ မသိဘူး"

ဤနည်းဖြင့်တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်ရောက်သော အခါ ဖြူပွင့်မှာ ဝတ္ထုတို၊ မဂ္ဂဇင်း ဝတ္ထုရှည်စာအရွယ် ဝတ္ထုရှည်အပုဒ်လေးငါးဆယ်လောက် ဖြစ်လာသည်။ တစ်ခုမှလည်း ဘဝင်မကျ။

အကောင်းဆုံးထင်ရတာလေးတွေ ပြင်ပမဂ္ဂဇင်းကြီးတွေ ပို့တော့လည်း တစ်ပုဒ်မှ အရွေးမခံရ။

ကျောင်းမဂ္ဂင်းဇင်းမှာတော့ ပထမနှစ်က တစ်ပုဒ်ရွေးချယ်ဖော်ပြခံရသည်။

ဤစာမူနှင့်ပင် သူငယ်ချင်းများက စာရေးဆရာမ ပန်းဖြူဖြူပွင့် အဖြစ်အသိမှတ်ပြုနေကြသည်။

အိမ်ရှေ့ခြံဝန်းထဲတွင် စိုက်ထားသည့် စံပယ်ပန်းဖြူဖြူအပွင့်လေးများကိုကြည့်ပြီး၊ ဖြူပွင့်သူ့နာမည် "ခင်ဖြူဖြူပွင့်" ထဲမှစာလုံးသုံးယူကာ ရှေ့မှာပန်းခံ၍ "ပန်းဖြူဖြူပွင့်" ဟုကလောင်နာမည်ယူခဲ့ခြင်းပင်။

တစ်ချိန်ချိန်မှာတော့ ထိုစံပယ်ပွင့် ဖြူဖြူလေးတွေလိုပင်



"ပန်းဖြူဖြူပွင့်" ဆိုသည်လည်း အနံ့လေးတသင်းသင်းနှင့် စွင့်စွင့်ကားကား ပွင့်လန်းအောင်မြင်ရမည်ဟု ဖြူပွင့်ယုံကြည်ခဲ့သည်။

◆ ◆ ◆

(၂)

'ခင်ဖြူဖြူပွင့် ဘာမှပပူပါနဲ့၊ ကိုယ်တို့မိသားစုက ပုံနှိပ်တိုက်နဲ့ စာအုပ်ထုတ်ဝေရေး လုပ်လာခဲ့တာ ကိုယ့်တစ်သက်လောက်ရှိခဲ့ပြီ၊ ခုလဲဖြူဖြူပွင့်မှာ လုံးချင်းဝတ္ထု ရေးပြီးသားရှိရင်ပြော ကိုယ်ထုတ်ပေးမယ်'

'ကိုဝေယံ တကယ်ပြောတာလား'

'တကယ်ပြောတာဖြူဖြူပွင့်၊ လက်ထဲမှာ စာမူရှိရင် ခုချက်ချင်းပေးလိုက်၊ တစ်လအတွင်း လုံးချင်းဝတ္ထုစာအုပ်ထွက်လာရစေမယ်'

'တစ်လအတွင်းဟုတ်လား'

'ဟုတ်တယ်၊ ဖြူဖြူပွင့်လက်ထဲမှာ စာမူရှိလား'



'ရှိတော့ မရှိသေးဘူး၊ ဒါပေမယ့် ကိုဝေယံထုတ်ပေးမှာသေချာရင် ဖြူပွင့်ရေးလိုက်မှာပေါ့၊ ဘယ်လောက်ကြာတာမှတ်လို့'

'ဒါဖြင့်ရေးတော့ ဖြူပွင့်၊ ကိုယ့်ဘက်က သေချာပေါက်ကတိပေးတယ်'

ထို့နေ့က ဖြူပွင့်ပျော်လိုက်သည်မှာ ပြောစရာမရှိ။

ဝေယံထွန်းကိုလည်း ဘယ်လိုကျေးဇူးတင်ရမှန်း မသိအောင်ပင် ဖြစ်သွားသည်။

အိမ်မက်။

ဘဝတစ်လျှောက်လုံး မျှော်လင့်ကြီးစွာ မက်လာခဲ့ရသည့်စိတ်ကူးအိမ်မက်။

သည်အိမ်မက်ကခု တတိယနှစ်ရောက်၍ ရန်ကုန်ပင်မတက္ကသိုလ်ကြီးထဲ ပြောင်းစာသင်ရပြီ တစ်လလောက်အကြာမှာတကယ် ဖြစ်လာခဲ့ပြီကော။

ဝေယံထွန်းက ဖြူပွင့်တို့မေဂျာမှ နောက်ဆုံးနှစ်အောင်ပြီးဂုဏ်ထူးတန်း ဆက်တက်နေသည့် ကျောင်းသားကြီး။

တစ်ရက် သူငယ်ချင်းများနှင့် ပက်သက်ပြီး ဝေယံထွန်းနှင့်မိတ်ဆွေဖြစ်သည်။ ဝေယံထွန်းက ဖြူပွင့် စာရေးဝါသနာအရှိမ်းပါမှန်း

သိသည်နှင့် နည်းနည်းပါးပါး ဟိုမေးသည်မေးလုပ်ပြီး အထက်ပါကတိကို ပေးခြင်းဖြစ်သည်။

ထိုကတိစကားပေးပြီး ဝေယံထွန်း ပြန်သွားသောအခါသူငယ်ချင်းဖြစ်သူ ချယ်ရီနှင့် ဝမ်းသာအားရ ဆက်စကားပြောမိသေးသည်။

‘ဟယ်…ငါဝမ်းသာလိုက်တာချယ်ရီရယ်၊ တကယ်ပြောတာငါတော့ အိမ်မက် မက်နေလားတောင် အောက်မေ့တယ်၊ ဒီအခွင့်အရေးမျိုးရဖို့ဆိုတာ တကယ်မလွယ်ဘူး ချယ်ရီရဲ့၊ ကိုဝေယံကြီးဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူးဟာ’

ချယ်ရီက ရယ်သည်။

‘အမယ်လေး…ဘယ်လို ကျေးဇူးတင်ရမယ် မသိတော့ဖြစ်မနေပါနဲ့တော့၊ လွယ်လွယ်လေးပါ၊ ဟိုကလဲ အဲဒီလိုကျေးဇူးတင်ပြီးတစ်ချိန်ချိန်မှာ သူ့ကျေးဇူးနဲ့ ထိုက်တန်တာ တစ်ခုခု ပြန်ဆပ်စေချင်လို့နေမှာပေါ့’

‘ဟာ…ကျေးဇူးဆပ်ခွင့်ကြုံရင်တော့ ဆပ်ရမှာပေါ့ချယ်ရီရယ်၊ သူကူညီပေးတဲ့ ကိစ္စကနည်းနည်းနောနောအကူအညီမှ မဟုတ်တာ’

‘သေချာရဲ့လား ဖြူပွင့်’



‘ဘာကိုလဲ ချယ်ရီ’

‘ကျေးဇူးပြန်ဆပ်မယ်ဆိုတာလေ’

‘သေချာပါတယ်၊ ဘာဖြစ်လို့လဲ’

‘ဘာဖြစ်လို့လဲဆိုတော့ နင်ပြန်ဆပ်ရမယ့် ကျေးဇူးကလဲနည်းနည်းနောနော မဟုတ်မှာမို့လို့ပေါ့’

‘ဟင်…ဘယ်လိုဆပ်ရမှာမို့လို့လဲ’

‘နင်တကယ် မသိဘူးလားဖြူပွင့်’

‘ဟင့်အင်း၊ မသိဘူး’

‘အင်း…ငါထင်တာပြောရမှာပါ၊ သိပ်အသေအချာကြီးတော့မဟုတ်ဘူး၊ ဒါပေမယ့် ဒီလောက်ကြီးမားတဲ့ အကူအညီကို လွယ်လွယ်လေးပေးသွားတာ ရိုးရိုးသားသားတော့ ဟုတ်မယ် မထင်ဘူး၊ တစ်ခုခုသူလိုချင်လို့ဖြစ်မယ်’

‘အဲဒါက ဘာလဲ ချယ်ရီ’

‘ငါအထင်တော့ သူလိုချင်တာဟာ နင်ဖြစ်မှာပဲ၊ ကြည့်ရတာနင့်ကို သူကြိုက်သွားလို့၊ ဒီလိုကူညီပြီး နင်နဲ့ ရင်းနှီးအောင်၊ နင့်အချစ်ကို သူရအောင် လုပ်ပေးတာဖြစ်မှာပေါ့’

‘ဟင်’

'မဟာင်ပါနဲ့ ဖြူပွင့်ရာ၊ အဲလိုဖြစ်လာရင်လဲ နင့်ဘက်က သိပ်အရှုံးတော့မရှိပါဘူး၊ ကိုဝေယံပုံက မိုပါတယ်၊ ပြီးတော့အရမ်းလဲ ချမ်းသာတဲ့သူပဲ၊ နင်ကြိုက်နိုင်ရင်တော့ ပြန်သာကြိုက်လိုက်၊ ငါအား ပေးတယ် သိရဲ့လား'

'အို'

ဖြူပွင့်ရင်ထဲမှာ လှပ်ခနဲခုန်သည်။

ဒါတွေကကော နောက်ထပ် တကယ်ဖြစ်လာနိုင်သည့် ကိစ္စ တွေပဲလား။

ဝေယံထွန်း၏ ကြည်လင်ခန့်ညားသော ရုပ်ရည်ကို စိတ်ကူး နှင့်ပုံဖော်ကြည့်လိုက်မိ၏။

'အခြေအနေအားလုံးကောင်းတယ် ဖြူပွင့်၊ ပထမဆုံးထုတ်တဲ့ စာအုပ်ဆိုပေမယ့် စာအုပ်က အရမ်းရောင်းကောင်းတယ်၊ စာအုပ်တန်း မှာ ဝယ်လို့တောင်မရတော့ဘူး၊ ဖြူပွင့် စာရေးဆရာမ ဖြစ်ပြီ၊ ဝမ်းသာ ပေတော့'

ပထမဆုံးလုံးချင်းဖြစ်သည့် 'ချစ်သော ကိုကို' ထွက်သည့် နေ့က ဝေယံထွန်း ပြောသည့်စကားဖြစ်သည်။

ဖြူပွင့်ဝမ်းသာလိုက်တာ။



ဘယ်လိုမှ ယိန်းမရတော့ဘဲ ဝေယံထွန်းရှေ့မှာ ဖြူပွင့် ဆွေ့ ဆွေ့ခုန်နေမိသည်။

'ဟယ်...ဝမ်းသာလိုက်တာ ကိုဝေယံရယ်၊ ဖြူပွင့်ဖြင့် စိုးရိမ် လိုက်တာ၊ ညကလဲ တစ်ညလုံး အိပ်မရဘူး၊ ကိုဝေယံပြောသလို အုပ်ကို ဘုရားစင်မှာ တင်ပြီးဆုတောင်းလိုက်ရတာလဲ အမောပဲ'

'ကိုယ်လဲ အလွန်ဆုံးမှ အုပ်လေးငါးရာပဲ ကုန်မယ်မှန်းထား ာဖြူပွင့်၊ ခုတော့အနည်းဆုံး အုပ်ရှစ်ရာကိုးရာကုန်တယ်၊ ဒါပထမဆုံး ,ရိုက်တဲ့အုပ်တစ်ထောင်တန်းမှာ အမြင့်ဆုံးကုန်တဲ့နှုန်းပဲ၊ ဒါမျိုးကို ရေးဆရာ ဆယ်ယောက်တစ်ယောက်မကြုံဖူးဘူး၊ ဖြူပွင့်ကံလဲ ကောင်းတယ်၊ လူလဲတော်လို့'

'ဟာကိုဝေယံကလဲ ကံကောင်းတာပဲဖြစ်မှာပါ၊ လူကတော် ို့တော့ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဖြူပွင့်မှ ဒါမျိုးကောင်းကောင်းမရေး တ်တာ၊ ခုဟာက ထွက်ချင်ဇောနဲ့ တတ်သလောက် မှတ်သလောက် ဖြစ်ညှစ်ရေးလိုက်ရတာ'

'အဲ့ဒါကိုက ကောင်းနေလို့နေမှာပေါ့ ဖြူပွင့်ရဲ့၊ နောက်ပြီး ကိုယ်ကလဲ ဒီစာအုပ်ကို တကယ့်ကို အကောင်းဆုံးဖြစ်အောင် စီစဉ် းလိုက်တာပဲ'

"ကိုယ်ဝေယံ့ကျေးဇူးက တကယ်ကြီးပါတယ်၊ ဖြူပွင့်ကိုဝေယံကို အရမ်းလဲကျေးဇူးတင်ပါတယ်၊ တကယ်ပြောတာပါ ကိုဝေယံ၊ ဖြူပွင့်မညာပါဘူး၊ ဖြူပွင့် စာရေးဆရာမ ဖြစ်လာရင် အဲ့ဒီလိုဖြစ်လာအောင်လုပ်ပေးတဲ့ ကျေးဇူးရှင်ကိုဝေယံကလွဲလို့ ဘယ်သူမှမရှိပါဘူး"

"အင်း…ခုတော့ ဒီလိုပဲ ပြောတာပဲ ဖြူပွင့်၊ တကယ်နာမည်ကြီး စာရေးဆရာမကြီး ဖြစ်လာတဲ့အခါကျတော့ ဒါတွေမေ့ချင်မေ့သွားမှာပေါ့နော်"

"ဘုရားပြီး ငြမ်းဖျက်တဲ့အလုပ်မျိုး ဖြူပွင့် မလုပ်ပါဘူး၊ ကိုဝေယံ၊ ဖြူပွင့် ကျေးဇူး မကန်းတတ်ပါဘူး၊ ကိုဝေယံ ကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး"

ဝေယံထွန်းက ရယ်သည်။

"တစ်သက်လုံးဆိုတာ တစ်ကယ်ပဲလား ဖြူပွင့်"

ဖြူပွင့်မျက်နှာလေး ပန်းရောင်ပြေးသည်။

ထို့နောက် ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းညိတ်ရင်း…

"တကယ်ပါ ကိုဝေယံ၊ တစ်သက်လုံးပါ"

"ဒီစကားကို ကိုယ်လဲ တစ်သက်လုံးမမေ့အောင် မှတ်ထားပါ့မယ်ဖြူပွင့်"



ရွှန်းရွှန်းစားစားကြည့်ရင်း အဓိပ္ပါယ်ပါပါ ပြောလိုက်သော ဝေယံထွန်း အမူအရာကြောင့် ဖြူပွင့် အနေရထိုင်ရပင် ခက်သွားသည်။

သို့သော် ဖြူပွင့် ထိုကတိကို ပေးလိုက်ရသည့် အတွက်တော့ ကျေနပ်ပါ၏။

ပထမဆုံး မရေးတတ်ရေးတတ်နှင့် ရေးလိုက်သည့်ချစ်သော ကိုကို ဝတ္ထုမှ ကိုကိုဆိုသော ဇာတ်လိုက်ကို ဖန်တီးကတည်းက ကိုဝေယံကို ရည်မှန်းပြီး အသက်သွင်းခဲ့မိသည်ပဲလေ။

◆ ◆ ◆

(၃)

ဒုတိယအုပ်နှင့် ပထမအုပ်မှာ အကြောင်းအရာချင်းက သိပ်
ကွာခြား။

ရေး…ရေးဆို၍သာ ရေးလိုက်ရသော်လည်း စင်စစ်ခု
လုံးချင်းဝတ္ထုကြီးတွေ တစ်ပုဒ်ပြီး တစ်ပုဒ်ရေးနိုင်လောက်အောင် ဖြူ
မှာ ဘာအတွေ့အကြုံမှ မရှိ။

သည်ခေတ်မှာ လုံးချင်းဝတ္ထုဆိုလျှင် အချစ်အကြောင်းသ
ရေးရမည်ဟု ပုံသေနည်းကြီးလိုဖြစ်နေ၍ ဖြူပွင့်အချစ်ဝတ္ထု ရေးရသည်
ဖြူပွင့် ရည်းစားလည်း တစ်ခါမှ မထားဘူးသေး။

အချစ်ဆိုတာ ဘာမှန်းပင်မသိ။



သို့သော် သူ့မှာ အချစ်နှင့် နီးစပ်တာဆို၍ ချယ်ရီဖော်ကောင် လုပ်ထားသောကြောင့် ရင်နည်းနည်းခုန်ရသော ဝေယံထွန်းသာ ရှိသည်။

သို့အတွက် ပထမအုပ်တုန်းကလည်း ဇာတ်လိုက်က ဝေယံထွန်းဖြစ်သလို၊ ဒုတိယအုပ်မှာလည်း ဝေယံထွန်းသာ ဇာတ်လိုက်။

ကိုယ့်ထက် အသက်နှစ်နှစ်၊ သုံးနှစ်လောက်ကြီးသူမို့ တခြား ဘာမှ မရွေးချယ်တော့ဘဲ ကိုကို…ဟု စိတ်ထဲကခေါ်နှင့်ထားသည်။

ကိုကိုသည် ဖြူပွင့်ဘဝ၏ အဖြစ်ချင်ဆုံးများကို ဖန်တီးပေး ခဲ့သူ။

ဖြူပွင့်၏ ကျေးဇူးရှင်။

ဖြူပွင့်၏ အိမ်မက်များကိုလည်း တကယ်ဖြစ်လာစေခဲ့သူ။

ထို့ကြောင့် ကိုကိုသည် ရိုးရိုးကိုကိုမဟုတ်။ ချစ်သော ကိုကို။

ဤအတွေးဖြင့် ပထမအုပ်ကို သူရေးခဲ့သည်။

ဇာတ်လမ်းက ရိုးရိုးလေး။ ဆင်းရဲနွံ့ချာနေသော ကောင်မလေးတစ်ယောက်ရှိသည်။ ဒုက္ခတွေလည်း အများကြီးကြုံနေရသည်။ သို့သော် တစ်နေ့သောအခါ ကိုကိုဆိုသော ပုဂ္ဂိုလ်တစ်ယောက်ထို မိန်းကလေး၏ ဘဝအတွင်းသို့ ကယ်တင်ရှင် သိကြားမင်းသဖွယ် ရောက်လာသည်။

သူမ၏ ဘဝဒုက္ခများကို ကိုကိုက ကယ်တင်ပေးခဲ့သည်။ သည့်အတွက် ကိုကို့ကို သူမသိပ်ချစ်သွားသည်။ ကိုကို့မိဘတွေက ဘဝချင်းမတူ၍ သူမနှင့်သဘောမတူ။ သို့သော်ကိုကိုက အရာအားလုံးကိုစွန့်လွှတ်ပြီးသူမနှင့် အတူဘဝကိုရင်ဆိုင်သည်။ သူတို့နှစ်ယောက် ပျော်ရွှင်စွာ ပေါင်းကြ။

ဒါပဲ။

ဒုတိယအုပ်။

ဒုတိယအုပ်ကျတော့လည်း ဇာတ်လိုက်မင်းသားက ကိုကို။ နဂိုက ကိုကိုတို့က သိပ်ချမ်းသာသည်။ မင်းသမီးငယ်ငယ်က ဆင်းရဲသည်။ ဆင်းရဲသော ငယ်ငယ့်ဘဝကို ကိုကိုက အစွမ်းကုန်မြှင့်တင်ပေးသည်။ ငယ်ငယ်တို့ ချမ်းသာလာသည်။ ထိုအချိန်မှာ ကိုကိုတို့မိသားစု ကံကြမ္မာဆိုးဖြင့် ကြုံ၍ဒုက္ခတွေပင်လယ်ဝေသည်။ ကိုကိုချမ်းသာတုန်းက ကိုကို့ချစ်သူအမျိုးသမီးက ကိုကိုဆင်းရဲသောအခါ ကိုကို့ကို ပစ်သွားသည်။

ထိုအခါ ကိုကို့ကို ချစ်သောငယ်ငယ်က ကိုကို့ဘဝမှာ ထာဝရအဖော်မွန်အဖြစ် ရပ်တည်လိုက်သည်။

သူတို့နှစ်ယောက်ပျော်ရွှင်စွာ ပေါင်းသင်းကြသည်။



ဒါပဲ။

သို့သော် ဖြူပွင့်စိတ်ကူးထဲကိုကို သို့မဟုတ် ကိုဝေယံထွန်းက ဒုတိယအုပ်သည်လည်း မကြုံးဖူး ထူးကဲစွာ ရောင်းကောင်းခဲ့သည်ဟု ဝမ်းသာအားရ လာပြောသည်။

ထို့ပြင် နောက်နှစ်ခန့်ကြာသောအခါ ပထမအုပ်နှင့် ဒုတိယအုပ်အတွက် စမူခဆိုကာ ငွေငါးထောင်လာပေးလိုက်သေးသည်။

ဖြူပွင့် မယုံနိုင်လောက်အောင်ပင် အံ့ဩဝမ်းသာခဲ့ရ၏။

◆ ◆ ◆

"ဟုတ်မှဟုတ်ရဲ့လား ဖြူပွင့်ရာ၊ ကိုဝေယံကသာ သူ့စာအုပ်တွေ ရောင်းကောင်းတယ်လို့သာ ပြောတယ်၊ ငါတို့နားက စာအုပ်အငှားဆိုင် သုံးလေးဆိုင်မှာ တစ်ဆိုင်မှ နင့်စာအုပ်ကို မတင်ဘူး၊ ဖတ်ပြီး ကြိုက်တယ်ပြောတဲ့ သူနဲ့လဲ ငါတစ်ယောက်မှ မတွေ့သေးဘူး ငါတို့လဲ နင့်စာအုပ်ကိုသိပ်မကြိုက်ဘူး"

"အေး...အဲဒါတော့ ဟုတ်တယ် ဖြူပွင့်၊ သီဂီပြောသလိုပဲ၊ ငါတို့နားက စာအုပ်ဆိုင်တွေမှာလဲ နင့်စာအုပ်မတွေ့ဘူး၊ ဟိုဘက်ရပ်

ကွက်က ဆိုင်တစ်ဆိုင်ကတော့ဝယ်တယ်၊ မကြိုက်ဘူး၊ ငှားလဲမငှား ရဘူးဘို့ ပြောတယ်"

သည်ပြဿနာကတော့ ပဌမစာအုပ်ကတည်းက စ,သည့် ပြဿနာဖြစ်သည်။

ဖြူပွင့် စာအုပ်ထုတ်ဝေခြင်းကို သူငယ်ချင်းများကလည်း စိတ်ဝင်စားသည်။

စာအုပ်နှင့်ပက်သက်သည့် တုံ့ပြန်ရိုက်ခတ်သံများကို သူတို့ ကလည်း တစ်ဖက်သက်လမ်းကနေ နားစွင့်၊ မျက်စိဖွင့်၍ နားထောင် ပေး ကြည့်ပေးကြသည်။

နောက်ဆုံး သူငယ်ချင်း အားလုံးလိုလိုက သည်အတိုင်းမှတ် ချက်ပေးကြသည်။

တစ်ယောက် နှစ်ယောက်က ပြောတာဆိုလျှင်တော့၊ ဟုတ် တာ မဟုတ်တာ အပထား၊ မနာလို၍ ပြောကြတာဆိုသော ဖြေသိမ့်မှု မျိုးနှင့် ဖြေသိမ့်နိုင်သေးသည်။

ခုကျတော့ အားလုံးလိုလိုက သည်အတိုင်း ပြောသည်။

မှန်တာပြောရလျှင် ဖြူပွင့်ကိုယ်တိုင်လည်း အိမ်နားက အငှား ဆိုင်များမှာ မယောင်မလည် လှေ့လာကြည့်ပြီးပြီ။ သူတို့ပြောသလိုပင် မတင်သည့်ဆိုင်က မတင်။



တင်သည့်ဆိုင်ကလည်း အငှားမလိုက်သဖြင့် ဆက်မတင်ချင်၊ သည်တော့ ဖြူပွင့် မနေနိုင်တော့။ ဝေယံထွန်းကို ဖွင့်မေး ရတော့သည်။

သည်အကြောင်းတွေ ပြောပြသောအခါ ဝေယံထွန်းက ရယ်သည်။

"ဟာ…ဖြူပွင့်ကလဲ၊ ကိုယ့်စကားကိုတောင်မယုံမကြည် ဖြစ်နေပြန်ပြီ၊ ကိုယ်က ဘာ့လို့ညာရမှာလဲ၊ ဒါပေမယ့် သူတို့ပြောတာ လဲ မမှားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖြူပွင့်က ကလောင်သစ်ပဲ၊ ထုတ်ထားတာမှ အုပ်ရေတစ်ထောင်၊ ကုန်တာက ရှစ်ရာကိုးရာ၊ အဲဒါ ကို မြန်မာပြည်တစ်ပြည်လုံး မြို့စေ့ နယ်စေ့ဖြန့်ထားရတာ၊ မြန်မာပြည် မှာ မြို့အားလုံးဘယ်နှစ်မြို့ ရှိလဲသိလား"

"ဟင့်အင်း"

"အားလုံးမြို့နယ်ချည့် သုံးရာကျော်ရှိတယ်၊ တစ်မြို့နယ်မှာ နှစ်မြို့သုံးမြို့ပါနေတာတွေ ရှိသေးတယ်၊ နောက်ပြီးရပ်ကွက်အနည်းဆုံး သုံးလေးငါးခုရှိတယ်၊ တစ်ရပ်ကွက်မှာ စာအုပ်ဆိုင် နှစ်ဆိုင်ပဲရှိ၊ တစ်မြို့မှာ ဆယ်ဆိုင်လောက် ရှိမယ်၊ ဒါမြို့သေးသေးပြောတာ၊ ရန်ကုန် မြို့တွေဆို တစ်မြို့မှာ အငှားဆိုင်ချည့် ငါးဆယ် တစ်ရာရှိတာ"

'အင်း…'

'အဲဒီတော့ အနည်းဆုံး မြန်မာပြည်တစ်ပြည်လုံးမှာ အငှား ဆိုင်ချည့် လေးငါးခြောက်ထောင်ရှိမယ်၊ ဒါအနည်းဆုံး၊ အဲဒီဆိုင်တွေမှာ စာအုပ်ရှစ်ရာ ကိုးရာလောက်ဖြန့်လိုက်ရင် ဆင့်ပါးစပ် နှမ်းပက်သ လောက်ပဲ ရှိမယ်၊ ကိုယ့်အနားက ဆိုင်လေးတွေချည့် ကြည့်လို့ဘယ် ရမလဲ၊ ဒီနယ်က မကြိုက်ပေမယ့် ဟိုနယ်က အသည်းစွဲဖြစ်နေတဲ့ စာအုပ်တွေ တစ်ပုံကြီး'

'အင်း…ဒါလဲဟုတ်တာပဲ'

ဟု ဖြူပွင့် သည်တော့မှ စိတ်လက်သက်သာရသည်။

သူ့စိတ်ပင်ပန်းမှုကို သက်သာရာ ရှာပေးသည့် အတွက် ကိုကို့ကို ကျေးဇူးတင်၍ မဆုံး။

သို့အတွက် ဒုတိယစာအုပ်ထွက်ပြီးနောက် တစ်ပတ်လောက် အကြာမှာ ကိုကို ချစ်ခွင့်ပန်သည့်ကိစ္စကို သူကျေနပ်နှစ်သက်စွာ လက်ခံ အဖြေပေးခဲ့ခြင်း ဖြစ်သည်။

◆ ◆ ◆



(၄)

ခုကျတော့ ဇမ္ဗူထွန်း စာပေတိုက်ပိုင်ရှင်၏သား ဝေယံထွန်း ခေါ် 'ကိုကို' သည်ဖြူပွင့်၏ ယုံကြည်အားကိုးသော ချစ်သူ။

ကိုကို ချစ်ခွင့်ပန်စဉ်က ဖြူပွင့် သည်အတိုင်းပင် ဝန်ခံစကား ပြောကြားခဲ့သည်။

'ကိုကိုဟာ ဖြူပွင့်ကျေးဇူးရှင်ပါကိုကို၊ ကိုကိုနဲ့ပက်သက်လို့ ဖြူပွင့် ဘာမှုဟန်ဆောင်စရာလဲ မလိုပါဘူး၊ ဟန်လုပ်ချင်စိတ်လဲ မရှိပါဘူး၊ ကိုကို့အချစ်ကို ဖြူပွင့်လက်ခံပါတယ်၊ ကိုကို့ကို ဖြူပွင့် ချစ်သလို ယုံလဲ ယုံကြည်၊ အားလဲ အားကိုးပါတယ်၊ ဖြူပွင့်ဆီက ကိုကို မျှော်လင့်နေတဲ့ အချစ်တွေ ပြန်ပေးပြီး ကိုကို့ကို ကျေးဇူးကို တစ်နည်းတစ်ဖုံ ဆပ်ခွင့်ရတဲ့အတွက်လဲ ဖြူပွင့် ဝမ်းသာပါတယ်။

ဘဝမှာ ချစ်အဖြေပေးသော ကိစ္စသည် ဖြူပွင့် အတွက် ပထမဆုံးသော ကိစ္စမို့ စိတ်လှုပ်ရှားမိသော်လည်း ကြိုတင်ရှိပြီးသား အဖြေကို ပေးရခြင်း ဖြစ်သည့်အတွက် စကားများကို တည်တည်ငြိမ်ငြိမ်ပင် ပြောနိုင်သည်။

ကိုကို့ မျက်နှာပေါ်မှ အားရဝမ်းသာသော အမူအရာများပေါ်လာသည့် အခါဖြူပွင့် ကျေနပ်သည်။

ထို့နေက ကိုကိုနှင့်အတူ မြို့ထဲသို့ တစ်ခေါက်လိုက်လည်ပြီး ဈေးတွေဘာတွေလည်း ပတ်ခဲ့သည်။

သို့သော် ပညာရေးနှင့် ရည်မှန်းချက်များ မပြည်စုံ၊ မပြီးမြောက်မီအတွင်း တစ်ခုခု အမှားအယွင်း မဖြစ်အောင်တော့ ဆိတ်ကွယ်ရာသို့ မသွား။

ကိုကို့ကိုလည်း စည်းနှင့်ကမ်းနှင့် နေထိုင်ဖို့ ကတိတောင်းခဲ့သည်။

အမှားအယွင်း ဖြစ်နိုင်စရာအလုပ်ဟူ၍ ရုပ်ရှင်ရုံလို အမှောင်ကဲသော နေရာမျိုးပင် ဖြူပွင့် မသွားဟုလည်း ဆုံးဖြတ်ထားခဲ့သည်။

◆ ◆ ◆



ခုကျတော့လည်း ဖြူပွင့်လက်ထဲမှာ တတိယမြောက် လုံးချင်း ဝတ္ထုရေး၍ မပြီးဆုံးမီခင် ကိုကို့ စာအုပ်တိုက်မှနေဖြူပွင့်မပေးသော နာမည်ဖြင့် ဖြူပွင့်မရေးသော စာအုပ်ကို ကြော်ငြာနေပြီ။

'အဲဒါ ဘာဖြစ်တာလဲ'

တကယ်ပင် ဖြူပွင့်စဉ်းစားမရ။

ကိုကို့ကို မယုံမကြည် ဖြစ်လောက်အောင်လည်း ဖြူပွင့်နှင့်ကိုကို့ကြားမှာ ဘာမှ မယုံကြည်စရာ အခြေအနေမျိုး တစ်ခုမှ မဖြစ်။

အကြောင်းတော့ ရှိမည်ဟု ဖြူပွင့်တွေးမိသည်။

မနက်ကျရင်တော့ ဖြူပွင့်နှင့် ကိုကိုကျောင်းထဲမှာ မလွဲမသွေဆုံရမည်။

သည်အကြောင်းကို ဖြူပွင့်မမေးမီပင် ကိုကို ရှင်းပြတန်ကောင်းပါ၏။

ရှင်းမပြလျှင်လည်း ဖြူပွင့်ကတော့ မရ,အရကို မေးမည်ပဲဖြစ်သည်လေ။

ဒါကတော့ ဘယ်လိုမှ ကိုယ့်ဟာကိုယ် တွေးပြီးနားလည်ယူ၍ ရသည့်ကိစ္စမှ မဟုတ်တာ။

မနက်ဖြန်. . .။

မနက်ဖြန်ကျရင်တော့ သိရမည်ပေါ့။

အတွေးတော့ များသွားသဖြင့် ဖြူပွင့် ညက တစ်နာရီထိုး ပြီးမှ အိပ်ပျော်သွားသည်။

မနက် အိပ်ရာမှထ,တော့လည်းဖြူပွင့် ပထမဆုံး သတိရ လိုက်သည့် နာမည်လေး တစ်ခုမှာ 'အပြစ်ကင်း အသည်းနဲ့ ချစ်ခြင်း မြဲနိုင်ချင်ပါတယ်' ဖြစ်၏။

'အဲဒါ ဘယ်သူရေးတဲ့ ဝတ္ထုလဲ'

♦ ♦ ♦



(၅)

'ဖြူပွင့် ညက တီဗွီကြည့်လား'

တွေ့တွေ့ချင်းပင် ဝေယံထွန်းက ဖြူပွင့်ကို အပြုံးနှင့် နှုတ်ဆက်ရင်းကနေ ထိုအမေးကို တန်းမေးသည်။

မျှော်လင့်သည့်အတိုင်း သည်အကြောင်းကို ဝေယံထွန်းက စ,ပြောသဖြင့် ဖြူပွင့် နည်းနည်း ကျေနပ်သွားရသည်။ ဝေယံထွန်း မျက်နှာမှာလည်း မရိုးသားသော အမူအရာတွေ ရှာမရ။

'ဟုတ်တယ်ကိုကို၊ ဖြူပွင့်လဲ ဒီအကြောင်းကိုပဲမေး မလို့၊ ဟဲဒါ ဘာဖြစ်တာလဲ၊ ဖြူပွင့်မရေးဘဲနဲ့ အဲဒီ ဝတ္ထုကဘယ်လိုထွက် လာမှာလဲ'

ဝေယံထွန်းက ပြုံးရင်း...

"အဲဒီကိစ္စ ကိုယ်ရှင်းပြမလို့ဘဲ ဖြူပွင့်၊ လာကွာတစ်နေရာရာမှာ တစ်ခုခုသွားစားရင်း အဲဒီအကြောင်းကို ပြောရအောင် ကျောင်းထဲမှာက လူများပါတယ်၊ သိပ်ဝေးဝေး မသွားချင်ရတောင် အင်းလျားလမ်းက ခေမရဋ္ဌဖြစ်ဖြစ်သွားကြရအောင်"

ဖြူပွင့် ခေါင်းညိတ်ရင်း ဝေယံထွန်းကားနှင့်လိုက်ခဲ့သည်။

ကားကလေးက ခြသေ့်တံခါးဘက်မှပင် ပြန်ထွက်ရင်း တက္ကသိုလ်ရိပ်သာလမ်းမှနေ၊ အင်းလျားလမ်းထဲ ချိုးဝင်၍ ခေမရဋ္ဌခေါ်ကျိုင်းတုံစားသောက်ဆိုင်ရှေ့မှာ ရပ်သည်။

နှစ်ယောက်သား ဆိုင်ထဲမှာ ထိုင်မိလျှင် ဝေယံထွန်းက ရှမ်းခေါက်ဆွဲအရည်နှင့် နှစ်ပွဲမှာလိုက်ပြီးဖြူပွင့်ကို ရှင်းပြသည်။

"ဒီကိစ္စက တို့ဘာသာ ကျိတ်ပြီးစီစဉ်လိုက်တဲ့ ကိစ္စပါဖြူပွင့် အမှန်တော့ ဖြူပွင့်ကို စောစောကတည်းက ရှင်းပြဖို့ကောင်းပါတယ်၊ ဒါပေမယ့် ဖြူပွင့်ကို ကြိုတင်ပြီး ဖွင့်ပြောရင် ဖြူပွင့် အဲဒီအစီအစဉ်ကို အတင်းဖျက်ခိုင်းမှာစိုးလို့ တမင် ကိုယ်မပြောခဲ့တာပါ၊ ပထမဆုံးပြောချင်တာကတော့ အဲဒီအတွက်ကိုယ့်ကို ခွင့်လွှတ်ပါဆိုတာပဲ"

ဝေယံထွန်း စကားကြောင့် ဖြူပွင့် မျက်မှောင်ကြုတ်ရင်း ခေါင်းခါသည်။



"မဟုတ်ဘူးကိုကို၊ ဖြူပွင့်သိချင်တာ အဲဒါမဟုတ်ဘူး၊ ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ၊ အဲဒါကကော ဘယ်လိုလုပ်ထားတာလဲ၊ အဲဒါသိချင်တာ"

"ပြောမယ်လေ ဖြူပွင့်၊ ခုနစကားကလဲ အဲဒါတွေ ပြောပြဖို့စကားပလ္လင်အရင်ခံတာပါပဲ၊ အကြောင်းကတော့ ဒီလိုဖြူပွင့်"

ဝေယံထွန်းက စကားကို ခဏရပ်ပြီး ဖြူပွင့် မျက်နှာကို အကဲခတ်သည်။ ဖြူပွင့်မျက်မှောင်ကြုတ်လျက်ပင် ပြန်ကြည့်သည်။

ဝေယံထွန်းက ဆက်၍....

"အမှန်တိုင်း အခုမှ ဖွင့်ပြောရရင်တော့ ဖြူပွင့်ရဲ့ ပထမစာအုပ်နဲ့ ဒုတိယစာအုပ် နှစ်အုပ်စလုံး အခြေအနေ မကောင်းဘူး"

"ဟင်..."

"ဟုတ်တယ် ဖြူပွင့် နှစ်အုပ်စလုံး တစ်ပြည်လုံးမှ တစ်ရာတစ်ရာ့ငါးဆယ်ပဲကုန်တယ်၊ ဒါပေမယ့် ဖြူပွင့် စိတ်ဓာတ်ကျသွားမှာစိုးလို့ ကိုယ်အခြေအနေ ကောင်းတယ်ဆိုပြီးညာခဲ့တာ၊ အဲဒါကို ကိုယ့်အဖေမသိအောင်လဲ ဖြူပွင့်စာအုပ်တွေကို ကိုယ်ဆိုင်ကနေ တစ်ဖက်လှည့်နဲ့ ပြန်ဝယ်ပြီး စာအုပ်တွေကိုလဲ ဖျောက်ဖျက်ပစ်ခဲ့ရတယ်၊ ကိုယ်ပြန်ဝယ်ရတာချည့် နှစ်အုပ်ပေါင်းမှာ အနည်းဆုံး ငါးသောင်းဖိုးလောက်

ရှိတယ်"

"အို"

ဖြူပွင့် နေရာတွင်ပင် ထိုင်ငိုချင်စိတ်ပေါ်လာသည်။

"ထားပါတော့၊ ဖြူပွင့်၊ ဒါက အခြေအနေကို ပြောပြတာပါ၊ အဲဒီပိုက်ဆံ ကိုယ်မနမြောပါဘူး၊ ဒါပေမယ့် ကိုယ်ဖြစ်စေချင်သလို ဖြူပွင့် နာမည်ရတဲ့ စာရေးဆရာတစ်ယောက် ဖြစ်မလာမှာကိုတော့ ကိုယ်သိပ်စိုးရိမ်တယ်၊ အဲဒါနဲ့...."

"အဲဒါနဲ့ ဘာလုပ်လိုက်လဲ ကိုကို"

"အခု တတိယစာအုပ်ဟာ အတော်လေးစာရေးကောင်းတဲ့ လူတစ်ယောက်ဆီကရတဲ့ တော်တော့်ကိုကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ပါ၊ သူ့သဘောတူညီချက်နဲ့ အဲဒီစာမူကို ဖြူပွင့် နာမည်တပ်ပြီး ကိုယ်ထုတ်လိုက်တာပါ"

"အခိုက်အတန့်တော့ သည်းညည်းခံပါ ဖြူပွင့်၊ ကိုယ်လဲ သူ့ဆီက အဲဒီစာမူမျိုးများများ မရနိုင်ပါဘူး၊ စုစုပေါင်းမှ သုံးအုပ်ပဲ ရမယ်၊ အဲ့ဒီ သုံးအုပ်ကို ဖြူပွင့် နာမည်နဲ့ ဆက်တိုက်ထုတ်လိုက်မယ် အဲ့ဒါဆို ဖြူပွင့်ဟာနာမည်လေးတစ်လုံး အထိုက်အလျောက်တော့ ရလာမှာပဲ"



"ဒါပေမယ့် အဲဒါက ဖြူပွင့်အစွမ်းအစနဲ့ရတာမှ မဟုတ်တာ"

"မှန်ပါတယ်၊ ဒါပေမယ့် အဲဒီနည်းတစ်ခုပဲ ဖြူပွင့်ဖြစ်ချင်တဲ့ စာရေးဆရာမ ဘဝကိုဖြစ်အောင် လုပ်နိုင်တော့မှာ ဖြူပွင့်၊ ဒီနာမည်က ဖြူပွင့်နာမည်ပါပဲ၊ သုံးအုပ်လောက် အဲဒီလိုထုတ်ပြီးရင် နောက်ပိုင်းကျတော့ ကိုယ့်နာမည်နဲ့ကိုယ် ဖြူပွင့်ပဲ ပြန်ရေးပေါ့"

"အဲဒီတော့လဲ ဘာထူးမှာလဲ၊ ဖြူပွင့်ပြန်ရေးလို့ စာအုပ်က မကောင်းရင် နာမည်က ပြန်ကျမှာပဲပေါ့"

"အဲဒီအတွက် ကိုယ်စီစဉ်ထားပါတယ်၊ ဖြူပွင့်၊ အဲဒီသုံးအုပ် ထွက်ပြီးဖို့ အနည်းဆုံး လေးငါးလတော့ ကြာမှာပါ၊ အဲဒီလေးငါး လအတွင်းမှာ ဖြူပွင့် စနစ်တကျစာရေးတတ်အောင်ရယ်၊ တစ်ပုဒ်ချင်း ကိုလဲ သေချာတိုင်ပင်ပြီး အကောင်းဆုံး ဖြစ်အောင် လုပ်ဖို့ရယ်၊ တစ်ခုခုလုပ်ရမှာပေါ့"

"ဘယ်လိုလုပ်မှာလဲ"

"အခု အဲဒီ ဝတ္ထုရေးတဲ့သူနဲ့ ဖြူပွင့်နဲ့ တွေ့ပေးမယ်၊ သူ့ဆီက စာရေးနည်းလဲသင်၊ ဒီကြားထဲမှာ သူနဲ့တိုင်ပင်ညှိနှိုင်းပြီးတော့လဲ ဖြူပွင့်ဝတ္ထုတွေရေး၊ အဲ့ဒါဆိုအခု ထက်စာရင်တော့ အများကြီး အဆင် ပြေသွားမှာပေါ့"

'နေပါဦး၊ အဲ့ဒီလူက ဘယ်သူလဲ၊ သူက ဘယ်လောက်တော် နေလို့လဲ၊ သူ့စာမူနဲ့ဆိုရင်ကော ဖြူပွင့်နာမည်ရမယ်လို့ ဘယ်သူက အာမခံထားလို့လဲ'

'အင်း...သူ ဘယ်သူ ဘယ်လောက်တော်တယ်ဆိုတာတော့ ခဏထားလိုက်ပါဦး ဖြူပွင့်၊ သူ့စာမူနဲ့ဖြူပွင့်နာမည် ရမရဆိုတာ ကတော့ ဒီတစ်ရက် နှစ်ရက်ဆို အဖြေပေါ်မှာပဲ၊ ဖြူပွင့်လဲ အဲ့ဒီစာအုပ် ကိုဖတ်ကြည့်ပါဦး၊ ကောင်းလဲ ကောင်းတယ်၊ နာမည်လဲ ရနိုင်တယ်ဆို တာ သေချာမှ နောက်အလုပ်ဆက်လုပ် မှာပေါ့'

'အခု အဲဒီစာအုပ်က ဘယ်နေ့ထုတ်မှာလဲ'

'ခုမနက်ပဲ မြို့ထဲမှာ ဖြန့်ချိနေပြီ ဖြူပွင့်၊ နယ်ပို့တာနှစ်ရက် ရှိပြီ'

'ဟင်'

'ဖြူပွင့် ဖတ်ကြည့်ဖို့နဲ့ လက်ဆောင်ပေးဖို့လဲ စာအုပ်တွေ ကားထဲမှာ လေးငါးဆယ်အုပ် ယူလာပါတယ်၊ ဒီစာအုပ်ကို ဖြူပွင့် ဖတ်ကြည့်လိုက်ပေါ့'

'အဲဒီလိုကြီး၊ ဖြူပွင့်ကိုဘာမှ မပြောမဆို မတိုင်ပင်ဘဲလုပ် တာတော့ လုံးဝမကောင်းဘူး ကိုကို၊ ဘာပြောပြော တိုင်ပင်ပြီးမှလုပ်



သင့်တာပေါ့ ခုတော့ ဖြူပွင့်က အလကားနေရင်း ရှဲဒိုးစာရေးဆရာမ ဖြစ်ရပြီ'

'ကိုယ်တောင်းပန်ပါတယ် ဖြူပွင့်၊ ဒီကိစ္စက ဖြူပွင့် နောင် ရေးအတွက် လုပ်ရတာပါ၊ နောင်သောအခါကျမှ ဖြူပွင့်လိပ်ပြာမလုံရင် လဲ ဒီစာအုပ်သုံးအုပ်ကို ဒီလို ဒီလို လုပ်ခဲ့ရတာပါလို့ ပရိသတ်ကို ဝန်ခံလိုက်ပေါ့၊ ခုလောလောဆယ်တော့ ကိုယ့်အစီအစဉ်ကို ခဏလေး သည်းခံစောင့်ကြည့်စေချင်တယ်'

'ကဲ...ဒါဖြင့်ဘယ်မှာလဲ အဲဒီစာအုပ်ပြစမ်းပါဦး'

ဖြူပွင့်က စိတ်မရှည်စွာ ပြောသည်။

ဝေယံထွန်းပြာပြာသလဲနှင့် ကားဆီထ,ပြေးပြီး ကားနောက် ဖုံးအခန်းထဲ၌ ထည့်ထားသည့် စာအုပ်တစ်အုပ်ကို ယူလာသည်။

စားပွဲပေါ် ချပေးသည့် စာအုပ်မျက်နှာဖုံးမှ စာသားများကို ဖြူပွင့် ဖတ်ကြည့်လိုက်၏။

'ပန်းဖြူဖြူပွင့်'

'အပြစ်ကင်းအသည်းနဲ့ ချစ်ခြင်းမြဲနိုင်ချင်ပါတယ်' တဲ့....။

◆ ◆ ◆

(၆)

"ဟင်း"

စာအုပ်ကို အိမ်ပြန်ရောက်မှ ဖတ်သည်။

ထမင်းစားပြီးကတည်းက အိပ်ခန်းထဲဝင်ပြီး ထိုစာအုပ်ကို ဖတ်လိုက်သည်မှာ ညသန်းခေါင်လောက်ကျမှဆုံး၏။

စ,ဖတ်လိုက်တည်းက ဖြူပွင့်လက်ကမချနိုင်။ အစမှ အဆုံးထိ တောက်လျှောက်တစ်ဆက်တည်း ဖတ်ဖြစ်သွားခြင်းဖြစ်သည်။

"ကောင်းလိုက်တာ၊ ငါရေးတဲ့ဝတ္ထုတွေနဲ့ ဘာမှမဆိုင်ဘူး"

စာအုပ်အဆုံးမှာ သက်ပြင်းတစ်ချက်ချရင်း ဖြူပွင့်ရေရွတ်မိသည်။

စာအုပ်တစ်အုပ်လုံး အရေးသာကော၊ ဇာတ်လမ်း ဇာတ်ကွက်တွေပါ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိ၊ ဇာတ်သိမ်းခန်းကလည်း ဆို့နှစ်အောင်ခံစားရသည်။



သို့သော်...

"ဒါပေမယ့် ဒီစာအုပ်က ငါရေးတာမှ မဟုတ်ဘဲ၊ ငါ့နာမည်ကြီးနဲ့ သူများရေးထားတာကို လူတွေကချီးမွမ်းရင်တောင် ငါမျက်နှာထားတတ်မှာ မဟုတ်ဘူး ရှက်တာနဲ့လဲသေသွားနိုင်တယ်"

ဖြူပွင့် မျက်လုံးအိမ်မှာ မျက်ရည်ပြည့်လျှံလာသည်။

"ကိုကို့လဲ အပြစ်မတင်ချင်ပါဘူး၊ သူကတော့ ငါ့အတွက်၊ ငါကောင်းဖို့ သူ့စိတ်ကူးနဲ့ သူအကောင်းဆုံးဖြစ်မယ်ထင်တာ လုပ်တာပဲ အဓိက ကတော့ငါမှားတာ၊ ငါ့မှာ ဒီလိုအရည်အချင်းမရှိပဲနဲ့ စာအုပ်သွားထုတ်မိတာက စ,မှားတာ၊ ဟုတ်တယ်လေ၊ ငါရေးနိုင်တာ ဒီစာမျိုးမဟုတ်ဘဲ ညံ့ဖျင်းစုတ်ပြတ်နေတဲ့ ကလေးကလား စာတွေပဲ ရေးနိုင်တာ"

ခုကျတော့ သည်အခြေအနေကနေ ဘာဆက်လုပ်ရမည်ဆိုသည်ကို ဖြူပွင့်မစဉ်းစားတတ်တော့။

စာအုပ်တွေက မနက်ကဘဲ ရန်ကုန်မှာ ဖြန့်ပြီးပြီ။ မနေ့တစ်နေ့က စတင်၍ နယ်ပို့ခဲ့သော စာအုပ်များကလည်း မြန်မာပြည်အရပ်ရပ်မှာ ပျံ့နေပြီ၊ လူတွေကတော့ သည်စာအုပ်ကို ပန်းဖြူဖြူပွင့်ဆိုသော စာရေးဆရာမလေး ရေးသည်ဟုပဲ ထင်နေကြမည်။

ရှဲဒိုး။

သူ့အင်မတန် မုန်းခဲ့သော ရှဲဒိုးစာရေးဆရာမ ဘဝကိုသူမ ခုမှ တကယ်ရောက်ရှိသွားခြင်းဖြစ်သည်။

ရှက်လိုက်တာ။

ဝမ်းနည်းလွန်း၊ ရှက်လွန်းလှသဖြင့်ဖြူပွင့် စိတ်မထိန်းနိုင်ဘဲ အိပ်ယာပေါ်မှောက်လှဲကာ ခေါင်းအုံးနှင့် မျက်နှာအပ်၍ ငိုချလိုက်သည်။

သူ့ဘဝမှာ သည်လောက် သိမ်ငယ်ရှက်ရွံ့အားငယ်ရသည့် အဖြစ်မျိုး တစ်ခါမှ မကြုံဖူးခဲ့။

ခုမှကြုံရခြင်းဖြစ်၏။

♦ ♦ ♦



"အခုတစ်ပတ် နင့်ဝတ္ထုလေး အရမ်းကောင်းတာပဲဖြူပွင့်၊ တကယ်ဟာ ငါဖြင့်ဖတ်ပြီး မျက်ရည်တောင်ဝဲတယ်၊ ဖတ်ပြီးတဲ့ သူငယ်ချင်းတွေကလဲ အဲဒီဝတ္ထုကို အရမ်းကြိုက်တာပဲတဲ့"

"ဒီစာအုပ်တော့ အငှားဆိုင်မှာ လက်မလည်အောင်ပဲ ဖြူပွင့်၊ အစတုန်းက သူတို့က တင်တောင်မတင်ဘူး နောက်မှ ဖတ်ပြီးတဲ့ သူတွေက ကောင်းတယ်ပြောတာနဲ့ ငှားတဲ့သူတွေ မေးလွန်းလို့ ဝယ်တင်ရတာ၊ ဖတ်ပြီးသမျှမကြိုက်တဲ့သူမရှိကြဘူး"

ဩော်…တကယ်ကောင်းပြီး တကယ်ရောင်းရသော စာအုပ်ဆိုမှာ ဒီလိုပါလားဟု ခုမှ ဖြူပွင့်သဘောပေါက်သည်။

လွန်ပြီးသော အခြေနေများကို ဘာမှလည်းပြုပြင်လို့မရသဖြင့် တတ်နိုင်သလောက် ဖုံးဖိဟန်ဆောင်ပြီး လာချီးမွမ်းကြသူများကို ပြုံးပြ၊ ခေါင်းညိတ်ပြ၊ ကျေးဇူးတင်ပြနေရသော်လည်း ရင်ထဲကတော့မချိ။

ကြာတော့ သည်စာအုပ်ကို နောက်ကွယ်မှာ ရေးပေးသူအား မနာလိုစိတ်ပင် ဝင်လာမိသည်။

"ငါ့ညံ့သလောက် ဒီလူကျတော့ ဘာဖြစ်လို့ဒီလောက်တော်နေရတာလဲ၊ ဒီလူက ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီလောက်တော်ရဲ့သားနဲ့ ကိုယ့်ဟာကိုယ် မရေးထုတ်ဘဲ သူများအတွက် ရေးပေးနေရတာလဲ"

အချိန်တန်လျှင် ထိုလူနှင့် တွေ့ရမည်ဟု ဝေယံထွန်းက ပြောထားသည့်တိုင် ဖြူပွင့်စိတ်ထဲမှာ ထိုလူနှင့် ချက်ချင်းသွားတွေ့ချင်စိတ်တွေ ပေါ်နေသည်။

ဝေယံထွန်းကိုလည်း သည်အကြောင်း ပြောပြ၏။

'ကိုကို အဲဒီလူနဲ့ဖြူပွင့် ဘယ်တော့တွေ့ရမှာလဲ၊ တွေ့ချင်တယ်'

'တွေ့ရမယ်ဖြူပွင့် ကိုယ်စီစဉ်ပေးပါ့မယ်၊ ဒီဘက်ကစာအုပ် အခြေအနေကို ပိုသေချာအောင် စောင့်ကြည့်နေလို့ပါ၊ ဒီလူ့လက်ရာ ပရိသတ်က တကယ်လက်ခံပြီဆိုမှ တွေ့တာပိုအကျိုးရှိတာပေါ့'

'ခုအခြေအနေကကော ဘယ်လိုလဲ'

'ကောင်းပါတယ်၊ ဖြန့်ဖြန့်ချင်းတုန်းက သိပ်မသိသာပေမယ့် တဖြည်းဖြည်းနဲ့ တစ်ဆင့်စကား၊ တစ်ဆင့်နားပြောရင်း စာအုပ်လေး အဝယ်လိုက်လာတယ်၊ ဖတ်ပြီးတဲ့သူတိုင်း ကြိုက်ပါတယ်၊ ဟို…ကိစ္စလေးတစ်ခု စကားပြောထားလို့၊ အဲ့ဒါလေး သေချာအောင် စောင့်နေတာ'

'ဘာကိစ္စလဲ'

'ဒီဝတ္ထုကို ရုပ်ရှင်ကုမ္ပဏီတစ်ခုက ရုပ်ရှင်ဝယ်ရိုက်ချင်လို့ စကားကမ်းလှမ်းထားတဲ့ကိစ္စ'

'ဟင်…ရုပ်ရှင်ကလဲ ဒီဝတ္ထုကို ဝယ်ရိုက်ဦးမလို့တဲ့လား'

'ဟုတ်တယ်၊ မနေ့ကဘဲ ဒါရိုက်တာ အကယ်ဒမီ ◌ ◌င်ဦး လာသွားတယ် သူကတော့ သူ့ထုံးစံအတိုင်း နာမည်ကြီးမင်းသား မင်းသမီးတွေနဲ့ တခမ်းတနားရိုက်မှာပဲတဲ့'

'အမယ်လေး ဒုက္ခပါပဲ၊ ဖြူပွင့်နာမည်ကြီးနဲ့ပေါ့'

'အင်းပေါ့၊ ဘာဖြစ်လဲ ဖြူပွင့်ရယ်၊ ဖြူပွင့်နာမည်ပိုကြီးတာပေါ့'

ဒါပေမယ့် တကယ် အဲဒီဝတ္ထုရေးတာက ဖြူပွင့်မှမဟုတ်တာ ဆိုသောစကားကိုတော့ ရင်ထဲကပဲ ပြောလိုက်သည်။ ဖြူပွင့်ငြိမ်နေသောအခါ ဝေယံထွန်းကဆက်၍…

'အဲဒါ ရုပ်ရှင်ရိုက်တဲ့အတွက် ဉာဏ်ပူဇော်ခငွေတစ်သောင်း တောင်းထားလိုက်တယ်၊ ဈေးမဆိုးပါဘူး၊ ဦးတင်ဦးတို့ကလဲ ပေးမယ် ပြောသွားတယ်'

'ဒါဖြင့် အဲဒီငွေ ဘယ်သူရမှာလဲကိုကို'

'ဖြူပွင့်ပဲရမှာပေါ့၊ ဖြူပွင့်နာမည်ကြီးနဲ့ ထွက်ပြီးတဲ့နောက်ပိုင်း ခံစားခွင့်မှန်သမျှ ဟိုလူနဲ့ ဘာမှမဆိုင်တော့ဘူး'

“အို...မဟုတ်ပါဘူးကိုကိုရယ်၊ အဲဒီပိုက်ဆံ ဖြူပွင့်မလိုချင်ပါဘူး၊ သူ့ဟာသူ ရေးတဲ့သူကိုပဲ ပေးလိုက်ပါ”

“ဟာ...မဟုတ်ဘူး ဖြူပွင့်၊ အဲဒီလို သွားအကျင့်မလုပ်နဲ့၊ အစကတည်းက တန်ရာတန်ကြေး သူ့ကိုပေးပြီးသား”

“ဘယ်လောက်ပေးရလဲ”

“အဲဒါတွေ ဖြူပွင့်မသိချင်ပါနဲ့၊ ကိုယ့်ကိစ္စကိုယ်လုပ်ပါ့မယ်၊ ဖြူပွင့်ကိစ္စက ဘာမှ မသိချင်ယောင်ဘဲဆောင်နေ၊ ဝတ္ထုအကြောင်း ဘယ်သူမေး,မေးလဲ ဖြူပွင့်ရေးတယ်လို့သာ အပိုင်ပြော၊ ဘာပြဿနာမှ မရှိစေရဘူး”

အလှူမင်္ဂလာဆောင်ကို သူများပစ္စည်းငှားဝတ်လာတဲ့ သူတွေလည်း အဲ့သည်လိုပဲ သူ့လိုမလုံမလဲ ခံစားရမှာပဲဟု တွေးမိသည်။

တစ်ခုပဲ ဖြူပွင့်စိတ်မကောင်း။

သူများပစ္စည်းနဲ့ ဖြူပွင့် တင့်တယ်ကောင်းစားနေချိန်မှာ ဒီဝတ္ထုကို တကယ်ရေးခဲ့ရသည့် သူအတွက်ဘာအကျိုးခံစားခွင့်မှ မရှိတော့။

ထိုသူ့စိတ်ထဲမှာ ဘာတွေခံစားနေရမလဲ။

“အရာအားလုံးဟာ ငါ့ဘဝမှာ အရှုံးတွေချည်းပဲ၊ တစ်သက်



လုံးအရှုံးတွေနဲ့ပဲ ကြီးပြင်းလာတဲ့ ငါ့ဘဝမှာ နောက်ထပ် ဘယ်တော့မှလဲ အနိုင်ဆိုတာကို မမျှော်လင့်တော့ပါဘူး၊ အရှုံးထဲမှာပဲ ပျော်တာတဲ့ အကျင့် ငါ့မှာရပြီးသားပါ”

“အပြစ်ကင်းအသည်းနဲ့ ချစ်ခြင်းမြဲနိုင်ချင်ပါတယ်” ဝတ္ထုထဲကဇာတ်ကောင် ကိုနိုင်ပြောခဲ့သော စကားတစ်ချို့ကို အမှတ်ရသည်။ သည်ခံစားချက်သည် ထိုဝတ္ထုကို ရေးသူ၏ ဘဝခံစားချက်တွေများလား။

“အဲဒီလူနဲ့ ဖြူပွင့်တွေ့ချင်တယ်ကိုကို၊ အဲဒီကိစ္စကို အမြန်ဆုံးစီစဉ်ပေးပါ”

ဖြူပွင့်စကားကို ဝေယံထွန်းက ခေါင်းညိတ်တုံ့ပြန်သည်။

ထိုညက ဖြူပွင့် “အပြစ်ကင်း အသည်း”ကို နောက်တစ်ခေါက်ပြန်ဖတ်နေမိ၏။

◆ ◆ ◆

(၇)

ပုံပြင်လေးတစ်ပုဒ်ရှိတယ် ဝေဝေ။

ဘယ်ခေတ်က စ,ပေါ်လို့ဘယ်ကာလ။

ဘယ်မင်းလက်ထက်မှာ ဖြစ်ခဲ့ပြီး ဘယ်သူတွေ တီထွင်ပြော ကြားခဲ့တယ်လို့ တော့ငါမသိဘူး။

ပုံပြင်လေးက ပုံပြင်တို့ ထုံးစံအတိုင်း တစ်ခါတုန်း…လို့ တော့ အစချီထားတာပဲ။

ဒီလိုဝေဝေ…

တစ်ခါတုန်းက တိုင်းပြည် တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါး အုပ်ချုပ် မင်းလုပ်တယ်တဲ့။

တစ်ရက်ကျတော့ အဲဒီဘုရင်ကြီး နတ်ရွာစံသွားတာနဲ့ သား



တော်အိမ်ရှေ့မင်းသားဟာ သူ့ဖခင်ရဲ့ ထီးနန်းမွေကို ဆက်ခံစိုးစံတယ်။

အဲဒီမင်းသားလေး နန်းတက်တဲ့ နေ့မှာနန်းသိမ်းဘိသိက်ပွဲ သဘင် ဆင်ယင်ကျင်းပမှာ ဆိုတော့ အခမ်းအနားမှာ တန်ဆာဆင်ပြု ပြင်ဖို့ ပန်းလှလှလေးတွေလိုတယ်။

သိပ်ကြီးကျယ်တဲ့အခမ်းအနားဆိုတော့ ပန်းတွေလဲအများ ကြီးလိုတာပေါ့။

ဒါကြောင့် နန်းတော် ပန်းဥယျာဉ်ထဲက ပန်းတွေနဲ့ချည့် မလုံလောက်တော့ဘဲ တစ်နိုင်ငံလုံးက အလှဆုံးပန်းတွေ ရသလောက် လိုချင်တယ်။ ထိုက်သင့်တဲ့ အဖိုးစားနား ဆုငွေလဲ ပေးမယ်ဆိုပြီး လှည့်လည်မောင်းကြေးနင်းခတ်ခေါ်ရတာပေါ့။

တစ်နိုင်ငံလုံးက ပန်းရောင်းသမားတွေလဲ ကိုယ့်အရှင်သခင်ပွဲ မှာ အလှဆင်ပေးနိုင်လှပေ့ဆိုတဲ့ ပန်းတွေ လာဆက်ကြတာပေါ့။

အဲ့ဒီထဲမှာ ထူးထူးခြားခြား အားလုံးပန်းတွေထက် အရွယ် ကြီးလှပတဲ့ နှင်းဆီပန်းရောင်စုံကြီးတွေ ဆက်လာတဲ့ မနှင်းဆီ…ဆိုတဲ့ ကျေးတောသူ မိန်းကလေးတစ်ယောက် ပါလာတယ်။

မနှင်းဆီရဲ့ နှင်းဆီပန်းတွေဟာ ထူးခြားလွန်းလှပလွန်းလို့ မြင်သူတိုင်းကပဲ တအံ့တသြ ချီးမွမ်းရတယ်။

ဘုရင်ဖြစ်လာတဲ့ မင်းသားလေးကိုယ်တိုင်လဲ မနှင်းဆီရဲ့ နှင်းဆီပန်းတွေကို နှစ်သက်တော်မူလွန်းလို့ ဆုတော်ငွေ အမြောက်အများလဲ ပေးခိုင်းပြီး ဒီပန်းသည်ကို နေ့စဉ်ဒီပန်းမျိုးတွေချည့် ဘုရင့်နန်းဆောင်မှာ အလှဆင်ယင်ဖို့ ပန်းဆက်တာဝန်ပေးရမယ်လို့ အမိန့်တော် ချမှတ်တယ်။

အဲဒါနဲ့ မနှင်းဆီ ကျေးတောသူလေးဟာ နန်းတော်အတွက် ပန်းတော်ဆက်ရတဲ့ ပန်းဆက်သမလေးဖြစ်လာတယ်။ ထိုက်သင့်တဲ့ တန်ဖိုးထက်ပိုတဲ့ ဆုတော်ငွေ အများအပြားကိုလက်ခံရလို့ မနှင်းဆီဘဝလေးလဲ တင့်တယ်ချမ်းသာလာတယ်။

ဒါပေမယ့် တကယ်တော့ ဒီပန်းတွေဟာ မနှင်းဆီကိုယ်တိုင် ပြုစုပျိုးထောင် စိုက်ပျိုးခဲ့တာမဟုတ်။

မြရိပ်ညိုဆိုတဲ့ ရွာကလေးမှာ အဲ့ဒီနှင်းဆီပန်းတွေကို ဘဝတစ်ခုလုံး နှစ်ပြီး စိုက်ပျိုးပြုစုနေတဲ့ ဥယျာဉ်မှူးလေးတစ်ယောက် ရှိတယ်။

အဲဒီမြရိပ်ညိုက ဥယျာဉ်မှူးလေးဟာ တစ်ရွာတည်းနေတယ် မနှင်းဆီကို သိပ်ချစ်လွန်းလို့ မနှင်းဆီရဲ့ ဘဝကလေး တင့်တယ်သာယာအောင် ဒီပန်းလေးတွေ ဘုရင်ဆီ ဆက်ပို့ပေးပြီး သူကတော့ မြရိပ်ညိုက နှင်းဆီခြံလေးထဲမှာ လူမသိသူမသိ နေခဲ့တာပါ။



အဲဒီလိုနဲ့ တစ်နေ့ကျတော့ ဘုရင်လေးဟာ ဒီလောက်လှပ၊ အသွေးကျ၊ အနံ့သင်းလှတဲ့ နှင်းဆီပန်းတွေဆက်နေတဲ့ မိန်းကလေးကို တွေ့ချင်တယ်ဆိုပြီး မနှင်းဆီကို နန်းတော်ထဲ အခစားဝင်ခိုင်းတယ်။

အဲ့ဒီမှာပဲ ဘုရင်လေးဟာ နှင်းဆီပန်းတွေလိုပဲ ထူးခြားလှပချစ်စရာကောင်းတဲ့ မနှင်းဆီကို မြင်လိုက်တဲ့အခါ ချစ်မြတ်နိုးတော်မူသွားပြီး မိဘုရားမြှောက်ဖို့ ဆုံးဖြတ်လိုက်တယ်။

မနှင်းဆီဟာ သူ့ကို သိပ်ချစ်မြတ်နိုးတဲ့ မြရိပ်ညိုက ဥယျာဉ်မှူးလေးကိုသတိရပေမယ့်လဲ ဘုရင့်အမိန့်တော်ဖြစ်နေ၊ သူကိုယ်တိုင်ကလဲ မိဖုရားဘဝနဲ့ တင့်တယ် မြင့်မြတ်ရမှာကို မက်မောသွားမိတော့ ကျေကျေနပ်နပ်ပဲ လက်ခံလိုက်သတဲ့။

မနှင်းဆီလေးကို ဘုရင့်မိဖုရားအနေနဲ့ မြရိပ်ညိုရွာကလေးကနေ အခမ်းနားနဲ့ ခေါ်တဲ့ပွဲဟာ အရမ်းပဲစည်ကားပါတယ်။

အဲဒီအခမ်းအနားပွဲသဘင်မှာ ဘုရင်လေးကလဲ ထူထူခြားခြား စိတ်ကူးတစ်ခု ရပြီးမြရပ်ညိုရွာကနေ နန်းတော်အရောက် လမ်းတစ်လျှောက်မှာ မနှင်းဆီ ဆက်သတဲ့ နှင်းဆီပန်းတွေ အပြည့်လွှမ်းရမယ်လို့ အမိန့်တော်မှတ်တယ်။

ဒီသတင်းကိုလဲကြားရော မြရိပ်ညိုက ဥယျာဉ်မှူးလေးဟာ

နလုံးကြေကွဲ ရူးသွပ်သွားပြီး သူ့နှင်းဆီဥယျာဉ်ကြီး တစ်ခုလုံးကိုလဲ ခုတ်ထစ်ဖြစ်တောက် မီးတင်ရှို့ပစ်လိုက်တော့တယ်တဲ့။

ပုံပြင်လေးကတော့ ဒါပါပဲ ဝေဝေ။

ဒီနောက်ပိုင်းမှာ ဥယျာဉ်မှူးလေးရယ်၊ မနှင်းဆီရယ်၊ ဘုရင်လေးရယ် ဘာတွေဆက်ဖြစ်ကြတယ်တော့ မပါတော့ဘူး။

အခိက ဝေဝေကိုပြောချင်တာကတော့ ငါ့ပုံပြင်ထဲက ဥယျာဉ်မှူးလိုပဲ၊ နင့်ဘဝသာယာရေးအတွက် ငါ့ဘဝကို မြုပ်နှံပြီး ကြိုးစားပေးနေချင်တဲ့သူပါ။

တစ်နေ့ကျရင် ဥယျာဉ်မှူးရင်ကွဲရူးသွပ် ရသလိုပဲ၊ ငါလဲရင်ကွဲ ရူးရမယ်ဆိုတာသိပါတယ်။

ဒါပေမယ့် တစ်ခုပဲဥယျာဉ်မှူးနဲ့ငါနဲ့ ကွာတယ်။ ဥယျာဉ်မှူးလေးဟာရင်ကွဲရူးသွပ်ပြီး သူ့ဥယျာဉ်ခြံကြီးကို တစ်ခုလုံးကို ဖျက်ဆီးပစ်ခဲ့တယ်။

ငါကတော့ ငါတစ်ယောက်တည်းပဲ ရင်ကွဲရူးသွပ်ခံပါ့မယ်၊ နင်ပန်ဖို့ သုံးဖို့ တင်တယ်ဖို့ ပြုစုပျိုးထောင်ထားခဲ့တဲ့ နှင်းဆီခြံကြီးကိုတော့ ဘယ်တော့မှ မဖျက်ဆီးမယ့်အပြင်၊ ငါသေရင် ငါ့နလုံးသွေးနဲ့လောင်းပြီး အကောင်းဆုံးနှင်းဆီ တစ်ပွင့်ရအောင်တောင် ငါစီစဉ်ပေးခဲ့မှာပါ။



အဲ့ဒါ ငါ့ရည်ရွယ်ချက် အမှန်ပဲ ဝေဝေ။

◆ ◆ ◆

သူကတော့ သူ့ဇာတ်လမ်းအရ တင်စားချက်များ၊ ဒဏ္ဍာရီပုံပြင်များဖြင့် ဝေဝေဆာဆာဖြစ်အောင် သူဟာသူ ရေးထားခြင်းဖြစ်သော်လည်း ဖတ်ရသူဖြူပွင့်စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

"ပုံပြင်ထဲကနဲ့တော့ မတူဘူးပေါ့လေ၊ ဒါပေမယ့် သူလဲအခုကျတော့ ငါ့အတွက်မြရိပ်ညိုရွာကလေး ကနေဥယျာဉ်မှူးလုပ်ပြီး နှင်းဆီပန်းတွေစိုက်ပျိုးပေးနေတဲ့ သူနဲ့ဘာခြားလဲ၊ ငါအခု အောင်မြင်နေတာက ငါကိုယ်တိုင်စိုက်ပျိုး ပြုစုတဲ့ပန်းတွေနဲ့မှ မဟုတ်ဘဲ၊ သူပျိုးတဲ့ပန်း၊ သူစိုက်တဲ့ ပန်း၊ ဟင်း…"

တွေးရင်းနှင့် ဖြူပွင့်သက်ပြင်းချသည်။

ညက အတော် တိတ်ဆိတ်နက်မှောင်နေပြီ ဖြစ်သည့်တိုင်ဖြူပွင့်မအိပ်နိုင်သေး။

"အပြစ်ကင်း အသည်း…"၏ အောင်မြင်မှုများ၊ လူကြိုက်များမှုများ၊ တကယ့်အရည်အသွေး ပြည့်ဝသော အနုပညာပစ္စည်းတွေ

လျှင် အားရဝမ်းသာ ချီးမြှောက်အားပေးကြသော မရှိသတ်များ၏ ရိုးသားဖြူစင်မှု မြင့်မြတ်မှုများ····။

စသည်-စသည်တို့ အတွေးရစ်ဝဲရင်း နှင့်အတူ၊ ထို အနုပညာပစ္စည်း၏ မူလပိုင်ရှင် အစစ်မှန်ကိုလည်း စိတ်ကူးဖြင့် ရမ်းဆ ရှာဖွေကြည့်မိသည်။

ဘယ်လိုလူမျိုးလဲ။

ဘယ်အရွယ်လောက်ရှိလဲ။

လူပုံစံကကော သူစာတွေထဲကလိုပဲ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နှင့် စိတ်သဘောကောင်းမွန်သူပဲလား။

အများအားဖြင့် တစ်ချိန်က နာမည်ရ၊ စာရေးကောင်းခဲ့ပြီး ခုခါမှ အသက်အရွယ်ကြီး နာမည်ကျသွားသည့်စာရေးဆရာအိုကြီးများသည် ခုလိုပဲ ငယ်ရွယ်နုပျိုသော ကလောင်ရှင်မိန်းကလေးများ၏ နောက်ကွယ်မှနေ ရေးပေးရင်းသူတို့ဘဝ ရပ်တည်ရေးကိစ္စ ဖန်တီးရတတ်သည်ဟု ကြားဖူးသည်။

ခုသည်စာအုပ်ကို ရေးသူသည်လည်း ထိုသို့သော ပုဂ္ဂိုလ်ကြီးများလား။

အဲ့လိုမဟုတ်ရင်လည်း တချို့ဆင်းရဲသား စာသမားပေသမားများသည် စာရေးကောင်းသော်လည်း ထုတ်ဝေပေးမည့်သူမရှိသဖြင့် ဘဝမှာ ချိုချို့ငဲ့ငဲ့ နေထိုင်ရင်း သူ့များနောက်ကွယ်မှနေ ရှဲဒိုးရေးပေး၍ ဘဝရပ်တည်နေရသည်ဟု ကြားဖူးသည်။



ခုသည်စာအုပ်ရေးသူသည် ထိုသို့သော အနုပညာသမားလေးများလား။

ဘယ်လိုဖြစ်ဖြစ် သည်လိုဝတ္ထုကောင်းလေးများ ရေးသူသည် သူ့ဝတ္ထုကို သူ့နာမည်ဖြင့်ထုတ်ဝေပြီး သူကိုယ်တိုင် ထိုအောင်မြင်မှု၏ အသီးအပွင့်ကို ခံစားခွင့်ရပါက အရမ်းဝမ်းသာ ပျော်ရွှင်မှာ ကတော့ သေချာသည်။

အကယ်၍ သူနှင့်တွေ့ဆုံ၍ သူ့အကြောင်းတွေ သိခွင့်ရလျှင် သူ့အတွက် ဖြူပွင့်တစ်ခုခု လုပ်ပေးမိမှာလည်း သေချာသည်။

ဖြူပွင့် သူများနာခေါင်းပေါက်ဖြင့် အသက်မရှူချင်ပါ။ ဖြူပွင့် သည်ဝတ္ထုမှ ရမည်ခံစားခွင့်အားလုံး သူ့ကိုပဲ ပေးလိုက်မှာပါ။

နောက်ဆုံး ဖြစ်နိုင်လျှင် ပန်းဖြူဖြူပွင့်ဆိုသည့် ကလောင်အမည်ကိုပါ သူ့အပိုင်အဖြစ် တရားဝင်ကြေညာပြီး သူ့ကိုပဲ ပေးချင် ပေးလိုက်မိမှာပါ။

ဒါတွေအားလုံးအတွက် သူဆီမှာ တစ်ခုသာ လိုချင်သည်။

ထိုအရာက တခြားမဟုတ်။ သည်လို ဝတ္ထုကောင်းလေးများ ရေးနိုင်သည့် အကြံပေး လမ်းညွှန်သင်ကြားပေးမှု တစ်ခုခုပဲ ဖြစ်ပါသည်။ ဒါတစ်ခုပဲ သူ့ဆီကရချင်ပါသည်။

သူ့ကို ဖြူပွင့်ရဲ့ ဆရာတစ်ဆူအဖြစ် သတ်မှတ်လေးစားချင်ပါ၏။

◆ ◆ ◆



(၈)

နောက်တစ်နေ့မှာ ရုပ်ရှင်ကုမ္ပဏီမှ ပုဂ္ဂိုလ်များနှင့် တွေ့၍ ရုပ်ရှင် ရိုက်ကူးခွင့်ပြုစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဉာဏ်ပူဇော်ခ ငွေကိုလည်း လက်ခံသည်။

သည်အစီအစဉ်ကို ဝေယံထွန်းတို့တိုက်မှာပဲ အလုပ်လုပ်၍ အားလုံး ကိစ္စဝိစ္စအပြီးသောအခါ ဖြူပွင့်ကို ဝေယံထွန်းက ပြန်လိုက်ပို့သည်။

'ရော့…ဖြူပွင့်'

'အဲဒါ ဘာတွေလဲ ကိုကို'

'ဖြူပွင့် နာမည်နဲ့ နောက်ဆက်ထုတ်မယ့် ဟိုလူရဲ့ လက်နှိပ်စက် စာမူနှစ်ခုပဲ ဖြူပွင့်၊ အဲ့ဒီ စာမူတွေလဲ ဖြူပွင့် ဖတ်ကြည့်ပါ၊

တကယ်လို့ သူ့လက်ရာကို သဘောကျတယ်၊ အရည်ချင်းကို ကျေနပ်တယ်ဆိုရင်၊ နောက်တစ်ပတ်ထဲမှာ အဲဒီလူနဲ့ ဖြူပွင့်ကို တွေ့ပေးပါ့မယ်'

ဖြူပွင့်က လျှောက်လွှာစာရွက် အရွယ်ဖြင့် လက်နှိပ်စက်ရိုက်ပြီး စာအုပ်ပုံစံချုပ်ထားသော စာမူနှစ်ခုကို ကပျာကယာငုံ့ကြည့်သည်။

တစ်ခုက…

'နန်းဘုံမြင့် ကြာရိပ်လယ်မှာ'

နောက်တစ်ခုက…

'ကြွေလုသည်းဆိုင်'။

'အို…နာမည်လေးတွေက ကောင်းလိုက်တာ'

ဖြူပွင့် စိတ်ထဲမှနေ ပြောလိုက်သည်။ နှုတ်ကတော့ ဘာမှ မပြော။

ဝေယံထွန်းကိုသာ တစ်ချက် အကဲခတ်သလို လှမ်းကြည့်ရင်း…

'ကိုကို့စိတ်ထဲမှာ ဖြူပွင့်နဲ့ သူ့ကိုတကယ်ကော တွေ့ပေးချင်စိတ်ရှိရဲ့လား'



'ဟူး…'

ဝေယံထွန်းက ဟန်ဆောင်ပန်ဆောင်ပင် လုပ်မနေတော့ဘဲ သက်ပြင်းတစ်ချက်မှုတ်ထုတ်သည်။ ပြီးမှ…

'မှန်တာပြောရရင်တော့ သိပ်တောင် တွေ့ပေးချင်စိတ် မရှိဘူး ဖြူပွင့်'

'ဘာဖြစ်လို့လဲ ကိုကို…'

'ဒီလူအရည်အချင်းရှိတာတော့မှန်တယ် ဖြူပွင့်၊ တကယ်လဲ သူကိုယ်တိုင်စာရေးကောင်းသလို ဖြူပွင့်ကိုလဲ စာရေးတဲ့ နည်းစနစ်တွေ၊ ရေးပုံရေးနည်းတွေ အများကြီး တိုးတက်အောင် သင်ပေးနိုင်တဲ့ သူပါ။ ဒါပေမယ့်…'

'ဒါပေမယ့် ဘာဖြစ်လဲ…'

'ဒါပေမယ့် ဒီလူဟာ လူကောင်းတစ်ယောက် မဟုတ်ဘူး ဖြူပွင့်'

'ဟင်လူကောင်းမဟုတ်ဘူး…ဟုတ်လားကိုကို၊ ဘယ်လိုလူကောင်းမဟုတ်တာလဲ၊ ဘာဖြစ်နေလို့လဲ'

'ဘာဖြစ်နေလဲဆိုတော့ တစ်ချက်က ဒီလူဟာ အကျင့်စာရိတ္တလုံးဝ မကောင်းဘူး'

'အို…'

'နှစ်အချက်က ဒီလူဟာ သွက်သွက်ခါအောင် ရူးနေတဲ့ လူတစ်ယောက် မဟုတ်ပေမယ့် စိတ်သိပ်မမှန်ဘူးလို့ထင်တယ်'

'အို….'

'ဟုတ်တယ် ဖြူပွင့်၊ အကျင့်စာရိတ္တ မကောင်းတာလဲ တစ်ခုတည်း မဟုတ်ဘူး၊ ဘက်စုံ မကောင်းတာ၊ တစ်ချိန်က သူဟာ တော်တော် နာမည်ရတဲ့ စာရေးစာရေးဆရာတစ်ယောက် ဖြစ်ခဲ့ဖူးတယ်၊ သူအရမ်း အောင်မြင်တဲ့အချိန်မှာ အရက်ကော၊ မိန်းမကော၊ လောင်းကစားမှုတွေရော မျိုးစုံလုပ်ပြီး နာမည်ပျက်ထောင်ကျ စာတ်မြုပ်သွားတဲ့လူ'

'ဟင်…ထောင်ကျသေးတယ် ဟုတ်လား…'

'ဟုတ်တယ်'

'ဘာမှုနဲ့လဲ'

'ငွေလိမ်မှု၊ ထုတ်ဝေသူ တော်တော်များများဆီက ငွေလိမ်ယူပြီး စာလဲရေးမပေး၊ ငွေလဲ ပြန်မပေးလို့ တရားစွဲခံရပြီး ထောင်ကျသွားတာ'

'ခုကော သူဘာလုပ်နေလဲ'



'ခုတော့ သူက ခုန ပြောသလိုပဲ စိတ်ကောင်းကောင်းမမှန်ချင်တော့ဘူးထင်တာပဲ၊ ဘာအလုပ်မှလဲ မည်မည်ရရ မလုပ်တော့ဘူး၊ တစ်ခါတလေ စိတ်လိုလက်ရရှိတဲ့အခါ ခုလိုပဲ ဝတ္ထုတွေရေး၊ ထုတ်ချင်တဲ့ နာမည်နဲ့ထုတ်ဆိုပြီး စာမူတွေရောင်းစားပစ်တယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ သူ့ဆီက စာမူကို ဝယ်ချင်တိုင်းလဲ ဝယ်လို့မရဘူး သူက ရောင်းချင်မှရောင်းတာ၊ သူ့စိတ်ကူးနဲ့ သူလုပ်ချင်ရာ လုပ်နေတာဆိုတော့ စကားပြောလို့ဆိုလို့လဲ မကောင်းဘူး၊ ဘဝမှာလဲ တကယ့်ကို ထင်သလိုနေ၊ ထင်သလိုစား၊ ထင်သလိုသွားဖြစ်နေတဲ့သူ၊ ဘာစည်းကမ်းမှလဲ မရှိဘူး'

'ဟာ…ကိုကိုကလဲ၊ အဲ့လိုလူမျိုးဆို ဖြူပွင့် သွားတွေ့လို့ ဘယ်ဖြစ်မလဲ၊ တော်ပြီ…တော်ပြီ၊ ဖြူပွင့် မတွေ့ချင်တော့ဘူး'

'အဲဒါကြောင့် ကိုယ်လဲ ဖြူပွင့်နဲ့တွေ့ပေးဖို့ကို အတော့်ကို စဉ်းစားနေတာပေါ့ ဖြူပွင့်၊ ဒါပေမယ့် တစ်ခုခက်တာက သူကကိုယ့်ကိုအပြတ်ပြောလိုက်ပြီးသား၊ သူ့ဆီက စာအုပ်သုံးအုပ်ပဲရမယ်၊ နောက်ထပ်လိုချင်လို့ကတော့ စာတစ်ကြောင်းတောင် မရောင်းတော့ဘူးတဲ့'

'အို…ဖြူပွင့်လဲ သူ့စာမူတွေနဲ့ နာမည်ခံပြီး ထပ်မထုတ်ချင်တော့ပါဘူး၊ မထွက်ရရင်လဲ နေပါစေတော့'

'အင်းလေ…အဲဒါဆိုလဲ သွားမတွေ့ပါနဲ့တော့၊ နောက်မှပဲ နောက်ရောက်ရာ ဖြစ်သလို ကြည့်လုပ်ကြတာပေါ့'

နှစ်ယောက်စလုံး စကားသံတိတ်သွားသည်။

ဖြူပွင့်က အံ့သြထူးဆန်းစွာဖြင့် သည်လိုလူမျိုးထံမှ ထွက်ပေါ်လာသည် ဆိုသော ခေါင်းစဉ် ကောင်းကောင်းလေးများဖြင့် စာမူနှစ်ခုကို ငုံ့ကြည့်နေလိုက်၏။

◆ ◆ ◆

ဒုတိယစာအုပ်ဖြစ်သော 'ကြွေလုသည်းဆိုင်'၏ ဇာတ်သိမ်းခန်းကိုဖတ်နေရင်း ဖြူပွင့် မျက်ရည်များကျလာသည်။

ပထမစာအုပ်ဖြစ်သော 'နှန်းဘုံမြင့် ကြာရိပ်လယ်မှာ' တုန်းကတော့ အဆုံးသတ်မှာ ကြေကွဲစရာနဲ့ မသိမ်းဘဲ၊ ဇာတ်လိုက်မင်းသားနှင့် မင်းသမီးပြန်လည်ပေါင်းဆုံခန်းနှင့် သိမ်းလိုက်သည်မို့ ရင်တထိတ်ထိတ်ကနေ ကျေနပ်ပီတိဖြစ်ပြီး၊ ဝတ္ထုထဲက မင်းသားမင်းသမီးတို့ကိုယ်စား ကြည်နူးဝမ်းသာရင်း မျက်ရည်လေး ဝဲရုံသာ ဝဲဖြစ်သည်။

'ကြွေလုသည်းဆိုင်' ကတော့ တကယ့်ကို ရင်နင့်ကြေကွဲ



စရာကောင်းသည့် ဇာတ်လမ်း။

ဖတ်ရင်း ဖြူပွင့်ဘယ်လိုမှ မျက်ရည်မထိန်းနိုင်။ တတ်လည်း တတ်နိုင်သည့် စာရေးဆရာဟု အောက်မေ့သည်။

ပရိသတ်ကို ပျော်စေ၊ ငိုစေ၊ ကြေကွဲစေ၊ ဝမ်းသာစေ၊ စေတစ်လုံးပိုင်ရှင် ဖြစ်နေသည့်အလား သူငိုချင်သော အနေထားရောက်အောင် ကဝေတစ်ယောက်လို ဖမ်းစားခေါ်သွားနိုင်သည်။

'အင်း…သူ့အနုပညာတွေကို နှမြောလိုက်တာ'

သူ့အနုပညာ အရည်အချင်းနှင့် နေ့လယ်က ဝေယံထွန်းပြောခဲ့သည့် သူ့လူပုံစံကို ယှဉ်တွဲဆက်စပ်တွေးရင်း ဖြူပွင့်ခပ်တိုးတိုးလေး ပြောလိုက်မိသည်။

တစ်ဆက်တည်းပင် နေ့လယ်က ဝေယံထွန်းနှင့် စကားပြောရင်း အချိန်တော်ကြာ တိတ်ဆိတ်သွားပြီးမှ ဝေယံထွန်းပြောခဲ့သည့် စကားတစ်ခွန်းကို အမှတ်ရသည်။

'ဒါပေမယ့် တစ်ခုတော့ရှိတယ် ဖြူပွင့်၊ ဖြူပွင့်ကိစ္စကိုယ် ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့ ကိုယ့်တိုက်က မန်နေဂျာလေး မောင်အုန်းက သူ့ဆီသွားကြည့်ဖို့ အကြံပေးတယ်၊ အဲဒါနဲ့ ကိုယ်နဲ့ မောင်အုန်း သူ့ဆီသွားပြီး အကျိုးအကြောင်း ပြောပြတော့ သူက

ဖြူပွင့်ရဲ့ထွက်ပြီးသား စာအုပ်တွေ သူဖတ်ကြည့်ချင်တယ်လို့ ပြောတယ်…'

'ဖတ်ပြီးတော့ သူကဘာပြောတယ်မှတ်လဲ၊ ဒီမိန်းကလေး လက်က သိပ်အဆိုးကြီး မဟုတ်ဘူးကြိုးစားတာကော၊ စိတ်အခြေခံ ရှိုးသားတာကော၊ အတွေးအခေါ်လေးတွေ ဖြူစင်သန့်ရှင်းတာကောဟာ စာရေးဆရာကောင်းတစ်ယောက်ဖြစ်ဖို့ အခြေခံလိုအပ်ချက်တွေပဲတဲ့။

'သေသေချာချာသာ ရေးနည်း သားနည်း တွေးနည်း ခေါ်နည်းနဲ့ ဇာတ်လမ်းရှာပုံ၊ ဇာတ်လမ်းယူပုံလေး တွေသင်ပေးလိုက်ရင် သူဟာနဲ့သူကို အရမ်းနာမည်ကြီးနိုင်တယ်တဲ့'

'အဲဒါကြောင့် ကိုယ်က ဖြူပွင့်ကို သူနဲ့တွေ့ပေးရရင် ကောင်း မလားလို့စဉ်းစားမိတာပါ'

ထိုစဉ်ကတော့ ဘာမှပြန်မပြောမိ

ဘာမှန်းညာမှန်းမသိ လူစိမ်း၊ ထိုလူစိမ်းကလည်း လူကောင်း အကျင့်ကောင်းမဟုတ်။ မတွေ့ချင်။

ဖေဖေတို့ မေမေတို့ သိလျှင်လည်း ခွင့်ပြုမှာမဟုတ်ဟု တွေး၍ ငြိမ်နေလိုက်ခြင်းဖြစ်သည်။

ခုတော့ သည်ကိစ္စကို ဖြူပွင့် ပြန်စဉ်းစားရမလို ဖြစ်၏။

◆ ◆ ◆



(၉)

'ကိုကို'

'ဘာလဲ ဖြူပွင့်'

'ကိုကို ခုထိ ဖြူပွင့် စာအုပ်တွေရေပေးတဲ့ လူရဲ့နာမည်ကို မပြောပြသေးဘူးနော်'

'အင်း'

'ထားပါလေ၊ ဒါကတော့ကိုကိုလဲ ပြောချင်မှပြောပါ၊ ဒါပေ မယ့်အဲဒီလူနဲ့ပက်သက်လို့ ဖြူပွင့် တစ်ခုမေးချင်လို့'

'မေးလေ၊ ဖြူပွင့်မေးပါ'

'အဲဒီလူနဲ့တွေ့ရင် ဖြူပွင့်မှာ ဘာအန္တရယ်ဖြစ်နိုင်လဲ'

'ဘာဖြစ်လို့ အဲဒီမေးခွန်း မေးတာလဲ ဖြူပွင့်'

'ညက သူ့စာအုပ် နှစ်အုပ်လုံးကို ဖြူပွင့်ဖတ်လိုက်တယ် ကိုကို၊ အရမ်းကောင်းတာပဲ၊ ကနေ့နာမည်ကြီးနေတဲ့ စာရေးဆရာတွေ ထဲမှာ ယောကျ်ားကော မိန်းမကော အဲဒီလက်ရာကို မီတဲ့သူ တစ် ယောက်မှမရှိဘူး၊ အဲဒါသေချာပြောရဲတယ်'

'အင်း…အဲဒီတော့…'

'အဲဒီတော့ ဖြူပွင့် သူနဲ့တွေ့ချင်တယ်၊ သူ့ဆီက အဲဒီပညာ တွေကိုလဲ ရသလောက် ဖြူပွင့်လိုချင်တယ်၊ ပြီးတော့သူ့လိုပဲ ဝတ္ထု ကောင်းလေးတွေ ကြိုးစားရေးထုတ်ပြီး ဖြူပွင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ပြန်ရပ်ချင်တယ်'

'အင်း…'

ဝေယံထွန်းက သက်ပြင်းချသည်။ ပြီးမှ…

'ဘာအန္တရာယ်ရှိလဲဆိုတော့ ဖြူပွင့်သာကိုယ့်ကိုယ်ကို ထိန်းနိုင်ရင် ဘာပြဿနာ အန္တရာယ်မှ မရှိနိုင်ပါဘူး၊ သူစိတ်မမှန်ဘဲ ထင်ရာပြော၊ ထင်ရာလုပ်နေရင်တော့ အခြေအနေကြည့်ပြီး တပ်ခေါက် ပြန်ခဲ့ပေါ့'

'ဒါက ရပါတယ်၊ ဒါပေမယ့် ဖြူပွင့်သာ ကိုယ့်ကိုယ်ကို



ထိန်းနိုင်ရင် ဆိုတာကိုတော့ ဖြူပွင့် နားမလည်ဘူး ကိုကို၊ အဲ့ဒါ ဘာပြောတာလဲ'

'ဩော်…အဲဒီလူက တစ်ချိန်က မိန်းမလဲ သိပ်ပွေခဲ့တဲ့သူ၊ …က်ပြီး ငွေတို့ ပစ္စည်းတို့လဲ စိတ်မချရဘူး မဟုတ်လား၊ ဖြူပွင့် …က်က စိတ်မလွယ် လက်မလွယ်အောင် ထိန်းနိုင်ရင် အန္တရာယ် …ရှိဘူး ပြောတာပါ'

'ဟာ…ကိုကိုကလဲ၊ ဖြူပွင့် ကလေးမဟုတ်တော့ပါဘူး၊ …သက်ပဲ နှစ်ဆယ်ကျော်နေပြီ၊ ပြီးတော့ ဖြူပွင့်မှာ ကိုကိုတစ်ယောက် …လုံး ငုတ်တုတ်ရှိသေးတယ်၊ ဘာလို့ကိုယ့်ကိုယ်ကို မထိန်းနိုင်ရမှာလဲ'

'အဲဒါဆိုရင်တော့ ဖြူပွင့်သွားချင်သွားလေ၊ ဖြူပွင့် ပြောသလို …ပဲ သူ့ပညာကတော့ လိုချင်စရာ ကောင်းပါတယ်'

'ဒါဖြင့် ဖြူပွင့်ကို ကိုကို ဘယ်နေ့လိုက်ပို့မလဲ'

'မနက်ဖြန်ပဲ သွားလိုက်တာပေါ့'

'သူက ဘယ်အရွယ်လောက် ရှိနေလို့လဲ ကိုကို'

'အင်း…အသက်က သိပ်မကြီးသေးဘူး၊ ကိုကို့အထင် သုံး …ဆယ်ဝန်းကျင်ပဲ ရှိလိမ့်မယ်၊ သူ့အောင်မြင် တုန်းက အသက်ငယ်ငယ်ပဲ …ရှိသေးတာ'

'သူ့အရင် ကလောင်နာမည်က ဘာလဲ'

'စာရေးဆရာ ထွန်းဝေအောင်'

'ဟင်…ထွန်းဝေအောင် ဟုတ်လား'

'ဟုတ်တယ်…ဖြူပွင့်၊ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး ကိုကို အဲဒီစာရေးဆရာဟာ ဖြူပွင့် ငယ်ငယ်က သိပ်နာမည်ကြီးတဲ့စာရေးဆရာ ဖြစ်နေလို့ပါ'

'ဟုတ်တယ်…ဖြူပွင့်၊ သူဟာ တစ်ချိန်ကတော့ အရမ်းလူကြိုက်များ အောင်မြင်ခဲ့တဲ့ စာရေးဆရာပေါ့'

ဘာကြောင့်မှန်းမသိ။ ဖြူပွင့်ရင်ထဲမှာ ဝမ်းသာသလိုလို၊ ထိန့်လန့်သလိုလို ရင်ဖိုလှုပ်ရှားသွားမိ၏။

◆ ◆ ◆

## အပိုင်း နှစ်

(အငြိမ်းစား စာရေးဆရာ ထွန်းဝေအောင်)

(၁)

သည်နေ့ မနက်ခင်းလေးက ထူးထူးခြားခြား သာယာလှပနေ၏။

လှရမည်လေ။

သည်လိုပဲ ရှိရမှာပေါ့။

တကယ်တမ်းကျတော့ လောကကြီးမှ ဘာမှမလှတာမရှိ။ လောကကြီးသက်မဲ့ သဘာဝပစ္စည်းအားလုံးနှင့် အသိဉာဏ်မရှိသော သက်ရှိတိရစ္ဆာန်အားလုံး သူ့ဟာနှင့်သူ အကုန်လှသည်။

လောကကြီးမှာ မလှတာဆို၍ လူနှင့် လူလုပ်ပစ္စည်းတချို့သာရှိသည်။

အဓိက ကတော့လူတွေ။

လောကမှာ လူထက် မုန်းစရာကောင်း၍ လူလောက်စက်ဆုပ်ဖွယ်ရာကောင်းသော အရာဟူ၍ ဘာတစ်ခုမှမရှိတော့။

အာသဝေါ တရား ကုန်ခမ်းနေသော၊ ကိလေသာမှ ကင်းပြတ်သော၊ လောဘ ဒေါသ မောဟတရားများ ပါယ်ပျောက်နိုင်သော ဘုရား၊ ရဟန္တာ၊ သံဃာနှင့် အရိယာ သူတော်စင်များကို 'လူ'ဟု သိမ်းကျုံးပေါင်းရုံး မခေါ်နိုင်ပါ။

သည်မြင့်မြတ်သန့်စင်သည့် ပုဂ္ဂိုလ်တွေက ပုထုဇဉ်လူ့ဘဝနှင့်ဘာမှမဆိုင်တော့သော သီခြားပုဂ္ဂိုလ်များ ဖြစ်သည်။

သူမုန်းသော စက်ဆုပ်ရွံ့ရှာသော လူတွေက၊ သူလိုကိုယ်လို လူလောကတွင်းမှ 'လူ' အမည်ခံပြီး လှုပ်ရှားနေသူများသာဖြစ်သည်။

နောက်ဆုံးလူဆိုလျှင် သူ့ကိုယ်သူတောင် သူသိပ်မကြည့်ချင်လှ။

သို့အတွက် တတ်နိုင်သလောက် လူနှင့်ဝေးရာ အရပ်မှာတစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် သူလာနေခဲ့သည်။

သူ့ပတ်ဝန်းကျင်မှာ လူဟူ၍ လုံးဝမရှိဘဲ နေကြသည်တော့ မဟုတ်။



သူ့အနီးအနားမှာ လူတွေ နည်းနည်းပါးပါးတော့ရှိသည်။

သို့သော် သည်လူတွေက မုန်းစရာကောင်းသည့် အထဲမှာ မုန်းစရာအနည်းဆုံး၊ အရိုးသားဆုံးသော လူတွေဖြစ်သည်။

သူတို့အားလုံး ကျယ်ဝန်းသောခြံကြီးတွေအတွင်းမှာ ကိုယ့်ခြံနှင့် ကိုယ်သစ်ပင်ပန်းမန် စိုက်ပျိုး အသက်မွေးနေကြသူများ၊ ခြံကြီးတွေဆိုသော်လည်း အုတ်နံရံကြီးများ၊ သံဆူးကြိုးအထပ်ထပ်များ ကာရံထားသည့် သူဌေးခြံကြီးမျိုးတွေ မဟုတ်၊ အဆီးအတား သဘောမျိုးပေါ်လွင်ရုံ ဝါးလုံးတန်းလေး စတီလောက် ကာရံထားသည့်ခြံများ။

သည်ခြံများ၏ အတွင်းအစွန်းဘက် ဟိုဘက်က လယ်ကွင်းပြင်ကြီးများနှင့် ဆက်စပ်နေသော နေရာမှာ မကျဉ်းမကျယ် သူ့ခြံလေးရှိသည်။

ခြံလေးထဲမှာ ခပ်သေးသေးမြေစိုက်အိမ်ကာကလေး။

ထိုအိမ်ထဲမှာ သူနှင့် ခွေးကြီးရှန်လုံသာ ရှိသည်။

ဧည့်ခန်းမှာ ကြိမ်ကုလားထိုင်တစ်စုံ၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်ခု၊ အိပ်ခန်းထဲမှာ သူအိပ်သည့် သစ်သားကွပ်ပျစ်တစ်လုံး၊ ပြီးတော့ရှန်လုံအိပ်သည့် ဂုန်နီအိတ်တစ်ခင်း၊ ဒါပဲရှိသည်။

နောက်ထပ် ဘာအပိုပရိဘောဂမှ မရှိတော့။

သူ့အိမ်မှာ မီးဖိုခန်းပင်မထား။

စားချင်ရင် သူ့အိမ်မှနေ မိုင်ဝက်လောက် လမ်းလျှောက်သွားရသော နေရာတစ်ခုမှာ တောထမင်းဆိုင်လေးရှိသည် သူလပေးစားသည်။

ရန်လုံအတွက်လည်း အလားတူ ထမင်းတစ်ပွဲ လပေးထားကာ အပြန်မှာ သူက အထုပ်ဖြင့်ထုပ်ယူလာသည်။

ဤသည်မှာ လက်ရှိ အငြိမ်းစား စာရေးဆရာ ထွန်းဝေအောင် နေထိုင်သည့်ဘဝ ဖြစ်၏။

◆ ◆ ◆

'ဝုတ်…ဝုတ်'

သည်မနက် သာယာသောမနက်ခင်းလေးကို မြင်ပြီးသောအခါ သူစာရေးချင်စိတ်ပေါ်လာသည်။

သို့အတွက် မနက်က ရွာထဲဘက် လမ်းလျှောက်ထွက်သွားပြီးအကြော်စားသည်။ ရန်လုံဖို့ဝယ်လာသည်။ ပြီးတော့ စားပွဲပေါ်မှာထိုင်၍ စာရေးလိုက်သည်မှာ ဘယ်အချိန်ဘယ်နှစ်နာရီ ရှိသွားပြီမသိ။



သူ့အိမ်မှာ နာရီမရှိ။ နာရီမထား။

စာထဲ စိတ်ဝင်စားနေစဉ် ရန်လုံဟောင်သံကို ကြားရသည်။

'ကိုထွန်းဝေအောင် ကိုထွန်းဝေအောင်'

ရန်လုံ့အသံနောက်က ထပ်ချပ်ဆိုသလိုပင် ယောကျ်ားတစ်ယောက်၏ အသံကိုကြားသည်။

ထွန်းဝေအောင် စိတ်ပျက်သွား၏။

ဧည့်သည်က လာပြန်ပြီ။

ခေါ်သံ နားထောင်ခြင်းဖြင့် သည်နားပတ်ဝန်းကျင်က ခြံသမားတွေ တစ်ယောက်မှမဟုတ်သည်ကို သိသည်။ သည်နားပတ်ဝန်းကျင်က လူတွေ တစ်ယောက်မှ သူ့ကို ကိုထွန်းဝေအောင်ဟုမခေါ်။

သည်နားမှာ သူ့ကို ကိုထွန်းအဖြစ်သာ လူတွေသိသည်။ သည်အခေါ်အဝေါ်က သူထွက်ပြေးလာခဲ့သည့် မြို့ပြလောက၊ စာပေလောက ကခေါ်သည့်အခေါ်အဝေါ်။

'ထွက်သာ ကိုက်လိုက်စမ်းပါ ရန်လုံရာ၊ အဲဒီကောင်တွေ ဒီအထဲဝင်လာတာ ငါ့အတွက် လုံးဝမကောင်းပါဘူး'

စိတ်ပျက်လက်ပျက်ဖြင့် ခေါင်ကုတ်သည်။

သို့သော် မလွှဲမရှောင်သာ ထ,ရတော့၏။

ဘာပဲဖြစ်ဖြစ် လူ့လောကမှာ အလွဲမရှောင်သာဘဲ အလွန်မှန်းတီးစွာ လိုအပ်နေသည့် အရာတစ်ခုက ရှိသည်။ အဲဒါက ငွေ… ပိုက်ဆံ။

ဒီအပြင်ဟာ ဘာလုပ်ဖို့မှတော့ မဟုတ်။ သူထမင်းနှင့် ခွေးကို အစာကျွေးရန်။

စားပွဲမှာ စာထိုင်ရေးနေရာကနေ ထ,ရပ်ပြီးအိမ်တံခါးဘက် လျှောက်လာခဲ့သည်။ တံခါးဝမှ ခြံဝမှာရပ်နေသော လူများဆီလှမ်းကြည့်သည်။

‘ဟင်…’

အံ့သြသွား၏။

ခြံဝမှာ ဟိုတစ်လောက သူ့ဆီက စာမူသုံးပုဒ်လာဝယ်သော လူနှင့် ကောင်မလေး တစ်ယောက်။

ထိုလူ့နာမည်တော့ မမှတ်မိ။ သူခပ်ကြမ်းကြမ်းဖတ်လိုက်ရသည့် စာမရေးတတ်သေးသော စာရေးဆရာမ ကောင်မလေး၏ ကလောင်အမည်ကိုတော့ သူခပ်ဝါးဝါးမှတ်မိနေသည် ပန်းပန်းဖြူပွင့်ဆိုလား၊ ပန်းဖြူဖြူပွင့်ဆိုလားပဲ။

ခုတိုင်း ကြည့်ရတာတော့ ဒီကောင်မလေးဟာ အဲဒီစာရေး



ဆရာမလေးပဲ ဖြစ်လိမ့်မည် ထင်သည်။

အထူးခြားဆုံး ကိစ္စရပ်အဖြစ် အံ့သြမိသည်။

အဘယ်ကြောင့်ဆိုသော် သူ့ဆီက ရုံဖန်ရုံခါဝယ်ထုတ် နေကျဖြစ်သော စာရေးဆရာမ စူပါဆိုသည်များသည် သူ့ထံခုလိုလာရောက်ကြဖို့ပေးစွ။ သူနှင့် သိသည်ဟု ပြောရမှာပင် သေမတတ်ထိန့်လန့်ကြသည်။

‘ဟင်း…’

သူသက်ပြင်းချရင်း ထိုနှစ်ယောက်ဆီ လှမ်းအော်ပြောလိုက်သည်။

‘ဝင်လာခဲ့ပါ၊ ကျွန်တော့်ခွေးက မကိုက်တတ်ပါဘူး၊ ရန်လုံလာခဲ့’

နှစ်ယောက်သား ရွံ့တွန့်ရွံ့တွန့်ဖြင့် ဝင်လာကြသည်။

ကောင်မလေးက ပိုကြောက်နေပုံ ရ၏။

◆ ◆ ◆

(၂)

'ကဲဗျာ…ထိုင်၊ အဲ့ဒီကုလားထိုင်တွေကတော့ ဧည့်သည်လာရင်ထိုင်လို့ရအောင် လုပ်ထားတာပဲ၊ ဧည့်သည်မလာရင် ကျွန်တော်လည်းမထိုင်ဖြစ်ဘူး၊ ဖုန်သုတ်ချင်စိတ်လဲမရှိဘူး၊ သုတ်ပေးမယ့် လူလဲမရှိဘူး၊ ရော့…အဲ့ဒါကျွန်တော့်စုတ်ပဲ၊ ဖုန်မပေချင်ရင် ကိုယ့်ဟာကိုယ်သုတ်ထိုင်ကြပေတော့'

ပြောရင်းနှင့် ထွန်းဝေအောင် ပုဆိုးစုတ်တစ်ပိုင်းကို ချပေးလိုက်သည်။

သူကိုယ်တိုင်ကတော့ ဖုန်ပေနေသော ကုလားထိုင်မှာ သည်အတိုင်း ထိုင်လိုက်သည်။

ဝေယံထွန်းက စိတ်ပျက်သောအမူအရာဖြင့် အဝတ်ကိုလှမ်းယူလိုက်ရင်း သူ့အတွက်ကော၊ ဖြူပွင့်အတွက်ကော နှစ်နေရာစာဖုန်သုတ်ပေးသည်။ ပြီး ဖြူပွင့်ကို လှမ်း၍…

'ထိုင်…ဖြူပွင့်'

ဖြူပွင့်က မထိုင်ရဲဖြစ်နေသည်။ ထွန်းဝေအောင်မျက်နှာကိုလည်း မဝံ့မရဲ လှမ်းကြည့်သည်။

ထွန်းဝေအောင်က ရယ်၍…

'ထိုင်ပါ၊ ဒီနေရာ ဒီအိမ်မှာ တစ်ခုခု ဖြစ်မှာစိုးလို့ ဘာမှမလုပ်ရဲစရာကိစ္စ မရှိဘူး၊ တစ်ယောက်ကို တစ်ယောက် ဒုက္ခပေးမယ့်ကိစ္စတွေ ဒီနေရာမှာ လုံးဝဆိတ်သုဉ်းတယ်၊ ရဲရဲသာနေ၊ ကဲ…ဆိုဗုဂ္ဂိုလ်၊ ကျုပ်ဘာလုပ်ပေးရမလဲ'

ဖြူပွင့်ကို ပြောရင်းကနေ ဖြူပွင့်ဘက်ကို လုံးဝ ဂရုမစိုက်တော့ဘဲ ဝေယံထွန်းဘက်လှည့်၍ လိုရင်း တန်းမေးသည်။

ဝေယံထွန်းက ရှုံ့တွန့်တုန်လှုပ်နေသော ဖြူပွင့်လက်ကိုဆွဲ၍ ထိုင်ခိုင်းလိုက်သည်။

ဖြူပွင့် ကုလားထိုင်တွင် ထိုင်မိမှ ဝေယံထွန်းက…

'ဟိုတစ်ခါ ခင်ဗျားပြောတဲ့ကိစ္စ ဆွေးနွေးချင်လို့ ကိုထွန်းဝေအောင်'

'လုပ်ပါ၊ ပြောပါ၊ ဒါပေမယ့် အဲဒီ ဟိုတစ်ခါဆိုတဲ့ ကိစ္စကို တော့ အစ,ကနေပြန်ပြော၊ ကျုပ် အဲ့ဒီလောက်မှတ်ဉာဏ်မကောင်းဘူး၊ မှတ်လဲ မှတ်မထားတတ်ဘူး၊

'ဒါ ဟိုတစ်ခါ ခင်ဗျားကိုစာအုပ် နှစ်အုပ်ပေးဖတ်ဖူးတဲ့ စာရေးဆရာမ ပန်းဖြူဖြူပွင့်ပါ'

'အင်း…ဟုတ်ပြီ၊ အဲဒီတော့'

'သူက ကိုထွန်းဝေအောင်နဲ့ တွေ့ချင်တယ်လို့ပြောတယ်'

'သူကလဲ၊ ပန်းဖြူဖြူပွင့်ကလား၊ အင်း…ဟုတ်ပြီလေ၊ ခုတွေ့ပြီလေ၊ ခုတွေ့ပြီပဲ တွေ့တော့ဘာပြောမယ်၊ ဘာလုပ်မယ်လို့ စဉ်းစားထားလဲ၊ ကဲ…ပြော…လုပ်'

ထွန်းဝေအောင်က ဖြူပွင့်ကို တည့်တည့်ကြည့်ပြီး ပြောသည်။

ဖြူပွင့် မျက်လုံးလေးဝိုင်းသွား၏။

ဝေယံထွန်းက ဝင်ပြီး…

'ဒီလိုပါ ကိုထွန်းဝေအောင်၊ သူတွေ့ချင်တဲ့ ကိစ္စကို ကျွန်တော် ပြောပါ့မယ်'

'အင်း…ရတယ် ပြော'

'သူက ကိုထွန်းဝေအောင် ရေးပေးတဲ့ ဝတ္ထုတွေကို သူ့နာမည်နဲ့ မထုတ်ချင်ဘူးလို့ ပြောပါတယ်'



'ရသားပဲ၊ မထုတ်နဲ့ပေါ့'

'ဒါပေမယ့် သူက ကိုထွန်းဝေအောင် ဝတ္ထုတွေကိုဖတ်ကြည့်ပြီး အရမ်းကြိုက်ပါတယ်၊ သူငယ်ငယ်တုန်းကလဲ ကိုထွန်းဝေအောင် ဝတ္ထုတွေ ကြိုက်ခဲ့ဖူးပါတယ်'

'အင်း'

ထွန်းဝေအောင် မခန့်လေးစား ရယ်ရင်း အင်း…ဝင်လိုက်သည်။

ဝေယံထွန်းက ဆက်၍…

'အဲ့ဒါ သူ့ဘာသာသူ အဲလို ဝတ္ထုကောင်းလေးတွေ ရေးတတ် လာအောင် ကိုထွန်းဝေအောင်ဆီက နည်းနာနိသျှ ခံယူချင်တယ်၊ ကိုထွန်းဝေအောင် ရေးတဲ့ဝတ္ထုမျိုးလေးတွေ ရေးတတ်အောင် သူ့ကို သင်ပေးပါတဲ့ဗျာ'

'ဟုတ်လား…ပန်းဖြူဖြူပွင့်'

'ဟုတ်…ဟုတ်ကဲ့ ဆရာ'

ဖြူပွင့်ထံမှ ပထမဆုံးအကြိမ်အဖြစ် အသံထွက်လာသည်။

ထွန်းဝေအောင်က ခဏစဉ်းစားသည်။ ပြီးမှ ခေါင်းကိုတစ်ချက်ခါရင်း…

'မဖြစ်နိုင်ဘူး ပန်းဖြူဖြူပွင့်၊ အဲဒီကိစ္စက ဘယ်လိုမဖြစ်နိုင်တဲ့ ကိစ္စ၊ စိတ်ကူးမယဉ်နဲ့၊ ပြန်တော့'

'ရှင်...'

ဖြူပွင့် အံ့အားသင့်စွာဖြင့် ပါးစပ်အဟောင်းသားလေး ဖြစ်သွား၏။

♦ ♦ ♦

'နေပါဦးဆရာ၊ ဒီကိစ္စဟာ ဖြူပွင့်စိတ်ကူးယဉ်တဲ့ ကိစ္စ မဟုတ်ပါဘူး၊ ဒီအတွက် ဘာစိတ်ကူးယဉ်စရာမှလဲ မလိုပါဘူး၊ မဖြစ်နိုင်ရင် ဘာကြောင့်မဖြစ်နိုင်ဘူးဆိုတာ ကျွန်မကိုရှင်းပြပါဆရာ'

မပြော မပြောနှင့် ပြောမည်ပြောတော့ လေသံခပ်ဆတ်ဆတ်နှင့် မာရေကျောရေပါ ဖြစ်လာသဖြင့် ဝေယံထွန်းက အံ့အားသင့်စွာ လှမ်းကြည့်သည်။

ထွန်းဝေအောင်က တစ်ချက်ရယ်ရင်း...

'အင်း...မဆိုးပါဘူး၊ အမှန်က အစကတည်းက ဒီလိုသတ္တိရှိရှိရဲရဲ ဝံ့ဝံ့ဖြစ်သင့်တယ်၊ ဒီလိုပုံစံမျိုးဆိုရင်တော့ နည်းနည်းဖြစ်နိုင်



ချေရှိတာပေါ့၊ ကောင်းပြီလေ၊ မင်းကိုငါရှင်းပြမယ်၊ တစ်ချက်က ဝတ္ထုရေးနည်းဆိုတာ ဒီပြင်ပညာတွေလို စာသင်ပေးသလို သင်ပေးလို့ မရဘူး၊ အဲဒါ လက်ခံလား'

'လက်ခံပါတယ်'

'အဲဒီတော့ ရေးတတ်အောင် သင်ပေးဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တာက ဘယ်ဝတ္ထုတုန်းက ဘယ်လိုစိတ်ကူးနဲ့ ရေးခဲ့တာ၊ အဲဒီမှာ မူလသန္ဓေတည်တဲ့ ဇာတ်လမ်းကဘယ်လို၊ အဲဒီ သန္ဓေသားကို ဝတ္ထုဖြစ်လာအောင် ဘယ်လိုလုပ်ယူရတယ်၊ ပြီးတော့ ဝတ္ထု တစ်ပုဒ်လုံးကို ဘယ်လိုနည်းစနစ်တွေသုံးပြီးရေးတယ်၊ အဲဒါတွေတော့ ရှင်းပြလို့ရတယ်၊'

'ဟုတ်ပါတယ်၊ ဖြူပွင့်သိချင်တာလဲ အဲဒါတွေပါပဲ'

'အဲဒါတွေက ခုချက်ချင်းတစ်ထိုင်တည်း၊ တစ်ရက်တည်း ပြောလို့ပြီးတဲ့ကိစ္စမှမဟုတ်ဘဲ ပန်းဖြူဖြူပွင့်ရယ်၊ အချိန်တွေအများကြီး ယူရတယ်၊ အဲဒီအကြောင်းတွေမပြောခင် ဖတ်သင့်တဲ့စာအုပ်တွေ အရင်ဖတ်ဖို့ လမ်းညွှန်ပေးထားရမယ်၊ ပန်းဖြူဖြူပွင့်ကလည်း အဲ့ဒီ စာအုပ်တွေကို ကျေကျေညက်ညက် ဖတ်ထားနိုင်ရမယ်'

'ပြီးတော့မှ ရေးပြီးသားဝတ္ထုတွေကို တစ်ပုဒ်ချင်း အသေး

စိတ်ဖတ်လိုက်၊ ဆွေးနွေးလိုက်လုပ်ရမယ်၊ အဲဒါတွေအားလုံး ကျေညက်ပြီဆိုမှ ပန်းဖြူဖြူပွင့်ကိုယ်တိုင်ရေးဖို့ ဓာတ်လမ်းရှာရမယ်၊ ဓာတ်ကွက်ရိုက်ရမယ်၊ လိုအပ်တဲ့ လေ့လာရေးတွေ ဆင်းရမယ်၊ အဲ့ဒီလို ပန်းဖြူဖြူပွင့်အတွက် လေ့ကျင့်ခန်းလုပ်သလို တဝတ္ထုသုံးလေးပုဒ် ကျုပ်နဲ့အတူတွဲရေးရမယ်'

'အဲ့ဒီမှာ ပန်းဖြူဖြူပွင့်ရဲ့ အားနည်းနေတဲ့ အရေးအသားတွေ ဓာတ်လမ်းယူပုံ၊ ဇတ်ကွက်သွင်းပုံ တွေပြင်ပေးသွားရမယ်။

'အားလုံး ကျေနပ်လောက်ပြီမှ ပန်းဖြူဖြူပွင့်ရဲ့တစ်ယောက်တည်း ရေးနိုင်အောင် လက်လွှတ်ပေး၊ ပြီးရင်ကျုပ်ကပြန်ဖတ်၊ ပြုပြင်ပေး၊ တဖြည်းဖြည်းနဲ့ နောက်ကျတော့ ကျုပ်ဘာမှဝင်မပါတော့ဘဲ ပန်းဖြူဖြူပွင့် ဘာသာဆက်ရေး၊ အင်း…အဲ့ဒါတွေအတွက် ယူရမယ့်အချိန်တွေက နည်းမလား'

တစ်ယောက်တည်း တောက်လျှောက် စကားတွေအရှည်ကြီးပြောသွားတာ ထွန်းဝေအောင်ကို ဖြူပွင့် အံ့သြစွာကြည့်နေမိသည်။

ထွန်းဝေအောင်၏ စကားအဆုံးမှ ဖြူပွင့်က သွက်လက်စွာဖြင့်….

'ဖြူပွင့် အခုပြောသွားတဲ့ ကိစ္စတွေအားလုံးကို အကုန်လိုက်လုပ်ချင်တယ်ဆရာ၊ အချိန်ဘယ်လောက်ပေးရပေးရ၊ အဲလိုသာလုပ်နိုင်ရင် ဖြူပွင့်လဲ ဆရာ့လောက်မဟုတ်တောင် ဆရာ့နီးပါး ဝတ္ထုကောင်းလေးတွေ ရေးနိုင်မှာ သေချာတယ်၊ အဲဒီနည်းနဲ့ပဲ ဖြူပွင့်ကိုသင်ပေးပါဆရာ၊ ဖြူပွင့်တောင်းပန်ပါတယ်၊ ဖြူပွင့်ဆရာလိုမျိုး ဝတ္ထုတွေအများကြီးရေးချင်လို့ပါ'

'အင်း'

ထွန်းဝေအောင် အမူအရာကို စောစောပိုင်းထက်စာလျှင် အများကြီး တည်ငြိမ်သွားပြီး စဉ်းစားချင့်ချိန်နေသည့် အသွင်သဏ္ဍာန်လည်း ရှိသည်။

အတော်လေးကြာမှ သက်ပြင်းတစ်ချက်ချရင်း…

'အင်းလေ၊ ခင်ဗျားတို့ဆန္ဒရှိတယ်ဆိုရင်လဲ ဘယ်ပုံဘယ်နည်းနဲ့ အဲဒီအလုပ်တွေ လုပ်ကြမယ်ဆိုတာ ပြန်တိုင်ပင်ကြဦးပေါ့၊ မှန်တာပြောရရင် ကျုပ်ဟာခုချိန်မှာ လူတွေနဲ့ သိပ်မပက်သက်ချင်လို့ကို လူတွေနဲ့ ဝေးတဲ့နေရာမှာ လာနေတဲ့လူ၊ ကျုပ်ဘဝကိုကျုပ်ဒီလိုပဲ သီးခြားဘဝတစ်ခု အနေနဲ့ အဆုံးသတ်ပစ်လိုက်ချင်နေတာ၊ အလုပ်ပိုတွေလဲ ဘာမှမလုပ်ချင်တော့ဘူး၊ ဒါပေမယ့်…'

'ဒါပေမယ့် ဘာဖြစ်လဲဆရာ'

'ဒါပေမယ့် ကျုပ်ဆီမှာရှိနေတဲ့ ကျုပ်အနုပညာကိုတော့ ကျုပ်

အရမ်းချစ်ပါတယ်၊ ကျုပ်ကိုယ်တိုင်ကျုပ်အနုပညာ လောကထဲမှာ ဝင်မလှုပ်ရှားပေမယ့် ကျုပ်ရဲ့အနုပညာကို တန်ဖိုးထားပြီး လိုချင်တဲ့ သူရှိရင်တော့ ကျုပ်လက်ဆင့်ကမ်း ပေးလိုက်ချင်တယ်၊ ကျုပ်သေသွား သည့်တိုင်၊ ကျုပ်ဆီက လက်ဆင့်ကမ်းပွားယူထားတဲ့ ကျုပ်အနုပညာ လေးတွေကိုတော့ ဆက်ရှင်သန်နေစေချင်သေးတယ်'

'ဆရာ့ ဆန္ဒအတိုင်း ဖြစ်ရပါစေမယ်၊ ဖြူပွင့်ကိုသာ အဲဒီ ပညာတွေ လက်ဆင့်ကမ်းပေးခဲ့ပါ'

'အင်း…ကျုပ် မိန်းကလေးရဲ့ ဆန္ဒတွေကို နားလည်ပါတယ်၊ ဒါပေမယ့်၊ ခုချက်ချင်း ဒီကိစ္စကို မဆုံးဖြတ်ဘဲ တိုင်ပင်သင့်တဲ့ သူ တွေနဲ့ ပြန်တိုင်ပင်လိုက်ပါဦး၊ အဓိကထား စဉ်းစားရမယ့် ကိစ္စကတော့ အဲဒီ အလုပ်တွေလုပ်ဖို့ မိန်းကလေးနဲ့ ကျုပ် မကြာခဏ ဘယ်လိုတွေ့ နေကြမလဲ ဆိုတာပဲ'

'အဲ့ဒီကိစ္စက ဖြူပွင့် စီစဉ်ပါ့မယ် ဆရာ'

ထွန်းဝေအောင် ဘာမှမပြောတော့ဘဲ ခေါင်းညိတ်ရုံညိတ် သည်။

ခဏအကြာတွင် ဝေယံထွန်းနှင့် ဖြူပွင့် သူ့ကိုနှုတ်ဆက်၍ ပြန်သွားသည်။

◆ ◆ ◆



(၃)

'ဘာဟင်းနဲ့ စားမလဲ ဦးထွန်း'

'ဟင်…'

'ဘာဟင်းနဲ့ စားမလဲလို့ မေးတာဗျ'

'ဟာကွာ…မင်းဟာမင်း ကျွေးချင်တဲ့ ဟင်းနဲ့သာကျွေး၊ ငါ့ လာမေးမနေနဲ့'

ဖြူပွင့်တို့ ပြန်သွားမှ ထမင်းဆိုင် ထွက်လာခဲ့ရသည်မို့ ထိုနေ့မနက် ထမင်းစား အတော်လေး နောက်ကျနေသည်။

ခေါင်းထဲမှာ အတွေးစတစ်ခု ဝင်နေသဖြင့် ဆိုင်ကကောင် လေး အမေးကို ရုတ်တရက် မကြား။ ထပ်မေးသည့် အခါ စိတ်ရှုပ်

ရှုပ်နှင့် ဟောက်လွှတ်လိုက်သည်။ ကောင်လေးက မကြည်မလင်ပေစောင်းစောင်းနှင့် စူပွစူပွ လုပ်သွားသည်။

ဟုတ်သည်။

ခုချိန်မှာ ထမင်းပင် ဝတ္တရားအရ စားနေရသော ကိစ္စ။ ဘာဟင်းတွေ ညာဟင်းတွေ ရွေးနေချင်စိတ်မရှိ။ ဖြစ်နိုင်လျှင် ဟင်းတစ်မျိုးနှင့် ထမင်းကို ဝါးပင်မနေချင်တော့ဘဲ အရည်ကြိတ်စက်ထဲထည့်ကာ ရေနှင့် ဖျော်သောက်ပစ်လိုက်ချင်သည်။

လျှာပေါ်တင်၍ ဝါးနေလျှင်လည်း ဘာအရသာမှပေါ်မည်မဟုတ်။

သူ့ခေါင်းထဲမှာ မကျေမနပ်ဖြစ်နေသော အတွေးတစ်ခုက လွှမ်းမိုးနေသည်။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ခုနကောင်မလေး ပြောတဲ့ကိစ္စကို ငါလက်ခံလိုက်ရတာလဲ၊ ဒီ့အပြင် အလုပ်ပိုတွေ အားလုံးကိုတောင် ငါအားလုံးဖယ်ရှားထားပြီးမှ ခုမှ ဘာကိစ္စဒီအလုပ်ကို ဆတ်ဆတ်ဆော့ဆော့ထ,လုပ်ဖို့ စဉ်းစားရတာလဲ'

သည်အတွေးက ဖြူပွင့်တို့ ပြန်သွားပြီး မကြာမီမှာပင် ဝင်လာသည့် အတွေးဖြစ်သည်။



ပထမဆုံးသတိထားမိသည်က ဖြူပွင့်နှင့် သည်အကြောင်းတွေပြောစဉ် သူကိုယ်တိုင် စိတ်ပါဝင်စားစွာနှင့် မျှော်လင့်ချက်တွေထားနေမိသည့် အဖြစ်ကိုပင် ဖြစ်သည်။

လူတွေနှင့် စကားများများမပြောတာ ကြာခဲ့ပြီဖြစ်သော သည်ဘက်ပိုင်းသူ့ဘဝမှာ မနက်က စကားတွေ အများကြီးပထမဆုံး ပြန်၍ ပြောဖြစ်ခြင်းလည်းဖြစ်သည်။

ပြီးတော့ လူကသာ တည်ငြိမ်အေးစက်နေသော်လည်း စိတ်ကကြိတ်၍ ရှင်လန်း မျှော်လင့်တက်ကြွနေမိသည့်အဖြစ်။

ဒါလည်း သည်ဘက်ပိုင်းကာလမှာ ပထမဆုံး ပြန်ဖြစ်ဖူးသော ရှင်လန်းစိတ်၊ တက်ကြွစိတ်နှင့် မျှော်လင့်ချက် ထားသောစိတ်ပင်ဖြစ်သည်။

ဒါမျိုးတွေ သူ့ဘဝမှာ မဖြစ်ခဲ့တာ နှစ်နှင့်ချီ၍ ကြာခဲ့ပြီ။

ဘာဖြစ်၍ ခုမှ သည်လို ပြန်ဖြစ်ရသနည်း။

ဤသည်မှာ သူ့ကိုယ်သူပင် ပြန်နားမလည်နိုင်သော အချက်ဖြစ်သည်။

◆ ◆ ◆

'အံ့ဩစရာကောင်းတယ် ဖြူပွင့်'

'ဘာကိုလဲ ကိုကို…'

'ကိုဝေထွန်းအောင် ဒီကိစ္စကို ဒီလောက် အလွယ်တကူနဲ့ လက်ခံတဲ့ ကိစ္စပါ'

ကိုထွန်းဝေအောင်ဆီက အပြန်လမ်းမှာ ဝေယံထွန်းနှင့် ဖြူပွင့်တို့လည်း သည်အချက်ကို ပြန်ဆွေးနွေးဖြစ်သည်။

ဝေယံထွန်းစကားကြောင့် ဖြူပွင့်က ရယ်ပြီး…

'ဘာဖြစ်လို့လဲ၊ ကိုကိုပဲ ပြောတော့ အစကတည်းကသူကပဲ စ,ပြီး ဖြူပွင့်ကို သေချာ သင်ပေးလိုက်ရင် အရမ်းအောင်မြင်နိုင်တဲ့ လက်လို့ ပြောခဲ့ဖူးတယ်ဆို…'

'ဟုတ်တယ် ဖြူပွင့်၊ သူကတော့ ပြောခဲ့ဖူးတယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲ'

'ဒါပေမယ့် အဲဒါက ဖြူပွင့် ရေးထားတဲ့ ဝတ္ထုကို သူဖတ်ပြီး မှတ်ချက်ပေးရုံ ပေးတဲ့ကိစ္စပဲ၊ သူကိုယ်တိုင်သင်ပေးမယ်လို့ ပြောတာမှ မဟုတ်ဘဲ၊ အလွန်ဆုံး သင်ပေးရင်တောင် ဘယ်စာအုပ်ဖတ်၊ ဘယ်လိုရေး၊ အကြောင်းအရာဘယ်လိုရှာ၊ ဘာညာနဲ့ တစ်နာရီလောက်ပဲ ဝတ္ထုရေးကျလောက်ပြောမယ် အောက်မေ့တာ'

'ဟာ…အခုလို သင်ပေးတာက ပိုကောင်းတာပေါ့ ကိုကို'





'ဟုတ်ပါတယ်၊ ဒီထက်ကောင်းပြီး၊ ဒီထက်ပိုသေချာတဲ့နည်း ကတော့ ဘယ်ရှိတော့မလဲ ဖြူပွင့်၊ ဒါပေမယ့် အဲဒါကိုပဲ ကိုလဲ အံ့ဩတာ၊ သူဟာ လူတွေနဲ့အဆက်ဖြတ်ပြီး အထီးတည်း နေလာခဲ့တာ ကြာပြီ၊ လူတွေနဲ့ သူ့နဲ့စကားသုံးလေးခွန်းတောင် အမြီးအမောက်တည့် အောင် ပြောဖို့ခက်နေတဲ့အချိန်၊ အဲဒီ အချိန်မှာ စိတ်ရှည်လက်ရှည် အလုပ်ကြီး တစ်ခုကိုဘာအတွက် သူကအပင်ပန်းခံပြီး လုပ်ပေးရတာလဲ'

ဖြူပွင့်က ရယ်သည်။

'ဘာလဲ ကိုကို ဆရာ့ကို မသင်္ကာဖြစ်သွားပြီလား'

'စဉ်းစားရတာပေါ့ ဖြူပွင့်ရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုထွန်းဝေအောင်ဆိုတဲ့ လူဟာမိန်းမတွေနဲ့ ပက်သက်လို့ တစ်ခါက တော်တော်နာမည်ကြီးခဲ့ဖူးတဲ့လူ မဟုတ်လား'

ဖြူပွင့် ရယ်ရင်းခေါင်းခါသည်။

'အဲ လောက်တော့ မဟုတ်ဘူး ထင်ပါတယ် ကိုကိုရယ်၊ အခုကိစ္စမှာ ဖြူပွင့်နားလည်သလောက် ပြောရမယ်ဆိုရင် ဆရာဟာ ဒီလိုကိစ္စကို လုပ်ဖို့ ချိတုံချတုံတောင် ဖြစ်နေတယ် ထင်တာပဲ၊ ဘယ်လို ချိတုံချတုံဖြစ်နေတာလဲဆိုတော့ တစ်ဖက်က သူ့မှာ သလဟာသ

ဖြစ်သွားမယ့် သူ့အနုပညာကို တကယ်တစ်ယောက်ယောက်ကို လက်ဆင့်ကမ်း ပေးချင်တဲ့စိတ်နဲ့၊ နောက်တစ်ဖက်က သူကြောက်တဲ့ စက်ဆုပ်ရွံ့ရှာတဲ့ လူတွေနဲ့ ပြန်ဆက်ဆံရမယ့်စိတ်၊ ဒါကိုတောင်သူ ဘယ်လိုစိတ်နောက်လိုက်ရမယ် ဝေခွဲလို့ရပုံမပေါ်ဘူး'

'ဖြူပွင့် သတိထားနော်'

'ဘာကို သတိထားရမှာလဲ ကိုကို'

'အဲဒီလူဟာ မိန်းမကျမ်းအရမ်းကျေတယ်၊ မိန်းကလေးတစ်ယောက်ကို သူ့ဘက်ပါအောင် ဘယ်လိုစွဲဆောင်စည်းရုံးရမယ်ဆိုတာ သိပ်ကျွမ်းကျင် နားလည်တဲ့သူ'

'ဪ…ကိုကိုရယ်၊ ဖြူပွင့်ကလဲ ရည်စားမရှိ ဘာမရှိအရမ်းတော်လှုပ်ရှား၊ စိတ်ကစားနေတဲ့ မိန်းကလေး မဟုတ်ပါဘူး၊ နောက်ပြီး သွားတဲ့လာတဲ့အခါတွေမှာလဲ ကိုကိုပါမှာပဲ ဥစ္စာ'

'ဟုတ်ပါတယ်၊ ခုပြောနေတာကလဲ ဖြူပွင့်ကို စိတ်မချလို့ မဟုတ်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့လဲ'

'ဟိုလူ့ကို စိတ်မချလို့'

♦ ♦ ♦





(၄)

'ဟား ဟား ဟား'

စာအုပ်တွေဖတ်ရမည်ဟု အိပ်ရာပေါ်လှဲပြီးမှ ဖြူပွင့်မနက်က အဖြစ်အပျက်ကို တွေး၍ တဟား ဟား ထ,ရယ်သည်။

အတော်ရယ်ရသည့် အဖြစ်အပျက်။

ဖြူပွင့် မျက်လုံးထဲမှာလည်း မအီမလည်ကြီး ဖြစ်နေသည့် ဝေယံထွန်း မျက်နှာကိုပြန်မြင်သည်။

ရယ်ချင်စိတ်ကို ထိန်းမရ။

'ဟား ဟား ဟား ဟား'

အခန်းထဲမှာ အရူးတစ်ယောက်လိုပင် အော်-အော်ရယ်မိသည်။

'ဟဲ့ သမီးဘာဖြစ်တာလဲ'

သူရယ်သံသိပ်ကျယ်သွားသဖြင့် တစ်ဖက်ခန်းမှ မေမေက လှမ်းမေးသည်။ ဖြူပွင့်က ရယ်လက်စနှင့် အသံကိုထိန်းရင်း…

'ဘာမှမဖြစ်ဘူး မေမေ၊ စိတ်မပူနဲ့၊ သမီးဝတ္ထုဖတ်ရင်း ဝတ္ထုထဲက ရယ်စရာတွေ့လို့ ရယ်နေတာ'

'ဟဲ့…ရယ်စရာတွေ့လဲ တိုးတိုးသက်သာ ရယ်လေ မိန်းကလေးလုပ်ပြီး ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ရယ်နေရသလား'

'ဟုတ်ကဲ့…ဟုတ်ကဲ့'

ပြောခါမှ ပိုရယ်ချင်လာသဖြင့် ပါးစပ်ကိုပိတ်ပြီး ကျိတ်ရယ်မိသည်။

မနက်က အဖြစ်အပျက်ကိုလည်း ပြန်တွေးမိ၏။

◆ ◆ ◆

ဖြစ်ပုံကသည်လို။

ဟိုတစ်နေ့က ဝေယံထွန်းနှင့်ဖြူပွင့် ထွန်းဝေအောင်ဆီ ရောက်ခဲ့ပြီး နှစ်ရက်အကြာ၊ သည်နေ့မနက်မှာ တစ်ခေါက်ထပ်သွားသည်။





သည်နေ့မှာတော့ သူတို့စီမံကိန်းလည်းစ၊ အကောင်ထည် ဖော်ရန် လိုအပ်သည့် မှတ်သားစရာ အချက်အလက်များ ကြားရလျှင် လည်းမှတ်သားရရန် ဖြူပွင့် ဗလာစာအုပ်တွေ ဘောလ်ပင်တွေ အလင့် ယူလာသည်။

စာကိစ္စ ပေကိစ္စပြောပြီး ရေးနည်းသားနည်းတွေမှတ်ရသင့် ရမှာမို့ အချိန်ကြာကြာ နေကြမည်ဟုလည်း တွေးသည်။

သို့အတွက် ထွန်းဝေအောင်ကော သူတို့ကောစားရန် လက် ဖက်ရည်တွေ မုန့်တွေလည်း ဝယ်သွားသည်။

သည်အထိက ပြဿနာမရှိ။

ဒါတွေက ဖြူပွင့်စိတ်ကူးနှင့် အစီအစဉ်မို့ ဝေယံထွန်းက လည်းဘာမှ အပြစ်မပြော။

အပြစ်မပြောသည့်အပြင် သဘောတောင်ကျနေသည်။

'အစီအစဉ်မှာ ကိုယ်တော့အရမ်းသဘောကျနေတာ တစ်ခု ရှိတယ်'

'ဘာလဲ'

'ညောင်ဖြူပွင့်နဲ့ကိုယ် ခဏခဏ တွေ့နေရလို့ပေါ့၊ နောက်ပြီး ကားအတူတူစီးပြီး ဟိုနားဒီနားလဲ သွားခွင့်ရနေတယ်၊ နို့မို့ဖြူပွင့်

ဘယ်မှခေါ်လို့ ရတာမဟုတ်ဘူး'

'အမယ် အခုလဲ အလုပ်ကိစ္စနဲ့သွားတာပါနော်၊ ကိုကိုနဲ့ ချိန်းတွေ့တာမဟုတ်ပါဘူး၊ ခုအချိန်မှာ ကိုကိုကထုတ်ဝေသူ ဖြူပွင့်က စာရေးဆရာ ဒါပဲ၊ အပိုလျှောက်တွေးမနေနဲ့'

'ဟုတ်ပါတယ်၊ ဒါပေမယ့် စိတ်ထဲမှာ ကိုယ့်တို့နှစ်ယောက် ပျော်ပွဲစားထွက်ရသလို ဘာလိုလိုဖြစ်နေလို့'

'ဘာမှ ဘာလိုလိုမဖြစ်နဲ့၊ ဖြူပွင့်လဲ ခုချိန်မှာ ဒါတွေစိတ်မဝင်စားဘူး၊ ဖြူပွင့်စိတ်ဝင်စားတာ စာရေးဖို့ပဲ'

ဝေယံထွန်း နည်းနည်းအီလည်လည် ဖြစ်သွားသည်။ မကျေမနပ်ပုံစံမျိုးဖြင့် ကားကို အရှိန်မြှင့်မောင်းလိုက်ပြီး....

'အေးပါ၊ စာရေးတာ စိတ်ဝင်စားတာက ဘာမှအကြောင်းမဟုတ်ပါဘူး၊ စာရေးဆရာပဲ သွားစိတ်မဝင်စားလိုက်ပါနဲ့'

'အဲ့ဒါကို ကိုကိုဘာပြောတာလဲ'

'အဲဒါပဲ ပြောတာပဲဖြူပွင့်၊ ဖြူပွင့်ကို ကြိုမှာထားရမှာတွေ တစ်ပုံကြီး'

'ဘာလဲ ဘာတွေလဲ'

'ဟိုရောက်ရင် အလုပ်ကိစ္စပဲ စကားပြော၊ အလုပ်ကိစ္စ





ပြီးတာနဲ့ချက်ချင်းပြန်မယ်၊ ဟိုကနေပါဦး အေးအေးဆေးဆေးပေါ့၊ စကားလေးဘာလေးထိုင်ပြောရအောင်၊ ဘာညာအပိုတွေလုပ်လာရင် ဘာမှအားနာစရာမလိုဘူးနော်၊ အဒီလူက ပြောလို့ရတာမဟုတ်ဘူး၊ စကိစ္စ အကြောင်းပြပြီး ဖြူပွင့်ကို ပရောပရည် လုပ်ချင်လုပ်လာမှာ'

'လုပ်ချင်လုပ်ပစေပေါ့၊ ဘာဖြစ်လဲ'

'ဘာလဲ ဖြူပွင့် သူလုပ်တာကို ကျေနပ်တယ်ပေါ့ ဟုတ်လား'

'ဘာဆိုင်လို့လဲ၊ သူ့ဟာသူ ပရောပရည်လုပ်လုပ် ဘာလုပ်လုပ်၊ အဲဒါသူ့ကိစ္စပဲ၊ ဖြူပွင့်က သူ့ဆီက ပညာယူဖို့ပဲလာတာ၊ သူဘာလုပ်လုပ် မသိချင်ယောင်ဆောင်နေလိုက်မှာပေါ့'

'မဟုတ်ဘူးဖြူပွင့်၊ အဲ့လိုလုပ်လာရင်တော့ ကိုယ်လက်မခံဘူး၊ ဖြူပွင့် စာမရေးတတ်လို့ တစ်လုံးမှမရေးလဲ ကိစ္စမရှိဘူး၊ ကိုယ်ဒီလူကို ကြောက်တယ်၊ တော်ကြာ ကိုယ်လိုက်မလာနဲ့ ဖြူပွင့်တစ်ယောက်တည်းလာမှ သင်ပေးမယ် ဘာညာနဲ့ ပြဿနာရှာချင်ရှာဦးမှာ'

ဝေယံထွန်းစကားကြောင့် ဖြူပွင့် စိတ်ညစ်လာသည်။

ခုထိအလုပ်ကိစ္စ မစရသေး၊ သဝန်တိုစကားများ ပြောလာသော ဝေယံထွန်းက တစ်မျောင့်ဖြစ်နေသည်။

'ကဲ…တော်တော့ကိုကို၊ အဲဒါမျိုးတွေ ဘာမှဖြူပွင့်ကို လာမ ပြောနဲ့၊ ဖြူပွင့် မကြားချင်ဘူး၊ ဟိုမှာလဲ ဘာလုပ်တယ် ဘာကိုင်တယ် သေချာကြည့်ဦး အလကားနေရင်း သဝန်တွေကြောင်လိုက် ဆရာ့ကိုလဲ ပုတ်ခတ်လိုက် လုပ်မနေနဲ့၊ ဟိုကျကြည့် အခြေအနေမကောင်းဘူးထင် ရင် ပြန်မယ်ဆိုပြီးချက်ချင်းထပြန်၊ ဘာမှမဖြစ်ဘဲနဲ့တော့ ဘာမှပြော မနေနဲ့'

လမ်းမှ ကိစ္စက ဤတွင်ပြီးပြတ်သည်။

မကြာခင်ပင် သူတို့နှစ်ယောက် ထွန်းဝေအောင်၏ ခြံနားသို့ ရောက်သွား၏။

ကားလမ်းက ထွန်းဝေအောင်တို့ ခြံရှေ့ထိသွားမရ၊ ရွာထဲက နှင်းဆီခြံကြီး တစ်ခြံရှေ့မှာ ရပ်ထားပြီ တစ်ဖာလုံလောက် ဆင်း လျှောက်ရသည်။

ဓာတ်ဘူးနှင့် အစားအသောက်ထုပ်များကို ဝေယံထွန်းက သယ်သည်။ ဖြူပွင့်က ကူကိုင်မည်ဆိုတာတောင် မရ။

ဖြူပွင့်က ဘာမှမပြောတော့ဘဲ သူ့စာအုပ်လေးများသာ ပိုက်ပြီး လျှောက်လာခဲ့သည်။

ခြံရှေ့ရောက်သောအခါ ထုံးစံအတိုင်း ရန်လုံခေါ်သည့်ခွေး ကြီးကလှမ်းဟောင်သည်။





'ဝင်ခဲ့…ဝင်ခဲ့'

အိမ်ထဲမှ အသံပဲ ကြားရပြီး လူမမြင်ရ။

နှစ်ယောက်သား ခွေးကြီးကို စုတ်သပ်ချော့ရင်း ခြံထဲဝင်ခဲ့ ကြသည်။ အိမ်ဝ ရောက်သည်အထိ ထွန်းဝေအောင်ကို အရိပ်တောင် မမြင်ရ။

အိမ်တံခါးဝရောက်မှ အထဲမှာ ရှိနေသော ထွန်းဝေအောင်ကို လှမ်းမြင်လိုက်ရသည်။

'ဟင်…'

ကြည့်ရသည့် ပုံစံက ခုမှ ရေချိုးပြီး ထွက်လာသည့်ပုံစံ။

အင်္ကျီချွတ်၊ ပုဆိုးစိုကြီးနှင့် မျက်နှာသုတ်ပဝါကို ခေါင်းတွင် ပွတ်လျက်သားကြီး။

ပြီးဝင်လာနေသူများကို ဘာမှသိပ်အလေးအနက်မထား ဟန်ဖြင့်….

'နေ…နေ၊ ထိုင်မနေနဲ့တော့ အဲ့ဒီစာပွဲပေါ်မှာ စာအုပ်သုံးအုပ် ရှိတယ်၊ အဲ့ဒီစာအုပ် သုံးအုပ်ယူပြီးပြန်၊ အဲဒီ စာအုပ်တွေကို ပြီးအောင် ဖတ်၊ ကျေညက်အောင်ဖတ်၊ လာမယ့် ကြာသာပတေးနေ့မှ လာခဲ့၊ စာအုပ်ပြီးမှနော်၊ မပြီးရင်မလာနဲ့ဦး၊ ခုလဲ ပြန်တော့'

ပြောပြီးသည်နှင့် အိမ်ခန်းဘက် ပြန်ဝင်သွားသည်။

ပြီးတော့ လုံးဝပြန်မထွက်လာတော့။

ဖြူပွင့်နှင့် ဝေယံထွန်းတစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ကြောင်တက်တက်ဖြစ်သွားသည်။ ပြီးမှ ဖြူပွင့်က ဘာမှ မပြောတော့ဘဲ စားပွဲပေါ်က စာအုပ်သုံးအုပ်ကို လှမ်းယူသည်။

စာအုပ်များကို ကြည့်လိုက်သည်။ ဆရာ သူရိယန္တိရေးသည့် ဝတ္ထုရေးလိုသော်၊ ဆရာပီမိုးနင်း၏ ကလောင်လမ်းညွှန်နှင့် ဆရာဇော်ဂျီ၏ ရသစာပေအဖွင့်နှင့် နိဒါန်း။

ဝေယံထွန်းက လေသံဖြင့်…

'ဘယ်လိုလုပ်မလဲ ဖြူပွင့်'

ဖြူပွင့်က မချိုမချဉ်ပြုံးရင်း….

'ဘယ်လိုမှ လုပ်စရာမရှိဘူးလေ၊ ပြန်ရှုံရှိတာပေါ့'

အပြန်လမ်းမှာ ခာတ်ဘူးနှင့် မုန့်တွေကို ဝေယံထွန်းကပဲ ပြန်သယ်သည်။

ဖြူပွင့်ကတော့ တစ်လမ်းလုံး တဟားဟားနှင့်အလကား သဝန်တိုခဲ့သော ဝေယံထွန်းကို ခနဲ့၍သဘောကျစွာ ရယ်လာခဲ့၏။

ဖြူပွင့် ရယ်လေ ဝေယံထွန်းမျက်နှာကြီး ရဲပြီး ရှက်လေဖြစ် နေလေတော့သည်။

◆ ◆ ◆





(၅)

ထွန်းဝေအောင်နှင့် ပက်သက်လာလျှင် သူတို့ တွက်သမျှ အကုန်လွဲသည်။

ကြာသာပတေးနေ့ကျတော့ ပြီးခဲ့သည့် တနင်္ဂနွေနေ့ကလို ချက်ချင်းပြန်လွှတ်မည်အထင်နှင့် ဘာမှယူမလာ။

အိမ်ထဲရောက်တော့ ထိုင်ဖို့ပင် မပြင်။

သည်တစ်ခါကျတော့ ထွန်းဝေအောင်က ကုလားထိုင်ပေါ်မှ နေ ပြုံးပြုံးရွှင်ရွှင်နှင့် ကြိုကာ နှစ်ယောက်စလုံးကို ထိုင်ခိုင်းသည်။

'ကဲ…ထိုင်ကြ၊ ပန်းဖြူဖြူပွင့်ကော စာအုပ်တွေဖတ်ခဲ့ပြီးပြီ လား'

'ဟုတ်ကဲ့…ပြီးပါပြီ ဆရာ'

'သေသေချာချာကော ဖတ်ခဲ့ရဲ့လား'

'ဖတ်ခဲ့ပါတယ်'

'ကောင်းပြီ…ဒါဖြင့် ကျုပ်မေးတဲ့မေးခွန်းကို ပန်းဖြူဖြူပွင့် နားလည်သလိုနဲ့ သိသလောက်ပြန်ဖြေစမ်း'

'တစ်…ဝတ္ထုဆိုတာ ဘာလဲ'

'ရှင်…'

'ကျုပ်မေးတာ ရှင်းရှင်းလေးပါ၊ ပန်းဖြူဖြူပွင့် ဖြေတတ်သလို သာဖြေ၊ မေးခွန်းက ဝတ္ထုဆိုတာဘာလဲ'

'ဟုတ်ကဲ့ ဆရာ၊ ဝတ္ထုဆိုတာ ဇာတ်ကောင်တစ်ယောက်၊ ဒါမှမဟုတ် ဇာတ်ကောင်များကို အခြေခံထားပြီး သူ့တို့ဖြစ်ပျက်တဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားစရာဖြစ်အောင် ဖွဲ့နွဲ့ရေးခြယ်ထားတဲ့ စာစုကို ခေါ်တာပါ'

'ဟား ဟား ဟား'

ထွန်းဝေအောင် တဟားဟား ထ,ရယ်သည်။

'ရိုးသားပါတယ်၊ ရိုးသားပါတယ်၊ တကယ့်ကို ကျောင်းတော်သူ ကလေးမလေးတစ်ယောက် အရမ်းပီသပါတယ် ပန်းဖြူ





ဖြူပွင့်၊ ကေနက္ကတော့ ပန်းဖြူဖြူပွင့် ကျုပ်ပေးလိုက်တဲ့ စာအုပ်တွေမှာ အန်ဒါလိုင်းတားပြီး အင်တာဗျူးဖြေမယ့် သူလို အလွတ်ကျက်လာခဲ့တယ် ထင်တယ်…ဟုတ်လား'

'ဟုတ်…ဟုတ်ပါတယ် ဆရာ'

'အဲဒါကို ဂရုစိုက်ပြီးမြင်ပါ ပန်းဖြူဖြူပွင့်၊ ပန်းဖြူဖြူပွင့် ရေးတဲ့ ဝတ္ထုတွေကလဲ ဒီအတိုင်းပဲ ဖြစ်နေတယ် ဖတ်ဖူးတဲ့ စာအုပ်တွေ ဖတ်ဖူးတဲ့ ဝတ္ထုထဲက ဇာတ်ကွက်တွေ၊ စာသားတွေကို အလွတ်ကျက်ပြီး မမီမကမ်းလိုက်ရေးတာမျိုး မဖြစ်စေနဲ့'

'ဟုတ်…ဟုတ်ကဲ့'

'သူများမြင်ပြီးသား ရှုထောင့်တွေကချည်း လိုက်ကြည့်ပြီး စာရေးတာ ဝတ္ထုရေးဆရာ အလုပ်မဟုတ်ဘူး၊ သူများမမြင်တာ မြင်ရမယ်၊ သူများမြင်ပြီးသား ဖြစ်ရင်လဲ မကြည့်သေးတဲ့ ရှုထောင့်က ကြည့်ရမယ်၊ ကောင်းပြီး…ပန်းဖြူဖြူပွင့်၊ ကိုယ့်စကားနဲ့ ကိုယ်၊ ကိုယ့်အမြင်နဲ့ ကိုယ်ပြန်ပြောပါ၊ ဝတ္ထုဆိုတာဘာလဲ'

'ဝတ္ထုဆိုတာ ဟုတ်လားဆရာ'

'ဟုတ်တယ်လေ၊ ခုနမေးခွန်းပါပဲ'

'ဖြူပွင့် ကြိုးစားဖြေကြည့်ချင်တယ်'

‘ရတယ်၊ ပြောတတ်သလို ပြောပါ’

‘ဝတ္ထုဆိုတာ ဇာတ်လမ်း တစ်ခုကို ပရိသတ် ဖတ်ပြီးခံစား ရအောင် ရေးထားတဲ့ စာတွေပါ’

‘ဟုတ်ပြီ၊ လက်ရှိမြန်မာပြည်ရဲ့ အခြေအနေမှာ ဝတ္ထုဆိုတာ အဲလောက်နားလည်ရင် ရပြီး၊ အဲ့ဒီတော့ အဲ့ဒီစကားနဲ့ ပြန်ဆက်စပ် ရရင် ဝတ္ထုဆိုတာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ရမယ်၊ ပြီးရင်အဲဒီ ဇာတ် လမ်းကို ရေးထားတဲ့ စာတွေဖတ်ပြီး ခံစားရမယ်၊ အဲ့လို မဟုတ်လား’

‘ဟုတ်ပါတယ်’

‘အဲဒါဆို ဝတ္ထုကောင်းဖြစ်ဖို့ သာမန်အဆင့်မှာ လိုအပ်ချက် နှစ်ခုပဲရှိမယ်၊ တစ်…ဇာတ်လမ်းကောင်းရမယ်၊ နှစ်…အဲဒီဇာတ်လမ်း ကို ပရိသတ် နားလည်ခံစားတတ်အောင်တင်ပြတဲ့ အရေးသား ကောင်းရမယ်၊ အဲဒါကို လက်ခံလား’

‘လက်ခံပါတယ် ဆရာ’

‘အခုပြောတာ ဝတ္ထုရေးနည်းကို အလွယ်ဆုံးနဲ့ အရှင်းဆုံး ပြောနေတာနော်၊ စာအုပ်ထဲ ဖတ်ထားတဲ့မော်ဒန်တွေ၊ မော်ဒက်တွေ ဝင်မလာနဲ့ဦး၊ အခုပြောနေတာ မြန်မာပြည်မှာ လူတိုင်း ဖတ်လို့ရတဲ့ အကြောင်း၊ ကောင်းပြီး…အဲဒီမှာ ဝတ္ထုအကြောင်းကောင်းပြီ…အဲဒီမှာ





ဝတ္ထုရဲ့ အချက်နှစ်ခုဖြစ်တဲ့ ဇာတ်လမ်းနဲ့၊ ပြော…ပန်းဖြူဖြူပွင့် နောက်တစ်ခုက ဘာလဲ’

‘အရေးသားပါ ဆရာ’

‘အင်း…အဲဒီမှာ ရိုးရိုးလေးပြောရင် ဇာတ်လမ်းကောင်းရင်း အရေးအသား သာမန်စာစီစာကုံး ရေးတတ်သလောက် အဆင့်ရှိရင်လဲ ပရိသတ်ကြိုက်တယ်၊ ဒါမှမဟုတ်လို့ ဇာတ်လမ်းကတော့ သာမန်ပဲ၊ ဒါပေမယ့် အရေးသားတင်ပြပုံက သိပ်ကောင်းရင်းလဲ ပရိသတ် လက်ခံတယ်၊ နှစ်ခုစလုံး ကောင်းရင်တော့ အကောင်းဆုံးပဲပေါ့၊ နှစ်ခု စလုံးညံ့ရင်တော့ ဘာမှသုံးမရဘူး၊ အဲဒီတော့ ပန်းဖြူဖြူပွင့် ကိုယ့်ဟာ ကိုယ်စဉ်းစား၊ ကိုယ် ဘယ်နေရာမှာ ညံ့နေလဲ ဆိုတာ’

‘ဖြူပွင့် ထင်တာတော့ နှစ်ခုလုံးပဲ’

‘သေချာလား’

‘သေချာပါတယ်ဆရာ’

‘အဲဒါဆို…အမြန်ဆုံးနဲ့ အလွယ်ဆုံးကိုယ့်စာကိုပရိသတ် လက်ခံအောင် လုပ်ချင်ရင် အဲဒီနှစ်ခုထဲက တစ်ခု အရင်ကောင်းရမယ် ဘယ်ဟာကို အရင်ပိုကောင်းအောင်လုပ်ဖို့ လွယ်မလဲ’

‘ဇာတ်လမ်းလို့ ထင်တယ်ဆရာ’

'ဘာဖြစ်လို့လဲ'

'ဖြူမွှင့် တွေ့ရသလောက် အရေးအသားကောင်းဖို့ဆိုတာ အရမ်းခက်တယ်၊ စကားလုံးတွေ ကြွယ်ရမယ်၊ ဝါကျ တည်ဆောက်မှုတွေ လှရမယ်၊ တင်ပြပုံထူးခြားရမယ်၊ အတွေးအခေါ် ဆန်းသစ်နက်ရှိုင်းရမယ်၊ အဲဒါတွေ ချက်ချင်း တတ်လာအောင် လုပ်ဖို့ကမလွယ်ဘူး'

'ဒါဖြင့် ဇာတ်လမ်းကကော'

'အဲ့ဒါလဲ ခက်တော့ခက်တာပါပဲ၊ ဒါပေမယ့် အခုရေးနေတဲ့ စာရေးဆရာတွေ၊ အထူးသဖြင့် စာရေးဆရာမတွေကတော့ နိုင်ငံခြား ရုပ်ရှင်၊ ဗွီဒီယို၊ ဝတ္ထုဆက်စပ်သုံးနေကြတော့ သူတို့နည်းလေးတွေ သုံးလိုက်ရင် ပိုလွယ်မလားလို့'

'အင်း...အဲဒါကတော့ သိပ်လွယ်တဲ့နည်းပေါ့၊ ဒါပေမယ့် ဒီထက်ပိုကောင်းတဲ့ နည်းတစ်နည်းရှိတယ်'

'ပြောပါဆရာ'

'ကိုယ်လိုချင်တဲ့ ဇာတ်လမ်း ဇာတ်ကွက်လေးတွေကို ကိုယ့်ပတ်ဝန်းကျင်က ရှာယူတဲ့နည်းပေါ့၊ လောကမှာ လူမှန်သမျှဇာတ်လမ်းဒါမှမဟုတ် ဇာတ်ကွက်တစ်ခုခုနဲ့ ဘယ်တော့မှမကင်းဘူး၊ အဲ့ဒီလူတွေရဲ့ ဇာတ်လမ်း၊ ဇာတ်ကွက်စပ်တဲ့နည်းကို သုံးရင်ကော မဖြစ်နိုင်ဘူး





လား၊ ဘယ်လို စီစဉ်ဆက်စပ်ရမယ်ဆိုတာတော့ သူများရေးပြီးသား ဝတ္ထုတွေ၊ ရုပ်ရှင်တွေ၊ ဗွီဒီယို ဘာညာတွေကနေလေ့လာမယ်ကွာ၊ ခိုးချဖို့ မဟုတ်ပါဘူး၊ ဇာတ်လမ်းဖွဲ့ပုံနည်းယူဖို့ပါ'

'ဖြစ်နိုင်မယ်တော့ ထင်တာပဲဆရာ၊ ဒါပေမယ့် ဖြူမွှင့်သေချာတော့ မပြောတတ်ဘူး'

'ဟုတ်ပါတယ်၊ ထင်တာပဲပြောပါ၊ ဘာမှမလုပ်ရ သေးဘဲ အထင်နဲ့ သေချာတယ်လို့ပြောရင်လဲ ကျုပ်မယုံပါဘူး၊ ဒါက အဓိပ္ပါယ်မှမရှိတာ'

ထို့နေက စကားဝိုင်းလေးက သည်နည်းနှင့် စတင်လိုက်ပြီး ဖတ်ထားခိုင်းသောစာအုပ်တွေထဲမှ အချက်အလက်အချို့ကို ဆွေးနွေးကြသည်မှာ အနည်းဆုံး နှစ်နာရီ သုံးနာရီမကကြာသွားသည်။

အတော်လေး စိတ်ဝင်စားစွာ စကားပြောနေပြီးနောက်မှ သတိရ၍ ဆရာနှင့် စိတ်မချစွာ လိုက်လံစောင့်ရှောက်နေသော ဝေယံထွန်းဆီ ဖြူမွှင့် လှည့်ကြည့်လိုက်သည်။

ဝေယံထွန်း ဆက်တီကုလားထိုင်နောက်မှီတွင် ခေါင်းတင်ပြီး တခေါခေါ ဟောက်သံပေး၍ အိပ်မောကျနေသည်ကို တွေ့လိုက်ရ၏။

◆ ◆ ◆

(၆)

'ဟင်…ပန်းဖြူဖြူပွင့်'

'ဟုတ်ပါတယ် ဆရာ၊ ဖြူပွင့်ပါ၊ ဘာလဲ ရန်လုံကြီးက ဖြူပွင့်ကို မဟောင်တော့ အံ့သြနေလား မအံ့သြပါနဲ့ဆရာရယ်၊ ရန်လုံနဲ့ ဖြူပွင့်လဲ သူငယ်ချင်းတွေ ဖြစ်နေကြပါပြီ'

'ရန်လုံဟောင်တာမဟောင်တာ အရေးမကြီးဘူး ပန်းဖြူဖြူပွင့်၊ အရေးကြီးတာက ပန်းဖြူဖြူပွင့်မှာ အဖော်ပါမပါဆိုတာပဲ၊ ကိုဝေယံထွန်းကော မတွေ့ပါလား၊ ဘယ်မှာလဲ'

ထွန်းဝေအောင်နှင့် စတင်တွေ့ဆုံပြီးတစ်လကျော်လောက်မှာ ဖြစ်သည်။ ခါတိုင်းဖြူပွင့်လာလျှင် အမြဲတမ်း အဖော်ပါနေကျ ဝေယံထွန်းတစ်ယောက် သည်နေ့ပါမလာသဖြင့် ထွန်းဝေအောင် အလန့်တကြားနှင့် မေးလိုက်သည်။





ဖြူပွင့်ကတော့ သိပ်ဂရုမစိုက်ဟန်ဖြင့်ရယ်လိုက်ရင်း…

'ဘာယ်တွေ့မလဲ ဆရာ၊ ဒီတစ်ခေါက် သူမှ ပါမလာဘဲ၊ ဗမင်ဆရာနဲ့ ဖြူပွင့် သပ်သပ်တွေချင်လို့ တစ်ယောက်တည်း ထွက်ခဲ့တာ'

ထွန်းဝေအောင် မျက်နှာကွက်ခနဲ ပျက်၏။

'ဟာ…အဲဒါ လုံးဝမလုပ်သင့်ဘူး ပန်းဖြူဖြူပွင့်၊ အခုကော နောက်ကော ဘယ်တော့မှ ခင်ဗျား ကျုပ်ဆီတစ်ယောက်တည်း မလာပါနဲ့၊ ကျုပ်လက်မခံဘူး၊ အခု ခင်ဗျား ပြန်ပါ'

'ဖြူပွင့်ကို အဲဒီလိုကြီး မနှင်ပါနဲ့ ဆရာ၊ ဖြူပွင့်ဆရာ့ဆီ အကြောင်းမဲ့တစ်ယောက်တည်း ထွက်ခဲ့တာ မဟုတ်ပါဘူး၊ ကိစ္စရှိလို့ပါ၊ အဲဒီကိစ္စပြီးတာနဲ့ ဖြူပွင့်ပြန်ပါ့မယ်'

'ဟာဗျာ…အဲဒီကိစ္စက ခင်ဗျားအဖော်နဲ့ လာမှလုပ်လို့ မရဘူးလား'

'မရဘူးဆရာ၊ မရလို့ထွက်လာတာပေါ့'

'ဒီအထိ ခင်ဗျားတစ်ယောက်တည်း ဘာနဲ့လာလဲ'

'ဘတ်စ်ကားနဲ့ လာတာပေါ့ဆရာ၊ ပြီးတော့လမ်းမကြီး ကနေ ဒီအထိကတော့ လမ်းလျှောက်လာတာပေါ့'

'ခင်ဗျား အဲဒီကိစ္စမလုပ်သင့်ဘူး ပန်းဖြူဖြူပွင့်၊ ဘယ်တော့မှ ခင်ဗျား ကျုပ်ဆီ တစ်ယောက်တည်း မလာသင့်ဘူး'

'မလာသင့်ဘူးဆိုတဲ့အကြောင်း ဆရာလုံလောက်အောင်ရှင်းပြလေ၊ အကျိုးအကြောင်းခိုင်လုံရင် ဖြူပွင့်ဆရာ့ဆီ ဘယ်တော့မှ တစ်ယောက်တည်း မလာတော့ပါဘူး'

'ဘာမှ ရှင်းပြစရာမလိုဘူး ပန်းဖြူဖြူပွင့်၊ ကျုပ်က မလာနဲ့ဆိုရင် ခင်ဗျားမလာနဲ့၊ လာရင်လဲ ကျုပ်က ခင်ဗျားကို လက်ခံတွေ့မှာ မဟုတ်ဘူး'

'ဒါဖြင့် အခုကော ဖြူပွင့်နဲ့ ဆရာလက်ခံမတွေ့တော့ဘူးပေါ့'

'ဟုတ်တယ် ခင်ဗျားအိမ်ထဲမဝင်နဲ့ ပန်းဖြူဖြူပွင့်'

'ရပါတယ်ဆရာ၊ အိမ်ထဲမဝင်ရတော့လဲ ဒီအပြင်မှာပဲ ရှင်းတာပေါ့၊ ရှေ့အဲဒီမှာ ဆရာ့ပိုက်ဆံ တစ်သောင်း၊ ဆရာ့ကို ဖြူပွင့်ပေးမယ်ဆိုပြီး ဖြူပွင့် လက်ခံထားတာ ကြာလှပြီ၊ ကိုဝေယံထွန်းရှေ့မှာ မပေးချင်လို့ တမင်သက်သက် ခုလိုတစ်ယောက်တည်း လာပြီးပေးတာ၊ ခုပေးပြီးပြီ၊ ဖြူပွင့်ပြန်မယ်'

ပြောပြောဆိုဆိုနှင့် ပိုက်ဆံတစ်သောင်းဟု ဆိုသော စက္ကူထုပ်





တစ်ထုပ် ထွန်းဝေအောင် လက်ထဲထည့်ပြီး ဖြူပွင့်ချာခနဲ လှည့်ထွက်ပြေးသည်။

ထွန်းဝေအောင် ရုတ်တရက် အံ့အားသင့်ပြီး ဘာလုပ်ရမှန်း မသိဖြစ်သွား၏။

♦ ♦ ♦

'ဟာ...အဟုတ် ပိုက်ဆံတွေပဲ'

ထွန်းဝေအောင် ခဏ ကြည်သေသေသွားပြီ။ ပြီးမှသတိရ၍ လက်ထဲက စက္ကူအိတ်ကို ဖွင့်ကြည့်လိုက်သည်။ တကယ်ပင် ငွေတစ်သောင်းလောက် ရှိဟန်တူသော ပိုက်ဆံများ။

ချက်ချင်းပင် သတိဝင်၍ ဖြူပွင့်ဆီ လှမ်းကြည့်လိုက်သည်။

တအားသွန်းပြေးသွားသည်မို့ ဖြူပွင့်က ခြံပြင် လမ်းမပေါ်သို့ ရောက်နေပြီ။

'ဟေ့...ဟေ့...နေဦး ပန်းဖြူဖြူပွင့်'

လှမ်းခေါ်သည်။

မကြားစရာမရှိတော့။

သို့သော် ဖြူပွင့်က လုံးဝပင်လှည့်မကြည့်တော့ဘဲ ရှေ့သာ မဲ၍ပြေးသည်။

'ဟော့…ပန်းဖြူဖြူပွင့်၊ နေဦးလို့ဆိုတာ မကြားဘူးလား၊ ဟာ…တောက်၊ ဒီကောင်မလေးနဲ့တော့ ခက်တော့တာပဲ'

သည်လိုမှ ခေါ်၍ မရနိုင်မှန်း သိလိုက်သည်။ သို့အတွက် အပင်ပန်းခံ၍ ဆက်ခေါ်မနေတော့ဘဲ နောက်ကနေ အမီပြေးလိုက်ရန်သာ ဆုံးဖြတ်လိုက်သည်။

စောစောက အိမ်ထဲကနေ အိမ်အပြင် ထွက်စကားပြောစဉ်က ခြေထောက်မှာ ဖိနပ်ဝတ်မထားမိ၊ ခုမှ ဖိနပ်ပြန်ဝတ်နေလျှင်လည်း ဖြူပွင့်ကို မမီတော့မှာ စိုးသဖြင့် ပြေးလိုက်တော့သည်။

'အား'

ခြံဝကနေ လမ်းပေါ်သို့လိုက်အထွက် ခြေထောက်မှာ စူးကနဲ တစ်ချက်ဖြစ်သွားသည်။

သို့သော် ဒါတွေ ဂရုမစိုက်နိုင်အားတော့။ တစ်လှမ်းနှစ်လှမ်း ဆက်ပြေးကြည့်သောအခါ ခြေထောက်က ပြေး၍ ရသေးသောကြောင့် နောက်ကနေ တအားသွန်၍ ပြေးလိုက်သည်။

သူ အတော်လေးခပ်လှမ်းလှမ်းပြေးလိုက်ပြီးမှ ယောက်ျားခြေ





နှင့် မိန်းကလေးခြေ အရမ်းကွာသောကြောင့် တဖြည်းဖြည်းမီလာသည်။

အနားရောက်သည်နှင့် ဖြူပွင့်လက်မောင်းကို လှမ်းဆွဲလိုက်ပြီး…

'ပန်းဖြူဖြူပွင့်၊ နေဦးလို့ ပြောနေတယ်မဟုတ်လား၊ ရပ်လိုက်'

'အို'

စိတ်ကမရှည်တော့သဖြင့် လက်မောင်းကို တအားဆောင့်ဆွဲလိုက်သည်။

ပြေးနေသော အရှိန်ဖြင့် ချာခနဲ လှည့်လိုပြီး ဖြူပွင့်ကိုယ်လုံးလေး ထွန်းဝေအောင် ရင်ခွင်ထဲ ပြိုကျလာသည်။

ထွန်းဝေအောင် ဖြူပွင့်ပခုံးနှစ်ဖက်ကို ကပျာကယာ ဆီးဖမ်းလိုက်သည်။ သို့သော် မျက်နှာချင်းနီးကပ်သွား၏။

◆ ◆ ◆

'အို..ဖယ်ပါ၊ အဲ့ဒါဆရာဘာလုပ်တာလဲ'

သည်တော့မှ ထွန်းဝေအောင်လည်း လန့်ဖျပ်သွားပြီး၊ ဖြူပွင့်

ပခုံးကို လွှတ်ပေးလိုက်သည်။ ပြီးမှ မျက်နှာတင်းတင်းဖြင့် …

"ကျုပ်ဘာမှ မလုပ်ဘူးဖြူပွင့်၊ မင်းဒီလိုပဲ ခေါ်မရတားမရနဲ့ ဆက်ပြေးနေမှာစိုးလို့ ကျုပ်ဖမ်းထားရတာ"

"မတားနဲ့ဆရာ၊ ဖြူပွင့်ကို တားစရာအကြောင်းဘာမှ မရှိဘူး"

"စကားမများနဲ့ ဖြူပွင့် မင်းကျုပ်ကို ဒါမျိုးလုပ်လို့ မရဘူး၊ မင်းငွေတွေမင်းပြန်ယူသွား၊ ကျုပ်ဘယ်သူ့ဆီကမှ ပိုက်ဆံအဲလောက် ရစရာမရှိဘူး"

"ဟင့်အင်း ဖြူပွင့် ပြန်မယူချင်ဘူး၊ အဲ့ဒီပိုက်ဆံက ဆရာ့ ပိုက်ဆံ"

"ဟာ…ဘယ်လိုလုပ် ကျုပ်ပိုက်ဆံ ဖြစ်ရမလဲ၊ ကျုပ်မှာ အဲလောက် ရစရာပိုက်ဆံ ဘယ်နေရာကမှ မရှိဘူး၊ အား…"

ပြောရင်းနှင့် ခုမှခြေထောက်က နာလာသဖြင့် ကမန်းကတန်း ငုံ့ကြည့်လိုက်သည်။

"ဟင်"

"အို"

ထွန်းဝေအောင် ကြည့်သည့်နေရာသို့ ဖြူပွင့်ကလည်း လှမ်း





ကြည့်လိုက်သဖြင့် ဖြူပွင့်ပါ မျက်လုံးပြူးစိုင်းသွားသည်။

"ဆရာ ဆရာ ဘာဖြစ်တာလဲ၊ ဆရာ့ခြေထောက်မှာ သွေးတွေ ရှိနေပါလား"

ဟုတ်သည်။

ထွန်းဝေအောင် ခြေဖဝါး တစ်ခုလုံး သွေးများဖြင့်ရဲတွတ် ရဲနေ၏။

◆ ◆ ◆

(၇)

"ဆရာ့ကို အစကတည်းက ဖြူပွင့် ပြောတယ်၊ ကိစ္စရှိ
လာတာပါ၊ ကိစ္စပြီးရင် ပြန်ပါ့မယ်ဆိုတာ ဆရာက ဘာမှန်းလဲမ
ဖွတ်ချည့် နှင်နေတာပဲ၊ ခုတော့ ကောင်းတာပေါ့၊ ကြည့်ပါဦး န
နည်းနှောနှော ဒဏ်ရာကြီးလား၊ ဒီဒဏ်ရာကြီးနဲ့ အခု ဆရာဘယ်
လုပ်ထမင်းသွားစားမလဲ၊ ဟိုနားဒီနားသွားချင် လာချင်တော့
ဘယ့်လိုလုပ်မလဲ"

ဖြူပွင့် အဘွားအို မိန်းမကြီး တစ်ယောက်လို နှ
တတွတ်တွတ် ကြိမ်းမောင်းဆူပူရင်း ခြေထောက်ကို ရေဆေး
ဆေးထည့်ပေး၊ ပတ်တီးစည်းပေး လုပ်သည်။





ဆေးဟုပတ်တီးဟုပြောသော်လည်း တကယ်တမ်းကျတော့
မှာ ဘာဆေးမှ မရှိ၊ ဘာပတ်တီးမှ မရှိ။ သို့အတွက် လောလော
ယ် အိမ်ထဲမှာ တွေ့သည့် မီးခြစ်သုံး ဓာတ်ဆီပုလင်းမှ ဓာတ်ဆီများ
ာင်းထည့်။ အိမ်ထဲမှာ ရှာရသမျှ အသန့်ဆုံးဖြစ်ဟန်တူသော ပုဆိုး
ဟောင်းတစ်ထည် ဆွဲဖြဲပြီး ပတ်တီးလုပ် စည်းပေးနေခြင်းဖြစ်သည်။

ထွန်းဝေအောင် ခြေထောက်က ဘယ်ကနေ ဘယ်လိုရောက်
ထောင်နေမှန်းမသိသော ပုလင်းကွဲကြီး တစ်ခုရှသွားခြင်းပင်။

တအားပြေးနင်း နင်းချလိုက်သော အရှိန်ကြောင့်ဒဏ်ရာက
လျားတစ်လက်မခွဲလောက် ဟက်တက်ကြီးဖြစ်သွားသလိုနက်လည်း
တော်နက်သွားသည်။

"ဒီအတိုင်းနေလို့တော့ မဖြစ်ဘူးဆရာ၊ ဒီအနားမှာ ဆေးခန်း
းချုပ်လိုက်တာပဲ၊ ဆရာမသွားနိုင်ရင်လဲ ဆရာဝန်အိမ်ခေါ်ချုပ်ရမှာ"

စောစောပိုင်းက ပြေးလက်စ သွေးပူနေတုန်းကတော့ ဆက်
နိုင်သော်လည်း ဖြူပွင့်ကိုမိပြီး ဒဏ်ရာကို မြင်လိုက်သည့် အခါမှာ
တော့ ထွန်းဝေအောင် ခြေထောက် ထောက်ပင်မထောက်နိုင်တော့။

သို့အတွက် စောစောကလည်း အိပ်ပြန်ရောက်သည့် အထိ
ပွင့်တွဲပြီး ပြန်ခေါ်လာရသည်။

ဖြူပွင့် စကားကြောင့် ထွန်းဝေအောင် ရှုံ့မဲ့ပြီး…

"ဆေးခန်းက ဟိုလမ်းမတန်းမှာမှရှိတယ် ဖြူပွင့်၊ ဆေးခန်း ကတော့ ဒီအချိန်မဖွင့်ဘူး၊ ဒါပေမယ့် အဲဒီအိမ်က ဆရာဝန်နေတဲ့ အိမ်ပဲဆိုတော့ အပြင်တွေဘာတွေ မသွားရင် အိမ်မှာ ဆရာဝန်ရှိမှာပဲ"

"အဲဒါဆို ဆရာ ဒီလောက်အဝေးကြီး မလျှောက်နဲ့၊ ခုတောင် သွေးတွေက ဒလဟော ထွက်နေတာ၊ အဲဒီတော့ ဒဏ်ရာအဝကို လက်နဲ့ အခုဖြူပွင့် ပိတ်သလိုပတ်ထား၊ ပြီးတော့ ဒီကပဲစောင့်၊ ဖြူ ပွင့်ပြေးခေါ် လိုက်မယ်"

"ဟာ…ဖြူပွင့် မပြေးပါနဲ့၊ ကျုပ်ဟာကျုပ်ပဲ အဲဒီနေရာထိ ဖြည်းဖြည်းချင်း လျှောက်သွားလိုက်မယ်"

"အင်း…အပြောကတော့ ဟုတ်နေတာပဲ၊ ဒီမှာဆရာ့အား လည်ကျွမ်းကျင်တာ ဝတ္ထုရေးတာလောက်ပဲရှိမယ်၊ ဒီခြေထောက်ဒဏ် ရာနဲ့ အဲဒီအထိ လမ်းမှာတင်သွေးလွန်ပြီး မူးလဲသွားလိမ့်မယ်၊ ကျန်းမာ ရေး ဗဟုသုတတော့ နည်းနည်းလေ့လာရှာဖွေထားဦး၊ စကားတွေ မရှည်နဲ့တော့ ဒီမှာပဲ ငြိမ်ငြိမ်နေ၊ ဖြူပွင့်သွားခေါ်လိုက်မယ်၊ သိပ် မကြာဘူး၊ ခုချက်ချင်းပြန်လာမယ်၊ စောစောက ဖြူပွင့်ပြောသလိုသာ လုပ်ထား"





ပြောပြောဆိုဆိုနှင့် ဖြူပွင့်က ဖိနပ်ကလေး ကောက်စီးပြီး အိမ်ထဲကနေ ထွက်သွားသည်။

ဖြူပွင့်ပြောတာက အမှန်။

ခုမှတော့ ဘာမှမတတ်နိုင်စွာဘဲ ဖြူပွင့်လုပ်သမျှ ငြိမ်နေလိုက် တာ အကောင်းဆုံးဟု ဆုံးဖြတ်သည်။

ခြေထောက်ကလည်း ခုမှ တဆစ်ဆစ် နာကျင်ကိုက်ခဲ့ လာ၏။

◆ ◆ ◆

"ဒဏ်ရာက နည်းနည်းများတယ်၊ ပြီးတော့ အခုပြောတဲ့ အတိုင်းဆို ဖုန်တွေ သဲတွေဝင် ဘာညာနဲ့ အနာကနည်းနည်း ညစ်ပတ် သွားတော့ ပြောလို့မရဘူး၊ ဒဏ်ရာအရှိန်နဲ့ နည်းနည်း ဖျားချင် ဖျားလိမ့်မယ်၊ ဆေးတော့ပေးခဲ့ပါမယ်၊ ဖြစ်နိုင်ရင် လမ်းလုံးဝမလျှောက် နဲ့၊ အဲဒီခြေထောက်ကိုလဲ မလှုပ်ရှားစေနဲ့၊ သွေးကျမှာစိုးလို့"

ဖြူပွင့်သွားခေါ်သော ဆရာဝန်က သိပ်မကြာဘဲ ရောက်လာ သည်။

ဒဏ်ရာကို ဆေးကြောသန့်စင် [illegible]နှောင် ဆေးထည့်အပြီးမှာ ဆရာဝန်က ဖြူပွင့်ကို လူနာရှင်အဖြစ် အခြေအနေပြောပြသည်။

ထို့နောက် သောက်ရမည့်ဆေးများကိုလည်း တစ်ပြုံတစ်မကြီးပေးသည်။

'ဟောဒီ ဆေးအတွဲအတိုင်း ခုတစ်ကြိမ်တိုက်၊ နောက်ပြီးတော့ နေ့လည်တစ်ခါ၊ ညနေတစ်ခါ၊ ညအိပ်ရာဝင်တစ်ခါ၊ ဒီနေ့အဖို့အားလုံးလေးခါ၊ ပြီးရင်ဒီဆေးထောင့်နဲ့ ဒီဆေးပြား နှစ်ပြားကို ခြောက်နာရီခြား တစ်ခါတိုက်သွားရမယ်နော်'

'ဟုတ်ကဲ့ ရပါတယ်ဆရာ၊ အစာကော ဘယ်လိုစားရမလဲ'

'အင်း...အဖျားမရှိတော့ ဘာစားစား ရပါတယ်၊ အဖျားရှိလာရင်တော့ အရည်နဲ့ ဆန်ပြုတ်လောက်ပဲ တိုက်ပေါ့၊ မနက်ဖြန်ကျတော့ ကျွန်တော် တစ်ခေါက်လာကြည့်ပေးပါဦးမယ်'

'ဟုတ်ကဲ့ဆရာ နည်းနည်းတော့ ဂရုစိုက်ပေးပါ၊ ဒါနဲ့ အခုဆရာ့ကို ဘယ်လိုပေးရမလဲ'

ခါတိုင်း ခါတိုင်း ကြောက်တတ်သော ယုန်ကလေးသဖွယ် ငြိမ်ကုပ် နေတတ်သော ဖြူပွင့်သည် ခုခါမှ သူ့အခန်းကဏ္ဍကို သူပိုင်ပိုင်နိုင်နိုင် သွက်သွက်လက်လက် လှုပ်ရှားကာ လူကြီးလုပ်နေသည်။





ဖြူပွင့်ကိုကြည့်ပြီး ထွန်းဝေအောင် ပြုံးမိ၏။

ခါတိုင်း ကေသရာဇာခြသေ့်မင်းနေရာမှာပင် ထိုင်လာသောခဲ့ရသော သူက သည်နေ့မှာ မမျှော်လင့်ဘဲ ငြိမ်ကုပ်၍ လှုပ်ရှားမရသော ဂီလာန ယုန်ကလေး ပြန်ဖြစ်နေသော သူ့အဖြစ်ကိုလည်း ရယ်ချင်သည်။

တည်ငြိမ်ရင့်ကျပ်စွာ လှုပ်ရှားနေသော ဖြူပွင့်အမူအရာများကိုလည်း အစအဆုံး သေချာကြည့်နေမိ၏။

◆ ◆ ◆

'ကဲ...ဆရာ၊ ဆရာကတော့ အခုချိန်ကစပြီး လုံးဝလှုပ်ရှားခွင့် မရတော့ဘူး၊ အဲဒီတော့ ဆရာခုချိန်မှာ ဖြူပွင့်ကို ဝတ္ထုရေးနည်းပြောပြချင်ရင်လဲ ခုတိုင်းပက်လက် ငြိမ်သက်စွာနဲ့ပဲပြောပြ၊ ဒါပေမယ့် ခုချက်ချင်းတော့ မပြောနဲ့ဦး၊ ဖြူပွင့်ဆရာ ထမင်းစားဖို့ကိစ္စ စဉ်းစားပေးရဦးမယ်၊ ခုတိုင်းဆို ဖြူပွင့်လဲ ဒီမှာပဲ စားရမှာပဲ'

ဆရာဝန် ပြန်ထွက်သွားသည်နှင့် ဖြူပွင့်က ခုတင်ပေါ်ပက်လက် လှဲနေရသော သူ့အနား လာထိုင်ပြီး ပြုံးစစနှင့် ပြောသည်။

ထွန်းဝေအောင် မချိုပြုံး ပြုံး၍…

"ကျုပ်အတွက် အပင်ပန်းခံမနေနဲ့တော့ ဖြူပွင့်၊ ဒါတွေ လျှောက်လုပ်နေရင် ဖြူပွင့်ပြန်ဖို့ အရမ်းနောက်ကျ နေလိမ့်မယ်၊ ကိစ္စ မရှိဘူး၊ ကျုပ် ထမင်းတစ်ရက် မစားရလို့လဲ ဘာမှမဖြစ်ဘူး၊ ဖြူပွင့် ပြန်တော့၊ စောစောက ပိုက်ဆံတွေလဲ ပြန်ယူသွား"

ဖြူပွင့်က သူ့ကိုစေ့စေ့ကြည့်သည်။ ပြီးမှ မျက်မှောင်ကြုတ် ရင်း…

"ဆရာဟာ တော်တော်ခေါင်းမာတဲ့ လူပဲနော်၊ ဆရာ့လောက် ပေတေခေါင်းမာတဲ့လူမျိုး ဖြူပွင့်တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဟောဒီမှာ သေချာကြည့်ဆရာ၊ ဆရာသောက်ရမယ့် ဆေးတွေက နည်းနည်းနော နောမဟုတ်ဘူး၊ ပြီးတော့ အဲဒါတွေကို လေးနာရီခြား တစ်ခါ သောက် ရမှာ၊ ခုမနက်လဲ ထမင်းမစားရသေးဘူး၊ ဗိုက်ထဲမှာ အစာမရှိဘဲနဲ့ ဒီဆေးတွေကို ဆရာဘယ်လိုသောက်မယ် စိတ်ကူးမလဲ"

"မဟုတ်ပါဘူး၊ ဖြူပွင့် ပြန်ဖို့သွားဖို့ ခက်နေမှာစိုးလို့ ပြောတာ"

"စိတ်ချဆရာ၊ ဖြူပွင့်ပြန်ချိန်နှောင်းသွားလို့ဆိုပြီး အိမ်မပြန် တော့ဘဲ ဒီမှာ ညအိပ်မနေရဲပါဘူး၊ ဒါပေမယ့် လုပ်စရာတွေ အားလုံး





ပြည့်စုံအောင် လုပ်ပြီးမှပြန်မယ်၊ ဆရာ စကားမရှည်နဲ့ ဖြူပွင့်ပြန်ချိန်ကို ဖြူပွင့် ဘာသာ ဆုံးဖြတ်မယ်"

"အင်း…ဒါဆိုရင်တော့ ကျုပ်ပြောသလိုလုပ်၊ ခုနတုန်းက ဒီလမ်းအတိုင်းသွားတော့ ဆေးခန်းရှိတဲ့လမ်းမဘက် ခွဲထွက်တဲ့ လမ်းကလေး ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီလမ်းခွဲအတိုင်း မချိုးဘဲ ရှေ့တည့်တည့်ဆက်လျှောက် သွားရင် ထမင်းဆိုင်ကလေး တစ်ခုတွေ့လိမ့်မယ်၊ ဆိုင်းဘုတ်မရှိဘူး၊ ခပ်စုတ်စုတ်လေးပဲ၊ အဲဒီမှာ ကျုပ်နာမည် ဦးထွန်းလို့ပြောပြ၊ ဒီလိုဒီလို ဖြစ်လို့ ကျုပ်မလာနိုင်ဘူး၊ ကျုပ်အတွက် ထမင်းထုပ်ပေးလိုက်ပါဆိုရင် နှစ်ယောက်စာ ထမင်းထုပ်ပေးလိုက်လိမ့်မယ်၊ ဒါပေမယ့် အဲဒါချည့်ပဲ ယူမပြန်နဲ့၊ အဲဒါဆို ရန်လုံငတ်သွားလိမ့်မယ်"

"ဟိုး…ဟိုး…ဆရာ၊ ဆက်မပြောနဲ့တော့ မောနေလိမ့်မယ်၊ ဒီလောက်ဆို ဖြူပွင့်ဘာလုပ်မှန်းသိပြီ"

"နေဦးလေ…မနက်စာ၊ ညစာ၊ နှစ်နပ်အတွက် တစ်ခါတည်း ပေါင်းယူခဲ့လို့ ပြောမလို့"

"ဖြူပွင့် သဘောပေါက်ပါတယ်၊ ညစာကို ထားရင်မသိုး

အောင် ထမင်းသက်သက်၊ ဟင်းသက်သက်လဲ ထုပ်လာခဲ့မယ်၊ ဟုတ်တယ် မဟုတ်လား၊ ဒီပြင်ကော ဘာမှာချင်သေးလဲ'

ထွန်းဝေအောင် ပြုံးသည်။

'မရှိပါဘူး ဆရာမဒေါ်ပန်းဖြူဖြူပွင့်၊ ဆရာမ ဒါတွေလုပ်တတ်မယ်မထင်တာနဲ့ မလိုအပ်ပဲ အပိုတွေလျှောက်အမှာစကား ပြောမိသွားတာကို ခွင့်လွှတ်ပါ'

ဖြူပွင့်ကလည်း ပြုံးရင်း…

'အင်း…အဲလို လိမ္မာမှာပေါ့ ဆရာရယ်၊ သူဟာနဲ့သူ ကျွမ်းကျင်ရာ လိမ္မာရာတဲ့၊ ဖြူပွင့်က မိန်းကလေးပါ၊ ဆရာလူနာဖြစ်ပြီးကတည်းက ဒီအိမ်မှာ လုပ်စရာ ကျန်တဲ့အလုပ်တွေက မိန်းကလေးတစ်ယောက် လုပ်ရမယ့် အလုပ်တွေချည်းပါပဲ၊ ဖြစ်နိုင်ရင် ဆရာ အေးအေးဆေးဆေးပဲ အနားယူ၊ ဖြူပွင့် လုပ်ပေးတာကို ငြိမ်ငြိမ်လေးလက်ခံ၊ အလကားနေရင်း၊ ဖြူပွင့်ကိုလဲ ဘယ်တော့မှ နှင်ထုတ်ဖို့ မစဉ်းစားနဲ့တော့၊ ဟုတ်လား လူနာဦးထွန်းဝေအောင်'

'ဟုတ်ကဲ့ပါ ဆရာမ ဒေါ်ပန်းဖြူဖြူပွင့်'

နှစ်ယောက်သား အားရပါးရရယ်ဖြစ်သည်။

ထိုအခိုက်တွင် နှစ်ယောက်စလုံး နားလည်လိုက်သည့် အဖြစ်





မှာ ရေးယခင်က သူတို့ကြားမှာ ရှိနေခဲ့သည့် ခပ်စိမ်းစိမ်း ခပ်တန်တန်းအဟန့်အတား တစ်ခုခြား၍ ဆက်ဆံနေရသော ခုချိန်ကစ၍ ချုပ်ငြိမ်းသွားပြီဆိုကြောင်းပင်ဖြစ်၏။

ခုခါမှာ သူတို့နှစ်ဦးစလုံး တစ်ယောက်ကို တစ်ယောက်ကို အတော်လေး ရင်းနှီးမှု ရသွားကြပြီလေ။

◆ ◆ ◆

(၈)

ထိုနေ့က အတော်ကလေးနေစောင်းမှ ဖြူပွင့်နှုတ်ဆက်ပြီး ပြန်သွားသည်။

ဖြူပွင့်ပြန်သွားသည်နှင့် စောစောက စကားသံ၊ ရယ်သံလေးများဖြင့် အသက်ဝင်လှုပ်ရှားလျက်ရှိသော ထွန်းဝေအောင် အိမ်ကလေးသည် ချက်ချင်းအသက်ရှုရပ်ပြီး သေဆုံးသွားသလိုဖြစ်သွားသည်။

အနားမှာ ခွေနေသော ရန်လုံကြီးနှင့်လည်း ဘာစကားမှ ပြောလို့မရ။

တစ်ယောက်တည်းခုလို နေလာချိန်မှ စ,၍တစ်ခါမှ မဖြစ်ဘူးသောဟာဟာလပ်လပ် ဝေဒနာလေးတစ်ခုထွန်းဝေအောင် ရင်ထဲပေါ် လာသည်။





ဖြူပွင့်ပြန်ခါနီး ပြောသွားသည့် စကားသံတချို့ကိုလည်း နားထဲ ပြန်ကြားယောင်နေမိ၏။

"ဆရာရေ…လောကမှာ ဖြစ်ချင်တာတွေလဲ မဖြစ်ရ၊ မဖြစ်ချင်တာတွေလဲ ဖြစ်ရတဲ့၊ ဆရာက ဖြူပွင့်ကိုအထင်သေးခံ၊ အထင်လွဲခံ တစ်နည်းနည်းနဲ့ ဖြူပွင့်ဘဝကို ထိခိုက်မှာစိုးလို့ ဖြူပွင့်ကိုတစ်ယောက်တည်းမလာစေချင်ပေမယ့်လဲ ခုတိုင်း ဖြူပွင့်တစ်ယောက်တည်း ဘယ်နှစ်ရက် ဆက်ပြီး လာနေရ ဦးမလဲ မသိဘူး၊ အဖော်အနေနဲ့ ကိုဝေယကို ခေါ်ရင်လဲ ပြဿနာက ပိုကြီးဦးမှာ၊ အဲဒီတော့ နောက်မှနောက် ရောက်ရာ ဘာဖြစ်ဖြစ် သဘောထားပြီး တစ်ယောက်တည်း လာရဦးမှာပဲ၊ ဖြူပွင့်မှ ဒီလိုပုံစံကြီးနဲ့ ဆရာ့ကို တစ်ယောက်တည်း ပစ်မထားနိုင်တာ" တဲ့။

"သည်အတိုင်းဆို ဇာတ်လမ်းက တစ်မျိုးတွေ ဖြစ်ကုန်ဦးတော့မှာပဲ"

ထွန်းဝေအောင် စိတ်ပူစွာတွေးမိသည်။

သည်နေ့ နေ့လယ်ခင်းက တစ်နေ့လုံးဖြူပွင့်နှင့်သူနှင့်ရှိခဲ့သည်။

ခါတိုင်းအကြောင်းအရာ၊ ခါတိုင်း လေသံတို့နှင့် မတူသော

စကားများကိုလည်း နှစ်ယောက်ပြောဖြစ်ခဲ့ကြသည်။

သည်အတိုင်းသူနှင့် ဖြူပွင့်အကြား နားလည်မှု အသစ်က
လေးများ တိုးပွားခဲ့သည်။

သူကြောက်သည်မှာ ဖြူပွင့်ကဲ့သို့သော ဖြူစင်ကြင်နာတတ်
သော အသည်းနှလုံးရှိသူ မိန်းကလေး တစ်ယောက်နှင့် ဤကဲ့သို့သော
နားလည်မှုလေးတွေ ရရှိကုန်ကြမှာ ဖြစ်သည်။

လူ့ဘဝမှာ အနုမြူဗုံးလို အင်အားပြင်းထန်သည့် လက်နက်
မျိုးတွေမှ ကြောက်စရာကောင်းသည် မဟုတ်။

တစ်ခါတစ်ရံ လူတစ်ယောက်၏ နှလုံးသားနှင့် အခြားလူ
တစ်ယောက်၏ နှလုံးသား၊ နှလုံးသားအချင်းချင်း ရင်းနှီးပွင့်လင်း
နားလည်မှုလေးတွေ တိုးပွားလာခြင်းသည်လည်း အနုမြူဗုံးလိုကြောက်
မက်ဖွယ်ကောင်းလှသည်။

အထူးသဖြင့် ခုချိန်မှာ သူက ဘဝကောင်းထဲမှာ ရှိနေချိန်
မဟုတ်။

သည်အချိန်မျိုးမှာ လူတစ်ယောက်၊ ဒါမှမဟုတ် မိန်းကလေး
တစ်ယောက်နှင့် ဤကဲ့သို့သော နားလည်မှု အထူးသဖြင့် ဖြူပွင့်လို
မိန်းကလေးမျိုး၏ နားလည်မှုကို သူမလိုချင်။





သူ့ကို နားလည်မိသည့်နှင့် ထိုမိန်းကလေးသည် ကြမ္မာဆိုး
တစ်ခုကို သက်သက်ဝင်တိုးခြင်းသာ ဖြစ်ကြောင်း သူသိနေသော
ကြောင့်ဖြစ်၏။

◆ ◆ ◆

နောက်တစ်နေ့တွင်လည်း မလာဖြစ်ပါစေနဲ့ဟု ဆုတောင်း
နေသည့်ကြားက ဖြူပွင့်သူ့ဆီရောက်လာသည်။

သို့သော် ရန်လုံ၏ ပေါင်သံမကြားဘဲ သူ့အိမ်တံခါးဝသို့
ဖြူပွင့် ရောက်လာသောခဏ သူအတိုင်းမသိ ပျော်ရွှင်အားရှိသွား
ကြောင်းကိုတော့ ထွန်းဝေအောင် မငြင်းနိုင်။

ညက တစ်ညလုံးဖျားသည်။

အနားမှာ ဖြူပွင့်က ဆေး၊ ရေ၊ ရေနွေး၊ ကော်ဖီအစရှိသည်
တို့ကို အဆင့်သင့်ပြင်ထားခဲ့၍သာ ဆေးသောက်ချိန်လေးမှာ ဆေး
သောက်နိုင်သည်။

နို့မို့သာဆို တစ်ညလုံး သည်လိုအချိန်မှာ ထွန်းဝေအောင်
သူတစ်ယောက်တည်းနှင့် ဘာလုပ်လို့ လုပ်ရမှန်းပင် သိမည်မဟုတ်။

တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေသည်။ အာခေါင်တွေလည်း ခြောက်သွေ့ကွဲအက်ကုန်ပြီ ထင်ရ၏။

ချမ်းလိုက်တာလည်း နေစရာမရှိ။

အမှန်တိုင်းပြောရလျှင် ညကတစ်ညလုံးဖြူပွင့်အလာကို သူမျှော်နေမိသည်။

မနက်ကျတော့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ့ပြီး လှုပ်ရှားချင်စိတ်ပင် မရှိတော့။ ညကတစ်ညလုံး ကိုက်ခဲသည့် အနာကလည်း ခုတိုင် တဆစ်ဆစ် ဖြစ်နေဆဲပင်။

ဖြူပွင့် အိမ်ကို ဘယ်လိုပြောပြီး ဘယ်အချိန်ကတည်းက ထ,လာခဲ့သည်မသိ။ သူ့ဆီ ဖြူပွင့်ရောက်တော့ မနက်ခုနစ်နာရီပင် မထိုးသေး။

'ဟင်…ဆရာဖျားနေပါလား၊ ညကလဲ တစ်ညလုံးဖျားနေတယ်ထင်တယ် ဟုတ်လားဆရာ'

ရောက်ရောက်ချင်း ဖြူပွင့်က သူ့နဖူးကို အရင်လာစမ်းသည်။ ပြီးတော့ စိုးရိမ်စွာမေး၏။

ထွန်းဝေအောင်က ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး…

'ဟုတ်တယ်ဖြူပွင့် ညကတစ်ညလုံး လိမ့်နေအောင်ခံရတာပဲ၊





ဒါပေမယ့် ရပါတယ်၊ မနက်လင်းအားကြီးတော့ ခဏအိပ်ပျော်သွားတယ်'

'ထင်တယ်ဆရာ အဲဒီလိုဖြစ်လိမ့်မယ်လို့၊ မနေ့ညနေက ဖြူပွင့်ပြန်တောင် ပြန်ချင်စိတ်မရှိဘူး၊ ဖြူပွင့်ပြန်ရင် ဆရာတော့ ဒုက္ခပဲ ဆိုပြီး ညကလည်း တစ်ညလုံး စိတ်မဖြောင့်ဘူး၊ ခုကော ဘယ့်နှယ့်နေသေးလဲ'

'မဆိုးပါဘူး၊ ညကထက်တော့ အများကြီးနေသာသွားပါပြီ'

ဖြူပွင့်မျက်နှာ မြင်လိုက်ရတာနဲ့ပဲ ရောဂါတစ်ဝက် သက်သာသွားပါပြီ ဆိုသောစကားကိုတော့ ဆက်မပြောလိုက်တော့၊ ဖြူပွင့်ကသာ အနားက ပစ္စည်းပစ္စတွေ သိမ်းရင်း…

'နေသာပေမယ့် အဖျားက ရှိနေသေးတော့ ငြိမ်ငြိမ်လေးပဲ နေဦးနော်၊ ဒီအတိုင်းပဲလှဲနေ၊ ဒီပစ္စည်းတွေ သိမ်းပြီးရင် ဖြူပွင့် ဆရာ မျက်နှာသစ်ဖို့လုပ်ပေးမယ်'

ခဏကြာသောအခါ ဖြူပွင့်က ဇလုံကြီးတစ်လုံးနှင့် မျက်နှာသစ် ရေတစ်ပုံး ယူလာသည်။ သွားတိုက်ဆေးတပ်လျက် သွားတိုက် တံ၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ စသည်တို့လည်း သူ့ဟာနှင့်သူ ရှာဖွေလုပ်ဆောင်ပြီး ယူလာသည်။

'ဆရာ ဖြည်းဖြည်းထ ရမလား၊ ဖြူပွင့်တွဲထူပေးရမလား'

'ရတယ်ဖြူပွင့်၊ ကိစ္စမရှိပါဘူး၊ ကိုယ့်ဟာကိုယ်ပဲ ထ,ပါ့မယ်'

'ရရင်လဲ ထ,ဆရာရေ့၊ ဆရာ့ကြည့်ရတာ ဖြူပွင့်တွဲထူပေးမှာကို သေမှာထက် ကြောက်နေသလိုပဲ၊ ဘာလဲဆရာက ဖြူပွင့်အသားနဲ့ထိရင် ငရဲကြီးမှာ စိုးလို့လား'

'မဟုတ်ပါဘူး ဖြူပွင့်ရယ်၊ ဖြူပွင့်ကို အားနာလို့ပါ'

'အဲ့ဒီစကားကိုတော့ ပြန်ရုပ်သိမ်းပါ ဆရာ၊ ဆရာ့အတွက် ဒီလောက်လေးလုပ်ပေးတဲ့ ဖြူပွင့်ကို ဆရာက အားနာတယ်ဆိုရင် ဖြူပွင့်အတွက် အများကြီးလုပ်ပေးခဲ့တဲ့ ဆရာ့ကိုတော့ ဖြူပွင့်က အားမနာသလိုဖြစ်မနေဘူးလား'

ထွန်းဝေအောင် ကရယ်၍…

'မဆိုင်ပါဘူး ဖြူပွင့်ရယ်၊ ကိုယ်က အဲဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး'

'ဟား…ဟား'

ဖြူပွင့်ကလည်း ရယ်သည်။

ထွန်းဝေအောင်က နားမလည်စွာ ကြည့်၍…





'ဘာဖြစ်လို့ရယ်တာလဲ ဖြူပွင့်'

'ညော်…ဆရာက ခုမှ သိပ်လိမ္မာယဉ်ကျေးနေလို့ပါ။ ဖြူပွင့်တို့ ကိုယ်တို့နဲ့ ဖြူပွင့်ပြောစေချင်သလို ပြောနေလို့ ခါတိုင်းလိုင်ဗျားတွေ ကျူပ်တွေနဲ့ မရိုင်းစိုင်းတော့ဘူးနော်၊ အင်း…ဆရာအတော်လေး ဟုတ်လာပြီ'

'ဟာ…ဖြူပွင့်ကလဲ'

နှစ်ယောက်သား ရယ်သည်။

'ထွန်းဝေအောင်က ရက်ကိုးရက်ကန်းဖြင့် ဖြူပွင့် ကမ်းပေးသည့် သွားပွတ်တံကို လှမ်းယူရင်း သွားကို ဖိတိုက်သည်။

သွားတိုက်ပြီးလျှင် ခံတွင်းဆေးရည် ရေခွက်လေးနှင့် ရေအပြည့်ထည့်ကိုင်ပြီး စောင့်နေသည့် ဖြူပွင့်ကိုကြည့်ပြီး ထွန်းဝေအောင်ရင်ထဲ သိမ့်ခနဲ တုန်လှုပ်၏။

◆ ◆ ◆

(၉)

“ကိုဝေယံကိုဘာဖြစ်လို့အဖော်ခေါ် မလာတာလဲဖြူပွင့် မနက်
စာအတွက် ကော်ဖီနှင့် ပေါင်မုန့်ကို ဖြူပွင့်က ပလတ်စတစ်အိတ်ဖြင့်
ဝယ်လာသည်။

စားသောက်ပြီးသောအခါ ထွန်းဝေအောင်က စကားစသည်။
ဖြူပွင့်က…

“ငွေတစ်သောင်းကိစ္စကို သူမသိစေချင်လို့ဆရာ၊ သူက အဲဒီ
ပိုက်ဆံကို ဖြူပွင့်ယူဖို့ပဲ ပြောတယ်”

“ဟုတ်တယ် ဖြူပွင့်၊ အဲဒီပိုက်ဆံတွေ ပြန်ယူသွားပါ၊ မနေ့က
ခြေထောက်ကိစ္စ ပေါ်လာတာနဲ့ အဲဒီပိုက်ဆံကိစ္စပြတ်သွားတယ်၊ ပြန်ယူ
သွားပါ၊ ဖြူပွင့် သုံးချင်ရာသုံးလိုက် ကိုယ့်ပိုက်ဆံဆိုရင်လဲ ကိုယ်က
ဖြူပွင့် သုံးဖို့ ပြန်ပေးတယ်လို့ သဘောထားလိုက်”





“မဟုတ်ဘူးဆရာ၊ ဒီပိုက်ဆံကို ဖြူပွင့်က ဆရာ့ကိုပဲ သုံးစေ
ချင်လို့”

“ကိုယ့်မှာ သုံးစရာမရှိဘဲ၊ သုံးဖို့ ပိုက်ဆံ မလိုဘဲနဲ့ ပိုက်ဆံ
တွေ ကိုယ့်မှာ အပိုမထားတတ်ဘူး၊ လောကမှာ ငွေရယ်၊ ကျော်ကြား
မှုရယ်၊ အချစ်ရယ်ဟာ လူတစ်ယောက်မှာ ရှိသင့်တာ
ထက်ပိုရှိနေရင် အဲဒီလူကို ဒုက္ခပေးတတ်တယ်ဆိုတဲ့ စကားကို ကိုယ်
လက်ခံတယ်၊ မလိုအပ်ပဲ ပိုက်ဆံတွေအများကြီး ကိုယ်မကိုင်ထား
ချင်ဘူး”

“ဟာ…ဆရာမှာ ဘာဖြစ်လို့ သုံးစရာကိစ္စ မရှိရမှာလဲ၊
ဆရာ့အိမ်မှာ ဘာမှ ပြည့်ပြည့်စုံစုံမရှိဘူး၊ အိမ်တစ်အိမ်မှာ သူ့ဟာနဲ့
သူ လိုအပ်တာလေးတွေတော့ ရှိနေရမှာပေါ့”

“ဘာလုပ်ဖို့လဲ ဖြူပွင့်”

“အို…လိုရင် သုံးရတာပေါ့”

“ကိုယ်ဟာ ဘဝမှာ လိုအပ်တဲ့အရာတွေ နည်းနိုင်သလောက်
နည်းအောင် လျှော့နေတဲ့သူပါ ဖြူပွင့်၊ နောက်ဆုံးတစ်နေ့မှာ ကိုယ်ဟာ
ဘာဆို ဘာမှလိုအပ်တဲ့ အရာမရှိတဲ့ လူဖြစ်အောင် ကြိုးစားနေတာ”

“ဟင်း…ဟင်း၊ ဖြူပွင့်နဲ့ ဆရာစတွေ့တုန်းက ဖြူပွင့်ကို

ဆရာသုံးခဲ့ဖူးတဲ့ စကားနဲ့ပဲ ဆရာ့ကို ပြန်ပြောရရင် အဲလောက်လဲ စိတ်ကူးမယဉ်ပါနဲ့ ဆရာရယ်၊ လူဆိုတာ ဘယ်လိုလူမျိုးဖြစ်ဖြစ် လိုအပ်တဲ့ အသုံးဆောင်ပစ္စည်းဆိုတာတော့ အနည်းနဲ့အများ ရှိစမြဲပါ”

“ကိုယ်တော့ ဘာမှမလိုချင်ပါဘူး ဖြူပွင့်”

“ရတယ်လေ၊ ဒါဖြင့်အဲ့ဒီပိုက်ဆံနဲ့ ဆရာ့မှာ လိုအပ်မယ်ထင်တာတွေ ဝယ်ပေးလိုက်မယ်၊ ဆရာ့မှာ လိုအပ်နေတာတွေ အများကြီးပါ”

ဖြူပွင့် စကားကြောင့် ထွန်းဝေအောင် ဘာမှဆက်မပြောဘဲ ငြိမ်သက်လိုက်သည်။ ပြီးမှ ရှေ့စာစောက ပြတ်တောက်သွားခဲ့သော စကားကို ပြန်ဆက်သည်။

“ဒါနဲ့ ခုနဖြူပွင့်ကို ဘာဖြစ်လို့ ကိုဝေယံအဖော်ခေါ်မလာလဲလို့မေးတဲ့အခါ ဖြူပွင့်က ငွေတစ်သောင်းကိစ္စ ကိုဝေယံမသိစေချင်လို့…လို့ ဖြေခဲ့တယ်နော်”

“ဟုတ်တယ်ဆရာ”

“အဲဒါ မနေ့ကကိစ္စပဲ၊ ဒီနေ့ကျတော့ကော ဘာဖြစ်လို့ခေါ်မလာတာလဲ”

ဖြူပွင့်က ရယ်သည်။





“ဒီနေ့လဲ အဲဒီကိစ္စကြောင့်ပဲလို့ ပြန်ဖြေရင်ကော ဆရာကျေနပ်မလား”

“အဲဒါဆိုရင်တော့ ဘာဖြစ်လို့လဲ အဲဒီကိစ္စ မသိစေချင်တာလဲဆိုတာ ဒီထက်ပိုရှင်းပြရတော့မှာပေါ့ ဖြူပွင့်၊ ဘာကြောင့်ဆိုတာ ကိုယ်ထင်တာပြောရမလား”

“ပြောကြည့်လေဆရာ၊ ဟုတ်ရင်ဖြူပွင့် ခေါင်းညိတ်မှာပေါ့”

“ကိုယ်ထင်တာတော့ ကိုယ့်ဆီဖြူပွင့်လာလာနေတဲ့ ကိစ္စနဲ့ပက်သက်လို့ သူ့မှာ မလွှဲသာလို့သာ လုပ်ပေးရတာ၊ စိုးရိမ်မကင်းတဲ့ စိတ်တွေ ဖြစ်နေတာ အများကြီးတော့ ရှိမှာပဲလို့ အောက်မေ့တယ်၊ အဲဒါ ဟုတ်လား”

“အင်း…ဒီကိစ္စ ဆရာသိသားပဲ”

“ဘာလို့ မသိရမှာလဲဖြူပွင့်၊ ကိုယ်ဟာအကျင့်စာရိတ္တမကောင်းတဲ့လူ လူလိမ်လူရှုပ်ဘဝနဲ့ တစ်ခါက ရှိခဲ့ဖူးတယ်ဆိုတာ သူတစ်ယောက်တည်း သိနေတဲ့ အသိမှ မဟုတ်ဘဲ၊ ကိုယ့်ကို လူတော်တော်များများက ဒီအတိုင်းသတ်မှတ်လိုက်တာပဲ”

“အဲဒါကော ဟုတ်သလားဆရာ၊ ဆရာဟာ မိန်းမကိစ္စနဲ့လဲ အရှမ်းပွေခဲ့ ရှုပ်ခဲ့ဖူးတယ်တဲ့၊ ဆရာနဲ့ ဆက်ဆံတဲ့နေရာမှာ

ဖြူပွင့်ကိုလဲ သူစိတ်မချဘူး၊ ဖြူပွင့်ကို အရမ်းသတိထားခိုင်းတယ်'

'ဟုတ်တယ် ဖြူပွင့် သူပြောတာ အမှန်ပဲ၊ ကိုယ်နဲ့ ပက်သက်ရင် အရာရာတိုင်းကို ဖြူပွင့်သတိထားနေ'

'ဒါဖြင့် ဖြူပွင့် မရှင်းလို့တစ်ခုမေးမယ်၊ အရင်တုန်းက သူများတွေဆီက ငွေလိမ်ခဲ့ဖူးလို့ ထောင်ကျတဲ့အထိ ဖြစ်ခဲ့တယ်ဆိုတဲ့ လူက အခုကျတော့ ဖြူပွင့် အတင်းပေးနေတဲ့ ငွေတစ်သောင်းကို တောင် ဘာဖြစ်လို့ ငြင်းနေရတာလဲ'

'ဒါလဲ ရှင်းပါတယ်၊ အရင်တုန်းက ကိုယ့်မှာသုံးစရာ ကိစ္စတွေ အများကြီးရှိလို့ သူများဆီက မပေးတဲ့ပိုက်ဆံကိုတောင် လိမ်ယူတယ်၊ ခုကျတော့ သုံးစရာကိစ္စမရှိတဲ့ အတွက်သူများဆီက မတောင်းဘဲနဲ့ လာပေးတဲ့ ပိုက်ဆံကိုတောင် ငြင်းလွှတ်တယ် ဒါပဲပေါ့'

'ဟင်း ဟင်း၊ ဒါဆိုရင် နောက်ထပ် မေးခွန်းတစ်ခုကို တောင် ထပ်မေးလိုက်ချင်သေးတယ် ဆရာ'

'မေးလေ၊ ဖြူပွင့်'

'တခြားမဟုတ်ပါဘူး၊ အဲဒါဆို အရင်က မိန်းမရှုပ်ခဲ့ပွေခဲ့လို့ ကိုဝေယံကတောင် စိတ်မချနိုင်ဖြစ်နေတဲ့သူက ဖြူပွင့်ကျတော့ ဆရာ့ အိမ်ကို တစ်ယောက်တည်းတောင် အလာမခံဘဲ ဘာဖြစ်လို့ အတင်း





နှင်လွှတ်ရတာလဲ'

'ဒါလဲ ရှင်းပါတယ် ဖြူပွင့်၊ အရင်တုန်းကအချစ်ဆိုတာဟာ ကိုယ့်အတွက် လိုအပ်တဲ့ အရာထင်လို့၊ ချစ်သူတွေအများကြီးထားခဲ့၊ သူတို့ပြောသလို ရှုပ်ခဲ့ပွေခဲ့တာပါ'

'ခုကျတော့ကော'

'ခုကျတော့ ကိုယ့်အတွက် ဘာမှအသုံးမဝင်တဲ့ မလိုအပ်တော့တဲ့အသုံးဆောင်ပစ္စည်းထဲမှာ အချစ်လဲပါသွားပြီ၊ မိန်းကလေးတွေလဲ ပါသွားပြီ'

'ဒါပေမယ့် ခုလို ဆရာနေမကောင်းတော့၊ အိပ်ရာပေါ်က မထနိုင်တော့ ဖြူပွင့်ကိုတစ်ခု ပြောပြပါလား'

'ဘာပြောပြရမှာလဲ ဖြူပွင့်'

'ဆရာ့ဘဝကြောင်းပေါ့၊ ဆရာတစ်ချိန်က ဘာတွေဖြစ်ခဲ့ တယ်၊ ခုဘာတွေဖြစ်နေတယ် ဆိုတာပေါ့၊ ဆရာပြောပြရမယ်'

'ပြောပြရင်ဖြူပွင့် ကိုယ့်ကိုတစ်ယောက်တည်း ထားခဲ့ပြီး ပြန်သွားမလား'

'ရှင်'

'အဲ့ဒီ ကတိရရင်တော့ ကိုယ်ပြောပြပါ့မယ်၊ အဲ့ဒီကတိပေးပြီး

ရင် နောက်ကိုလဲ ဖြူပွင့်ကိုယ့်ဆီ တစ်ယောက်တည်း ဘယ်တော့မှ မလာနဲ့တော့'

သူ့စကားအဆုံးမှာ ဖြူပွင့်မျက်နှာလေး ငယ်သွားသည်။

ဖြူပွင့်၏ မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ ရစ်ဝဲလာသည်ကိုလည်း ထူးဆန်းစွာ မြင်တွေ့လိုက်ရ၏။

'ဟင့် အင်း…မပြောနဲ့တော့ဆရာ၊ ဖြူပွင့်နားမထောင်ချင်ဘူး၊ ဖြူပွင့်အဲဒီ ကတိကိုလဲ ဘယ်တော့မှ မပေးနိုင်ဘူး'

◆ ◆ ◆



အပိုင်း သုံး

(ထားဝစဉ်သာ ရည်ရွယ်ရာ)

(၁)

ဘဝ…။

ဘဝ၏အကြောင်းကို ပြောလျှင် ဘယ်က စ၍ပြောရမည်

ည်း။

သူငယ်စဉ် ကလေးဘဝသည် သန့်ရှင်းသော နေ့ရက်များ

ဖြစ်၍ အပြာရောင် မိုးကောင်းကင်ကြီးကို ချစ်မြတ်နိုးစွာဖြင့်ကြီးပြင်းခဲ့

ရသည်။

သူ့ကို ဉာဏ်ကောင်းသည်ဟု လူအတော်များများက ချီးကျူး

ကြ၏။ အတန်းထဲမှာ စာတော်ပြီး အပြင်မှာလည်း စာတွေအများကြီး

တ်သည်။

သို့အတွက် သူသည် ရှိရင်းအသက်ထက်အသိဉာဏ်က

သုံးလေးနှစ် ကြီးနေသည်ဟု ဆရာတစ်ယောက်က မှတ်ချက်ပေ
သည်။

သူငါးတန်းလောက်မှာ ကဗျာရေးချင်စိတ် စာစပ်သင်ဆိုသေ
ထိုစဉ်က ထုတ်ဝေသည့် ကလေးဂျာနယ်ပါ အခန်းဆက်ဆောင်းပါးက
ဖတ်ပြီး ကဗျာစ,ရေးရန် စာစပ်ကျင့်သည်။

ထိုဆောင်းပါးထဲမှ ကဗျာ၊ ကာရံအလေ့အကျင့် သဘော
ရရန် တစ်နေ့လျှင် သံပေါက်၊ လေးလုံးစပ် ကဗျာလေးများ သုံးပု
လောက် ရေးကျင့်ပါဟုပါသဖြင့် နေ့စဉ်သူ ကဗျာသူခြောက် ပုဒ်ရေးပြီ
လေ့ကျင့်ခဲ့သည်။

နောက်ပိုင်းမှာ 'ကဗျာ လမ်းညွှန်'၊ 'ကဗျာ ရေးနည်း
နိသျှည်း' 'ကဗျာစွယ်စုံကျမ်း' အစရှိသော ကဗျာ အလင်္ကာ ရေးနည်း
များနှင့် ဆိုင်သည့် စာအုပ်များကို ကျေညက်အောင် သူဖတ်သည်။

တစ်ဖက်ကလည်း မဂ္ဂဇင်းဇင်းပေါင်းစုံမှ ကဗျာများ၊ ကဗျာလုံး
ချင်းစာအုပ်များ ရနိုင်သမျှ အဟောင်းအသစ်၊ မုန့်ဖိုးထဲက စုဝယ်၍
တအားဖတ်သည်။ အလွတ်ကျက်သည်။

ခုနစ်တန်း၊ ရှစ်တန်း ရောက်သောအခါ သူ့ကဗျာလေးများကို
တိုင်းရင်းမေစသော မဂ္ဂဇင်းငယ်များ လစဉ်တွေ့ရှိလာရသည်။





အမည်ရင်း ဝေအောင်ရွှေ့ဗေဒင် မဟာဘုတ်အရ သူက အထွန်းဖွားမို့
ထွန်းဆိုသော စကားလုံးလေး ရှေ့ကခံကာ ထွန်းဝေအောင် ဆိုသည့်
လောင်အမည် နာမည်ကလေးကို ဘယ်သူနဲ့မှမတိုင်ပင်ပဲ သူစိတ်
ကူးနှင့် သူယူခဲ့သည်။

ကိုးတန်း ဆယ်တန်းလောက်ကျတော့ ရှုမဝ၊ ငွေတာရီ၊
မြဝတီ၊ သွေးသောက်စသော မဂ္ဂဇင်းကြီးများတွင် သူ့ကဗျာလေးများ
တွကြားဝင်တိုးလာနိုင်သည်။

ဝတ္ထုကိုတော့ သူတက္ကသိုလ်ရောက်မှ စရေးသည်။

ရှုမဝ ချစ်ကိုယ်တွေ့၊ ကျောင်းနှစ်လည် မဂ္ဂဇင်းတွေတို့မှာ
ဝတ္ထုလေးတစ်ပုဒ်စ နှစ်ပုဒ်စ ရေးပြီးနောက် တခြားမဂ္ဂဇင်းများတွင်
လည်း ဝတ္ထုတိုလေးတွေခဏခဏပါလာသည်။

တတိယနှစ်လောက်မှာ လုံးချင်းဝတ္ထု စ,ရေးဖူး၍ တစ်
ကျောင်းတည်းနေ သူငယ်ချင်း ထုတ်ဝေသူ တစ်ယောက် ကျေးဇူးဖြင့်
တက္ကသိုလ် ဓာတုဗေဒနောက်ဆုံးနှစ်မှာ သူ့ဝတ္ထုစ,ထွက်သည်။

ပထမဆုံး စ,ထွက်သည့်ဝတ္ထုကလေးမှာပင် ပရိသတ်က
ထူးလက်ခံအားပေးသဖြင့် သူ့နာမည် တစ်ရှိန်ရှိန်တက်လာသည်။

တစ်အုပ်လျှင်သောင်းနှစ်ချီသော စာမူခကိုရသည်။

သိန်းဂဏန်းကို ထုတ်ဝေသူထံမှ အချိန်မရွေးထုတ်သုံးနိုင်သည်။ သို့အတွက် အသက်ငယ်ငယ်နှင့်ပင် သူမြို့ထဲမှာ တိုက်ခန်းတစ်ခန်း၊ ကားတစ်စီးကိုယ်ပိုင်ရှိလာသည်။

ထိုအဆင့်မှာ သူအသက်နှစ်ဆယ့်ငါးနှစ်သာ ရှိသေးသည်။

ဤသည်မှာ ထွန်းဝေအောင်၏ စာပေနှင့် စပ်လျဉ်းသော ဘဝဖြစ်စဉ်အကျဉ်းဖြစ်၏။

◆ ◆ ◆

စာပေနဲ့ ပက်သက်လာရင် ကိုယ့်ဘဝဟာ အရမ်းကြိုးစား၊ အရမ်းအောက်သက်ကျေခဲ့သလို တကယ်လဲ ကိုယ်ဟာ ကိုယ့်စာပေနဲ့ ဆိုင်တဲ့ အနုပညာကို ချစ်မြတ်နိုးခဲ့တာပါ။

ဒါပေမယ့် ပြဿနာက ကိုယ့်မှာအရွယ်နဲ့ မမျှအောင် ရလာတဲ့ကျော်ကြားမှုနဲ့ ငွေကြေးတွေပဲ။

ပြီးတော့ အချစ်။

မိန်းကလေးတွေနဲ့ပက်သက်လာရင် ကိုယ့်ဘဝ ရှေ့ပိုင်းကံကြမ္မာဟာ မကောင်းခဲ့ဘူး ဖြူပွင့်။





ကိုယ့်ဘဝမှာ မိန်းမသား တစ်ယောက်ဆီက အကြင်နာနဲ့ မေတ္တာကို သိပ်တောင့်တခဲ့ရဖူးတယ်။

ဆိုပါတော့။ စ,ပြောရရင် ကိုယ့်ဘဝရဲ့ရှေ့ပိုင်းကာလတွေမှာ ...ခင်ရဲ့ ယုယကြင်နာမှုကို မခံစားခဲ့ရဖူးဘူး။ အမေဟာ ကိုယ့်ကို ...မွေးပြီး မီးတွင်းထဲမှာပဲ ဆုံးသွားတယ်။

အဲဒီတော့ ကြင်နာနွေးထွေးတဲ့ မိခင်ရဲ့ ရင်ခွင်ဆိုတာကို ...ကိုယ်ဘာမှမသိခဲ့ရဘူး။ ပြီးတော့...စုစုပေါင်းမှ တစ်ယောက်တည်းပဲ ...အဖေက ကိုယ့်ကို မွေးခဲ့တာ။ ကိုယ့်မှာအစ်မ မရှိဘူး၊ ညီမ မရှိဘူး၊ ...စ်ကို မရှိဘူး၊ ညီမရှိဘူး။

ကိုယ်သုံးလေးနှစ်သား အရွယ်ရောက်တော့ အဖေက နောက် ...အိမ်ထောင် ပြုသွားတယ်။ ကိုယ့်ကိုလဲ အဘိုးအဘွားတွေလက်ထဲထား ...ခဲ့တယ်။

ဒါကြောင့် ကိုယ်ကြီးပြင်းလာရတာ သိပ်အထီးကျန်ဆန်ခဲ့ ...ယ်။

ဒါကြောင့်လဲ ကိုယ်အရွယ်လေးရလာတာနဲ့ မိန်းမသားတစ် ...ယောက်ရဲ့ မေတ္တာကိုအသာငမ်းငမ်းတောင့်တပြီး ရည်းစားထားဖို့ ...ကြိုးစားခဲ့တယ်။

ပထမဆုံး ကိုယ်သိပ်ချစ်ခဲ့တဲ့ မိန်းကလေးဟာ ကိုယ့်ကို လုံး၀ ဂရုမစိုက်ဘူး။ သူ့ကို ကိုယ်ဘယ်လိုချစ်ရေးဆိုပြီး ချစ်ခွင့်ရဖို့ ကြိုးစား ကြိုးစား ကိုယ့်ကို အနားကပ်မခံတဲ့အပြင် ဘယ်လို လုပ်ရမယ် ဆိုတာမသိခဲ့ဘူး။

အဲဒီမှာ ကိုယ်အသည်းကွဲသလို ခံစားလိုက်ရပြီး နောက်ကျ တော့ကိုယ့်မှာ ရည်းစားတစ်ယောက်ရလာတယ်။ ဒါပေမယ့် သူကလဲ ကိုယ့်ကို ခဏပဲချစ်ပြီးပြစ်သွားခဲ့တာပါပဲ။

အဲဒီမှာ ရည်းစားတွေမှိုလိုပေါက်အောင် ထားနေတဲ့ ကိုယ့်သူ ငယ်ချင်းတစ်ယောက်က မိန်းမတွေနဲ့ ပက်သက်တဲ့ နည်းစနစ်တွေ အကြောင်းပြောပြပြီး၊ ဒါကလဲ ပညာတစ်ရပ်ဖြစ်တယ်၊ အဲဒီပညာကို ကျွမ်းကျင်တတ်မြောက်ပြီး၊ မိန်းမ တစ်ယောက်ရဲ့ အချစ်ကိုရဖို့ မခက် ပါဘူး ဆိုပြီး သူတတ်သလောက်နည်းတွေ သင်ပေးတယ်။

ကိုယ် သိပ်စိတ်ဝင်စားသွားတယ်။

အဲဒီ သူငယ်ချင်းက ဘာပြောတယ်မှတ်လဲ။

"ဝေအောင် မင်း ငါပြောတဲ့ စကားကိုယုံ၊ မင်းမှာ ရုပ်ရည်လဲ ရှိတယ်၊ ပညာလဲ တော်တယ်၊ အကျင့်လဲ ကောင်းတယ်၊ ဒါပေမယ့် မင်းကို ဘယ်ကောင်မလေးကမှ မကြိုက်ဘူး၊ မင်းလောက် အစွမ်းအစ





ရုပ်ရည်မှ မရှိတဲ့ငါ့မှာ ရည်းစားတွေ ရိုက်သတ်လို့ မကုန်ဘူး၊ အဲ့ဒီတော့ အကုန်သင်ပေးမယ်တဲ့" တဲ့။

ခုပြန်တွေးကြည့်ရင်တော့ အဲဒီကိစ္စတွေက မကောင်းပါဘူး။ ဒါပေမယ့် ဟိုတစ်ချိန်တုန်းကတော့ မရဘူးလေ။ သိတယ်မဟုတ်လား ကိုယ်ဆိုတဲ့ ကောင်ကလဲ အတတ်ပညာ တစ်ခုဆိုရင် အိတ်သွန်ဖာ မှောက် မရရအောင် သင်ယူလိုက်ရမှ ကျေနပ်တဲ့သူ။

အဲဒီအပေါင်းအသင်း ကောင်းမှုနဲ့ကိုယ် ရည်းစားသုံးယောက် ထားနိုင်လာတယ်။

နောက်ကျတော့ ပိုဆိုးတာပေါ့။ တစ်ဖက်က နာမည်လေးက လဲ ရလာ၊ ငွေကလဲ အလျှံပါယ်သုံးနိုင်၊ ကိုယ်ပိုင် အခန်းနဲ့ ကားတစ် စီးကလဲရှိ။

ကိုယ် ရှုပ်ခဲ့ပွေခဲ့တယ်ဆိုတာ အမှန်ပဲဖြူပွင့်။

ဘယ်လောက်အထိ ရှုပ်ခဲ့ပွေခဲ့သလဲဆိုရင် မိန်းမတစ် ယောက်ကို အတည်တကျ လက်ထပ်ပေါင်းသင်းချင်စိတ်ကို မရှိဘူး။ တွဲချင်တိုင်းကလဲ တွဲလို့ရနေတော့ တယောက်ပြီး တစ်ယောက်တွဲ နေရတာကိုပဲ တကယ်ပျော်စရာဘ၀ကြီးလို့ အောက်မေ့ခဲ့တယ်။

ဒါပေမယ့် လောကမှာလည်လွန်းတဲ့ဘီး ချေးသင့်ဆိုတဲ့

စကားရှိတယ်မဟုတ်လား။

ကိုယ်အရမ်းအောင်မြင်တဲ့ အချိန်မှာ ကိုယ်အတည်တက လက်ထပ် မပေါင်းသင်းလို့ ရကိုမရတဲ့ အဖြစ်တစ်ခုနဲ့ ကြုံပြီး ကိုယ် မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရတယ်။

သိတယ်မဟုတ်လား ဖြူပွင့်။ ကိုယ်လိုကောင်မျိုးကို အပိုင် ဖမ်းပစ်လိုက်နိုင်တဲ့ မိန်းမဆိုကတည်းက တော်ရုံတန်ရုံလည်တဲ့မိန်း မဟုတ်ဘူး။ တကယ့်ကို မိန်းမလည် သိန်းကြွယ်ဆိုတဲ့ မိန်းမမျိုး အရပ်ပျက်မ၊ ပြည့်တန်ဆာသာသာပဲရှိတဲ့မိန်းမနဲ့ ကိုယ်ယူလိုက်ရတယ်

အဲ့ဒီမှာ ကိုယ်လဲ ပြဿနာအကြီးအကျယ်တက်တော့တာပဲ

ဝဋ်ဆိုတာက အဲဒါပဲလို့ ထင်တာပဲ။

သိပ်ကြောက်ဖို့ကောင်းတယ် ဖြူပွင့်။

◆ ◆ ◆





(၂)

ဘဝဆိုတာ မလျှောက်တတ်ရင် သိပ်ကြောက်ဖို့ကောင်းတယ် ဖြူပွင့်။

လောကမှာ ကျော်ကြားမှုရယ်၊ ငွေကြေးရယ်၊ အချစ်ရယ်၊ အဲ့ဒီ**သုံး**ခုလူတစ်ယောက်မှာ၊ တစ်ခုခုလိုအပ်တာထက် ပိုရှိလာရင် သိပ်အန္တရာယ်ကြီးတယ်ဆိုတာလေ။

ကိုယ့်မှာ ကျော်ကြားမှုကော ငွေကောအလျှံပါယ်ဖြစ်နေတယ်။

ပြီးတော့ ကိုယ်မရွေးချယ်ဘဲ ရလိုက်တဲ့ အချစ်၊ အိမ်ထောင် ရေးက အဆင်မပြေနိုင်တဲ့ အိမ်ထောင်ရေး။ အချစ်။

မလိုချင်ဘဲ ရလိုက်ရတာဆိုတော့ အိမ်ထောင်ရေးဆိုတာ

ကိုယ့်မှာ ဘာအဓိပ္ပာယ်မှ မရှိဘူး။ အဲ့ဒီတော့ ကိုယ့်နှလုံးသား ကျေနပ် မှုကို အရင်းတုန်းက ရှုပ်ခဲ့ပွေခဲ့တဲ့နည်းနဲ့ပဲ ပြန်ရှာတော့တာပဲ။

တစ်ဖက်ကလဲ စိတ်ညစ်လာတော့ ကိုယ့်ဆီမှာအလျှံပါယ် ဖြစ်နေတဲ့ ငွေကြေးတွေဟာ ကိုယ်မဟုတ်တာလုပ်နိုင်ဖို့ နောက်ကနေ တွန်းအားပေး နေတာတွေ ဖြစ်ကုန်တော့တာပဲ။

ကိုယ်ထင်ရာ လုပ်တော့တာပဲ။ အရက်သောက်တယ်။ ဖဲရိုက် တယ်။ စိတ်ချမ်းသာမယ်ထင်တဲ့၊ ကိုယ့်ကို ချစ်တယ်လည်းထင်တဲ့ မိန်းကလေးတွေနဲ့ လျှောက်တွဲပစ်တယ်။ အိမ်မှာကို ကိုယ်မကပ် တော့ဘူး။

ဒါပေမယ့် တစ်ခုတော့ အာမခံရဲတယ်ပါတယ် ဖြူပွင့် ရယ်…ဘယ်မိန်းကလေးတွေ ဘယ်လောက်ပဲတွဲတွဲ၊ အဲဒီမိန်းကလေး တွေရဲ့ဘဝကို ထိခိုက်အောင် ယုတ်မာတဲ့ အလုပ်မျိုးကိုယ် ဘယ်တော့ မှမလုပ်ဘူး။

နောက်တစ်ခုက မကောင်းတဲ့မိန်းမတွေနဲ့ ကိုယ်လုံးဝမပတ် သက်ဘူး။

ကိုယ်ရှုပ်တယ် ပွေတယ်ဆိုတာက နာမည်ပျက်ရုံ သက် သက်ပါ။





အဓိက ကတော့ ဘာကိုမှ အတည်တကျတည်ဆောက်လို့ မရဘဲ ဘဝမှာ လေလွင့်ပစ်လိုက်တာပဲ။

နောက်ဆုံးကျတော့ ငွေကိုသာသုံးပစ်နေပြီး၊ ထပ်ရှာဖို့ အလုပ် ကို သေချာမလုပ်ဘဲ နေလိုက်တော့ ကာလတိုတိုအတွင်းမှာပဲ ကိုယ့်မှာ ကြွေးတွေပတ်လည်ဝိုင်းလာတယ်။

လိုသလိုယူလို့ရနေတဲ့ ထုတ်ဝေသူတွေဆီက ရသလောက် ယူထားတဲ့ ငွေတွေဟာ ကိုယ်ပျက်စီးပြီး အလုပ်မလုပ်နိုင်တဲ့ အချိန် လဲကျရော ကိုယ့်ကို ဒုက္ခပေးမယ့် အရာတွေဖြစ်လာတယ်…။

ထုတ်ဝေသူတွေကို စာမူတွေလဲမပေးနိုင်၊ ငွေလဲမဆပ်နိုင်နဲ့ နောက်ဆုံးမှာ လိမ်လည်မှုဆိုပြီး ဝိုင်းတရားစွဲလိုက်ကြတာ ကိုယ်ထောင် တစ်နှစ်ကျသွားတယ်။

အဲ့ဒီအချိန်မှာ ကိုယ်လက်ထပ်ခဲ့ရတဲ့ မိန်းမကလဲ ကိုယ်ပိုင် ပစ္စည်းတွေ၊ ကားနဲ့တိုက်ခန်းတွေ ကိုယ်မသိအောင်ရောင်း၍ပြီး အဲ့ဒီ ပိုက်ဆံတွေ အကုန်လုံးနဲ့ပျောက်သွားတော့တယ်။

အဲဒါပဲဖြူပွင့်။

ထောင်ထဲကနေ ပြန်ထွက်လာတဲ့ အခါကျတော့ လောကကြီး နဲ့လူတွေကို ကိုယ်သိပ်စက်ဆုပ်သွားတယ်။ ကိုယ့်ကိုယ်ကိုယ်လဲ

အရမ်းစက်ဆုပ်ရွံရှာမုန်းတီးသွားပြီး ဒီနေရာမှာ ဒီလိုပုံစံနဲ့လာနေလိုက်တော့တာပဲ။

ကိုယ့်အနုပညာကို ကိုယ်အလွဲသုံးစားလုပ်မိပြီး အောင်မြင်ကျော်ကြားမှုတွေနဲ့ ကိုယ့်ဘဝကိုယ် ဖျက်ခဲ့တဲ့ လူဆိုတော့ အဲဒီအနုပညာကိုလဲ အားနာ၊ ကိုယ့်ကိုယ်လဲ ဒဏ်ပေးတဲ့အနေနဲ့ အဲဒီလောကထဲကို ဘယ်တော့မှ ကိုယ်ပြန်မဝင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမယ့် ကိုယ်သွေးထဲ သားထဲက အနုပညာ ဗီဇ၊ အနုပညာ ဖန်တီးချင်စိတ်က ထိန်းမ၊ ဖျောက်မရတော့ ကိုယ်ရေးချင်တဲ့ ဝတ္ထုလေးတွေကို ဒီနေရာမှာပဲ တစ်ယောက်တည်း ရေးရေးထားတယ်။

ဒီဝတ္ထုတွေအတွက် စားဖို့သောက်ဖို့ ငွေနည်းနည်းရရင် အနုပညာလောကသားတွေ ဘာသုံးသုံး သုံးပါစေဆိုပြီး ကိုယ်ပေးပေးပစ်တာပဲ။ ပေးချင်တဲ့စိတ်ရှိတဲ့ လူဆိုရင်ပေါ့လေ။

ဒါပေမယ့် ကိုယ်ကတော့ အဲ့ဒီလောကထဲကို ဘယ်တော့မှ ခြေပြန်မချတော့ပါဘူး။

နောက်ဆုံး ကိုယ့်ဆီမှာ ရှိနေတဲ့အနုပညာလက်ကျန်တွေ အားလုံးကို ကိုယ်စေတနာရှိ၊ ကြိုးလဲကြိုးစား ရိုးလဲရိုးသားတဲ့လူ၊ တစ်ယောက်ယောက်လက်ထဲ လွှဲပြောင်းပေးအပ်လိုက်ချင်တာပဲ။





ကိုယ့်ဘဝတစ်ခုလုံးမှာ နောက်ဆုံးနှမြောစရာအနေနဲ့ ကျန်ခဲ့တာက ဒီတစ်ခုပဲ ရှိတော့တယ် မဟုတ်လား။ အဲဒါကို တကယ်တန်ဖိုးရှိရှိ သုံးချင်တဲ့ လက်ထဲလူကိုထည့်ပေးလိုက်ရင်၊ သူ့အတွက်ကော အနုပညာ လောကအတွက်ကော တန်ဖိုးရှိမယ်၊ ကိုယ့်ဆီမှာ ရှိနေလို့ကတော့ ဒီပညာတွေဟာ အလဟဿ ပျက်စီးပျောက်ဆုံးကုန်မှာပဲ။

ဖြူပွင့်ကို တွေ့တော့ ဖြူပွင့်ရဲ့ ရိုးသားမှု၊ ကြိုးစားမှုလေးတွေကို ကိုယ်သိပ်သဘောကျသွားတယ်။ ငယ်တော့ကိုယ့်ဆီက အနုပညာတွေကိုသာ လက်ဆင့်ကမ်း ယူသွားနိုင်ရင် အနုပညာလောကမှာ အကြာကြီး တည်တံ့ နိုင်မြဲနိုင်မှာပဲလို့လဲ တွေးမိတယ်။

ဒါကြောင့် ဒီလောက် ပေါက်လွှတ်ပဲစား နေနေတဲ့ကြားက ဖြူပွင့်ကို ကိုယ်တကူးတက သင်ပေးဖို့ လက်ခံလိုက်တာပဲ။

ဒါပေမယ့်…။

◆ ◆ ◆

'ဒါပေမယ့် ဘာဖြစ်လဲဆရာ'

'ဒါပေမယ့် ဖြူပွင့်ကို လက်ဆင့်ကမ်းပေးချင်တာ ကိုယ့်အနု

ပညာ တွေပဲဖြစ်ချင်တယ်၊ ဘဝဟောင်းက ကိုယ့်မကောင်းမှု အရိပ်မည်းတွေကိုတော့ ဖြူပွင့်ဆီ တစ်စတစ်စက်လေးတောင် ရိုက်ခတ်စွန်းထင်းမသွားစေချင်ဘူး ဖြူပွင့်"

"သြော်…ဒါကြောင့် ဖြူပွင့်ကို ဆရာက ခဏခဏနှင်ထုတ်နေတာကို"

"ဟုတ်တယ်၊ ဖြူပွင့်၊ ကိုယ်က မိန်းကလေးတွေနဲ့ ပက်သက်လာရင် ကောင်းကျိုး လုံးဝပေးခဲ့တဲ့ သူတော့ မဟုတ်ဘူး ဖြူပွင့်ကိုကိုယ်နဲ့ အနုပညာရေးပဲ ပတ်သက်စေချင်ပြီး ပုဂ္ဂိုလ်ရေးမှာ အဝေးကြီးကရှိချင်တယ်၊ ကိုယ့်ကြောင့် ဖြူပွင့်ဘဝမှာ မကောင်းကျိုးတစ်ခုခု ရသွားမှာ စိုးရိမ်တယ်"

နောက်တစ်ခုတော့ ကိုယ်ဟာ ငယ်ငယ်လေးကတည်းက မိန်းမသား တစ်ယောက်ရဲ့ အကြင်နာ အယုအယ ငတ်မွတ်ခဲ့သူဆိုတော့ ဖြူပွင့်နဲ့ နီးစပ်ရင် ဖြူပွင့်ဆီက ရလာမယ့်အကြင်နာ အယုအယလေးတွေကို ကိုယ်တွယ်တာ မက်မောသွားမိမှာ စိုးတယ် ဖြူပွင့်။ ဒါကြောင့် ဖြူပွင့်နဲ့ ကိုယ်နီးစပ်ဖို့ကို မခံခဲ့တာပါ။ ဒါပေမယ့် ခုကျတော့…ဆိုသောစကားကိုတော့ ဆက်မပြောဘဲ မျိုသိပ်လိုက်သည်။

ဖြူပွင့်က သူ့စကားအဆုံးမှာ ပြုံး၍ ခေါင်းညိတ်သည်။





"ကျေးဇူးပါပဲ ဆရာ၊ ဖြူပွင့်သိချင်တဲ့ ဆရာ့အကြောင်းတွေကိုဘာကတိမှ မပေးရဘဲ ဆရာက ပြောပြလို့ ဆရာကိုကျေးဇူးတင်ပါတယ်"

"ဒါပေမယ့် ဖြစ်နိုင်ရင်တော့ ကိုယ့်ကို အနုပညာကိစ္စတွေနဲ့ပဲပက်သက်ပါ ဖြူပွင့်ရယ်၊ အနုပညာကိစ္စကို ဖြူပွင့် သိက္ခာအထိအရှုံးမခံဘဲ ဆက်စပ်တာကလွဲရင် ကိုယ့်ကို ဖြူပွင့်ပစ်ထားလိုက်ပါ"

ဖြူပွင့်က ရယ်ရင်းနှင့် ခေါင်းခါရင်း…။

"ဒီလိုတော့ ဘယ်ရမလဲ ဆရာရယ်၊ မှိုနဲ့မျှစ်ကိုလိုချင်ပြီးကျဉ်တုတ်မခံချင်လိုကတော့ ဖြူပွင့် ဘယ်တရားမလဲ၊ ဆရာ့ကိုယ်ရေးကိုယ်တာ အရိပ်မည်းကျတော့ နည်းနည်းလေးတောင် အစွန်းထင်းမခံချင်လို့ကတော့ ဖြူပွင့်စိတ်နဲ့ မရဘူး"

"မဟုတ်ဘူးလေး"

"ဟုတ်ပါတယ် ဆရာ၊ အခု ဆရာ့အကြောင်းနဲ့ ဆရာ့သဘောကို ဖြူပွင့်နားလည်သွားပါပြီ၊ ဒီကနေ နောက်ပိုင်းမှာတော့ ဖြူပွင့်ကိုဆရာ ဘယ်လောက်နှင်နှင်၊ ရိုက်ပဲထုတ်ထုတ်၊ ဖြူပွင့်ဘယ်တော့မှဆရာ့အနားက ထွက်မသွားတော့ဘူး၊ ဆရာ့ကိုဖြူပွင့်တတ်နိုင်သလောက်ပြုစုမယ်၊ ဆရာ့ဘဝမှာ လိုအပ်တယ်လို့ထင်တဲ့ အရောမှန်သမျှပဲ

ဖြူပွင့်ဖြည့်ဆည်းပေးမယ်၊ အဲ့ဒါ ဘယ်တော့မှ ပြောင်းလဲမသွားမယ့် ဖြူပွင့် ဆုံးဖြတ်ချက်ပဲ'

'ဟူး'

ထွန်းဝေအောင် လေပူတစ်ချက်မှုတ်ထုတ်သည်။

တစ်လျှောက်လုံး သူကြောက်၊ သူစိုးရိမ်ခဲ့သည့် ကိစ္စမှာလည်း ဖြူပွင့် ဤသို့ဖြစ်လာမည်ကိုပင် ဖြစ်၏။

♦ ♦ ♦





(၃)

'ဟင် ဒါဖြင့် ဒီကြားထဲမှာ ဖြူပွင့်ပျောက်နေတာ ကိုထွန်းဝေအောင်အိမ် သွားသွားနေလို့ပေါ့...ဟုတ်လား'

'ဟုတ်တယ် ကိုကို၊ ပြီးခဲ့တဲ့ ရက်တွေတုန်းက ဆရာနေမကောင်းဘူး၊ အဲဒါကြောင့် ဆရာတစ်ယောက်တည်း ဒုက္ခရောက်မှာစိုးလို့ ဖြူပွင့် သွားပြုစုနေတာ'

'ဟာ...ပြဿနာပဲ ဖြူပွင့်ရာ၊ နေမကောင်းလို့ သွားပြုစုချင်တယ်ဆိုရင်လဲ ကိုယ့်ကို ခေါ်ပါလား၊ ဘာဖြစ်လို့တစ်ယောက်တည်း သွားရတာလဲ'

'တစ်ယောက်တည်းသွားတော့ကော ဘာဖြစ်လဲ ကိုကိုရာ၊ ဆရာနဲ့ပက်သက်လို့ ဖြူပွင့်သေသေချာချာ လေ့လာပြီးပါပြီ၊ ဆရာက

ကိုကိုထင်သလို မဟုတ်ပါဘူး။ ကိုကို့ကို ခေါ်ဖို့လိုအပ်မယ်ထင်ရင် ကိုကို့ ခေါ်သွားမှာပေါ့၊ ခုဟာက မလိုအပ်ပါဘူး'

'မဟုတ်ဘူး ဖြူပွင့်၊ ခုဟာက ဖြူပွင့်သိပ်ရဲတင်းလွန်းအား ကြီးတယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုလုပ်မယ်ကြံရင် ကိုယ်နဲ့တိုင်ပင် ဖို့တော့ ကောင်းတယ်'

'ခုလဲ ဖြူပွင့်၊ ခိုးကြောင်ခိုးဝှက်သွားတာ မဟုတ်ဘူးကိုကို၊ အဲ့ဒီလို ခိုးကြောင်ခိုးဝှက်သွားနေတယ် ထင်မှာစိုးလို့ ကိုကို့ကို ဖြူပွင့် တမင်ဖွင့်ပြောတာ၊ နို့မို့ဆို ဖြူပွင့်သွားတာကိုကို သိမှာမဟုတ်ဘူး'

'ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကိစ္စကို ကိုယ်မကြိုက်ဘူး ဖြူပွင့်'

'ထားပါလေ၊ ကြိုက်တာမကြိုက်တာ တပိုင်းပေါ့၊ ခုဟာ ကလဲ အဲ့ဒီကိစ္စအတွက် ကိုကို့ဆီမှာ ခွင့်တောင်းဖို့လုပ်နေတာ မဟုတ် ဘူး၊ ဖြူပွင့် ကိုကိုနဲ့ ပြောချင်တာက တခြားကိစ္စပါ'

'ဘာကိစ္စလဲ'

'ဖြူပွင့် ပြောတဲ့ကိစ္စကို နည်းနည်းပြင်လိုက်မယ်၊ ခုတိုင်း ဖြူပွင့်နာမည်နဲ့ပဲ ဆရာ့စာအုပ်တွေ ဆက်ထုတ်မယ်၊ အဲဒါ ဖြူပွင့်ရသင့် ရထိုက်တဲ့ စာမူခတွေကိုကို ဖြူပွင့်ကို ထုတ်ပေးပါ'

'ဘယ်လောက်ပေးရမှာလဲ ဖြူပွင့်'





'ဒါတော့ ဖြူပွင့် မသိဘူးလေ၊ ကိုကိုဘယ်လောက်ပေးဖို့ ဆုံးဖြတ်ထားလဲ၊ အဲလောက်ပဲ ပေးပါ'

'အဲဒီကိစ္စဟာ ကိုထွန်းဝေအောင်နဲ့ ဆက်စပ်နေတာလား'

'အင်း…ဆက်စပ်တယ်လို့တော့ ပြောနိုင်တယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ပထမ သုံးအုပ်အတွက် ကိုကို့ဆီက စာမူခရပြီးရင် နောက် ထပ်ဖြူပွင့် နာမည်နဲ့ဆက်ထုတ်ဖို့ ဆရာစာမူခတွေ ထပ်ပေးမလို့'

'ဘာလဲ…အစတုန်းကတော့ ကိုထွန်းဝေအောင်က သုံးအုပ် ထဲ ရေးပေးမယ်ပြောပြီး၊ ခုတော့ ထပ်ပေးဦးမယ်တဲ့လား'

'ဟုတ်တယ်၊ ထပ်ပေးအောင် ဖြူပွင့်ပြောထားတာ'

'ဘယ်နှစ်အုပ် ထုတ်ပေးမတဲ့လဲ'

'ရပါတယ်၊ ဆရာ့လက်ရာလောက် ဖြူပွင့်ကောင်းအောင် မရေးမနိုင်မချင်း ဆရာ့ဆီက မရရအောင် ဖြူပွင့်တောင်းပေးနေမယ်'

'ဖြူပွင့်'

'ဘာလဲကိုကို'

'ကိုထွန်းဝေအောင်နဲ့ စ,တွေ့ပေးမယ်ဆိုကတည်းက သူ့ အကြောင်းတွေ ဖြူပွင့်သိထားရအောင် ကိုယ်သတိပေးထား ခဲ့တယ်နော်'

"အင်းလေ အဲ့ဒါ ဘာဖြစ်လို့လဲ"

"ဒါပေမယ့် အခုဖြူပွင့် ပုံစံကြည့်ရတာ တစ်မျိုးဖြစ်နေတယ် ကိုယ် သတိပေးခဲ့တဲ့ ကိစ္စတွေ မေ့နေပြီလား"

ဖြူပွင့်က ရယ်ရင်း…

"မမေ့ပါဘူး၊ ဖြူပွင့် သတိရပါတယ်"

"နောက်ထပ်ကော သူ့ဆီ ဖြူပွင့်တစ်ယောက်တည်း သွားစရာ ရှိသေးလား"

"လောလောဆယ်တော့ မရှိပါဘူး"

"အင်းလေ…ကိုယ် အတန်တန်မှာထားရက်နဲ့မှ တစ်ခုခုဖြစ်လာရင်တော့ ဖြူပွင့်ထိုက်နဲ့ ဖြူပွင့်ကံပဲလို့ ပြောရမှာပဲ နောက်ပြီး ကိုယ်တစ်ယောက်တည်း ဖြူပွင့်ကိုတားမရဘူး ထင်ရင်လဲ လူကြီးတွေကို ဒီအကြောင်းဖွင့်ပြောသင့် ဖွင့်ပြောရလိမ့်မယ်"

ဝေယံထွန်း မျက်နှာ သိသိသာသာ တင်းမာသွားသည်။

ဖြူပွင့် ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်၏။

◆ ◆ ◆





ထွန်းဝေအောင်ဆီ သွားသည့် ကိစ္စကို နောင်တွင်ဝေယံထွန်းအား လုံးဝအသိမပေးတော့ဟု ဖြူပွင့် ဆုံးဖြတ်လိုက်သည်။

အမှန်က ပေါ့စေလို၍ ကြောင်ရပ်ထိုးလိုက်သည့် ကိစ္စသည်ဘက်ပိုင်းမှာ ဆရာ့ဆီသွားသမျှ ဝေယံထွန်းမပါသလောက်ဖြစ်နေသည်။ ဟိုလိုလိုသည်လိုလို မရေမရာပြောပြီး လစ်လစ်ထွက်လာခဲ့သည်မို့ ဖြူပွင့် ဘယ်သွားနေမှန်းဝေယံထွန်း မသိ။

ဖြူပွင့် မိဘတွေလည်းမသိ။

ဝေယံထွန်းကိုယ်တိုင်လည်း ထွန်းဝေအောင်ဆီသွားဖို့လာခေါ်လျှင်လည်း မလိုအပ်သေး သလိုလို၊ မသွားချင်သေး သလိုလိုလုပ်၍ ဖြူပွင့် မသွားဘဲနေခဲ့သည်။

သို့အတွက် ဝေယံထွန်းထင်နေသည်က ဖြူပွင့် ထွန်းဝေအောင်ဆီမရောက်။

အမှန်က ဝေယံထွန်းမသိဘဲ ဖြူပွင့် ဆရာ့ဆီနေစဉ်လိုလိုရောက်နေသည်။

ကြာလျှင် ဝေယံထွန်း တစ်နည်းနည်းနှင့် သိ၍ပြဿနာတက်မှာစိုးပြီး သည်နေ့ကျမှ ဝေယံထွန်းကို သူရောက်နေကြောင်း ဖွင့်ပြောပြလိုက်ခြင်းဖြစ်သည်။ အကျိုးအကြောင်းရှင်းပြလိုက်လျှင် ဝေယံထွန်းစိတ်အေးလိမ့်မည်ဟု တွက်ခဲ့၏။

ခုတော့ ပြဿနာက ဆေးအတွက် ပိုလေးသလို ဖြစ်သွား သည်။

ခက်သည်က ဖြူပွင့်ကလည်း ဆရာ့ဆီသွားလျှင် ဝေယံထွန်း နှင့် မသွားချင်တော့။ သူ့ဘာသူ အေးအေးဆေးဆေး တစ်ယောက် တည်းပင် သွား၍ ဆရာနှင့် တစ်နေကုန် ထိုင်စကားပြောနေချင်သည်။

ဝေယံထွန်းပါလာ၍ ဆရာနှင့် သူ့ကြားမှာ ခင်မင်ရင်းနှီး နားလည်နေသော အဖြစ်ကိုတွေ့လျှင် ဘယ်လိုမှခွင့်လွှတ်မည်မဟုတ်။ ဆရာနှင့် ဖြူပွင့် တစ်ခုခု ပက်သက်နေပြီဟုပဲ တွေးပြီးအထင်လွဲသွား နိုင်သည်။

ခုချိန်မှာ ဆရာထွန်းဝေအောင်နှင့် ဖြူပွင့်ကြားမှာက ပြေလည် နားလည်မှုတွေ အများကြီးရှိနေပြီ။

ပြောရလျှင် ဖြူပွင့်ဆရာ့ကိုခင်သည်။

တစ်ကိုယ်တည်း အထီးကျန်နေသောဘဝမှ ဖြူပွင့်ရောက် သည့်အချိန်တွင် ပျော်ရွှင်နုပျိုလန်းဆန်းလာသော ဆရာ့အနေအထား အမူအရာတို့ကိုမြင်ရလျှင် ဖြူပွင့်ဝမ်းသာသည်။

ဆရာ့ကိုလည်း အရင်တုန်းကနည်းအတိုင်း အထီးကျန်ကြီး ပစ်မထားချင်။





တစ်ခါတစ်ခါ ဖြူပွင့် ဆရာ့ကိုမမြင်နိုင်သော သံယောဇဉ် ကြိုးတွေဖြင့်ပင် ရစ်တွယ်မိနေပြီလား။ ကိုယ့်ကိုယ်ကို သံသယဝင်မိ၏။

◆ ◆ ◆

(၄)

ဖြူပွင့် မျက်နှာများတတ်သော မိန်းကလေးတစ်ယောက်တော့ မဟုတ်။

ဝေယံထွန်းနှင့် သူမချစ်သူဘဝမှာ ရှိနေသည်ဆိုသည်ကို ဖြူပွင့် မမေ့ပါ။

သို့သော် တကယ်တမ်း နားလည်ရပြီ ဆိုသော အခါမှာတော့ ဖြူပွင့် သံယောဇဉ်တွေက ဆရာ့အပေါ်မှာ တစ်ဖက်စောင်းနင်းဖြစ် သွားသည်။

ခုဆိုလျှင် ဆရာနှင့် တစ်နေ့မတွေ့ရမှာ စိုးနေမိသည့်အဖြစ်

ဆရာနှင့်တွေ့နေသမျှ ဝေယံထွန်းကို ခွဲနိုင်နေသည့်ကြောင်းကို လည်း ဖြူပွင့် သတိပြုမိသည်။





တကယ်တမ်းကျတော့ ဆရာနှင့် ဖြူပွင့် ဘာမှဖြစ်သေးသည် မဟုတ်။

သို့သော် ဆရာနှင့် တွေ့ဆုံစကားပြောနေရသည့် အချိန်ကလေးတွေသည် ဖြူပွင့်ဘဝမှာ အရမ်းအဖိုးတန်လှသောအချိန်လေးများ ဖြစ်သည်။

ဆရာက စာဖတ်စုံသည်။ ဘဝနာသည်နှင့် အမျှ ဆရာ့မှာ ပြောပြစရာ စကားတွေက အများကြီး ဖြစ်နေသည်။

ဘာအကြောင်း ပြောပြော စိတ်ပါလက်ပါနှင့် စိတ်ဝင်စားအောင် စကားပြောကောင်းသော ဆရာ့ ဆွဲဆောင်မှုမှာ ဖြူပွင့်နစ်မျောနေမိရသည်။

ဖြူပွင့်ကလည်း ဘာကိုမှ မသိသော ကလေးသာသာ မိန်းကလေးပီပီ သိချင်တာ မှန်သမျှ အကုန်လျှောက်မေးသည်။ ဆရာကလည်း ဘာမေးမေး ဂရုတစိုက်ဖြင့် ဖွယ်ရာစုံလင်စွာ ဖြေသည်။

မေးရင်း ဖြေရင်းနှင့်မှ ဆရာ့မှ ဗဟုသုတတွေ သုံးမကုန်အောင် များပြားနေမှန်းလည်း ဖြူပွင့် သိလာသည်။

ထိုအခါ ဖြူပွင့်စိတ်ထဲမှာ အားငယ်စိတ်လေးများပင် ဝင်လာမိ၏။

"ဆရာနဲ့စကားပြောရင် တစ်ခါတစ်ခါဖြူပွင့် အရမ်းအားငယ်တာပဲ"

"ဘာဖြစ်လို့ ဖြူပွင့်"

"ဆရာက အတွေ့အကြုံကော၊ ဗဟုသုတကော၊ အတွေးအခေါ်ကော ဒီလောက်ကောင်းနေတော့ ဒီစာမျိုးတွေရေးနိုင်တာပေါ့၊ အဲ့ဒီလောက်ကောင်းတဲ့ ဆရာ့ဉာဏ်ကို ဖြူပွင့် ဘယ်လိုလုပ်လိုက်နိုင်မလဲ ဆရာရယ်၊ ဖြူပွင့်တော့ စာတောင်ရေးရမှာ ကြောက်လာတယ်"

ထွန်းဝေအောင်ကရယ်သည်။

"မဟုတ်တာပဲ ဖြူပွင့်ရယ်၊ အတွေ့အကြုံတို့၊ ဗဟုသုတတို့၊ အတွေးအခေါ်တို့ဆိုတာ လေ့ကျင့်ယူရင်း၊ ရှာယူရင်း ဖတ်ယူမေးယူရင်းရတဲ့ကိစ္စတွေ၊ ခုလဲ ဖြူပွင့်ကို ကိုယ်ဒါတွေ အလကားပြောပြနေတာမှ မဟုတ်တာ"

"ဒါဖြင့် ဘာဖြစ်လို့ ပြောတာလဲ"

"ကိုယ့်မှာရှိပြီးသား အတွေ့အကြုံ ဗဟုသုတတို့၊ အတွေးအခေါ်တွေ ဖြူပွင့် ထပ်ရှာဖတ်မှတ်နေဖို့မလိုဘဲ တစ်ခါတည်း အဆင့်သင့်ရသွား အောင်လို့ပေါ့၊ မပူပါနဲ့ ကိုယ်မှာရှိသမျှမချန်ဘဲ ဖြူပွင့်ကို အကုန်ပြောသွားမှာပါ၊ တစ်ခုပဲရှိတယ်..."





"ဘာလဲဆရာ"

"ကိုယ်ပြောခဲ့တဲ့စကားတွေ ဖြူပွင့် ဘယ်လောက်မှတ်မိလဲပေါ့၊ ကိုယ်ကပြောသမျှ ဖြူပွင့်က မေ့ပစ်မှာပဲစိုးတယ်"

ဖြူပွင့်ကရယ်ပြီး....

"ဆရာပြောသမျှစကားတွေ ဖြူပွင့်တစ်လုံးမှ မမေ့ဘူး၊ တကယ်ပြောတာဆရာ၊ ဆရာ့ဆီက ပြန်သွားရင် ဖြူပွင့်ဒိုင်ယာရီသဘော မျိုးနေ့စဉ် မှတ်တမ်းလေးတွေ ရေးတယ်၊ ဆရာပြောသမျှ အကုန်ပြန်ပြန် ရေးထားတာပဲ"

"အင်း...မဆိုးပါဘူး၊ စာနဲ့ ရေးထားတယ် ဆိုတော့အနည်း ဆုံး ဦးနှောက်ကမမှတ်မိတောင် စာရွက်တွေကတော့ မှတ်မိနေမှာပဲ"

"အမယ်...အဲဒီလိုမဟုတ်ပါဘူးနော်၊ ဖြူပွင့်စာနဲ့ ပြန်ရေးလို့ ရတာကိုက ဦးနှောက်မှတ်မိလို့ပေါ့၊ တချို့ ဖြူပွင့်သိပ်နားမလည်တဲ့ ကိစ္စတွေကိုသာ ပိုသေချာအောင် စာနဲ့မှတ်ထားတာ ဖြစ်နိုင်ရင် ဖြူပွင့်က ဆရာ့ပြောတဲ့ စကားတွေကို သည်၊၏က အစ တစ်လုံးမကျန်ကို မှတ်မိနေချင်တာ"

"အဲလောက်တော့ မလိုပါဘူး၊ လိုရင်းအချက်လေးမှတ်မိရင် လုံလောက်ပါတယ်၊ သည်၏တွေပါတဲ့ ဝါကျတွေကတော့ ဖြူပွင့်

နားလည်သလိုသာမှတ်ပါ'

'ဟင့်အင်း၊ ဖြူပွင့်ကတော့ တစ်လုံးမကျန် မှတ်မိချင်တာပဲ'

'ဒါဆိုရင်တော့ ကတ်ဆတ်နဲ့သာ ဖမ်းထားပေတော့'

'အဲဒါ အသေချာဆုံးပဲ'

'ကတ်ဆတ်မလိုပါဘူး ဆရာရယ်၊ ကတ်ဆတ်ဆိုတာက အသံပဲဖမ်းလို့ရတာပါ၊ ဖြူပွင့်က မျက်စိကော၊ နားကော၊ စိတ်ကော ဦးနှောက်ကော၊ နှလုံးသားကော အစုံပါပါတယ်၊ ဆရာ့အသံတင် မဟုတ်ဘူး၊ မျက်နှာကော အမူအရာကော အကုန်လုံး မှတ်လို့ရတယ် တစ်ခုခု ဆရာပြောတာ ပြန်ကြားချင်ရင် မျက်လုံးလေးမှိတ်ပြီး ပြန်စဉ်းစားလိုက်ရုံပဲ၊ အဲဒီမျက်လုံးထဲမှာ ဆရာကိုယ်တိုင်ရောက်လာပြီး အဲဒီစကားတွေ အကုန်လုံး အမူအရာအပြည့်နဲ့ပြန်ပြော တော့တာပဲ'

'တယ်ဟုတ်ပါလား၊ ဒါဆိုရင်တော့ ဖြူပွင့်ခေါင်းထဲကို ဗီဒီယိုကတ်ဆတ်ခွေလေး ထည့်ပေးလိုက်ရုံပဲ ဘာဖြစ်လို့လဲဆိုတော့ ဖြူပွင့်ခေါင်းက ဗွီဒီယိုကင်မရာ တစ်ခုလောက်ကို အလုပ်လုပ်နေတာကိုး'

'ဟာ...သိပ်မှန်တာပေါ့၊ ဖြူပွင့်က ဗွီဒီယိုကင်မရာထက်တောင် ပိုတိကျသေးတယ်၊ ဆူပါဗွီဒီယိုကင်မရာ'

နှစ်ယောက်သား အားရပါးရ ရယ်မောဖြစ်သည်။





တစ်ခါတလေ သည်လိုပြောရင်းနှင့် အချိန်တွေကုန်သွားသည်ကို သတိပင် မထားမိ။

ဆရာနှင့်ဆို အချိန်တွေကလည်း ကုန်လွယ်လွန်းလှပါ၏။

◆ ◆ ◆

အစကတော့ ဖြူပွင့်သေချာ မသိခဲ့ဘူးမောင်

ခုတော့ တဖြည်းဖြည်းနဲ့ ဖြူပွင့်ကိုယ် ဖြူပွင့် သိလာပါပြီ။

တကယ်တော့ မောင့်ကမ္ဘာလေးထဲမှာ ဖြူပွင့်ကိုယ်တိုင် ပျော်နေမှန်းမသိ ပျော်နေသွားမိပြီလေ။

အမှန်အတိုင်း ပြောရရင် ဖြူပွင့်မောင့်အနားမှာ ရှိနေရတာကို ဘယ်လိုခင်တွယ်စွဲလမ်းမှန်း မသိအောင်ကို ခင်တယ်စွဲလမ်းမိတာပါ။ မောင်နဲ့ စကားပြောနေရရင် ဖြူပွင့် စိတ်ချမ်းသာတယ်။ မောင့်အရိပ်ကို ခိုလိုက်ရသလို ခံစားမိတာနဲ့ ဖြူပွင့်တစ်ကိုယ်လုံး လုံခြုံအေးချမ်းသွားတယ်။

မောင့်ကိုလဲ အရမ်းအားကိုးတယ်။

ပြီးတော့ တစ်ယောက်တည်း ဖြစ်ဖြစ်ကျန်ခဲ့ရတဲ့ မောင့်ကိုလဲ သနားတယ်။

မောင်ရှိနေရင် ဖြူပွင့်တွက် အရာရာပြည့်စုံနေသလိုပဲ

အဲဒါကြောင့် ဖြူပွင့် အဲဒီခံစားမှုတွေ အားလုံးကိုခြုံပြီး မောင့်ကို ချစ်တယ်လို့ စိတ်ထဲကနေ အမြဲပြောနေမိတာပေါ့

မောင့်ကိုတောင် ဆရာဆိုတဲ့အခေါ်အဝေါ်ကနေ မောင်လို့ ပြောင်းခေါ်နေမိတာ ဘယ်လောက်ကြာပြီလဲ။

ဒါပေမယ့် ဒါတွေကို မောင်ကတော့ မသိပါဘူး။

ဖြူပွင့်ကလည်း မောင်သိအောင် ဘယ်တော့မှ မပြောပြဘူး ဖြူပွင့် ဘယ်လောက်ချစ်ချစ် မိန်းကလေးတို့ရဲ့ ဣန္ဒြေဆိုတာလေးကို တော့ ထိန်းကိုမှာစိုးပါတယ်၊ ဒါကြောင့် မောင်မသိအောင် ဖြူပွင့်တစ် ယောက်တည်း တိတ်တိတ်လေးခိုး ရည်းစားထားမိတာ။

ရည်းစား။

အဲ…ရည်းစားဆိုလို့ ခုမှသတိရတယ်။

ဖြူပွင့်မှာ ရည်းစားရှိတယ်မောင်၊ ကိုဝေယံထွန်းလေ။

ဒုက္ခပါပဲ။ အဲဒီကိစ္စကို အခုမှဖြူပွင့်ဘယ်လိုလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်။

သူရှိရဲ့သားနဲ့ ဖြူပွင့်က မောင့်ကိုချစ်နေမိတော့ ဖြူပွင့် သစ္စာမဲ့ တဲ့မိန်းမ တစ်ယောက်ဖြစ်နေပြီပေါ့နော်။





မဟုတ်ပါဘူး၊ မောင်ရယ်။ မဟုတ်ပါဘူး။

ခုကိစ္စဟာ ဖြူပွင့် သစ္စာမဲ့တာ မဟုတ်ပါဘူး။

တကယ်တမ်းကျတော့ အချစ်ဆိုတာကို နားမလည်သေးဘဲနဲ့ ကိုဝေယံထွန်းကို ချစ်သူဇာတ်ယောက်အဖြစ်လိုက်ခံလိုက်တ ဖြူပွင့်မှား သွားတာပါ။

အင်း…စိတ်ညစ်လိုက်တာ။

အဲ့ဒီကိစ္စကို ဖြူပွင့် ဘယ်လိုရှင်းရမလဲ။

♦ ♦ ♦

(၅)

'ဘာ…ဘာပြောတယ် ဖြူပွင့်၊ ဖြူပွင့်နဲ့ကိုယ်ရိုးရိုး တန်းတန်း မိတ်ဆွေဘဝနဲ့ပဲ ပြန်နေတော့မယ်၊ ဟုတ်လား'

အလန့်တကြား မေးလိုက်တာ ဝေယံထွန်းစကားကြောင့်ဖြူပွင့် ခပ်ထိတ်ထိတ်နှင့် ခေါင်းညိတ်ပြလိုက်သည်။

'အဲဒါ ဘာဖြစ်တာလဲ ဖြူပွင့်၊ အဲ့ဒါဘာဖြစ်တာလဲ'

'ဘာမှမဖြစ်ပါဘူး ကိုဝေယံ၊ ကိုဝေယံကို မညာချင်တော့လို့ ဖြူပွင့် အမှန်အတိုင်း ရှင်းပြနေတာပါ၊ တကယ်ပြောတာပါ ကိုဝေယံ ဖြူပွင့် ပြောတာကို ဘာသံသယတွေနဲ့မှ တွဲမစဉ်းစားဘဲ သေချာနားထောင်ပါ၊ ကိုဝေယံကို ဖြူပွင့်ခင်ပါတယ်၊ ပြီးတော့ ကျေးဇူးရှိသူတစ်ယောက်အနေနဲ့ အရမ်းလဲ ကျေးဇူးတင်ပါတယ် ဒါပေမယ့်…'





'ဒါပေမယ့် ဘာဖြစ်လဲ ဖြူပွင့်'

'ဒါပေမယ့် ကိုဝေယံကို ခင်မင်တာ ကျေးဇူးတင်လွန်းလို့ ကျေးဇူးဆပ်ချင်စိတ်ရှိခဲ့တာကလွဲရင် ကိုဝေယံကို ဖြူပွင့် မချစ်ခဲ့ပါဘူး'

'အဲ့ဒါခုမှဖြစ်လာတဲ့ ကိစ္စမဟုတ်လား ဖြူပွင့်၊ ဟိုထွန်းဝေအောင်ဆိုတဲ့ ကောင်နောက်ကို စိတ်တွေကောက်ကောက်ပါသွားတော့မှ ဖြစ်လာတဲ့ကိစ္စမဟုတ်လား'

'မဟုတ်ပါဘူး ကိုဝေယံ၊ ခုကိစ္စမှာ ဆရာနဲ့ဘာမှမပက်သက်ပါဘူး၊ ဒါပေမယ့် ခုချိန်မှာ ဖြူပွင့်အချစ်ဆိုတာကို နားလည်နေမိပြီ၊ အဲဒီလို နားလည်တဲ့ အချိန်ရောက်တဲ့အတွက် ကိုဝေယံကို ဖြူပွင့်တကယ်မချစ်ခဲ့ဘူးဆိုတာကို သေချာသိလာရတာပါ'

'ဒါဖြင့် ကိုယ်က ဘာလုပ်ရမလဲ'

'ဖြူပွင့်နဲ့ ကိုဝေယံကြားမှာ ချစ်သူဖြစ်ခဲ့တယ် ဆိုတာကို မေ့ပစ်လိုက်ပြီး၊ ရိုးရိုးတန်းတန်းသူငယ်ချင်းဘဝ၊ ဒါမှမဟုတ် ဟုတ်ဝေသူနဲ့ စာရေးဆရာလုပ်ငန်းလုပ်ဖော်တွေအဖြစ်ပဲ ရှေ့ဆက် ဆက်ဆံသွားကြရအောင်ပါ'

'ဘာလဲ ဖြူပွင့်၊ ဒါယဉ်ယဉ်ကျေးကျေးလေးနဲ့ ကိုယ့်ကိုဖြတ်လိုက်တာပေါ့ ဟုတ်လား'

'အင်းလေ…အဲ့ဒီသဘောနဲ့တွက်မယ်ဆိုလဲ မမှားပါဘူး၊ ဖြူပွင့် ကိုဝေယံနဲ့ချစ်သူ မဖြစ်ချင်တော့တာတော့အမှန်ပဲ'

'ဒါဖြင့် မင်းက ကိုယ့်ကိုဖြတ်ပြီး ဘယ်သူနဲ့ သွားချစ်မှာမို့လို့လဲ'

'အဲဒီတော့ ဖြူပွင့် ကိုဝေယံကို ပြောပြစရာ မလိုဘူးထင်တယ် ကိုဝေယံ၊ ဒါကဖြူပွင့် ကိစ္စသက်သက်ဖြစ်သွားပြီ မဟုတ်လား'

'တော်စမ်းပါ ဖြူပွင့်ရာ၊ မင်းဟိုကောင်နဲ့ ပေါင်းပြီးစကားတွေ တတ်လာတိုင်း ငါ့ကိုလှည့်ပတ်မနေပါနဲ့၊ ငါသိတယ် ဖြူပွင့်၊ မင်း ဟိုကောင့်ဆီ သွားသွားနေရင် တစ်နေ့ဒီလိုပဲ မလည်မဝယ်နဲ့ ဟိုကောင့်လက်ထဲ ထောင်ချောက်ထဲ ဝင်သွားရမှာပဲ ဆိုတာ'

'မဟုတ်သေးဘူး ကိုဝေယံ၊ ဒီကိစ္စက ဆရာနဲ့ဘာမှမဆိုင်ဘူး၊ ဆရာနဲ့ ဘာမှဖြစ်ကြတာမဟုတ်ဘူး'

'အေးလေ…ဒါကတော့ မင်းပြောတဲ့ စကားပဲ၊ ငါကလဲယုံချင်မှယုံမှာပေါ့၊ ရပါတယ်၊ မဆိုင်ဘူးဆိုလဲ မဆိုင်ဘူးပဲ ထားလိုက်ပါ၊ ဒါပေမယ့် ငါကတော့ ဒီကိစ္စကို မင်းလို လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ရမှာ မဟုတ်ဘူး'





'ရှင်'

'ဟုတ်တယ်၊ မင်းနဲ့ငါ ကိစ္စကမင်းနဲ့ငါ နှစ်ယောက်တည်းသိတာမဟုတ်ဘူး၊ မင်း မိဘတွေကိုကော၊ ငါ့မိဘတွေကိုကော အသိပေးပြီး နှစ်ဖက်မိဘရဲ့ အသိအမှတ်ပြုခံထားခဲ့တဲ့ ကိစ္စ၊ အဲ့ဒီတော့ ဒီကိစ္စကို ငါလူကြီးအသိမပေးလို့မဖြစ်ဘူး၊ သူတို့သဘောကို ငါမေးမြန်းမှဖြစ်မယ်'

'ဖြူပွင့်က ကာယကံရှင်ပါ ကိုဝေယံ'

'ဟုတ်တယ် ဖြူပွင့်၊ ဒါပေမယ့် မင်းက အရင်ကလိုရိုးသားဖြူစင်တဲ့ ဖြူပွင့်အစ်မဟုတ်တော့ဘူး၊ ထွန်းဝေအောင်ဆိုတဲ့ ဘီလူးသတ်က ပူးကပ်ခံနေရတဲ့၊ ပင်ကိုယ်စိတ် ပျောက်နေတဲ့ ဖြူပွင့် ဖြစ်နေပြီ၊ အဲဒီတော့ငါကလဲ ပယောဂဆရာလို ဆေးကြိမ်လုံးနဲ့ ရိုက်သင့်ရိုက်ရတော့မှာပဲ'

'အို…'

ဖြူပွင့်ရင်ထဲ စိုးရိမ်စိတ်များ လှိုင်သွား၏။

◆ ◆ ◆

မသိ၍ မဟုတ်။

လုံးလုံးလျားလျား ပြည့်ပြည့်စုံစုံကြီး မဟုတ်တောင်သည် ကိစ္စကို သည်လိုမျှ ဆွေးနွေးလိုက်သည်နှင့် ပြဿနာက မီးခိုးကြွက် လျှောက် လိုက်တော့မည်ဟု သိသည်။

သို့သော် သည်ကိစ္စကို ဖြူပွင့်ဘယ်လိုမှ အောင့်အီးမျိုသိ မထားနိုင်တော့။

အဖြေမှန်သိပြီးသည့်နောက်ပိုင်း ဝေယံထွန်းကိုချစ်သူသဖွယ် ဆက်ဆံဖို့ ကိစ္စကလည်း ခက်သွားသည်။ တစ်ဖက်က ထွန်းဝေအောင် ကို စိတ်ကူးယဉ် နေမိသည့် ကိစ္စကလည်း သစ္စာမဲ့ဖောက်ပြန်မှုတစ် ခုလို လိပ်ပြာမသန့်။

သို့အတွက် သည်ပြဿနာကို တစ်ဖက်က ထွန်းဝေအောင် နှင့် ဘာမှမဖြစ်သေးမီ ကြိုတင်ဖောက်ခွဲရှင်းလင်းပစ် လိုက်တာ အကောင်းဆုံးဟု ဆုံးဖြတ်သည်။

သို့မှသာ အရာအားလုံးကို သူမလိပ်ပြာသန့်နိုင်မည် ဖြစ်သည်။

ဖောက်ခွဲလိုက်တော့လည်း ထင်သည့်အတိုင်းပင် ဝေယံထွန်း အကြီးအကျယ် ပေါက်ကွဲတော့သည်။





ပြဿနာက သူနှင့်မပြီးတော့ဘဲ ဖြူပွင့်မိဘများဆီ ရောက်ရှိ သွားဖို့လည်း ဖြစ်လာသည်။

ဖြစ်ခါမှ ဖြစ်။

အရာအားလုံး ရင်ဆိုင်ရန် ဖြူပွင့်ဆုံးဖြတ်လိုက်သည်။

သို့သော် ပြဿနာက ဖြူပွင့် နဂိုထင်ထားသည်ထက်များ စွာ ကြီးကျယ်ကုန်၏။

◆ ◆ ◆

(၆)

"ဒီကိစ္စမှာ အဓိက စ,မှားတာကျွန်တော်ပဲ အန်တီ ကျွန်တော် မိုက်လုံးကြီးပြီး အဲ့ဒီကောင်ဆီ ခေါ်သွားပေးမိတာ၊ ဒီကောင်ဟာ လူလည် လူရှုပ်ဆိုတာ သိရဲ့သားနဲ့"

ရေမိုးချိုး အဝတ်စားလဲပြီး အပြင်ထွက်မည် အပြု၊ ရုတ်တရက်၊ ကြားလိုက်ရသော ဝေယံထွန်း၏ အသံကြောင့် ဖြူပွင့်ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

စောစောပိုင်ကတော့ ဖြူပွင့် နောက်ဖေးခန်းမှာ ရေချိုးအဝတ်လဲ ဖြီးလိမ်းနေခဲ့သည်မို့ ဝေယံထွန်း ဘယ်အချိန်ရောက်လာမှန်းပင် မသိလိုက်။

ဧည့်ခန်းဘက်ကနေ အပြင် ထွက်မည်လုပ်လိုက်တော့မှသည်





အသံကို ကြားလိုက်ရခြင်းဖြစ်သည်။

သည်လောက်ကြားလိုက်တာနှင့်ပင် ဝေယံထွန်းဘာတွေပြော ပြီးဖြစ်နေကြောင်း ချက်ချင်း ဖြူပွင့်သိလိုက်သည်။ ဆက်ဖြစ်လာမည့် အခြေအနေကို သိချင်သေးသဖြင့် ခြေလှမ်းများကို ရှေ့ဆက်မတိုးဘဲ အသာရပ်၍ နားစွင့်လိုက်သည်။

"ဒီလိုတော့မဟုတ်သေးဘူး မောင်ဝေယံ၊ အမှန်က ဒီကိစ္စမှာ သမီးသက်သက် မိုက်တွင်းနက်တာ၊ အလုပ်ကိစ္စ ဘာကိစ္စဆိုတာက တော့ ဘယ်သူနဲ့မဆို ဆက်သွယ်လုပ်ကိုင်ရမှာပေါ့၊ ဒါပေမယ့်ဒီလောက် သတိပေးထားတဲ့ ကိစ္စကိုဘာဖြစ်လို့ သူက ဖွတ်တိုးမိုက်ရမှာလဲ"

ဖေဖေအသံ။

"ဒါနဲ့ ပြန်ပြောစမ်းပါဦး မောင်ဝေယံ၊ အဲဒီလူက လူရှုပ်လူပွေ ဟုတ်လား"

ဒါက မေမေ့အသံ။

"လူရှုပ်လူပွေတင်မဟုတ်ဘူး အန်တီ၊ အကျင့်စာရိတ္တလဲလုံးဝ ကောင်းတဲ့ လူလိမ် လိမ်လည်မှုနဲ့ ထောင်ကျဘူးတယ်"

"အမယ်လေး…ဘုရား ဘုရား"

"ခုမှဘုရားတမနေနဲ့ အမေကြီး၊ ဒီကိစ္စက ပေါ့ပေါ့ မဟုတ်

တော့ဘူး၊ အချိန်မီမထိန်းနိုင်ရင် သမီးကြီးဘဝတစ်ခုလုံး ပျက်ဆီးသွားမယ့်ကိစ္စ၊ မင်းသမီးမိုက်ကို မင်းကြည့်ထိန်းတော့'

'ကျွန်တော်ကတော့ ဖြူပွင့်ကို သိပ်အပြစ်မတင်မိဘူး အန်ကယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖြူပွင့်က ကလေးပဲ၊ ပြီးတော့ လောကအကြောင်း ဘာအကြောင်းဘာမှမသိတဲ့ ရိုးရိုးအအ အမိန်းကလေး၊ ဒီကိစ္စမှာ တရားခံက ဟိုကောင်ပဲ၊ ဟိုကောင်သိပ်ယုတ်မာတယ်ဗျာ၊ ကိုယ် ဆီကအားကိုးတကြီးနဲ့ ပညာလာယူတဲ့ မိန်းကလေးတစ်ယောက်ကိုတောင် အလွတ်မပေးဘူး'

'အို…ဘယ်လိုပဲဖြစ်ဖြစ်လေ၊ အရေးကြီးတာက ကိုယ့်သမီးကိုယ်ထိန်းဖို့ပဲ၊ အမေကြီးမင်းအခုမှ ထိတ်ပျာမနေနဲ့၊ သွားအခုမင်းသမီးကိုခေါ်လိုက်၊ တစ်ခါတည်း အပြတ်မေးအပြတ်ရှင်း၊ နောက်အဲဒီကောင်ဆီ လုံးဝမသွားစေနဲ့၊ ရှုပ်တယ်ကွာ အပြင်ကို လုံးဝမထွက်ခိုင်းနဲ့တော့'

ဖြူပွင့်ရင်ထဲ ထိတ်ပျာသွားရသည်။

သည်အတိုင်းဆို ဖေဖေမေမေတို့ကလည်း အရမ်းစိုးရိမ်ထိတ်လန့်ပြီး နည်းနည်းလေးမှ အလစ်ပေးတော့မည်မဟုတ်။

'နေပါဦး အဖေကြီးရယ် သမီးကိုခေါ်တာ မလောပါနဲ့ဦး၊





ောင်ဝေယံကို သေချာမေးပြီးအပြစ်ပျက်ရဲ့ အစအဆုံးကိုသိအောင်ုပ်ပါဦး၊ သမီးက အခုရေချိုးနေတယ်၊ အားလုံးဒီမှာ သေချာသိပြီးမှေါ်ပြောတာပေါ့၊ အဲ့ဒီအတွက်တော့ စိတ်ချပါသမီးကို လုံးဝအပြင်ထွက်ခိုင်းတော့ဘူး လိုအပ်ရင် အခန်းထဲမှာကို သော့ခတ်ပြီး ပတ်ားပစ်မယ်'

အခြေအနေက ထင်တာထက် ဆိုးကုန်ပြီဟု ဖြူပွင့်သိလိုက်ည်။

သည်အတိုင်းဆို ထွန်းဝေအောင်နှင့်သူမ ဘယ်လိုမှတွေ့ခွင့်တော့မည်မဟုတ်။ ဟိုတစ်ယောက်ကလည်း ဒီမှာဘာဖြစ်မှန်းပင်သိုက်မည်မဟုတ်။

သည်လိုတော့ အဖြစ်မခံနိုင်။

အနည်းဆုံးသည်ကိစ္စကိုတော့ ထွန်းဝေအောင် သိအောင်တော့ွားပြောပြမည်ဟု ဆုံးဖြတ်သည်။ တစ်ယောက်နှင့် တစ်ယောက်ာဖြစ်မှန်းပင် မသိလိုက်ပဲ ဝေးသွားရမည့် အဖြစ်မျိုးမကြုံရဲ။

သည်ဘက်ကအဖြစ် ဘာဖြစ်သည်ဟု သိသွားလျှင်ပင် ဖြူပွင့်ကျေနပ်သည်။

သည့်ထက်မက ဖြစ်လာလျှင်လည်း ဖြစ်လာစေတော့။

စွန့်စားသင့်လျှင် အပြတ် စွန့်စားလိုက်တော့မည်ဟု တွေး သည်။ လုပ်လျှင်လည်း သွက်သွက်လုပ်မှ။

ဖြူပွင့်ကိုယ်ကိုဖော့၍ ခြေသံမကြားအောင် အခန်းထဲကို ပြန်ဝင်ရင်း ဟိုတစ်လောလေးကမှ ဝေယံထွန်းဆီက ယူထားသော ပိုက်ဆံများကိုယူသည်။ မှတ်ပုံတင်ကတ်ပြားယူသည်။ ပြီးတော့ အဝတ်အစား အနည်းငယ်ကို အလွယ်တကူတွေ့သည့် ကျောပိုးအိတ်ထဲ ကောက်ထည့်သည်။

ထို့နောက် အခန်းထဲမှ ခြေသံမကြားအောင်ပြန်ထွက်ပြီး နောက် ဖေးတံခါးပေါက်ဆီသို့ ဦးတည့်၍ ခပ်သွက်သွက်ပြေးသည်။

တစ်ခါမှမလုပ်ဖူးသော ရောမစွန့်စားခန်းကြီး တစ်ခုမို့ ဖြူပွင့် ရင်တစ်ခုလုံး ပွင့်ထွက်မတတ် တဒုန်းဒုန်းခုန်နေသည်။

ခဏကြာသောအခါ ဖြူပွင့်အိမ်နှင့် တော်တော်ဝေးဝေးသို့ ရောက်နေပြီဖြစ်၏။

♦ ♦ ♦





(၇)

"ဟင်…ဖြူပွင့်၊ ဘယ်လိုဖြစ်လာတာလဲ"

ခါတိုင်း လာနေကျအချိန်ထက် စောနေသည့်အပြင် အထုပ် အပိုးတွေကောပါလာ၊ လာပုံကလည်း ပြေးအလွှားအမောတကောနှင့်မို့ ထွန်းဝေအောင်ထိန့်လန့်သွားသည်။

ဖြူပွင့်ကလည်း ပြေးလွှားလာခဲ့၍ မောနေသည့်ကြားက အားအားမယူနိုင်။ နောက်ဘက်သို့ စိုးရိမ်တကြီး လှည့်ကြည့်ပြီး ကပျာ ကယာ ပြန်လှည့်ကြည့်၍…။

"ဘယ်လိုဖြစ်လာတာလဲဆိုတာ ဖြူပွင့်နောက်မှပဲ ရှင်းပြမယ် ဆရာ၊ အရေးကြီးဆုံးက ဆရာနဲ့ဖြူပွင့် အခုချက်ချင်း ဒီနေရာကနေ တခြားနေရာ တစ်ခုခုကို ခဏရှောင်နေနိုင်ဖို့ပဲ"

ရှောင်နေဖို့ဟုတ်လား ဖြူပွင့်"

'ဩော်…ဟုတ်ပါတယ်ဆိုမှပဲ ဆရာရယ်၊ ကဲပါဆရာ အိတ်တစ်ခုခုထဲကို အဝတ်အစား သုံးလေးစုံထည့်ပြီး အိမ်တံခါးသော့ခတ်လိုက်တော့'

'သော့ခတ်ပြီး ဘာလုပ်မှာလဲ ဖြူပွင့်'

'ဆရာနဲ့ ဖြူပွင့် တစ်နေရာရာကို ရှောင်သွားရမှာပေါ့၊ အဲဒီကိစ္စမလုပ်လို့မဖြစ်ဘူးဆရာ၊ အဲဒါမလုပ်ရင် ဆရာနဲ့ဖြူပွင့် တစ်သက်လုံး ဝေးသွားလိမ့်မယ်၊ ဖြူပွင့် ဆရာနဲ့ မဝေးချင်ဘူး'

ထွန်းဝေအောင် မျက်မှောင်ကြုတ်သွားသည်။ ဖြစ်နိုင်ချေတစ်ခုကို ကပျာကသီစဉ်းစားလိုက်ပြီး…

'ဘာလဲ ဖြူပွင့်၊ ကိုယ်နဲ့ ဖြူပွင့်ကိစ္စဝေယံထွန်း သိသွားပြီး ဖြူပွင့်ဖေဖေနဲ့ မေမေကို သွားတွန်းလိုက်ပြီလား'

'ဟုတ်တယ်ဆရာ၊ အဲ့ဒီကိစ္စ ဆရာဘယ်လိုသိလဲ'

'အဲဒါတွေ နောက်မှမေးတော့ ဖြူပွင့်၊ အခြေအနေတွေအားလုံး ကိုယ်သဘောပေါက်ပြီ၊ ဒါဖြင့် ဒီလိုလုပ်၊ ခုနေကိုယ်တို့အပြင်ပြန်ထွက်ရင် ကိုယ်တို့လွတ်မှာမဟုတ်ဘူး၊ အဲဒီတော့ အထဲဝင်ကိုယ်အပြင်ကနေ သော့ခတ်လိုက်မယ်၊ နောက်ဖေးပေါက်တံခါးကို ကိုယ်ပြန်ဝင်လို့ရအောင် ဖြူပွင့်သွားဖွင့်ပေးထား'





'ဖြစ်ပါ့မလား ဆရာ'

'ဖြစ်ပါတယ်၊ ပူမနေနဲ့ စိတ်အေးအေးနေ'

ပြောပြောဆိုဆိုနှင့် ထွန်းဝေအောင်က အိမ်ရှေ့တံခါးကို ဆွဲပိတ်လိုက်ပြီး အပြင်ကနေသော့ခတ်လိုက်သည်။

ထို့နောက် ခြံဝန်းတံခါးဘက်ပြေး၍ ခြံတံခါးကိုပါ ချိတ်ပိတ်လိုက်ပြီး အိမ်ဘက်ပြန်ပြေးသည်။ နောက်ဖေးတံခါးပေါက်ရောက်မှာ ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်သည်။

အားလုံး စိတ်ချရသည့် အနေအထားကိုတွေ့မှ အိမ်ထဲပြန်ဝင်၍ အတွင်းမှချက်ထိုးပိတ်လိုက်သည်။

ထို့နောက် သူ့နားတွင် တုန်လှုပ်စွာ ရပ်နေသောဖြူပွင့်ကို ပခုံးမှ သိုင်းဖက်ရင်း…

'ကဲ…စိတ်ပူမနေတော့နဲ့ ဖြူပွင့်၊ တခြားကိုရှောင်တာထက် ဒီနေရာက အလုံခြုံဆုံးပဲ ၊ လာ…ကိုယ့်အိပ်ခန်းထဲသွားမယ်၊ အထဲမှာလုံးဝ အသံမပြုနဲ့၊ အထဲမှာ လူမရှိတော့တဲ့ ပုံစံမျိုးဖြစ်နေပစေ၊ ဒီထက်လုံခြုံတဲ့ နေရာမရှိတော့ဘူး'

ဖြူပွင့်မျက်စိသူငယ် နားသူငယ်နှင့် ခေါင်းညိတ်သည်။

နှစ်ယောက်သား ပို၍လုံခြုံစိတ်ချသော အိပ်ခန်းထဲဝင် လိုက်

ပြီးတံခါးကို ချက်ထိုးပိတ်ထားလိုက်သည်။

ထွန်းဝေအောင်၏ လှုပ်ရှားမှုများကို ကြည့်နေရင်း ဖြူပွင့် ရင်တုန်ချောက်ခြားလာ၏။

တိတ်ဆိတ်နေသော အိပ်ခန်းထဲမှာ စုစုပေါင်း သူတို့နှစ်ယောက်တည်း ရှိနေကြသည်လေ။

ခွေးကြီးရန်လုံက အဆောက်အဦး၏ အပြင်ဘက်မှာ။

◆ ◆ ◆

"ဝုတ်…ဝုတ်…ဝုတ်"

နောက်ထပ် ဘယ်လောက်မှ မကြာလိုက်။ အိမ်အပြင်မှ ရန်လုံ၏ ဟောင်သံကိုကြားရသည်။

ဖြူပွင့် မျက်လုံးလေးဝိုင်း၍ လှမ်းကြည့်သည်။ ထွန်းဝေအောင်က သူသဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

ခဏအကြာမှာ အိမ်တံခါးကို ပုတ်သံနှင့် သော့ခလောက်ကို လှုပ်ကြည့်သံကြားရသည်။ ထို့နောက် ဝေယံထွန်း၏ ဒေါသထွက်နေသောအသံ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ထဲမှာ ပေါ်ထွက်လာသည်။





"ကျွန်တော်တို့၊ နောက်ကျသွားပြီ အန်တီ၊ သူတို့လစ်ပြေးကုန်ကြပြီ"

"ဒုက္ခပါပဲ၊ မောင်ဝေယံရယ်၊ အဲဒါဆို ဘယ့်နှယ်လုပ်ကြမလဲ၊ သမီးလေးတော့ ရေတိမ်မှာ နစ်တော့မှာပဲ"

"အဲ့ဒါကြောင့်မို့ မင်းကိုငါ ပြောတာပေါ့ကွာ၊ ခုချက်ချင်း သမီးကို သွားခေါ်လို့ မင်းက ရေချိုးနေသလေး ဘာလေးနဲ့၊ အေးအေးဆေးဆေးပစ်ထားပြီး စကားပဲများနေတာကိုး၊ အဲဒီတော့ သူတို့မှာ အချိန်ရ သွားတာပေါ့"

"အို…ဒီလောက်ဖြစ်နေမှန်း ထင်မှမထင်ဘဲ အဖေကြီးရယ်၊ ဒီလိုမှန်း သိရင်တော့…"

"ကဲပါဗျာ၊ ခုမှတော့ အဲဒါတွေပြောမနေနဲ့တော့၊ ခုချက်ချင်း လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ဖို့က ပိုအရေးကြီးတယ်၊ ကျွန်တော်တို့ ထွက်လာတဲ့အချိန်နဲ့ ဖြူပွင့်ထွက်နိုင်တဲ့၊ အချိန်ဟာဘာမှမကြာဘူး၊ ဒီတော့ ဖြူပွင့် တက္ကစီ ငှားပြီးအမြန်လာရင်တောင် ခုချိန်မှာ သူတို့ ဝေးဝေးမပြေးနိုင်သေးဘူး"

"ဒါဆိုရင် ဘယ်လိုလုပ်မလဲ. မောင်ဝေယံ"

"လိုက်ရှာရမှာပေါ့ အန်တီ၊ ခုချိန် သူတို့အနီးအနားတစ်ဝိုက်

မှာပဲ ရှိဦးမယ်၊ ကိစ္စမရှိဘူး၊ ရန်ကုန်ကနေ ထွက်နိုင်တဲ့ကားဂိတ်၊ မှန်သမျှမှာ ကျွန်တော့် လူတွေလွှတ်ပြီး တားခိုင်းလိုက်မယ်၊ ကဲ… လာ အန်တီ၊ ဒီမှာ အချိန်သိပ်မယူနဲ့တော့"

အသံပဲကြားလိုက်ရပြီး ပြန်တိတ်ဆိတ်သွားသည်။

ထွန်းဝေအောင်က ဖြူပွင့်ကို ခဏလေးငြိမ်နေရန်လက်ပြပြီး အိပ်ခန်းတံခါးကို အသံမမြည်အောင်ဖွင့်၍ အိမ်ရှေ့ဘက် ထွက်သွားသည်။ ထို့နောက် အိမ်ပြင်ဘက်ကို တံခါးအဟကြားမှ ချောင်းကြည့်သည်။

ခြံပြင်ဘက်ကို ထွက်သွားကြပြီ ဖြစ်သော ဝေယံထွန်းနှင့် ဖြူပွင့် မိဘများကို မြင်လိုက်ရသည်။

"ဟူး…"

ထွန်းဝေအောင်သက်မချရင်း အိပ်ခန်းဘက်ဆီပြန်လျှောက်လာခဲ့၏။

သူ့အတွက် ပြဿနာတွေက ခုမှ စ,ပြီလေ။

♦ ♦ ♦





(၈)

"သူတို့ ပြန်သွားကြပါပြီ၊ ဖြူပွင့်၊ စိတ်အေးအေးထားပြီး အခန်းအပြင်ကို ထွက်ခဲ့တော့၊ အိမ်ပြင်တော့ထွက်လို့ မဖြစ်သေးဘူး၊ ထိုင်စကားပြောလို့တော့ရပါပြီ"

ထွန်းဝေအောင် စကားအဆုံးမှာ ဖြူပွင့် အခန်းထဲကနေအိတ်ကြီးဆွဲလျက်ကြီး ထွက်လာသည်။

ထွန်းဝေအောင် ရယ်၍….

"အဲဒီအိတ်ကြီး ခဏချထားလိုက်ပါဦး ဖြူပွင့်၊ အခုဘာတွေဖြစ်ခဲ့တယ်ဆိုတာ အသေးစိတ် ပြောပြပါဦး"

သည်တော့မှ ဖြူပွင့် ရှက်ကိုးရှက်ကန်းဖြင့် အိတ်ကြီးကို

လွှတ်ချသည်။ ထိုနောက် ထွန်းဝေအောင် ထိုင်စောင့်နေသည့် ဧည့်ခန်း ဆက်တီကုလားထိုင်များဘက် လျှောက်လာသည်။

တစ်ကိုယ်လုံး ကိုယ့်ဓာနှင့်ကိုယ် အပူကများပြီး စိတ်လိုက် မာန်ပါ လုပ်လာသည့်ကိစ္စကို ခုနည်းနည်းစိတ်အေးပြီဆိုမှ ရှက်တက် တက်ဖြစ်ချင်လာ၏။

ထွန်းပေအောင်နှင့် သူမက ဘာမှဖြစ်ကြတာမှ မဟုတ် သေးဘဲ။

◆ ◆ ◆

"ထိုင်-ဖြူပွင့်၊ အေးအေးဆေးဆေး နားနားနေနေ နေပါ၊ ပြီးတော့…တချို့ကိစ္စတွေက ဖြူပွင့်ကိုယ့်ကို ဘာမှ ရှင်းပြနေစရာမလို ဘူး၊ ကိုယ်သိပြီးသားပါ၊ အဲဒီ ခံစားမှုတွေမှာ ကိုယ်လဲဖြူပွင့်နဲ့ ထပ်တူပဲ လို့နားလည်ထား၊ ဟိုမှာ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်အခြေအနေကိုပဲ ပြောပြ"

"ဟိုမှာ ဖြစ်ခဲ့တဲ့ အခြေအနေက ခုနဆရာပြောတာနဲ့ အတူတူ ပါပဲ ဆရာ၊ သိပ်တောင်ထွေထွေထူးထူး ရှင်းပြနေစရာမလိုတော့ပါဘူး၊ ဖြူပွင့် အိမ်ကို ကိုဝေယံလာပြောတော့ အိမ်က အရမ်းစိတ်ပူသွားပြီး





[…]ပွင့်ကို အခန်းထဲပိတ်လှောင်ထားမယ်တဲ့ အပြင်မထွက်ရတော့ […]းတဲ့"

"အဲ့ဒါနဲ့ အိမ်နောက်ဖေးကနေ အလစ်ပြေးချခဲ့တာပေါ့"

"မြန်လှချည်လား၊ ဘာလဲ ကိုဝေယံပြောသလို တက္ကစီငှား […]ခဲ့တယ် ထင်တယ်"

"ပ,တ်တယ်…ဖြူပွင့် ဆရာ့ဆီ အချိန်မှီ မရောက်မှာစိုးလို့ […]တ်နက် ပတ်ဗလစ်ကာ တစ်စီးငှားပြီး အတင်းမောင်းခိုင်းလာခဲ့တာ"

ထွန်းဝေအောင် နားထောင်ရင်း ပြုံးသည်။

"သူတို့က ကိုယ့်ကို အင်မတန်ယုတ်မာတဲ့ လူယုတ်မာကြီးလို့ […]ပြာကြဘူးလား ဘာမှမသိနားမလည်တဲ့ ကလေးလို ရိုးရိုးအအ […]ပွင့်ကို လှည့်ပတ်ဖြားယောင်းသိမ်းသွင်းခဲ့တယ်လို့ ဆိုပြီးတော့လေ"

ဖြူပွင့်မျက်လုံးလေး ပြူးသွားသည်။

"စကားလုံးတွေပါ အတိအကျပဲဆရာ၊ အဲဒါတွေက ဆရာ […]ယ်လိုလုပ်သိလဲ၊ ဖြူပွင့်တော့ ဆရာ့ကို လန့်တောင်လာပြီ"

"မလန့်ပါနဲ့ ဖြူပွင့်ရယ်၊ သူတို့ပြောတာတွေ ကိုယ်ခိုးနား […]င်ထားလို့၊ ဒါမှမဟုတ် ကိုယ်က အကြားအမြင်ရနေလို့ ဒါတွေ […]နိုင်တာမဟုတ်ပါဘူး၊ အဖြေကရှင်းရှင်းပဲ၊ တစ်နေ့ ဒီလိုဖြစ်လာ

မယ်ဆိုတာ ခုမှကိုယ်သိတာမှမဟုတ်ဘဲ၊ ဒါတွေအစောကြီးကတည်းက
ကြိုသိလို့ ဖြူမွှင့် တစ်ယောက်တည်းလာတုန်းက ဖြူမွှင့်ကို ကိုယ်နှ
ထုတ်ခဲ့တာပေါ့"

"အဲ့ကတည်းက ဒီလိုဖြစ်လာမယ်ဆိုတာ ဆရာ သိတယ်
ဟုတ်လား"

"ဟုတ်တယ် ဖြူမွှင့်"

"အံ့ဩစရာပဲနော်၊ ဆရာဘယ်လိုလုပ်သိလဲ"

"ကိုယ်စာရေးဆရာဆိုတာ ဘယ်လိုဖြစ်လို့ ဖြူမွှင့်က မေ့
သွားတာလဲ၊ လူတစ်ယောက်ရဲ့ နောက်ကြောင်းရာဇဝင်အခံမှာ ဘာရှိ
သူ့ဘဝရှေ့ရေးမှာ ဘာဖြစ်လာမယ်၊ လူတစ်ယောက်ရဲ့ မျက်လုံး
မျက်နှာမှာ ဘာအရိပ်တွေရှိရင် သူ့နှလုံးသားထဲမှာ ဘာရှိမယ်၊ ဒါ
စဉ်းစားရ၊ ဆက်စပ်ရ၊ ဇာတ်ကွက်ဖော် ဇာတ်လမ်း ဆင်ရဆိုတ
ကိုယ်အသက်မွေးဝမ်းကြောင်း အလုပ်ပဲဟာ"

"ဒါဖြင့် အခုဖြူမွှင့် ဘာဖြစ်မလဲဆရာ"

"အကောင်းဆုံးနဲ့ အဖြစ်သင့်ဆုံး ကိစ္စကတော့ ခုချက်ချ
ကိုယ့်အိမ်ကိုယ်ပြန်သွားတာပဲ"

"အိမ်ပြန်ပြီး ဖြူမွှင့်က ဘာလုပ်ရမှာလဲ"





"ကိုဝေယံနဲ့လက်ထပ်ချင်လက်ထပ်၊ ဒါမှမဟုတ် လက်
မထပ်ချင်ရင်လဲနေ၊ ဖြူမွှင့်အိမ်မှာ ဖြူမွှင့်ကြိုက်သလိုနေ၊ ဘာမှမဖြစ်ဘူး
ဒါပေမယ့် ကိုယ့်အိမ်မှ ဒီအတိုင်း ဖြူမွှင့် ဆက်နေရင်တော့ ဒုက္ခရောက်
မှာပဲ"

"တကယ်လို့ ဖြူမွှင့်က ဒုက္ခရောက်ချင်ရောက်ပစေ၊ မပြန်
ဘူး ဒီမှာပဲ ဒီမှာပဲဆက်နေမယ်ဆိုရင်ကော"

"အကောင်းဆုံးနဲ့ အဖြစ်သင့်ဆုံး ကိစ္စရဲ့ ဆန့်ကျင်ဘက်ဟာ
အဆိုးဆုံးနဲ့ မဖြစ်သင့်ဆုံးကိစ္စပေါ့ ဖြူမွှင့်"

"အဲဒါကိုလဲ ဖြူမွှင့်က ရင်ဆိုင်ချင်တယ်ဆိုရင်ကော"

"အင်းလေ စဉ်းစားကြသေးတာပေါ့၊ နောက်တစ်နာရီ နှစ်နာရီ
လောက် ကိုယ့်အိမ်မှာဆက်နေလို့ ဘာမှမဖြစ်နိုင်သေးပါဘူး၊ ဖြူမွှင့်
နားနားနေနေ စဉ်းစားလိုက်ပါ၊ ကိုယ်လဲစဉ်းစားမယ်"

ပြောရင်းနှင့် ထွန်းဝေအောင်က ရန်လုံ့ကို လှမ်းခေါ်သည်။

ရန်လုံနောက်ဖေးပေါက်က ပြေးဝင်လာသောအခါ ကတ်ပြား
လေးတစ်ခုပေါ်တွင် စာလေးတစ်ကြောင်းရေး၍ ရန်လုံ့ပါးစပ်နားတွင်
ထားပေးသည်။ ရန်လုံးက ထိုစာရွက်လေးကို ကိုက်၍ ချက်ချင်းပြန်
ပြေးထွက်သွားသည်။

နောက်မိနစ်နှစ်ဆယ်လောက်ကြာသောအခါ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော ထမင်းထုပ် သုံးထုပ်ကို ပါးစပ်ဖြင့်ကိုက်ဆွဲလျက် ပြန်ရောက်လာ၏။

ဖြူပွင့်က အံ့အားသင့်စွာကြည့်နေဆဲ…

"နောက်တစ်ခါ ကိုယ်ဖျားရင် ဘယ်သူ့မှ ဒုက္ခမပေးဘဲ တစ်ခုခုဝယ်စားလို့ရအောင် ရန်လုံ့ကို ကမန်းကတန်းသင်ပေး တားတာပါ၊ ခုတော့ အဆင်ပြေသွားတာပေါ့ ကဲ…ထမင်းစားကြမယ် ဖြူပွင့်၊ ဖြူပွင့်ပဲ ပြင်ဆင်စီစဉ်ပေးပါ"

ဖြူပွင့်က ခေါင်းညိတ်ပြီး ရန်လုံ့ချီလာသည့် ထမ်းထုပ်သုံးထုပ်ကို စားပွဲပေါ်ချ၍ ပြင်ဆင်သည်။

နီကြင်ကြင် ကြမ်းတမ်းနေသည့် ဆန်ကြမ်းထမင်းပုံလေးများက စားပွဲပေါ်ကနေ ဖြူပွင့်ကို လှောင်သလိုပြန်ကြည့်၏။

◆ ◆ ◆





(၉)

အိမ်ကလေးက နဂိုကမှ ပြတ်ပြတ်ဝပ်ဝပ် ရှိရသည့် အထဲပြတင်းများ တံခါးများကိုပါ အလုံပိတ်ထားသဖြင့် မှောင်မှောင်မှိုင်းမှိုင်းကြီးဖြစ်နေသည်။

ထမင်းစားသောက်နေချိန်မှာလည်း ကိုယ့်အတွေးနှင့်ကိုယ် စကားမပြောဖြစ်ကြ။

ထမင်းစားပြီးချိန်မှာ ဖြူပွင့်က စားပွဲပေါ်မှပလတ်စတစ်အိတ်များ၊ ဖက်များကို စုယူသိမ်းဆည်းပြီးနောက်ဖေးတံခါးမှနေ အပြင်ကို ပစ်သည်။ တော်တော်နှင့် နှစ်ယောက်သား စကားမပြောဖြစ်ကြသေး။

ထွန်းဝေအောင်တစ်ယောက်တည်း ထူးထူးခြားခြား ငြိမ်သက်တိတ်ဆိတ်သွားသည်။

ကြာတော့ ဖြူပွင့် ထိုတိတ်ဆိတ်မှုဒဏ်ကို မခံနိုင်။ ငြိမ်သက်ခြင်းကို စကားသံဖြင့်စတင်၍ ဖောက်ခွဲဖျက်ဆီးပစ်လိုက်သည်။

"ဆရာ လုံးဝမတရားဘူး"

"ဟင်"

"ဟုတ်တယ်ဆရာ၊ ဒီကိစ္စမှာ အရာအားလုံးကို ဆရာကြိုတွက်ပြီးသား၊ ကြိုသိပြီးသား၊ ဖြူပွင့်ကိုဆိုလဲ ဆရာ့ဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင်လို အပေါ်စီးကနေ ဆရာအားလုံး မြင်နေတယ်၊ သိနေတယ် ခုလဲဖြူပွင့်ရင်ထဲမှာ ဘာရှိတယ် ဘာသိချင်တယ်ဆိုတာ ဆရာသိတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲဖြူပွင့်"

"ဘာဖြစ်ရမလဲဆရာ၊ 'ဒါတွေအားလုံးသိရဲ့သားနဲ့ ခုထိ ဆရာပါးစပ်က ဆရာ့သဘောထားကို ဘာတစ်ခွန်းမှ မပြောမပြသေးဘူး၊ ဒီကိစ္စဟာ အခု ဖြူပွင့်ဆုံးဖြတ်မယ့်ကိစ္စအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဆရာသိတယ်၊ ဘာလဲဆရာ ဒီစကားကို ဖြူပွင့်က စ,ပြောစေချင်လို့လား၊ ဒါမှမဟုတ် ပြောစရာမလိုဘူး၊ ဒီကောင်မလေး ငါ့လက်ထဲက အရုပ်တစ်ရုပ်ပဲ၊ ငါစိတ်ကြိုက် ကစားလိုက်ဦးမယ်ဆိုပြီး အပေါ်စီးကနေ အမှတ်ယူနေတာလား"





ထွန်းဝေအောင် ငိုင်သွားသည်။ မျက်နှာတစ်ခုလုံး သိသိသာ ာငြိုးငယ်သွားရင်း...

"ဖြူပွင့် ကိုယ့်ကိုအဲလိုပဲ ဆုံးဖြတ်လား၊ ကိုယ့်အဲလိုလုပ် နေတယ်လို့ ဖြူပွင့်တကယ်ယူဆသလား"

"ခု အမြင်ကတော့ အဲဒီအတိုင်းပဲ ဖြစ်နေတာပဲဆရာ"

"ဟင်း"

ထွန်းဝေအောင် သက်ပြင်းချသည်။ ပြီးမှ...

"အင်း...ဖြူပွင့် အဲလိုယူဆမယ်ဆိုရင်လဲ ယူဆစရာဖြစ်နေ ာကို၊ မှန်ပါတယ် ဖြူပွင့် ခုကိစ္စမှာ ကိုယ်ဟာအရာအားလုံးကို သိနေမြင်နေ ကြားနေရတယ်ဆိုတာ၊ ဒီစကားကို ကိုယ်မငြင်းပါဘူး ါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ဖြူပွင့်ပြောသလို ဖြူပွင့်ဆီက စကားတစ်ခွန်းပွင့် က်အလာကို စောင့်နေတာမျိုး၊ အပေါ်စီးနဲ့ စိတ်ကြိုက်ကစားတာမျိုး တော့လုံးဝ မဟုတ်ပါဘူးဖြူပွင့်၊ အဲဒါကိုတော့ယုံပါ"

"ဒါဖြင့် အခု ဆရာဘာလုပ်နေတာလဲ"

"ဘာလုပ်နေတာလဲ ဟုတ်လားဖြူပွင့်"

'ဟုတ်တယ်ဆရာ၊ ဆရာဘာလုပ်နေတာလဲ၊ အဲဒါဖြူပွင့်က ဆရာ့ကိုမေးတဲ့မေးခွန်း၊ ဆရာအမှန်တိုင်းဖြေပါ'

ထွန်းဝေအောင်ငြိမ်နေသည်။ တစ်ခုခုကိုလည်း မျက်မှောင် ကြုတ်၍ အကြီးအကျယ် စဉ်းစားနေပုံရသည်။ ဖြူပွင့်သိပ်စိတ်မရှည် ချင်တော့။

'ဖြေလေဆရာ၊ ဘာဖြစ်လို့မထုံတက်တေး လုပ်နေရတာလဲ'

'ကိုယ်မသိဘူးဖြူပွင့် တကယ်ပြောတာပါ၊ အခုကိုယ့်ဟာ ကိုယ်လဲဘာလုပ်နေမှန်း မသိဘူး'

'အဲဒါညာတာ၊ ဆရာဖြူပွင့်ကိုညာတာ ဘာဖြစ်လို့ကိုယ့်ဟာ ကိုယ် ဘာဖြစ်နေမှန်း ဆရာမသိရတာလဲ၊ သိပ်သိတယ် ဆရာဟာ ဖြူပွင့်ကို သိသလို ကိုယ့်ကိုကိုယ်လဲ အသိဆုံး'

'မဟုတ်ဘူးဖြူပွင့်၊ တကယ်ကိုယ်မသိဘူး'

ပြောရင်းနှင့် ထွန်းဝေအောင်က ကုလားထိုင်မှ ထရပ်ရင်း စာရေးစာပွဲဘက် လျှောက်သည်။ စာရေးစားပွဲ လက်ထောက်၍ ဖြူပွင့် ကို ကျောခိုင်းထားရင်း...

'အကောင်းဆုံးကတော့ ဖြူပွင့်ပြန်ပါ၊ အစကတည်းက ကိုယ့်ဘဝဟာ တစ်ယောက်တည်း ရှိခဲ့တဲ့ဘဝပါဖြူပွင့်၊ အဲလို





တစ်ယောက် တည်းနေတတ်အောင် အများကြီး လေ့ကျင့်ခဲ့ရတာပါ၊ ခုချိန်မှာ ကိုယ်တစ်ယောက်တည်း နေတတ်ပါပြီ၊ ကိုယ့်မှာ ဘာအဖော် မလိုတော့ဘူး'

'သေချာလားဆရာ'

'သေချာပါတယ် ဖြူပွင့်'

'ကောင်းပြီလေ၊ အဲဒါဆိုလဲ ဆရာသဘောပါပဲ၊ ဆရာ့မှာ ဖြူပွင့်ကို မလိုအပ်တဲ့နောက် ဖြူပွင့်လဲ အတင်းပေကပ်မနေပါဘူး ဖြူပွင့်ပြန်မယ်'

ထွန်းဝေအောင် ဘာမှတုံ့ပြန်မပြောဘဲ ငြိမ်နေသည်။

ဖြူပွင့်ကဆက်၍...

'ဒါပေမယ့် မပြန်ခင် ဖြူပွင့်ဆရာ့ကို တစ်ခုပြောခဲ့မယ်၊အဲ့ဒါ ကတော့ တခြားမဟုတ်ဘူး၊ ဆရာဟာ လုံးဝသတ္တိမရှိတဲ့ယောကျ်ား တစ်ယောက်လို့ သတ်မှတ်လိုက်ပြီဆိုတာပဲ၊ ကဲ...ဆရာ ဖြူပွင့် သွားမယ်'

နောက်ကျောဘက်မှ လှုပ်ရှားသံများကြားရသည်။

အိပ်ခန်းအတွင်းသို့ ဖြူပွင့်ဝင်သွားသည်။ သူ့အထုပ်ကလေး ကို သူပြန်ဆွဲယူရင်း နောက်ဖေးတံခါးမှ အပြင်ထွက်သည်။ ထို့နောက်

နောက်ဖေးတံခါးကို ပြန်စေ့ ပိတ်လိုက်သံကြားရသည်။

ထွန်းဝေအောင်က စာရေး စားပွဲကုလားထိုင်ကို ဆွဲယူပြီး ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

◆ ◆ ◆

စောစောက စကားသံလေးများဖြင့် အသက်ဝင်နေခဲ့သော အိမ်ကလေးသည် ယခုအခါ ပြန်လည် တိတ်ဆိတ်၍ အသက်သေဆုံးသွားခဲ့ပြန်ပြီ ဖြစ်၏။

ထွန်းဝေအောင် နားထဲတွင် ဖြူပွင့်နောက်ဆုံး ပြောသွားသည့် စကားသံလေး ရစ်ဝဲနေသည်။

"ဆရာဟာ လုံးဝသတ္တိမရှိတဲ့ ယောကျ်ားတစ်ယောက်လို့ သတ်မှတ်လိုက်ပြီဆိုတာပဲ"

ထွန်းဝေအောင် စားပွဲကို တံတောင်ဖြင့်ထောက်၍ လက်နှစ်ဖက်ဖြင့် ခေါင်းမှ ဆံပင်များကို ဖွလိုက်သည်။ ထို့နောက် သက်ပြင်းရှည်ကြီးတစ်ချက်ကိုချရင်း လက်စုံနှစ်ဖက်ဖြင့် နဖူးကို ထောက်၍ ခေါင်းငိုက်စိုက်ချထားလိုက်သည်။





စာပွဲပေါ်မျက်ရည်စက် တစ်စက် စွန်းထင်းသွားသည်။

ထို့နောက် သူ့နှုတ်မှနေ စကားတစ်ခွန်းခပ်တိုးတိုးရေရွတ်လိုက်၏။

"ဟုတ်တယ် ဖြူပွင့် ကိုယ်ဟာ သတ္တိမရှိတော့တဲ့ယောကျ်ား တစ်ယောက်ပါ၊ ဘဝမှာ ဘာအပြစ်မှစွန်းထင်းမှုမရှိသေးတဲ့ မိန်းကလေး တစ်ယောက်ရဲ့ အနာဂတ်ကို ဖျက်ဆီးပစ်လောက်အောင် သတ္တိမရှိတဲ့ ယောကျ်ားတစ်ယောက်ပါ။

◆ ◆ ◆

# အပိုင်း လေး

(မင်းတစ်ယောက်သာ)

၂



(၁)

ငိုချင်လိုက်တာကလေးရယ်။

ဘဝမှာ တစ်ခါမှသည်လောက်ဝမ်းနည်းရတဲ့ အဖြစ်မျိုး မကြုံဖူးဘူး။ ရင်ထဲမှာလည်း ဆို့နင့်နေတာပဲ။

ကလေးက တို့ကို စွန့်ခွာသွားပြီ။ မုန်းတီးသွားပြီး သတ္တိမရှိတဲ့ ယောကျ်ားတစ်ယောက် အဖြစ်နဲ့ ကိုယ့်ကို အထင်သေး [illegible]ပြီ။

သေချာတယ်လေ။ ကိုယ့်ဆီကို ကလေး ဘယ်တော့မှပြန်လာတော့မှာ မဟုတ်ဘူး၊ အင်မတန်ခြောက်သွေ့ အထီးကျန်ပြီး ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှတဲ့ ကိုယ့်ရဲ့ကန္တာရကြီးထဲမှာ ကိုယ်တစ်ယောက်တည်းပဲ တစ်သက်လုံး ပူပူပြင်းပြင်း နေသွားရတော့မယ်။

ဒါပေမယ့် ရပါတယ် ကလေးရယ်။ နဂိုကမှ ကိုယ့်ဘဝ

ကန္တာရကြီးဟာ ပူပြင်းခြောက်သွေ့ရတဲ့အထဲ အခုကလေးအတွက် တိုးပြီး၊ ခံစားရတဲ့ ဝေဒနာတွေကြောင့် နေဆယ်စင်း ထပ်ပေါ်လာသလို ကျွမ်းလောင်နေရဦးမယ်ဆိုရင်လည်း သည်နေရာလေးမှာ ကိုယ်တစ်ယောက်တည်း နေလို့ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်သည်လိုနေခဲ့တာကိုက မင်းဘဝလေးမှာ ကိုယ့်ကြောင့်ဘာသောက မြူတစ်မှုန်၊ ဒုက္ခဖုန် တစ်မွှားမှ ရှိမသွားစေချင်လို့ပဲကိုး။

ခုဆိုရင် မင်းလေးဘဝမှာ ကိုယ်နဲ့ပက်သက်တဲ့ အရိပ်အမှောင်တွေ ဘာမှစွန်းထင်စရာမရှိတော့ဘူး၊ ကိုယ်နဲ့ကင်းကွာလိုက်တဲ့အချိန် မှာပဲ မင်းလေးဘဝလေးဟာ အရင်တုန်းကလိုရွှေရောင်ပြန်လင်းလက်လာမှာပါ…။

အပြစ်ဆိုရင် ဘာအပြစ် မြူမှုန်မှ မရှိဘဲ ရိုးသားအေးချမ်းအကြင်နာတွေ ထားတတ်တဲ့ကလေးရေ။

ကိုယ့်ကို ခုလိုပဲ ထာဝရ မုန်းတီးနေပါကွယ်၊ ဘယ်လိုနည်းနဲ့မှ လူကောင်းတစ်ယောက်အဖြစ်ကို ပြန်မရနိုင်တဲ့ကိုယ့်ရဲ့ အကျဉ်းတန် ဘဝကြီးကိုလည်း မင်းနဲ့ဘာမှ မဆိုင်တော့သလိုပဲနေလိုက်တော့နော်။





ဒါဟာ မင်းအတွက်ပါ ကလေးရယ်။

အရှည်သဖြင့်မှာ မင်းဘဝလေး လှပတင့်တယ်ဖို့ပါ။

ကိုယ်မှာ ဘာဖြစ်လို့ သတ္တိမရှိရင်လဲ။ ကိုယ်ဟာ ယောက်ျား ါ။ ယောက်ျားတောင်မှ ဘဝမှာ လုပ်ချင်တာတွေလုပ်ပြီး ခံစရာရှိလဲ ရဲရဲခံရဲတဲ့ ယောက်ျားပါ။

"ကိုယ်ဘာလုပ်တာလဲ"တဲ့။

"ဆရာဘာလုပ်တာလဲ"တဲ့။

ကိုယ့်အသည်းကို ကိုယ်ထုချေပစ်တာပဲ ကလေးရေ။

မင်းကို မချစ်ဘူးလို့မင်းက ထင်နေလို့လား။

မင်းလေးကို ကိုယ်က မချစ်သေးဘူးလို့များ အောက်မေ့နေသလား။

ချစ်တာပေါ့ ကလေးရယ်၊ မင်းကို ကိုယ်သိပ်ချစ်တာပေါ့။

အချစ်မှာ သိပ်သတ္တိရှိတဲ့ မိန်းကလေး၊ ကိုယ်နဲ့ဝေးရမယ်လို့ သိတဲ့ခဏလေးမှာပဲ ကိုယ့်ဆီကို အရောက်ပြေးလာဖို့ ပထမဆုံးသတိရ တဲ့မိန်းကလေး၊ အင်မတန်ခြောက်သွေ့ အကျည်းတန်ပြီး အထီးကျန် လှတဲ့ ကိုယ့်ဘဝအရုပ်ဆိုးဆိုးကြီးထဲကို ထာဝရဆိုတဲ့ နိုလှုံဖို့ အလွယ် တကူပဲ ဆုံးဖြတ်ချရဲတဲ့ မိန်းကလေး။

ပြီးတော့ ကိုယ်ခါးခါးသီးသီးငြင်းဆန်နေတဲ့ကြားထဲကပဲ ကိုယ့်အပေါ် ပြုစုကြင်နာဖို့ ဦးမလေးခဲ့တဲ့ မိန်းကလေး။

ကိုယ့်အပေါ် စာနာထောက်ထားမှုများစွာနဲ့ နားလည်မှုတွေရှိခဲ့တဲ့ မိန်းကလေး။

လူတကာ အထင်သေးစက်ဆုပ်ပြီး အဖက်မလုပ်ချင်တဲ့ လူလိမ်လူရှုပ်တစ်ယောက်အနေနဲ့ ပိုင်းပယ်ထားတဲ့ လူတစ်ယောက်ရဲ့ အနုပညာ အလှအပတွေ ဖြောင့်စင်းရိုးသားမှုတွေကို အထင်ကြီးလေးစား ချစ်ခင်တတ်တဲ့ ကရုဏာရှင်မိန်းကလေး။

ဒီလို မိန်းကလေးတစ်ယောက်ဖြစ်တဲ့ ဖြူပွင့်ကို ကိုယ်က မချစ်ဘူးလို့များ မင်းဘာကြောင့် ထင်ရတာလဲ။

သိပ်ချစ်တယ် ဖြူပွင့်ရယ်။

မင်းမကြားနိုင်တော့တဲ့ အချိန်ကျမှ ကိုယ့်ရင်တစ်ခုလုံး ပေါက်ကွဲသွားအောင် မင်းကို ပြောပြပါရစေ။

မင်းကို ကိုယ်အရမ်းချစ်ပါတယ်။

တွယ်တာစရာ အကြင်နာတွေ ခေါင်းပါးငတ်မွတ်လွန်းလှတဲ့ ကိုယ့်ဘဝမှာ မင်းကလွဲလို့ ကိုယ်က ဘာကိုတွယ်တာရမှာလဲ။





မြတ်နိုးမျှော်လင့်စရာ ဘာမှမရှိတဲ့ ကိုယ့်ဘဝမှာ မင်းကလွဲလို့ ကိုယ်က ဘာကို မြတ်နိုးမျှော်လင့်ရမှာလဲ

ရှင်လျက်နဲ့သေသလိုဖြစ်နေတဲ့ ကိုယ့်ဘဝမှာ မင်းတစ်ယောက်သာ တမ်းတစရာ အသက်ရှင်ခြင်းလေးတစ်ခု ဖြစ်တယ်ဆိုတာ မင်းနားလည်သင့်ပါတယ်။

အေးလေ။ ဒါပေမယ့် ခုတော့ မလိုအပ်တော့ပါဘူး။

ကိုယ်ဖြစ်စေချင်သလိုပဲ မင်းကိုယ့်ကို စွန့်ခွာသွားခဲ့ပြီပဲ။

စွန့်ခွာသွားလိုက်ပါ ကလေးရယ်။ မုန်းတီးသွားလိုက်ပါ။

မင်းလေးကို ကိုယ်ဘယ်လောက်ပဲချစ်ချစ် တွယ်တာ...တွယ်တာ၊ မြတ်နိုး...မြတ်နိုး၊ မင်းကိုကိုယ့်ဘဝထဲ ကိုယ်မဆွဲသွင်းချင်ပါဘူး။

တစ်ချိန်က ကိုယ့်မိုက်ပြစ်တွေနဲ့ မစင်တွေ ပေလူးသလို ပေလူးညစ်ညမ်းနေတဲ့ ကိုယ့်ဘဝကို မင်းခဏလေးတောင် မရစ်သီစေချင်ပါဘူး။

မင်းဘဝလေး ထာဝရ တင့်တယ်လှပတာပဲ မြင်ပါရစေ။

သွားပါတော့ ကလေးရယ်။

လူးဆိုးလူသွမ်း လူရမ်းကားကြီး ကိုယ့်ကို ထာဝစဉ်မေ့လျော့

ပြီး ရွှေရောင်တောက်နေတဲ့ မင်းဘဝလမ်းလေးမှာပဲ မင်းထာဝရ ချမ်းမြေ့ပါတော့။

မင်းအပါးမှာမင်းမသိတဲ့ ထာဝရရစ်ဝဲနေဦးမယ့် ကိုယ်ဝိညာဉ် ချစ်လိပ်ပြာလေးကိုလဲ ရန်ငြိုးတွေပို ကျိန်စာဆိုပြီး အဝေးကို နှင်လွှတ်လိုက်ပါတော့။

ကြမ်းတမ်းသွေ့ခြောက်ပူပြင်းလှတဲ့ ကိုယ့်ဘဝကန္တာရ ခရီးကြမ်းကြီးကိုလဲကိုယ်တစ်ယောက်တည်းပဲ မသေမချင်းဆက်လျှောက်လှမ်းနေပါတော့မယ်ကွယ်။ မင်းနဲ့ ဆုံစည်းချမ်းမြေ့ခဲ့ရတဲ့ အချိန်ပိုင်းလေးတွေကိုလဲ ကိုယ့်ဘဝရဲ့ သိပ်ပျော်ရွှင်ကြည်နူးစရာကောင်းခဲ့တဲ့ အိပ်မက်လေးတွေလို့ပဲ ကိုယ်အောက်မေ့လိုက်ပါတော့မယ်။

ကိုယ်ငိုချင်လိုက်တာ။

ပြီးတော့ ဝမ်းနည်းလိုက်တာ။

◆ ◆ ◆

ဘယ်လောက်ကြာအောင် စားပွဲပေါ်မှာ ထိုင်ပြီးရင်ထဲက ခံစားချက်ကို ဖော်ထုတ်ရေးသားနေမိသည် မသိ။





သတိရ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည့် အချိန်မှာညနေစောင်း၍ အမှောင်ရိပ်များပင် လွှမ်းမိုးနေပြီဖြစ်သည်။

ဒီတော့မှ သူကိုယ်တိုင်ဆိုင်ကို သွားယူလျှင်ယူ၊ မယူလျှင် ရန်လုံ့ကို လွှတ်ယူခိုင်းဖို့ ထမင်းကိစ္စ ထွန်းဝေအောင် သတိရသည်။

ရင်ထဲမှာဆို့ပြီး စားချင်စိတ် မရှိသော်လည်း ဘဝဆိုတာကို မစွန့်ခွာနိုင်သေးသရွေ့ ဝတ္တရားအရ လုပ်နေရဦးမည့် အလုပ်မို့ ရန်လုံ့ကိုပဲ လွှတ်ယူခိုင်းရန် ထုံးစံအတိုင်း ကတ်ပြားလေး တစ်ခုပေါ်မှာ ထမင်းထုပ်နှစ်ထုပ်ဟု စာတန်းလေးရေးလိုက်သည်။

ထို့နောက် အိမ်ပြင်ထွက်ရန် ရန်လုံ့ကိုခေါ်ပြီး ကတ်ပြားလေးကိုက်ခိုင်း၍ ဆိုင်ဘက်လွှတ်လိုက်သည်။

သူကိုယ်တိုင်ကတော့ ရင်ထဲမှာ မွန်းကျပ်နေသော ခံစားချက်များကို သက်သာနိုင်သလောက် သက်သာအောင်ဖြေနေရန် ခြံရှေ့ကွင်းပြင်ကျယ်ကြီးဘက်သို့ ထွက်ခဲ့သည်။

သည်နေရာက အဝေးမိုးကုတ်စက်ဝိုင်းအထိ ဟင်းလင်းလွှတ်လပ်နေသော ကွင်းပြင်ကြီး။ ကွင်းပြင်ထဲသို့ 'ရောက်နိုင်သလောက် ရောက်အောင် လျှောက်လာခဲ့သည်။

မှောင်ရီသမ်း၍ မြူများဆိုင်းနေသော လယ်ကွင်းပြင်ကြီး၏

ကွင်းလယ် တစ်နေရာမှာ သူရပ်သည်။ သန့်ရှင်းအေးမြစွာတိုက်ခတ်သော လေပြည်ကို တဝရှူသွင်းသည်။

ကြေကွဲ ဆွေးမြည့်ခြင်းများ ပျောက်ဆုံးမသွားသော်လည်း စိတ်ထဲမှ ရှုပ်ထွေးမိုင်းအုံခြင်းများကတော့ သက်သာသွားသည်။

အတော်လေးကြာသော် ကွင်းထဲမှနေပြီးမှ သူပြန်လာခဲ့သည်။

ပြန်လာချိန်မှာတော့ အမှောင်ထုက လွှမ်းဖုံးသွားပြီ ဖြစ်သည်။

◆ ◆ ◆





(၂)

"ရန်လုံ့...ရန်လုံ့"

ဘယ်အချိန်မဆို သူပြန်လာလျှင် ထွက်ကြိုနေကျဖြစ်သည့် ရန်လုံ့တစ်ကောင် တအီအီ အော်ပြီးပြေးထွက်လာသည်။ ထို့နောက် ထုံးစံအတိုင်း သူ့ခြေသလုံးကို ရန်လုံ့က ကိုယ်လုံးဖြင့်ပွတ်တိုက်ပြီး ကြိုသည်။

"တော်သေးတာပေါ့ ရန်လုံ့ရာ၊ ငါက မင်းပါ ငါ့ကိုထားပစ်ခဲ့ပစ်ခဲ့ပြီလားလို့"

ရန်လုံ့ခေါင်းနှင့် ကျောကို ပွတ်သပ်ပြီး အိမ်ထဲဝင်လာသည်။

မှောင်လိုက်တာ ရန်လုံ့ရာ၊ မင်းကလဲ ဖယောင်းတိုင်မီးလေး တာလေးတောင် ထွန်းမထားဘူးလား ဟား ဟား"

သူ့ဟာ သူပြော သူ့ဟာသူရယ် အရူးတစ်ယောက်လိုလှုပ်ရှား မှုမျိုးဖြင့် အိမ်ထဲဝင်ပြီး ဖယောင်းတိုင် တစ်တိုင်ကို မီးခြစ် ထွန်းညှိ လိုက်သည်။

ဧည့်ခန်းစားပွဲပေါ်မှာ ထမ်းထုပ်များပါရှိသော ကြွပ်ကြွပ် အိတ်တစ်လုံး။

'အောင်မာ ..ရန်လုံ၊ မင်းက ထမ်းထုပ်တွေကို စားပွဲပေါ် အကျတင်ထားတာကို မဆိုးဘူး၊ မင်းငါ့လောက်နီးနီးတော်လာပြီ'

ဖယောင်းတိုင်ကို စားပွဲပေါ် စိုက်ထောင်ထားလိုက်ပြီး အိတ်ထဲမှ ထမင်းထုပ်များကို ထုတ်သည်။

'ဟင်...'

ထမ်းထုပ်က သုံးထုပ်ဖြစ်နေသဖြင့် အံ့အားသင့်သွားရသည်။

'ဟေ့ကောင် ရန်လုံ မင်းဘယ်လိုလုပ်လာတာလဲ၊ ငါစာရေး ပေးလိုက်တာနှစ်ထုပ်တည်းကွ၊ မင်းက ဘာကိစ္စသုံးထုပ်ယူလာ ရတာလဲ၊ ပိုနေတဲ့ ထစ်ထုပ်ကို ဘာလုပ်ဖို့လဲ မင်းကြီးတော်စားဖို့လား'

'ရန်လုံ့ကြီးတော်က အညာမှ ဆရာရဲ့၊ ဘယ်လိုလုပ်စားမလဲ ရန်လုံ့ကြီးတော်စားဖို့မဟုတ်ဘူး၊ ရန်လုံ့ဆရာကတော် စားဖို့'

'ဟင်... [illegible]'



ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် ထွန်းဝေ အောင် အလန့်တကြား လှည့်ကြည့်လိုက်သည်။

အမှောင်ရိပ်ကျနေသော သူ့စာရေးစားပွဲနေရာမှ ဖြူမွှင့်သူ့ဆီ လျှောက်လာသည်ကို တွေ့ရ၏။

ဖြူမွှင့်လက်ထဲမှာ စောစောက သူကြေကွဲဝမ်းနည်းစွာ ရေးခဲ့သော စာရွက်များ။

◆ ◆ ◆

ထွန်းဝေအောင် အံ့အားသင့်နေပုံကို ကြည့်၍ ဖြူမွှင့်က ရယ်လိုက်ပြီး...

'ဟုတ်တယ် ဆရာ၊ ဆရာရဲ့ဒိုးရေးပေးနေတဲ့ စာရေးဆရာ မလေး ပန်းဖြူဖြူမွှင့်ပါ၊ ဆရာ့ဆီက နောက်ထပ်စာမူတစ်ခုလောက် ဝယ်ချင်လို့၊ ဒီတစ်ခါတော့ ဝတ္ထုအရှည်ကြီး မလိုချင်ပါဘူး၊ စားပွဲပေါ် မှာ ဆရာရေးထားတဲ့ စာမူတိုတိုလေးပဲ လိုချင်တယ်၊ ဖြူမွှင့် ဖတ်ကြည့် ပြီးပြီ သိပ်ကောင်းတာပဲ'

ပြောသည်။

ထွန်းဝေအောင် ထမင်းထုပ်သုံးထုပ်ကို ကြည့်ပြီး…

'ဒီထမင်းထုပ်တွေလဲ မင်းလုပ်လိုက်တာပဲ ထင်တယ် ဟုတ်လား ဖြူပွင့်'

'သိပ်သေချာတာပေါ့ ဆရာ၊ ဆရာ့ကိုစိတ်ဆိုးလို့ အိမ်ပြန်တော့မယ်ဆိုပြီး ထွက်သွားတာ၊ လမ်းကျတော့ အိမ်မပြန်ဖြစ်ပါဘူး အိမ်ပြန်ရင် ဖြူပွင့်ဘယ်တော့မှ ပြန်ထွက်လို့ရတော့မှာမဟုတ်ဘူး ဆရာကလဲ ဖြူပွင့်ကို ဘယ်တော့မှ လာခေါ်မမှာ မဟုတ်ဘူး၊ အဲ့ဒါနဲ့ ဖြူပွင့် အိမ်မပြန်တော့ဘူးဆိုပြီး ဘုရားပေါ် သွားထိုင်နေတာ။

'ညနေကျတော့ ဖြူပွင့် ဆရာ့ဆီပဲ ပြန်လာချင်တာနဲ့ ပြန်လာခဲ့တော့ လမ်းမှာ ရန်လုံနဲ့တွေ့တယ်၊ သူ့ပါးစပ်ထဲက စာဖတ်ကြည့်လိုက်တော့ ထမင်းထုပ်နှစ်ထုပ်တဲ့၊ အဲ့ဒါနဲ့ ဖြူပွင့်က သုံးထုပ်လို့ ပြင်ရေးပေးခဲ့ပြီး အိမ်ကိုဆက်လာတော့ အိမ်မှာ ဆရာမရှိဘူး…'

'ဖယောင်းတိုင်ထွန်းပြီးလျှောက်ကြည့်တော့ စားပွဲပေါ်မှာ ဆရာရေးပြီးစ စာရွက်တွေတွေ့တယ်၊ ဖြူပွင့် ဖတ်ကြည့်ပြီး ဆရာဘယ်လောက်နှင်နှင် ဖြူပွင့်မပြန်တော့ဘူးလို့ ဆုံးဖြတ်ချက် ချလိုက်တယ်၊ ဒါနဲ့ မီးပြန်ငြိမ်းပြီး ဆရာ့ကို ထိုင်စောင့်နေတာ…'





'အခုတော့ ဆရာ့ကိုလဲ ဘာမှ မေးစရာလဲ မလိုတော့ပါဘူး ဆရာ ဘာလုပ်နေတာလဲ ဆိုတာလဲ ဖြူပွင့်သိပြီ၊ ဆရာသတ္တိရှိတဲ့ ယောကျ်ားတစ်ယောက် ဟုတ်မဟုတ် ဆိုတာလဲ ဖြူပွင့်သိပြီ'

'ဟင်း…'

ထွန်းဝေအောင် သက်ပြင်းချသည်။ ရင်ထဲက ကြေကွဲဆွေးမြည့်ခြင်းများ ငြိမ်းပျောက်သွားသော အဖြစ်ကို သတိထားမိသည်။

သို့သော် ဖြူပွင့် ဒုက္ခရောက်လိမ့်မည် ဆိုသောအသိကလည်း ရှိနေသေးသဖြင့်…

'အရမ်းလဲ မဆုံးဖြတ်ပါနဲ့ဦး ဖြူပွင့်ရယ်၊ ဖြူပွင့်လဲ ကိုယ့်စာဖတ်ပြီး ကိုယ့်စိတ်ကိုသိနေပြီးပဲ၊ ဖြူပွင့်ဟာ တစ်လောကလုံးမှာ တစ်ယောက်တည်းရှိတဲ့ကိုယ့်ရဲ့ တွယ်တာရာ၊ တမ်းတရာပါ၊ ဒါပေမယ့်….'

'ဒါပေမယ့် ဘာဖြစ်လဲမောင်၊ မောင်က ဖြူပွင့်ဘဝကိစ္စဆိုတာပဲ ပြောချင်သေးတာမဟုတ်လား'

ရုတ်ချည်း အခေါ်အဝေါ် ပြောင်းလဲပစ်လိုက်သော ဖြူပွင့်ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ…

'ဟုတ်တယ် ဖြူပွင့်'

ဖြူပွင့်ကရယ်သည်။

‘ဟား…ဟား မောင်ဟာ အရာအားလုံးကိုသိနေတယ်လို့ ထင်မိတာ ဖြူပွင့်မှားသွားတယ်၊ မောင့်ကိုယ်မောင် အဲ့လိုထင်နေရင်လဲ အဲဒီအထင်ကို ဖျောက်ပစ်လိုက်တော့၊ လောကမှာ မောင်မသိတဲ့ ကိစ္စတွေ အများကြီးရှိသေးတယ်’

‘ဖြူပွင့် ဘာပြောချင်တာလဲ’

‘ဘာပြောချင်တာလဲဆိုတော့ မောင်ညွှံ့တဲ့ ကိစ္စတွေပေါ့၊ မောင်ဟာ လောကကြီးအကြောင်း၊ စာအကြောင်းပေအကြောင်း ဝတ္ထုအကြောင်း ဘဝအကြောင်းသိတာတွေ အများကြီးရှိချင်ရှိမယ်၊ ဒါပေမယ့် လောကမှာ အရာတစ်ခုကိုတော့ မောင်လုံးဝမသိသေးဘူး အဲဒါဘာလဲ သိလား’

‘ဟင့်အင်း…’

‘ဟင်း…ဟင်း…မိန်းမတစ်ယောက်ရဲ့ အချစ်ဆိုတာပဲပေါ့ မောင်၊ ဒီ့အပြင်ဟာအားလုံးကို မောင်သိချင်သိမယ်၊ မိန်းမတစ်ယောက်ရဲ့ အချစ်ဆိုတာကိုတော့ မောင် နည်းနည်းလေးမှ သိနားလည်ပုံမရဘူး’

‘အင်း…ပြောပါဦး ဖြူပွင့်’





‘ဖြူပွင့်လဲအစကတော့ ဒီလောက်နားမလည်ပါဘူး၊ အချစ်ဆိုတာကို သာမန် သူပြောငါပြောသလောက်ပဲ အောက်မေ့ခဲ့တယ်၊ ဒါကြောင့်လဲ ကိုဝေယံဖြူပွင့်ကို ချစ်ရေးဆိုလာတော့ကျေးဇူးသိပ်တင်ဖို့ကောင်းတဲ့လူတစ်ယောက်အနေနဲ့ လွယ်လွယ်ပဲ အဖြေပေးခဲ့မိတယ်…

‘ရင်ထဲမှာ ဘာမှ ထူးထူးခြားခြား ရိုက်ခတ်ခံစားရတာ၊ ပြောင်းလဲသွားတာ မရှိပေမယ့်လဲ ဒါချစ်သူ၊ ဒါဟာ အချစ်လို့ ယုံခဲ့ထင်ခဲ့မိတယ်….

‘ဘယ်အချိန်ထလဲဆိုတော့ မောင်နဲ့တွေ့တဲ့ အချိန်အထိပဲဆိုပါတော့….

‘မောင်နဲ့တွေ့တဲ့ အချိန်လဲကျရော၊ ဖြူပွင့်စိတ်ထဲမှာ အရမ်းထူးထူးခြားခြားရိုက်ခတ်လာသလို၊ အပြောင်းအလဲတွေလဲ အများကြီးဖြစ်ခဲ့တယ်…

‘မောင်ဟာ တစ်ချိန်က ဖြူပွင့်သိပ်နှစ်သက်စွဲလမ်းခဲ့တဲ့စာရေးဆရာတစ်ယောက်၊ နောက်ကျတော့ ဖြူပွင့် နောက်ကွယ်ကနေ ဖြူပွင့် အရမ်းအားကျ နှစ်ခြိုက်တဲ့စာတွေ ရေးပေးနေတဲ့သူ…

‘မောင့်ကို အထင်ကြီးလေးစားရင်းစွဲ ရှိခဲ့တာတွေလဲ ပါမှာပေါ့လေ၊ ဒါပေမယ့် သိပ်ထူးခြားတယ်မောင်ရယ်၊ မောင့်ကို တွေ့တဲ့အချိန်

မှာ ဘာကြောင့်လဲ မသိဘူး၊ မောင်နဲ့မောင့်ဘဝကို အရမ်းစိတ်ဝင်စားသွားတယ်…

'အကောင်းရယ်လို့ တစ်ခုမှမပါတဲ့ မောင့်ဘဝ ဇာတ်ကြောင်းကြီးကို ကြားနေသိနေရတဲ့အတိုင်း အဲ့ဒါတွေရဲ့မကောင်းတဲ့ အချက်တွေက ဖြူပွင့်ရင်ကို ဘယ်လိုမှအနှောင့်အယှက်လာမဖြစ်ဘဲမောင့်ကို သနားလို့တောင်နေမိတယ်…

'ပြီးတော့…ဖြူပွင့်နဲ့တွေ့ရင် တက်ကြွရွှင်လန်းနေတဲ့မောင့်ကိုကြည့်ပြီး ဖြူပွင့်ပျော်တယ်….

'မောင့်ဘဝထဲမှာ ဖြူပွင့်တစ်သက်လုံးသာ ရှိနေရင် မောင်အရမ်းစိတ်ချမ်းသာမှာပဲ ဆိုတဲ့အသိနဲ့ မောင့်အနားမှာ ထာဝရရှိနေချင်စိတ်တွေ ဖြူပွင့်မှာ ပေါ်တယ်…

'ဖြူပွင့်ဟာ မောင့်ဘဝရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေခွင့် ရတာကိုပဲ ဖြူပွင့် ဝမ်းသာတယ်၊ မောင် အဲဒီ… အဲဒီထက်ပိုပြီး စိတ်ချမ်းသာအောင်၊ ပျော်ရွှင်အောင်၊ မောင်ဘဝ အထီးကျန်ကန္တာရကြီးစိုပြည်လာအောင် ဖြူပွင့်ယုယချင်တယ်၊ ပြုစု ချင်တယ် ဖြူပွင့် စွမ်းဆောင်နိုင်သလောက်အကြင်နာတွေ မောင့်ကို ပေးချင်တယ်…





'အဲဒီအတွက် ဖြူပွင့်ဘဝမှာ ဘာတွေဆုံးရှုံး…ဆုံးရှုံး၊ ဖြူပွင့်ခံနိုင်ရည်ရှိတယ်၊ လိုအပ်လာရင် အရာအားလုံးကို ရင်ဆိုင်ဖို့ စွန့်လွှတ်ဖို့လဲ ဖြူပွင့်မှာ အဆင့်သင့်ရှိတယ်…

'အရေးကြီးတာ မောင်နဲ့မခွဲမခွာ နေချင်တယ်၊ မောင့်စိတ်ချမ်းသာမှုတွေကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရာကြံဖြည့်ဆည်းသွားချင်တယ်…

'အဲဒါ ခုမှသိနားလည်တဲ့ မိန်းမတစ်ယောက်ရဲ့ တကယ့်အချစ်ပဲမောင်…

'အဲဒီလိုအချစ်မျိုးကို မိန်းမတိုင်းကြုံဖူးချင်မှ ကြုံဖူးမယ်၊ အကယ်၍သာ ဖြူပွင့်ကိုယ်တိုင်လဲ မောင်နဲ့မဆုံခဲ့ဘဲ၊ ကိုဝေယံလိုလူမျိုးနဲ့သာ အမှတ်မထင် လက်ထပ်မိသွားမယ်ဆိုရင် လောကမှာဒီအချစ်မျိုးတကယ်ရှိမှ ရှိပါ့မလားလို့တောင် သံသယဝင်မိမှာပဲ။

'ခုတော့ ကံကောင်းသလား၊ ကံဆိုးသလား ဖြူပွင့်သေချာတော့ မပြောတတ်ဘူး မောင်ဆိုတဲ့လူတစ်ယောက်ကို ဖြူပွင့်တကယ်ချစ်မိတာတော့အမှန်ပဲ။

'အဲဒီတော့ ဖြူပွင့်နဲ့မောင်နဲ့ ဝေးရမှာကြောက်တယ်မောင်။

'မောင့်ဘဝ ဒီထက်ဆိုးပြီး ဘယ်လိုမှ လူတောထဲမတိုးနိုင်တဲ့

အနူအဝဲဘဝမျိုး ရောက်သွားရင်လဲ ဖြူပွင့်မောင့်နောက်ကို လိုက်နေမိမှာပဲ မောင်ဘဝထဲမှာ ရှိတာက ဖြူပွင့်ကိစ္စမဟုတ်ဘူး၊ မောင့်ဘဝထဲမှာ ဖြူပွင့် မရှိမှာစိုးတာပဲ ဖြူပွင့်ကိစ္စ။

'အဲဒါကို မောင်နားလည်ရင် ဖြူပွင့်ကို ဘာအကြောင်းနဲ့မှ မောင့်အနားက နှင်မထုတ်ပါနဲ့မောင်၊ ဖြူပွင့်သေရမှာတောင် မကြောက်ပါဘူး၊ မောင့်အနားမှာ မနေရမှာဘဲ ဖြူပွင့်ကြောက်တယ်'

ရှည်လျားသော စကားများအဆုံးတွင် ဖြူပွင့် ထွန်းဝေအောင် ရင်ခွင်တွင် မျက်နှာအပ်၍ ရှိုက်ကြီးတငင်ငိုသည်။ ဖြူပွင့်ကို ဆီးကြိုသိမ်းဖက်ရင်း သူ့မျက်လုံးမှာပါ မျက်ရည်ကြည်များ ပြည့်လျှံနေကြောင်း ထွန်းဝေအောင်အံ့သြစွာ တွေ့ရှိလိုက်ရ၏။

♦ ♦ ♦





(၃)

'ဟုတ်ရဲ့လားမောင်အုန်းရာ၊ ဖြူပွင့်က အိမ်ကထွက်ထွက်ချင်း အဲဒီကိုငါတို့အရင်သွားရှာတာပါ၊ ဘယ်သူမှမရှိဘူး၊ တစ်အိမ်လုံး သော့ခတ်ပြီး လစ်ကုန်ကြတာ'

'ဟာ...ကိုဝေယံကလဲဗျာ၊ မဟုတ်ဘဲ ကျွန်တော်က ဘာလို့ ပြောရမှာလဲ၊ ကိုထွန်းဝေအောင်တို့ နေရာရဲ့ ဒီဘက်က ရွာထဲမှာ ကျွန်တော့်သူငယ်ချင်းတွေ အများကြီးရှိတယ်၊ ဒီကောင်တွေကလဲ သေချာပေါက်ပြောတယ်၊ အဲဒီအိမ်မှာ ကောင်မလေး ဖြူဖြူသွယ်သွယ် လေး တစ်ယောက်လဲ ရောက်နေတယ်တဲ့။

မောင်အုန်းစကားကြောင့် ဝေယံထွန်းတွေသွားသည်။

ဒီအတိုင်းဆို ထွန်းဝေအောင်နှင့် ဖြူပွင့်တို့ ထိုအိမ်ကလေး ထဲမှာပဲ ပြန်ရောက်နေကြတာ သေချာပြီ။

သူဘာလုပ်မလဲ။

စဉ်းစားတော့ အတော်ကို စဉ်းစားရမည့် ကိစ္စပင်။

ဒီနေ့နှင့်ပါဆို ဖြူပွင့် ထွန်းဝေအောင်ဆီ ရောက်နေတာ တစ်ပတ်ပင်ရှိနေပြီ။

ရှာတာတော့ စ,ပျောက်သည့်နေကတည်းကပင် ပိုက်စိပ် တိုက်ရှာခဲ့သည့်ကိစ္စ၊ ဖြူပွင့်မိဘများနှင့်အတူ ထွန်းဝေအောင်တို့အိမ် သို့ရောက်ခဲ့သည်။ သော့ပိတ်ပြီး လူတစ်ယောက်မှ မကျန်တော့ သည်ကို တွေ့သောအခါ ထိုနေရာမှချက်ချင်းပြန်ခဲ့သည်။

ထို့နောက် ရထား၊ ကားဂိတ်များမှာ နည်းနည်းလေးမျက်ခြည် ပြတ်ပြီး လွတ်ထွက်မသွားစေရန် အချိန်ပြည့်စောင့်ကြည့်နေခဲ့သည်။

ဖြူပွင့်မိဘများကိုလည်း လိုအပ်လာလျှင် ကိုယ့်ဘက်က အသာစီးရအောင် ရဲစခန်းမှာ လူပျောက်တိုင် အမှုဖွင့်ထားခဲ့သည်။

ရဲအရာရှိများကတော့ အသက်နှစ်ဆယ့်နှစ်နှစ်ရှိ မိန်းကလေး တစ်ယောက်မို့ ယောက်ျားနောက်လိုက်ပြေးတာ [illegible]



ကြမှာမလွဲ။ ဝတ္တရားအရ လက်ခံရသည့်တိုင် သိပ်တက်တက်ကြွကြွ မရှိ။

သတင်းအစအနရလျှင် သူတို့ကို အကြောင်းကြားပေးပါ၊ သူတို့လည်း တတ်နိုင်သလောက် ကြိုးစားပေးပါ့မည်ဆို တာလောက်ပဲ ပြောလိုက်သည်။

ချန်သည့် ဖြူပွင့်သွားနိုင်သည့် နေရာများသို့လည်း လိုအပ် သလို လှေလာအကဲခတ်ရှာဖွေကြည့်သည်။ နှစ်ယောက်စလုံး၊ အစအန ပင်မတွေ့။

ခုတိုင်ကတော့ ဖြူပွင့်နှင့် ထွန်းဝေအောင် ဘယ်မှသွားကြပုံ မရ။

ပထမဆုံးနေကသာ ထွက်ပြေးသယောင် အရောင်ပြပြီး တစ်ပတ်လုံးလုံး ထိုအိမ်လေးထဲမှာပဲ ခိုနေကြပုံရသည်။

သည်အချိန်ကျမှ သွားတွေ့၊ သွားခွဲတော့ကော အကျိုးထူး ပါတော့မလား။

ထွန်းဝေအောင်ဆိုသည့် လူရုပ် လူပွေက ဖြူပွင့်လို မိန်းက လေးမျိုးကို တစ်ပတ်လုံးလုံး ဘယ်လိုမှ အလှထိုင်ကြည့်မည်မဟုတ်။

တန်းပြေးပုံရလျှင် အစောကြီးကတည်းကပင် ဖြူပွင့်ကို သည်ကောင် ယုတ်မာကောင်း ယုတ်မာထားနှင့်နိုင်သည်။

'တောက်…'

တွေးကြည့်လျှင် ဒေါသဖြစ်စရာကောင်းသည်က လွဲ၍ ဘာမှ မတတ်နိုင်တော့။

ဒါက သူ့အပိုင်း။

ဖြူပွင့် မိဘတွေပိုင်းကျတော့ သည်လို လုံးဝမဟုတ်။

'ဘယ်လို အခြေအနေနဲ့ ရောက်ရောက် ဒီကောင်နဲ့တော့ လုံးဝအဖြစ်မခံနိုင်ဘူး မောင်ဝေယံ၊ ဖြစ်တဲ့နည်းနဲ့ အန်တီတို့လိုက်ခွဲ မယ်၊ ခွဲမရရင် အဲဒီအမိုက်မကို သတ်ပစ်မယ် အန်တီတို့ မျိုးရိုးရာ ဇာဝင်မှာ ဒီလိုကောင်မျိုး တစ်ယောက် ဝင်အလာမခံနိုင်ဘူး'

'အန်ကယ်ကလဲ သမီးကိုပဲ ပြန်လိုချင်တယ် မောင်ဝေယံ ကျန်တာဘာပဲဖြစ်ဖြစ် အန်ကယ် ဂရုမစိုက်ဘူး၊ နောက်ဆုံးလိုအပ်ရင် အန်ကယ်ကိုယ်တိုင် စက်တိုင်တက်မယ်'

ဖြူပွင့် ဖေဖေကော မေမေနှစ်ဦးစလုံးကတော့ အားနာလို့ လားမသိ။ သူ့ကို တစ်ချက်ကလေးမှ အပြစ်မတင်ကြပါ။ သို့သော် ဘူတို့စိတ်ထဲမှာတော့ သည်ကိစ္စတစ်ခုလုံးမှာ သူ့အပြစ်မကင်းကြောင်း



သူသိသည်။

ထွန်းဝေအောင်ဆိုသည့် ကောင်ဆီ ဖြူပွင့်ကို စတင်ပြီး ခေါ်သွား ပေးမိသူက သူ။

ပြီးတော့ ထွန်းဝေအောင်ဆီ ဖြူပွင့် တစ်ယောက်တည်းသွား နေပြီဆိုတာ သိသိချင်းတုန်းကလည်း အတင်းအကြပ်ပိတ်ပင်တားဆီးဖို့ တာဝန်ရှိပါလျက်နှင့် သူနည်းနည်းပါးပါး စကားလောက်ဖြင့်သာ တားမိသည်။

ဘာပြောပြော ဖြူပွင့်သည် ကလေးသာသာအရွယ် လောက အကြောင်း ဘာမှမသိသူ။

ခုလည်း ဟိုကောင်လှည့်ဖြားသွေးဆောင်မှုများကြောင့်သာ ထင်ရာတွေ လျှောက်လုပ်နေခြင်းဖြစ်သည်။ အနာဂတ်ဘဝအား ဘယ်ပုံ ဘယ်နည်းနှင့် ရင်ဆိုင်မည်ဆိုသည့်ကိစ္စကိုတော့ စိုးစဉ်မျှ တွေးမိပုံ မရသေး။

တစ်နေ့ ဖြူပွင့် နောင်တရမှာ သေချာသည်။

ဟိုကောင်ကကော ဘယ်လောက် ကြာရှည်စွာ ဖြူပွင့်ကို စည်းရုံး သိမ်းသွင်းထားမှာလဲ။ ဖြူပွင့်ကလည်း ဘယ်နည်းနဲ့မှ သည်ကောင်ဆီမှာ ကြာကြာနေနိုင်မှာမဟုတ်။

'ကဲ…ဘယ်လိုလုပ်မှာလဲ ကိုဝေယံ၊ ရွာတုန်းကတော့ ခင်ဗျားပဲ အသည်းအသန်ရှာခိုင်းပြီး၊ တွေ့တော့လဲခင်ဗျားက မတုန်မလှုပ်နဲ့'

'မတုန်မလှုပ် မဟုတ်ပါဘူး မောင်အုန်းရာ၊ ဘယ်လိုလုပ်ရမလဲဆိုတာ ငါစဉ်းစား နေတာပါ၊ ကဲပါ၊ အဲ့ဒီမှာ ရှိတာသေချာတယ်ဆိုရင်တော့ ဖြူပွင့် မိဘတွေဆီ အကျိုးအကြောင်းသွားပြောတာအကောင်းဆုံးပဲ၊ ကဲ…လာ…မောင်အုန်း၊ မင်းပါလိုက်ခဲ့'

ဝေယံထွန်း၊ မောင်အုန်းကိုခေါ်၍ တိုက်ရှေ့တွင်ရပ်ထားသောကားဆီ ခပ်သွက်သွက် လျှောက်လာခဲ့၏။

◆ ◆ ◆





(၄)

'ထိုင်လေ…ဖြူပွင့်၊ ဘာလုပ်နေတာလဲ'

'ဟင့်အင်း…ဖြူပွင့်၊ မထိုင်ရဲသေးဘူး၊ မောင်ဟင်းတွေမြည်းကြည့်တာ ဖြူပွင့်စောင့်ကြည့်ချင်သေးတယ်'

'ဟာ…မဟုတ်တာ ဖြူပွင့်ရာ၊ ဖြူပွင့်ချက်တဲ့ ဟင်းဆိုဘယ်လိုပဲဖြစ်နေနေ မောင့်အတွက်ကောင်းတယ် လာ…ထိုင်'

'ဟင့်အင်း…မောင်မြည်းကြည့်ပြီးမှ'

ထိုနေ့က ဖြူပွင့်ကိုယ်တိုင် အိမ်မှာ ထမင်းဟင်းစတင်ချက်ပြီးပိုင်ထမင်းဟင်းကို စတင်ဖြတ်တောက်သည့် နေ့ဖြစ်သည်။

ချက်တတ်လွန်း၍ ချက်ထားသည် မဟုတ်ဘဲ အိုးနှင့်အိမ်နှင့် တူအောင်ရယ်၊ မောင့်ကို ကိုယ်တိုင် ချက်ကျွေးချင်လို့ရယ် နှစ်ခုပေါင်း ကြိုးစားပြီး ချက်ထားသော ဟင်းတွေမို့ မစားခင်မှာပင် ဖြူပွင့်ရင်တွေ တုန်နေသည်။

ထမင်းဝိုင်းထဲသို့လည်း ဝင်မထိုင်ရဲသေးဘဲ ဘေးကနေတ ထိတ်ထိတ်ရပ်စောင့်ကြည့်ရင်း ထွန်းဝေအောင် မျက်နှာကိုသာ အကဲ ခတ်၍နေသည်။

ထွန်းဝေအောင်က ရယ်လိုက်ပြီး…

"ကဲ…အဲဒီလိုဆိုရင် မြည်းပါ့မယ်ဗျာ၊ မှန်းစမ်း၊ ဒါကဘာလဲ၊ အဲ…ကြက်သားဆီပြန်ဗျ"

မဆိုးပါဘူး။

"အု.."

အဲ ပါးစပ်ထဲရောက်ရောက်ချင်းတော့ ဟင်းကလေးကတွေ ချိုဝင်လာသော်လည်း ခဏလေးအကြာမှာ ထွန်းဝေအောင်အခုနဲ ဖြစ်သွားပြီး မျက်နှာမပျက်အောင် မနည်းထိန်းထားလိုက်ရသည်။

"မောင်…ဘာဖြစ်လို့လဲ…ဘာဖြစ်လို့လဲ"

ထွန်းဝေအောင် မျက်နှာအပြောင်းအလဲကို အစအဆုံး





အကဲခတ်နေသူမို့ ဖြူပွင့်က တစ်ခုခုမှားနေပြီဆိုသည်ကို ချက်ချင်းသိ သည်။

ထွန်းဝေအောင် ထွေးရခက် မျိုရခက်ဖြစ်နေသောဟင်းများကို ပါစပ်ထဲမှာ ကိုးလိုးကန့်လန့်ထိန်းထားရင်း…

"ငရုတ်သီးတွေ ကြက်သွန်တွေ မကျက်သေးဘူး၊ စိမ်းစော်နံ နေတယ်၊ ဖြူပွင့် ဆီပြန်အောင် မထားဘူးလား၊ ဒါမှမဟုတ် ဆီသတ် ပြီးမချက်ဘူးလား"

"ဟင့်အင်း၊ အဲဒါဖြူပွင့်မသိဘူး၊ ဒီအတိုင်းပဲ ငရုတ်သီးနဲ့ ကြက်သွန်ရောထောင်းပြီး အားလုံးရောနယ်ချက်ထားတာ၊ မီးဖိုပေါ်မှာ တစ်ပွက်နှစ်ပွက်ဆူတာနဲ့ စားလို့ရပြီထင်ပြီး ချထားတာ"

အား…ဒါဆိုရင်ဟင်းက စိမ်းစော်နံတင်မဟုတ် အသားတွေ လည်း နည်းနည်းမှ နူးဦးမည်မထင်။

ပါးစပ်ထဲက ဟင်းတွေကို ဖျစ်ညှစ်မျိုချရင်း ထွန်းဝေအောင် တဟားဟားထရယ်သည်။

"စောစောက ပြောရော့ပေါ့ဖြူပွင့်ရယ်၊ ဖြူပွင့်ဟင်းက အစပ်ထည့်ပါတယ်၊ ဆီပြန်ပြီးနူးအောင် ချက်ဖို့ပဲလိုတာပါ၊ ကဲ…လာ…လာ၊ ခဏနေဦး မီးပြန်ဖိုပြီး မောင်ပြင်ပေးမယ်"

'မသိဘူးလေ၊ ဒါကြောင့် ပြောတယ်မဟုတ်လား၊ မောင် မြည်းကြည့်ပါဦးလို့၊ ကျန်တဲ့ဟင်းတွေလဲ ကြည့်ဦး'

ကျန်တဲ့ဟင်းတွေက သိပ်မဆိုးလှပါ။

ကြက်သား ဟင်းအိုးကို ပြန်တည်ရင်း နှစ်ယောက်သား အားရပါးရရယ်မောကြသည်။

ဘာပဲဖြစ်ဖြစ်ပျော်စရာကောင်းလှသော ထမင်းဝိုင်းလေးတစ် ဝိုင်းတော့ ဖြစ်သွား၏။

♦ ♦ ♦

'ဟဲ ဟဲ'

နောက်နေ့ နောက်နေ့ ထမင်းဝိုင်းများမှာ ထမင်းစားခါနီး တိုင်း ဖြူပွင့်က ဟင်းခွက်များကို ကြည့်ပြီး ရယ်သည်။

ပထမနေ့က အတွေ့အကြုံအရ နောက်နေ့ ဟင်းချက်ခြင်း များမှာ ထွန်းဝေအောင်ကိုယ်တိုင်ဝင်ပါသည်။ နှစ်ယောက်ဖက်စပ်လက် ရာဖြစ်သွားသဖြင့် ကောင်းမကောင်း ဘာမှငြင်းပွားစရာ မဖြစ်တော့။

ထမင်းဟင်း ချက်ချိန်ချက်လိုက်၊ စားချိန် စားလိုက်ကျန်သည့်





အချိန်များမှာ စာအကြောင်းပေအကြောင်း၊ ဘဝအကြောင်း လောက အကြောင်း၊ သည်လိုပဲ စကားတွေအများကြီး ပြောဖြစ်ခဲ့ကြသည်။

ထွန်းဝေအောင်၏ စာပေလောကအတွေ့အကြုံ၊ စာရေးခြင်း အတွေ့အကြုံ၊ ဘဝ အတွေ့အကြုံများကိုလည်း ဖြူပွင့်အတော်လေး မှားထောင်ဖြစ်သွားသည်။

တစ်ရက်ကျမှ ဖြူပွင့်က····

'မောင်ကသာ ဖြူပွင့်ကို စာရေးနည်းတွေ၊ အတွေ့အကြုံတွေ ပြောပြနေတာ၊ ဖြူပွင့် အဲ့ဒါတွေတတ်တော့ကော ခုအခြေအနေနဲ့ ဘယ်လို လုပ်ရမှာလဲမောင်၊ ဖြူပွင့်စာအုပ်ကို ကိုဝေယံ ဆက်ထုတ်မယ် ထင်လို့လား'

ထွန်းဝေအောင်က ရယ်သည်။

'ဒါကတော့ မောင်လဲ ဘယ်သိမလဲဖြူပွင့်၊ မှန်တာပြောရရင် အဲ့ဒီကိစ္စကို မောင်သိပ်စိတ်မဝင်စားဘူး၊ မောင့်အလုပ်လဲမဟုတ်ဘူး မောင့်အလုပ်က မောင်တစ်ခါကဖြူပွင့်ကို ရေးပေးဖူးတဲ့ ဝတ္ထုထဲကလိုပဲ နှင်းဆီအတွက် နှင်းဆီပင်တွေစိုက်ပေးတဲ့ မြရိပ်ညို က ဥယျာဉ်မှူး အလုပ်၊ ဖြူပွင့်မှတ်မိတယ်မဟုတ်လား'

'မှတ်မိပါတယ်၊ နောက်ဆုံးကျတော့ အဲဒီဥယျာဉ်မှူးက

သူ့နှင်းဆီခြံကြီးကို မီးရှို့ဖျက်ဆီးပစ်ခဲ့တာလေ'

'အင်း…အဲဒီဝတ္ထု ထဲက ဝေဝေ့ကို ဓာတ်လိုက်ကိုနိုင်ပြေး သလိုပဲ ပြောရရင် မောင်လဲဘာအကြောင်းနဲ့ ဖြစ်ဖြစ် အဲဒီ ဉယျာဉ်ကြီး ကို ဖျက်ဆီးမပစ်ပါဘူး ဖြူပွင့်ရယ်၊ အဲဒီပန်းတွေကို မနှင်းဆီကော ဘုရင်ကြီးကော ဘာပဲလုပ်ပစ်ပစ် ကိုယ်ကတော့ နှင်းဆီပန်းလှလှ လေးတွေ ဖြူပွင့်အတွက် အမြဲစိုက်ပျိုးပေးနေမှာပါ'

'အဲဒီ ဖြူပွင့်ကလဲ ပြောစရာရှိတာပဲပေါ့မောင်၊ မောင့်ဖြူပွင့် ပုံပြင်ထဲက မနှင်းဆီလို ဘုရင်ကြီးရဲ့ မိဘုရားမြှောက်တာ လက်ခံမှာမှ မဟုတ်တာ မဟုတ်ဘဲ၊ ဖြစ်တဲ့နည်းနဲ့ မြရိပ်ညိုက ဉယျာဉ်မှူးဆီ အရောက်ပြေးလာပြီး ဉယျာဉ်မှူးကိုပဲ ချစ်ခဲ့တဲ့သူပါ'

'အင်း…ဒါပေမယ့် ဘဝဆိုတာ ဘယ်ပြောလို့ ရမလဲဖြူပွင့် ရယ်၊ အခြေအနေဆိုတာ တစ်နေ့နဲ့တစ်နေ့၊ တစ်ချိန်နဲ့တစ်ချိန် တစ်သ မတ်တည်း ရှိတတ်တာမျိုးမှ မဟုတ်ဘဲ မထင်မှတ်ဘဲ ပြောင်းလဲ နေတတ်တယ်လေ'

'အဲ့ဒါကြောင့် မောင့်ကိုပြောတာပေါ့၊ ဖေဖေတို့ မေမေတို့ ကော ကိုဝေယံကောဖြူပွင့်တို့ကို ဘာမှမနှောင့်ယှက် နိုင်အောင် တစ်နေရာရာ ထွက်ပြေးချင်လဲ ထွက်ပြေးမယ်၊ ဒါမှမဟုတ်ဖြူပွင့်နဲ့





မောင် တရားဝင် လက်ထပ်ရင်လဲ လက်ထပ်ထားလိုက်ကြမယ်လို့၊ အဲဒီနှစ်ခုလုံးကို မောင်ကဘာဖြစ်လို့ အချိန်ဆွဲနေရတာလဲ'

'အချိန်ဆွဲတာ မဟုတ်ပါဘူး ဖြူပွင့်ရယ်၊ အချိန်မတန်သေး လို့ အချိန်ကိုစောင့်နေတာပါလို့မောင် အထပ်ထပ်ပြောခဲ့ပြီးပြီပဲ'

'ဘာလဲမောင်၊ မောင်က တစ်ချိန်ချိန်မှာ ဖြူပွင့်နောင်တရ မှာပဲလို့ ထင်နေတဲ့အထင် ခုထိမပျောက်သေးဘူးလား'

'ထင်နေတာမဟုတ်ပါဘူး ဖြူပွင့်၊ ဖြူပွင့်နောင်တ ရပြီး အချိန်မီပြု ပြင်ချင်လဲ ပြုပြင်နိုင်သေးအောင် အချိန်ပေးနေတာပါ၊ ဒါမျိုးဆိုတာ ရှေ့တိုးချင်ရင် အချိန်မရွေးတိုးလို့ရတယ်၊ တိုးပြီးရင် တယ်တော့မှ နောက်ပြန်ဆုတ်လို့ ရတော့တာမျိုးမဟုတ်ဘူး'

'ဖြူပွင့် ဘယ်တော့မှ နောက်မဆုတ်ဘူးလို့ မောင့်ကိုပြော ပြီးပြီပဲ'

'အချိန်ယူလိုက်ပါဦး ဖြူပွင့်၊ မောင်တို့နှစ်ယောက် ချက်ချင်း ၊လက်ထပ်စရာ ဘာအကြောင်းမှလဲ မရှိပါဘူး၊ မောင်တို့ နှစ်ယောက်ရဲ့ ချစ်ခြင်းမှာ ဘာအနှောင်အဖွဲ့မှမရှိဘဲ ခိုင်မြဲနိုင် ပါတယ်ဆိုတာလဲ သက်သေပြရမယ့်လူတွေကို သက်သေပြချင်သေး တယ်'

'မဟုတ်ဘူး မောင်၊ ခုဖြူပွင့်တို့နေတာက သိပ်ရဲတင်းလွန်းတယ်၊ အချိန်မရွေး အိမ်က လာခဲ့ထုတ်သွားနိုင်တယ်'

'အဲလိုလာခဲ့တာနဲ့ မောင်တို့က တစ်သက်လုံး တစ်ခါ တည်းကွဲသွားရောတဲ့လား'

'ကိုယ့်ဘက်က အပိုင်ဆိုတော့ ပိုကောင်းတာပေါ့ မောင်ရယ်'

'မောင်က အဲလိုအပိုင်မချည်ဘဲ ခိုင်မြဲတာမျိုးကို ပိုတန်ဖိုးထားချင်တယ်၊ နောက်ပြီး မောင်ဟာသူတို့စိတ်ထဲမှာ တစ်ထစ်ချယူဆထားတဲ့ ထွန်းဝေအောင်မျိုး မဟုတ်ဘူးဆိုတာလဲ ဒါနဲ့ပဲ သက်သေပြချင်တယ်၊ မောင့်ကိုနားလည်ပါ ဖြူပွင့်ရယ်'

'ဖြူပွင့် မောင့်ကိုနားလည်ပါတယ် မောင်ရယ်၊ နားလည်လို့လဲ အရင်ကထက်တောင်မောင့်ကို ဖြူပွင့်ပိုချစ်၊ ပိုလေးစားမိပါတယ်၊ ဒါပေမယ့် သူတို့က မောင်အခုလို ဖြူပွင့်အပေါ် ထိန်းထိန်းသိမ်းသိမ်းရှိနေတယ်ဆိုတာတောင် ယုံကြမှာမဟုတ်ဘူး'

'ယုံတာ မယုံတာက သူတို့အလုပ်ပါ ဖြူပွင့်ရယ်၊ ကိုယ်လုပ်သင့်တာတွေလုပ်သွားရမှာက မောင်တို့ကိစ္စပါ'

ဘယ်လိုပြောပြော ခုထိလက်မထပ်ဘဲ သန့်ရှင်းသော ချစ်သူများအဖြစ် နေထိုင်သည့် ထွန်းဝေအောင်ကို ဖြူပွင့်နားချ၍မရ။





ဖြူပွင့်ကလည်း မနေနိုင် မထိုင်နိုင် လက်ထပ်ချင်လွန်းနေ၍တော့မဟုတ်။

တကယ်တမ်းပြဿနာ ပေါ်လာလျှင် မောင့်မှာ ဘာမှအကာအကွယ် မရှိမှာစိုး၍ဖြစ်သည်။

ဖြူပွင့် စိုးရိမ်သည့်အတိုင်းပင် သူတို့အတူနေထိုင်ပြီး တစ်ပတ်ပြည့်မြောက်သည့်ရက်မှာ ပြဿနာက တစ်ဟုန်ထိုးဝင်ရောက်လာ၏။

◆ ◆ ◆

(၅)

'လာ…လာ…အန်ကယ်နဲ့ အန်တီ၊ သူတိုနှစ်ယောက်စလုံးရှိနေတယ်၊ ဖြူပွင့်နဲ့ ကိုထွန်းဝေအောင် ခင်ဗျားတို့နှစ်ယောက်စလုံးလဲ ဘယ်မှမပြေးနဲ့ ဒီမှာရဲတွေပါ ပါလာတယ်'

ရန်လုံ၏ တရစပ်ဟောင်သံနှင့်အတူ ခြံအတွင်းသို့ လူအုပ်ကြီးဝင်လာသံကြားရသည်။

ဝေယံထွန်း၏ ဟိုဘက်သည်ဘက်အော်ဟစ်သံကြောင့် ဖြူပွင့်အလန့်တကြားထွန်းဝေအောင်ကို ပြေးဖက်ရင်း…





'ဒုက္ခပဲမောင်၊ ဘယ်လိုလုပ်ကြမလဲ၊ သူတို့တွေဖြူပွင့်တို့ကို ခွဲတော့မယ်'

'ဘာမှ မလုပ်ပါနဲ့ဖြူပွင့်ရာ၊ အေးအေးဆေးဆေးပဲထိုင် နေပါ၊ အခြေအနေ အကျိုးအကြောင်း အေးအေးဆေးဆေးပဲ ရှင်းပြလိုက်တာပေါ့'

'ဘာအေးအေးဆေးဆေးလဲမောင်၊ ဘယ်လိုလုပ်အေးအေးဆေးဆေး ရှင်းပြမလဲ၊ သူတို့က ဝုန်းဒိုင်းဝင်ကြမ်းတော့မှာ'

'အဲလိုတော့လဲ လုပ်မယ်မထင်ပါဘူးလေ'

ပြော၍မှ စကားမဆုံးသေး ရှေ့ဆုံးမှ ဝေယံထွန်းနှင့် ယောကျ်ားသုံးလေးယောက် ဝင်လာသည်။

'အဲဒီကောင်ပဲဗျို့၊ ကောင်မလေးကို အတင်းအဓမ္မ ခေါ်သွားတာ၊ လုံးဝအလွတ်မပေးနဲ့ချ'

ဖြစ်ပျက်ပုံက မြန်ဆန်လွန်းအားကြီးသွားသည်။

ဝုန်းဝုန်း ဝုန်းဝုန်းနှင့် ဝင်လာပြီး သူတို့ပြောချင်ရာပြော သည်။ ထို့နောက် ထွန်းဝေအောင်တို့ နှစ်ယောက်ဆီ တစ်ဟုန်ထိုးပြေးဝင်လာသည်။

ဖြူပွင့်က အလန့်တကြားနှင့် ကြောင်ကြည့်နေဆဲ ထွန်းဝေအောင်က…

'ဟေ့ လူတွေခင်ဗျားတို့ ဘယ်လိုလုပ်တာလဲ၊ ဒီမှာကျွန်တော် ရှင်းပြ'

စကားဆုံးအောင်ပင် မပြောနိုင် ခပ်ကြမ်းကြမ်းတိုးဝင် လာသော လူနှစ်ယောက်က သူ့အနားမှ ဖြူပွင့်ကို အတင်းဖယ်ထုတ်လိုက်ပြီး သူနှင့်မျက်နှာချင်းဆိုင်သည်။

'ခင်ဗျားတို့က....'

ထွန်းဝေအောင် တစ်ခုခုပြောမည်ပြင်သည်။

သို့သော် ပြောခွင့်မပေးတော့။

'ခွပ်...ခွပ်...ခွပ်'

နှစ်ယောက်တည်းမှ တစ်ယောက်၏ လက်သီးများက ထွန်းဝေအောင် မျက်နှာဆီ အဆက်မပြတ် ဝင်ရောက်လာသည်။

'အား...'

'မောင့်ကို မလုပ်ကြပါနဲ့၊ ကိုဝေယံထွန်းသူတို့ကို တားပါဦး'

ရုတ်တရက် အငိုက်မိလိုက်သည့်မို့ ထွန်းဝေအောင် ဘာမှ မျက်လုံးအစုံလည်း ပြာဝေသွားသည်။ ခေါင်းထဲမှာလည်း မိုက်ခနဲ ဖြစ်သွားသည်။

'ဒုတ်...ဒုတ်...ဒုတ်'





မျက်နှာပေါ်သို့ နောက်ထပ်လက်သီးချက်များ ဝင်ရောက် လာသည်ကို သိသည်။

ပြင်ဆင်ချိန်ကို လုံးဝမရသည်မို့ ဘယ်လိုခုခံရမှန်းပင်မသိ။ နောက်ထပ်လက်သီးချက်များက ဝမ်းဗိုက်ဆီ၊ ရင်ဝဆီ၊ မေးရိုးဆီ...

ခြေထောက်ကန်ချက်များကလည်း ထိုနည်းလည်းကောင်း ဝင်ရောက်လာသည်ဆိုသည်ကို သာသိလိုက်ပြီး အသက်ရှူမရအောင် ဖြစ်လာသည်။

နောက်ထပ်ရိုက်ချက် ကန်ချက် ထိုးနက်ချက်များ မည်မျှ ဝင်ရောက်လာသည် ဆိုသည်ကို သူမသိတော့။

'အား'

ဖြူပွင့်၏ ထိန်လန့်တကြား အော်ဟစ်သံကိုသာ နားထဲ မှာသဲ့သဲ့ကြားလိုက်ရပြီး သူ့ခန္ဓာကိုယ်တစ်ခုလုံး ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ပုံ လဲကျသွား၏။

ဘာတွေထပ်ဖြစ်သည် ဆိုသည်ကို သူဘာမှမသိတော့။

◆ ◆ ◆

သူသတိရလာတော့ ပတ်ဝန်းကျင်တစ်ခုလုံး အေးစက်၍ မှောင်မည်းနေသည်။

တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေပြီး မျက်နှာတစ်ခုလုံး ဖူးယောင်လျက် မျက်လုံးများလည်း ပိတ်ဖုံးနေကြသည်။

ခန္ဓာကိုယ် နည်းနည်းလေး လှုပ်ကြည့်မိသည်နှင့် ရင်ဝ၊ ဝမ်းဗိုက်နှင့် ကျောပြင်တစ်ခုလုံး စူးအောင့်လာသည်။ အသက်ရှူလမ်းကြောင်းမှာလည်း တစ်ခုတစ်ခုပိတ်လိုက်သလို ခံစားလိုက်ရ၏။

ပထမတော့ သူ့ကိုယ်သူ ဘာဖြစ်၍ ဘယ်ရောက်နေမှန်းပင် မမှတ်မိ။

နောက်မှ တဖြည်းဖြည်း ပြန်စဉ်းစားယူသောအခါ သူလဲကျ သတိမလစ်ခင်က အဖြစ်အပျက်များကို ပြန်မှတ်မိသည်။

သူလဲကျနေသည့် ကြမ်းပြင်နှင့် အနီးအနားရှိ အရာဝတ္ထုများကို မမီမကမ်း လက်ဖြင့်စမ်းကြည့်သည်။

သူတခြားတော့ ဘယ်ကိုမှမရောက်သေး။ သူ့အိမ်ဧည့်ခန်းတွင်းက ကြမ်းပြင်ပေါ်မှာရှိသေးသည်။ သည်နေရာမှာ ဘယ်လောက်ကြာကြာ သတိလစ်မေ့မြောနေခဲ့ပါသနည်း။ နားထဲသို့ အသံတစ်ခုဝင်လာသည်။





'အီ…အီ'

သည်တော့မှ ရန်လုံတစ်ကောင်လည်း သူ့အနားမှာရှိနေမှန်းသိသည်။

ထွန်းဝေအောင် ထ,ထိုင်နိုင်ရန်ကြိုးစားသည်။

'အား'

နည်းနည်းလေး လှုပ်လိုက်သည်နှင့် ခန္ဓာကိုယ်တွင်းမှနာကျင် စူးအောင့်မှုများက ထိုး၍ ထိုး၍ တက်လာသည်။

သို့သော်လည်း သည်ပုံစံဖြင့် ကြာရှည်စွာနေဖို့ မသင့် သဖြင့် နာကျင်မှုကို ကြိတ်မိတ်ခံစားပြီး မြေကြီးပေါ်လက်ထောက်၍ ကုန်းထသည်။

'အား…ကျွတ်…ကျွတ်'

သေလုမြောပါးနှင့် မချိမဆန့်ဆိုသော စကား၏ အဓိပ္ပာယ်ကိုခုမှ သူသဘောပေါက်သည်။

သူ့ကိုယ်တွင်းမှာ ဘာတွေဘယ်လို ဖြစ်ကုန်ပြီမသိ။

ခန္ဓာကိုယ် တစ်လက်မလောက် နေရာလေး ရွေ့ဖို့ကို အသည်းခိုက်အောင် ခံစားရသည့် ပင်ပန်းဆင်းရဲမှုတွေနှင့် ရင်းနှီးနေရသည်။

အချိန်များစွာယူပြီး ရွေ့လျားမှ သူအိပ်ရာခုတင်ရှိရာနားသို့ မြေပေါ်မှာ တရွတ်တိုက် ပုံစံမျိုးဖြင့် ရောက်လာခဲ့သည်။

ခုတင်ဘောင်ကို ကိုင်ပြီး အတင်းကုန်းရုန်းထ,သည်။

မတ်တတ်တော့ ဘယ်လိုမှ မရပ်နိုင်။ ခုတင်ပေါ်အိပ်လျက် အနေထားနှင့်ရောက်သွားအောင်ပင် မနည်းကြိုးစားရသည်။

'အား…'

ကံအားလျော်စွာ ခုတင်ပေါ် သူတစ်ကိုယ်လုံးရောက်သွားသည်။ မွေ့ရာ အခင်း၏ နူးညံ့နွေးထွေးမှုကြောင့် ဝေဒနာများ သက်သာသလိုတော့ ဖြစ်သွားသည်။

ငြိမ်နေခြင်းဖြင့် ခံစားရမှုများ ခေတ္တပျောက်ကွယ်သွား သည်။

ခြေရင်းမှ စောင်ကို ခြေထောက်ဖြင့်ဆွဲယူပြီး လက်လှမ်းမီသော နေရာမှနေ တစ်ကိုယ်လုံးခြုံမိရန် အားထုတ်သည်။

စောင်လွှမ်းမိသွားသော အခါအနွေးဓာတ်ဖြင့် သွေးလည်ပတ်မှု မှန်ကန်လာသည်။

ခဏကြာသောအခါ သူပြန်အိပ်ပျော်သွား၏။

◆ ◆ ◆





(၆)

နောက်တစ်ကြိမ် သူပြန်နိုးလာသောအခါ မနက်ခင်း၏ ပြည်များနှင့် နေရောင်နုနုလင်းလင်းများပါ ဝင်တိုးလျက်ရှိပြီ။

ခန္ဓာကိုယ်ကိုကောင်းစွာ မလှုပ်ရှားနိုင်သေးသော်လည်း က်ရှုံရတာတော့ အတော်လေး အဆင်ပြေလာသည်။

'ရန်လုံ…ရန်လုံ'

အသံက သိပ်အကျယ်ကြီးမထွက်နိုင်။ ရသလောက် အသံ ခေါ်ကြည့်လိုက်သောအခါ အနားသို့ရန်လုံရောက်လာသည်။

သူက အိပ်ရာဘေးတွင် ရှိနေသော ဘောလ်ပင်နှင့်စက္ကူ တစ်ရွက်ကို ယူ၍ စာနည်းနည်းရေးသည်။

မောင်တင်ထွေး

ငါ အရမ်းနေမကောင်းဖြစ်ပြီး၊ အိပ်ရာပေါ်လဲနေတယ်။ ဆရာဝန်ခေါ်ပြီး ခဏလာခဲ့ပါ၊ ရန်လုံ့ကိုလဲ ထမင်းကျွေးလိုက်ပါ။

ဦးထွန်း

မောင်တင်ထွေးဆိုသည့် ထမင်းဆိုင်က ဆိုင်ရှင့်သား ကောင်လေးဖြစ်သည်။ သည်နားမှာ ရှားရှားပါးပါး သူနှင့် ခင်မင်ရင်းနှီးသော လူငယ်တစ်ယောက်။

'ရန်လုံ ရော့…'

ရန်လုံက မနေ့ကတည်းက ငတ်ခဲ့သည့် ညစာကို ခုမှစားရမည်ဟု သိသွားသည့်အလား အမြီးလေးတနန့်နန့်လုပ်ကာ စာရွက်ကို ကိုက်လျက်ခြံပြင်ကို ဝမ်းသာအားရ ပြေးထွက်သွားသည်။

ခဏကြာသောအခါ ဆရာဝန်ရောက်လာ၏။

◆ ◆ ◆

'ဘယ်လိုဖြစ်တာလဲ ကိုထွန်းရာ၊ ခင်ဗျားဟာကလဲ မသေကောင်းမပျောက်ကောင်း'





ဆရာဝန်က ဆေးထည့်၊ ဆေးထိုး၊ ကြပ်စည်း၊ ပတ်တီးစည်း လုပ်ရင်း ဂရုဏာဒေါသဖြင့် မေးသည်။

ထွန်းဝေအောင်က ခေါင်းခါရင်း…

'ထားလိုက်ပါတော့ ဆရာရယ်၊ ဒါတွေ မေးမနေပါနဲ့ တော့၊ ကျွန်တော့်ကို ဆရာ တတ်နိုင်သလောက် အမြန်ဆုံးပျောက်ကင်းအောင်ပဲ ကုပေးပါ၊ ဒါနဲ့ ပက်သက်လို့ ကျွန်တော် သံသရာမှ မရှည်ချင်ဘူး၊ အမှုတွေ ဘာတွေလဲ ဖွင့်မနေချင်တော့ဘူး'

'အင်းလေ…ဒါကတော့ ခင်ဗျားသဘောပါခင်ဗျား ခံရတဲ့သူကတောင် ကျေနပ်တယ်ဆိုရင် ကျွန်တော်တို့ ဘေးလူက ဘာမှဝင် မကျေမနပ် ဖြစ်မနေတော့ပါဘူး'

'ကောင်းပါတယ် ဆရာ၊ အဲဒါ အကောင်းဆုံးပါ'

ဆရာငန်ကို ပြုံး၍ ပြောလိုက်သည်။

ဆရာဝန် မသိအောင် စိတ်ထဲမှာ ကျိတ်၍ပြောနေသည့် စကားများတော့ သတ်သတ်ရှိသေး၏။

'မကျေနပ်ပါဘူး ဆရာ၊ ခံရတဲ့ကျွန်တော်က ကျေနပ်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူး၊ ဒါပေမယ့် စောစောကဆရာပြောသလိုပဲ ရဲတိုင်အမှုဖွင့် ပြဿနာရှာတဲ့နည်းနဲ့တော့ ကျွန်တော့် မကျေ

နပ်ချက်ကို တို့ပြန်မှာမဟုတ်ပါဘူး…။

"ဒီကိစ္စကို ကျွန်တော် ကျွန်တော့်နည်းနဲ့ ကျွန်တော်တို့ပြန် ဖြေရှင်းသွားမှာပါ၊ ဆရာသာ ကျွန်တော့်ကို အမြန်ဆုံးပျောက်ကင်း အောင်ကုပေး၊ ဒီတစ်ခါ ကျွန်တော်နေပြန်ကောင်းရင် အဲဒါတွေ အားလုံးနဲ့ ကျွန်တော်ရင်ဆိုင်တော့မယ်…"

"ဒီလောကကြီးက သူ့ကို အရှုံးပေးတဲ့သူကို ဘယ်တော့မှ စာနာထောက်ထား ညှာတာလေ့မရှိဘူးဆိုတာ ကျွန်တော် သဘော ပေါက်သွားပြီ၊ သူ့ကို အနိုင်ယူမှ၊ ခံတိုက်မှ လောကကြီးကလဲ နည်းနည်းခန့်ညားလေးစားပြီး လိုအပ်တာလေးတွေပြန်လုပ်ပေးတတ် တယ်ဆိုတာ ကျွန်တော် သေချာသိပြီ…။

"တွေ့မယ်လေဆရာ၊ လောကကြီးနဲ့ လူတွေနဲ့ ကျွန်တော်နဲ့ တစ်ခါ ပြန်တွေ့ကြရဦးမှာပါ"

ဒဏ်ရာတွေကြားမှ ကျေနပ်စွာ ပြုံးနေသော ထွန်းဝေ အောင်ကို ကြည့်ပြီး ဆရာဝန် အံ့ဩနေ၏။

◆ ◆ ◆





(၇)

"ဟေး…ထွန်းဝေအောင်ကြီး"

"ဟာ…ဗိုလ်ထွန်း၊ ဘယ်လိုဖြစ်တာလဲ၊ သရဲလာခြောက် တာလား"

"ဟာ…ဆရာထွန်းကြီး ပြန်ရောက်လာတယ်ဟေ့"

အံ့ဩစရာကောင်းလောက်အောင်ပင် သူပြန်ရောက်လာ ခြင်းကို လူတွေ အားလုံးက အထူးတဆန်း၊ တအံ့တဩနှင့်ဝမ်းပမ်း တသာ ကြိုဆိုကြသည်။

ကာလများစွာက သူထင်မှားနေခဲ့သည့် သည်လောက သည်ပတ်ဝန်းကျင်က လူတွေထဲ သူပြန်ဝင်လျှင် သူ့အားစက်ဆုပ် ရွံရှာစွာ ဆက်ဆံကြလိမ့်မည်ဟူသော အမြင်များချက်ချင်းပျောက် သွားသည်။

နှစ်ပေါင်းများစွာ အဆက်အသွယ် ပြတ်နေသော မြို့ထဲ စာပေ အသိုက်အဝန်း မိတ်ဆွေ သူငယ်ချင်းများ ကြားသို့သူပြန် ရောက်လျှင် သူမျက်စိသူငယ် နားသူငယ်နှင့် အတော်အားနာစရာ ကောင်းသော ကိစ္စများသည် လျှော့ပါးသွားသည်။

ဘာပြောပြောသူ့မှာ သင့်တင့်လျှောက်ပတ်စွာ အားကိုးနိုင် သော အဝန်းအဝိုင်းတစ်ခု ရှိနေသေးတာကတော့ သေချာနေပြီ။

လောကကြီးက သူထင်သလောက် မဆိုးပါလားဟူသော နားလည်စိတ်နှင့်လည်း ဝမ်းမြောက်သည်။

နောက်ထပ် ဘဝနှင့်ရင်း၍ သိလိုက်သည့် အသိတစ်ခုက အချိန်ဆိုသည်မှာ အရာရာကို ပြုပြင်ပြောင်းလဲ ကုစားပေးနိုင်ပါလား ဆို...အသိ။

သူက သူ့အား ဝိုင်းဝန်းကြိုဆိုနှုတ်ဆက်ကြသော စာစီ၊ ဖိုမင်၊ ပုံနှိပ်စက် အလုပ်သမား၊ စက်ဆရာ၊ တိုက်မန်နေဂျာများကို ဝမ်းမြောက်ဝမ်းသာ ပြန်လည်နှုတ်ဆက်ရင်း သူနှင့်အတော်လေး ရင်းနှီးခဲ့ဖူးသည့် ဖခင်ယော်ဦး စာပေတိုက်ပိုင်ရှင် ကိုကျော်နိုင်ဆီ လျှောက်သွားသည်။

ကိုကျော်နိုင်က သူ့ထက်နှစ်နှစ် သုံးနှစ်လောက်ကြီးသည်





ဖြစ်သော ဝါရင့်ထုတ်ဝေသူ။ တစ်ခါကသူနှင့် အလုပ်အတူတူလုပ် ဖူးသည်။ သူ့မှာ ပြဿနာတက်ချိန်ကလည်း အထိုက်အလျောက် ပြဿနာတက်ခဲ့ဖူးသည်။

သို့သော် ကိုကျော်နိုင်က သူ့ကိုမြင်သောအခါ သူ့တိုက်မှ လူများလိုပင် အံ့သြဝမ်းသာစွာ ကြိုဆိုသည်။

"ဟ... ဖိုးထွန်းဝေအောင်ကြီးပါလား၊ မင်းသေခဲ့ဦးမယ် ကိုယ့်လူ၊ မင်းအကြောင်းတွေ ငါမနေ့ကပဲ ပြောနေသေးတယ်၊ လာ..လာ..ထိုင်၊ ဘာသော...က်မလဲ၊ လက်ဖက်ရည်လား၊ အအေး လား"

သည်အမေးမျိုးက သူ့တိုက်လာသော စာရေးဆရာအား လုံးကို ကိုကျော်နိုင်က ခရီးဦးကြိုရင်း ဧည့်ခံ ပြုစုရန်မေးသည့် မေးနေကျ အမေး။ ထွန်းဝေအောင်က သူ့စာရေးဆရာဘဝ မကုန်ဆုံး သေးပါလားဟု တွေးရင်းရင်ထဲမှာ နွေးခနဲ ခံစားရသည်။

"လက်ဖက်ရည်ပဲ သောက်မယ် ကိုကျော်နိုင်၊ ပြီးတော့ ကိုကျော်နိုင်နဲ့လဲ စကားပြောချင်လို့"

"ပြောလေကွာ၊ ဒါဖြင့်ဒီလိုလုပ်ပါလား၊ ဒီမှာထိုင်စကား ပြောရင် တော်ကြာဧည့်သည်လာ၊ တော်ကြာဧည့်သည်လာနဲ့ အေး

အေးဆေးဆေး စကားပြောလို့ ရမှာမဟုတ်ဘူး၊ လက်ဖက်ရည်ဆိုင် ပဲ သွားလိုက်ကြမလား'

'ကောင်းတယ် ကိုကျော်နိုင်၊ ဟိုကျမှ ပြောတာပေါ့'

နှစ်ယောက်သားတိုက်ထဲမှ ထွက်လာခဲ့သည်။

တိုက်ထဲမှ အထွက်တွင် ဟိုးတုန်းကတည်းက သူ့စာအုပ်များကို ပြင်ဆင်မွမ်းမံပေးခဲ့ဖူးသော ဖိုမင် ဦးအောင်ရင်ကြီးက လှမ်း၍...

'ဖိုးထွန်း၊ မင်းစာတွေ ငါဖောင်မသွင်းရတာကြာပြီကွာ၊ လုပ်ပါဦး စာတွေပြန်ရေးပါဦး'

'အေးဗျာ...ကျုပ်တို့လဲ ဆရာ့စာတွေစီချင် ဖတ်ချင်သေးတယ်'

ဦးအောင်ရင် စကားအဆုံးမှာ စာစီဆရာ ကိုငွေသိန်းကလည်း လှမ်းပြောသည်။

ထွန်းဝေအောင် မျက်ရည်များပင် ဝေ့ခနဲ ဝိုင်းလာပြီး...

'အေးပါဗျာ၊ ကျွန်တော်အခု လာတာလဲ ဒီကိစ္စပါပဲ'

'အေး...အဲလိုမှပေါ့ ဖိုးထွန်းရ'

ဖိုမင်ကြီး ဦးအောင်ရင်က ကျေနပ်သံဖြင့်ပြောသည်။ မိခင်





စာပေလောကသားများ၏ နွေးထွေးစွာ ပြန်လည်ကြိုဆိုမှုကို ထွန်းဝေအောင် အလွန်ကို အံ့သြနေမိ၏။

◆ ◆ ◆

'ဒီလိုပဲပေါ့ ထွန်းဝေအောင်ရာ၊ လောကမှာ လူတွေဟာ ချစ်စရာရှိချစ်၊ အပြစ်တင်စရာရှိအပြစ်တင်၊ ချီးမွမ်းစရာရှိ ချီးမွမ်း အဖြစ်အပျက်တစ်ခုရဲ့ အနေအထားကို ကြည့်ပြီးအထိုက်အလျောက်တော့ ခံစားကြ၊ ပြောကြ ဆိုကြရှိကြတာပေါ့၊ ဒါပေမယ့်...

လုပ်ဖော်ကိုင်ဖက် မိတ်သင်္ဂဟများ၏ ဖော်ရွေစွာကြိုဆိုမှု အကြောင်း ပြောပြသောအခါ ကိုကျော်နိုင်က ရယ်ရင်းမောရင်းနှင့် အထက်ပါစကားကို ဆိုသည်။

ကျွန်တော်က ပြုံးရင်း...

'ဒါပေမယ့် ဘာဖြစ်လဲကိုကျော်နိုင်၊ ဆက်ပါဦး'

'ဒါပေမယ့် ဘယ်သူမဆို ကိုယ်သံယောဇဉ်ရှိခဲ့တဲ့ လူတစ်ယောက်ကို သံယောဇဉ် ဘယ်ကင်းကြ ပြတ်ကြမလဲ၊ အဲဒီလူတစ်ခါက ပြန်မြင်စေတယ်၊ ပြီးတော့ ရှိခဲ့ဖူးတဲ့ သံယောဇဉ်အတိုင်း

အဆအတိုင်း ခင်မင်မပျက်ပြန်နေချင်ကြတယ်'

'ဒါသဘာဝပဲပေါ့၊ ဒီလိုမျိုး အသေးအမွှားကိစ္စမပြောနဲ့ တိုင်းပြည်နှစ်ခြမ်းကွဲပြီး စစ်ဖြစ်ကြတဲ့ နိုင်ငံမျိုးမှာတောင် ကာလကြာတဲ့အခါ ပြန်ပေါင်းစည်းကြ၊ ငြိမ်းချမ်းရေးယူကြ လုပ်ကြတာပဲ မဟုတ်လား၊ တိုင်းပြည်တစ်ပြည်တည်းမှာ အယူအဆတစ်ခုကြောင့် ရန်ဖက်ဖြစ်နေကြတဲ့ သွေးသားရင်းတွေလဲ ဒီလိုပဲ ပြန်စေ့စပ်ရ ညှိနှိုင်းရ လုပ်ရတာပဲ...

'မင်းတို့ငါတို့ဟာ တစ်လောကတည်းသားတွေပါ ထွန်းဝေအောင်ရာ၊ တစ်မိသားစုတည်း ဆွေရင်းသားရင်းတွေပါပဲ၊ မင်းပြန်လာတာကို အားလုံးက ဝမ်းသာအားရ ကြိုဆိုကြမှာပေါ့၊ အေး... မင်းကသာ သူတို့စိတ်မကောင်းရတာမျိုး ပြန်မလုပ်မိစေနဲ့ပေါ့'

'အရင်တုန်းက လုပ်မှားကိုင်မှား ကိစ္စတွေနဲ့ ပက်သက်လို့ ကျွန်တော့်ဘက်က ပြုပြင်ခဲ့တာကြာပါပြီ ကိုကျော်နိုင်ရာ၊ ဒါပေမယ့် ကျွန်တော်ထင်တိုင်းကြဲခဲ့တဲ့ ကျွန်တော့် အနုပညာ လောကကို ကျွန်တော်အားနာတယ်၊ ဒါကြောင့် ဒီလောကနဲ့ ကင်းရာဝေးရာမှာ နေခဲ့တာပါ'

'အေး...အခုတော့ကော'





'အခုတော့ ကျွန်တော့်မှာ တစ်ခုခုပြန်လုပ်ချင်စိတ်တွေ ဖြစ်လာရပြန်ပြီ ကိုကျော်နိုင်၊ ဒီစိတ်တွေ ပြန်ဖြစ်လာရတဲ့အကြောင်း လေးကိုကော ကိုကျော်နိုင်သိချင်သေးသလား'

'ပြောပြရင်တော့ နားထောင်ချင်တာပေါ့ကွာ'

'ဒါဆိုကျွန်တော်ပြောပြမယ်၊ ဒီလို ကိုကျော်နိုင်'

ထွန်းဝေအောင်က ဖြူပွင့်နှင့် စ,ပက်သက်ခဲ့ရသည်မှ နောက်ဆုံးခွဲခွာခဲ့ရသည်အထိ ဇာတ်လမ်းလေးကို အတိုချုပ်ပြောပြ လိုက်သည်။

သူစကားအဆုံးမှာ ကိုကျော်နိုင်က ခေါင်းတညိတ်ညိတ် နှင့်လုပ်ရင်းနှင့် ပြုံးနေ၏။

◆ ◆ ◆

(၈)

'ဟင်'

ဖြူပွင့် သတင်းစာကိုကြည့်ရင်း အံ့အားသင့်သွားသည်။

'သူ...သူ'

ဟုတ်သည်။ သတင်းစာထဲမှာ ဖြူပွင့် တွေ့လိုက်သော ကြော်ငြာသည် ဖြူပွင့်သာမက စာဖတ်သူတော်တော်များများအံ့အား သင့်သွားစေသော ကြော်ငြာဖြစ်သည်။

ကြော်ငြာက တစ်ခြားမဟုတ်။

'ဘယ်ရောက်နေလဲ၊ ဘာဖြစ်လို့ စာမရေးတော့တာလဲဟု တစ်မေးတည်းမေးနေကြသော ပရိတ်သတ်များအတွက် သူပြန်လာပြီ'





ထွန်းဝေအောင်

'တမ်းတ,တာ ရှည်လွန်းရပါသည်။

စာရေးသူ၏ တစ်ကျော့ပြန်လက်ရာသစ်။

မြတ်နိုးသူစာပေမှ ဖြန့်ချိမည်။

ထွက်တော့မည်။

'အဲဒါ တကယ်ပဲလား၊ သူစာပြန်ရေးနေပြီလား ဒီလော ကထဲကို သူပြန်ဝင်တော့မှာလား'

ဖြူပွင့် စိတ်ထဲမှာ ဝမ်းသာသလို၊ ဝမ်းနည်းသလိုကြီးဖြစ် သွား၏။

'သူဘာရည်ရွယ်ချက်နဲ့ ခုလိုပြန်လုပ်ပါလိမ့်'

မျက်လုံးထဲမှာ သူ့ဆီကနေ ဖြူပွင့်ကို အတင်းပြန်ခေါ် လာကြသည့်နေ့က ဝေယံထွန်း၏ အလုပ်တိုက်မှ အလုပ်သမားနှစ် ဦး ထိုးကြိတ်ကန်ကြောက်သဖြင့် ထိခိုက်လဲကျသွားသော မြင်ကွင်း လေးကိုပြန်မြင်သည်။

လူအုပ်နှင့် အငိုက်ဖမ်းပြီး ဝိုင်းအနိုင်ကျင့်ကြခြင်းဖြစ်သည်။

ထိုနေ့က ဖြူပွင့်ကိုလည်း အကြမ်းပတမ်းပင် အတင်းဆွဲ ခေါ်ဆောင်သွားကြသည်။

ထိုနေ့ကစ၍ ဖြူပွင့်လုံးဝ အပြင်ထွက်ခွင့်မရတော့။ တစ်ယောက်မဟုတ် တစ်ယောက် အမြဲစောင့်ကြပ်နေပြီး အခန်းထဲကနေ အပြင်ကို လုံးဝထွက်ခွင့်မပေး။

ဖြူပွင့်ရှင်းပြလိုက်သဖြင့် တစ်ပတ်လုံးလုံး အတူနေခဲ့ကြသည့်တိုင် ထွန်းဝေအောင်နှင့် သူဘာမှ မဖြစ်ခဲ့ကြသည်ကိုလည်း အားလုံးသိသွားကြသည်။ ဖြူပွင့် ရည်ရွယ်ချက်က ထွန်းဝေအောင်သည် အရင်လိုမဟုတ်တော့ကြောင်း၊ သူ့ကိုလည်း သန့်စင်စွာပင် ချစ်မြတ်နိုးခြင်းဖြစ်ကြောင်း သိစေလို၍ ရှင်းပြခြင်းဖြစ်သည်။

သို့သော်အားလုံးက ဒါတွေဟာ ပရိယာယ်တွေ၊ တမင်သက်သက် ဖြူပွင့်ကို လှည့်ဖြားစည်းရုံးခြင်းတွေသာ ဖြစ်သည် ကောက်ချက်ချသည်။

ဘာမှမဖြစ်ခဲ့ခြင်းအတွက် အထူးဝမ်းသာသူက ဝေယံ ထွန်း။

ဖြူပွင့် မိဘများထံ အမြန်ဆုံးလက်ထပ်ပေးရန် တောင်းဆိုသည်။

ဖြူပွင့် ဖေဖေနှင့်မေမေကလည်း သဘောတူသည်။ ဖြူပွင့်ကိုအတင်းနားချသည်။

ခုထိတော့ ဖြူပွင့် ခေါင်းမာတင်းခံထားနိုင်ဆဲ ဖြစ်၏။





အတင်းအကျပ်စီစဉ်လျှင် ဘာလုပ်မည် ညာလုပ်မည် ခြိမ်းခြောက်ထားသဖြင့် သူတို့က ဇွတ်တော့ မလုပ်ရဲ။

သို့သော် ဘယ်အချိန်ထိ ခုလို ခေါင်းမာ တင်းခံခြင်းက အောင်မြင်မည်ဆိုသည်ကိုတော့ မခန့်မှန်းနိုင်။

သည်ကြားထဲ ပိုဆိုးသည်က ထွန်းဝေအောင်ဆီမှ ဘာသတင်းမှ ဖြူပွင့်မရခြင်းပင်။

ခွဲခွာခဲ့ရသည့်နေ့က ထိခိုက်ခြင်းကြောင့် ထွန်းဝေအောင် ဘာဖြစ်သွားသည် ဆိုသည်ကိုလည်း မသိရ။ နောက်ပိုင်းမှာ ဘာတွေဖြစ်နေ၊ ဘာတွေလုပ်နေသည် ဆိုသည်ကိုလည်း မကြားရ။

ဤနည်းဖြင့်တစ်လလောက် အဆက်အသွယ် ပြတ်နေချိန်မှာသည်ကြော်ငြာကို လာတွေ့ခြင်းဖြစ်သည်။

ဘာပြောပြော သူခုလို ကျန်းကျန်းမာမာနှင့် စာတွေပြန်ရေးနိုင်ပြီဆိုသည့်အတွက် တစ်ဖက်က ဝမ်းသာသည်။

တစ်ဖက်ကလည်း သည်လိုအနေအထားမျိုး ရှိပါလျက် ခုထိ သူ့ထံ ဘာအဆက်အသွယ်မှ မလုပ်ဘဲ သည်အတိုင်းပစ်ထားရက်သည့်အတွက်လည်း ဝမ်းနည်းသည်။

ဖြူပွင့်ကို သူချစ်သည်ဆိုသည်မှာ တကယ်မှ ဟုတ်ရဲ့လား

ဒါမှမဟုတ် ဖြူပွင့်အခွင့်မသာ၍ မဆက်သွယ်နိုင်ခြင်းကို သူ့အစီပွါယ်တစ်မျိုးကောက်၍ အထင်လွဲ နာကြည်းသွားလား။

အရာအားလုံးသည် ဘာတစ်ခုမှ မရေရာဘဲ ရှုပ်ထွေးလျက်ရှိသည်။

ဖြူပွင့်ကတော့ အခွင့်သာလျှင် သူ့ဆီ ပြန်ပြေးဖို့ အဆင်သင့်အမြဲဖြစ်နေသလို၊ အကယ်၍ သူကသာ စွန့်စားလာခေါ်လျှင်လည်း ချက်ချင်းလိုက်ပါဖို့ အရံသင့်ရှိသည်။

ဖြူပွင့်သဘောကို မောင်နားလည်နိုင်ပါစေဟုလည်း ဆုတောင်းနေမိ၏။

◆ ◆ ◆

ထွန်းဝေအောင် စာအုပ်ကြော်ငြာဂယက်က ဖြူပွင့်ထံသွားရိုက်ခတ်သလို ဝေယံထွန်းဆီမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

"ကိုဝေယံ၊ ခင်ဗျား မအူမလည် လုပ်မနေနဲ့နော်၊ ဟိုကောင်ဒီလောကထဲ ပြန်ဝင်လာတာ ခင်ဗျားအတွက် သိပ်မကောင်းဘူး"





"ဟာ…ဘာဆိုင်လို့လဲ မောင်အုန်းရာ၊ ငါက ကောင်မလေးမိဘနဲ့ ပူပေါင်းပြီး အပိုင်ကိုင်ထားနိုင်တာပဲ"

"နဂိုကလဲ ခင်ဗျားနဲ့ ကောင်မလေးကရည်းစားဖြစ်နေကြတဲ့သူတွေ၊ မိဘတွေကလဲ သဘောတူပြီးသား၊ ဒီကြားထဲဖြတ်ခုတ်သွားနိုင်ခဲ့တာကိုလဲ မမေ့နဲ့ဦးလေ ကိုဝေယံ၊ ခုကျတော့ ကောင်မလေးက ဟိုကောင့်ဘက် လုံးလုံးပါနေတာ ဆိုးတော့မှာပေါ့"

"ဒါနဲ့ ဟိုကောင်က ဘယ်လိုဖြစ်လို့ စာအုပ်တွေဘာတွေပြန်ထုတ်နေရတာလဲ"

"ဒါကတော့ သူ့သွားမေးမှပဲ သေချာပေါက် သိမှာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော်ထင်တာကတော့ ဒီကောင်ဟာ ကောင်မလေးနဲ့ပက်သက်ပြီး အကြီးအကျယ်စိတ်ဓာတ် ပြောင်းလဲပစ်လိုက်တာကတော့အမှန်ပဲ၊ ခုလဲ တစ်နည်းနည်းနဲ့တော့ သူ့ဘဝသူ ပြန်ထောင်တာဖြစ်မှာပေါ့"

"အဲဒါကြောင့် ငါကပိုဆိုးသွားရမှလား"

"ခင်ဗျားစဉ်းစားကြည့်ပေါ့ ကိုဝေယံ၊ ဟိုကောင်ရူးကြောင်မူးကြောင်နဲ့ ဘဝပျက်နေတုန်းကတောင် ကောင်မလေးက တန်းတန်းစွဲဖြစ်နေခဲ့သေးတာ ဒီကောင် ပြန်နာမည်ကြီးပြီ ပြန်ထောင်လာခဲ့ရင်

တော့ ကောင်မလေးက ဖြတ်နိုင်တော့မှာလဲ'

သည်လောက်ပြောတော့မှပဲ ဝေယံထွန်းလည်းရေးတေး တေး သဘောပေါက်လာသည်။ မျက်နှာပျက်တက်တက်ဖြစ်သွား ပြီး....

'အေး...မင်းပြောတာဟုတ်တယ် မောင်အုန်း၊ ဒီအတိုင်း ဆိုမဖြစ်တော့ဘူး၊ ကောင်မလေးနဲ့ပက်သက်ပြီး ငါ့ဘက်က တစ်ခုခု လုပ်မှဖြစ်တော့မယ်'

'အမှန်က ခင်ဗျားလုပ်ပြီးသား ဖြစ်နေဖို့တောင်ကောင်းတာ ကိုဝေယံ'

မောင်အုန်းစကားက ချက်ကောင်းကို ထိသည်။

ဝေယံထွန်းချက်ချင်း ထ,ပြီး ဖြုပ္ပင့်တို့အိမ်ဘက်ထွက်ခဲ့၏။

◆ ◆ ◆

ကြော်ငြာပါပြီး တစ်ပတ်အကြာမှာ စာအုပ်တွေထွက် သည်။

'အခြေအနေ ဘယ်လိုလဲ ကိုကျော်နိုင်၊ ကျွန်တော်ပြန်လုပ် လို့ဖြစ်နိုင်ပါဦးမလား'

ကိုကျော်နိုင်ကရယ်သည်။





'ဖြစ်မဖြစ်တော့ မသိဘူး ထွန်းဝေအောင်၊ အခုငါရိုက်ထား သလောက် စာအုပ်ကတော့ ပြတ်သွားတာပဲ၊ လောလောဆည်မှာ မင်းအရင်တုန်းရှိခဲ့တဲ့ စောင်ရေတော့မမီသေးဘူး၊ ဒါပေမယ့် ငါရိုက် ထားတဲ့စောင်ရေကလဲ ဒီနေ့တန်းဝင်စာရေးဆရာတွေ စောင်ရေနဲ့ မတိမ်းမယိမ်းပါကွာ'

'အဲဒီတော့'

'အဲဒီတော့မင်း ငါ့ဆီက ငွေဘယ်လောက်ကြိုယူမလဲ၊ တစ်အုပ်ချင်း၊ သူ့နှုန်းနဲ့သူပဲ ပြန်ဆပ်ဆပ်၊ စာချုပ်ပဲ ချုပ်ချုပ်မင်း ကြိုက်သလိုလုပ်၊ အနည်းဆုံးကားတစ်စီးစာတော့ မင်းကိုငွေကြို ပေးနိုင်တယ်၊ ရှင်းလား'

'တကယ်ပြောတာလား ကိုကျော်နိုင်'

'မင်းဘာတွေဖြစ်နေတာလဲ ထွန်းဝေအောင်၊ မင်းဟာ နာမည်ပျောက်သွားတာပဲရှိတယ်၊ မင်းစာကို ပရိသတ်မကြိုက်လို့ နာမည်ကျသွားတဲ့ စာရေးဆရာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်လဲ ဒီလောက် လျှော့မတွက်စမ်းပါနဲ့ကွာ၊ မကြာခင် နာမည်ကြီးစာရေး ဆရာဘဝနဲ့ မင်းကောင်မလေးကို လက်ထပ်ယူနိုင်မှာပါကွ၊ ဟား ဟား'

ခုမှ ကလောင်သစ်ကလေးကို ပြန်ဖြစ်၍ နုပျိုရင်ခုန်နေသော ထွန်းဝေအောင်ကို ကြည့်၍ကိုကျော်နိုင်က တဟားဟား ရယ်သည်။

ထွန်းဝေအောင် ရှက်တက်တက်နှင့်ပြုံးသည်။

◆ ◆ ◆





(၉)

ကိုကျော်နိုင်ပြောတဲ့ စကားဟာ မောင့်ရည်ရွယ်ချက် အမှန်ပါပဲ ဖြူပြွင့်ရယ်။

ဒီရည်ရွယ်ချက်ကြောင့်ပဲ မောင်တစ်ယောက် ဘဝတစ်ခုလုံးကို အခုလိုပြောင်းအလဲ လုပ်ဖို့ကြိုးစားလိုက်တယ် ဆိုတာလဲ ဖြူပြွင့် ယုံပါ။

ဘဝဆိုတာ ဘာမှအဓိပ္ပါယ်မရှိဘူး၊ ဘာမှကြိုးစား အားထုတ်စရာမလိုတော့ဘူးဆိုတဲ့ အထီးကျန်အချိန်က အတွေးအခေါ်တွေကို စွန့်လွှတ်လိုက်ရပြီလေ။

ဘာဖြစ်လို့လည်းဆိုတော့ မောင့်ဘဝအထီးကျန်မှ မဟုတ်တော့ဘဲ ဖြူပြွင့်ရှိနေပြီလေ။

မောင့်ဘဝမှာလည်း ဘဝမှာ နေပျော်ခြင်းဆိုတဲ့ အဓိပ္ပာယ် တွေရှိလာပြီ။ နေပျော်တဲ့ဘဝလေး တင့်တယ်ဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့ ကြိုးစား အားထုတ်စရာကိစ္စတွေလည်း လုပ်ဖို့လိုလာပြီ။

ဖြူပွင့်ကို သူတို့ပြန်ခေါ်သွားတဲ့နေ့က အဖြစ်အပျက်တွေက မောင့်ရင်ကို နာကြည်းစေခဲ့တယ်။

သူတို့က မောင့်ကို လမ်းပေါ်မှာလျှောက်ပြေးနေတဲ့ ခွေးရူး တစ်ကောင်လောက်ပဲ သဘောထားကြတာကလား။

မောင့်ကို လူနဲ့သူနဲ့တူတဲ့ စကားလေးတစ်ခွန်းနှစ်ခွန်းပြော ပြီး ခေါ်ထုတ်သွားဖို့တောင်မစဉ်းစားတော့ဘူး။

အမှန်တော့ မောင့်အပြစ်တွေလည်းပါ ပါတယ်။

သူတို့အားလုံး ဖြူပွင့်ကို ခုလိုလွယ်လွယ်လေး လာခေါ် ထုတ်မသွားနိုင်တာအောင် မောင်မှဖြူပွင့်ကို ကာကွယ်ပေးမထား နိုင်ခဲ့ဘဲ။ ဖြူပွင့် လာအားကိုးမိတဲ့ မောင့်ဘဝကြီးကလည်း လုံမှမလုံ ခြုံဘဲ။

ဖြူပွင့်က မောင့်ကို အစောကြီး ကတည်းက လုံခြုံစိတ်ချ ရတဲ့ နေရာတစ်နေရာကို ရှောင်ထွက်ကြဖို့ ပြောပါတယ်။

ဒါပေမယ့် မောင် မလှုပ်ခဲ့ဘူး။





အကြောင်းမဲ့တော့ မဟုတ်ပါဘူး ဖြူပွင့်ရယ်။ အကြောင်း ရှိပါတယ်။ အဲသည်အကြောင်းက ဘာလဲဆိုတော့ ကိုယ့်ကိုယ်ခြ ကိုက ဖြူပွင့်ကို မောင့်ဘဝကြမ်းကြီးထဲ ဝင်လာမှာ စိုးခဲ့တာပါ။

မောင့်ဘဝဟာ ဖြူပွင့်နဲ့ မတန်တဲ့ ဘဝလို့စိတ်ထဲမှာ စွဲ စွဲမြဲမြဲကို ယုံမိနေတယ်။

အဲဒါကြောင့် ဖြူပွင့်ကို ထာဝရလက်တွဲ သိမ်းပိုက်လိုက် ဖို့ဆိုတာကို မောင်လုံးဝ မစဉ်းစားရဲဘူး။ ဒါကြောင့်လည်း မောင် ကိုယ့်ကိုကိုယ် ထိန်းခဲ့တယ်။

ဖြူပွင့် လက်ထပ်မယ် ပြောတာကို မောင်တမင်ရှောင်ဖယ် နေခဲ့တယ်။

ခုကျတော့ မောင့်စိတ်တွေ အားလုံးပြောင်းလဲပစ်လိုက်ပြီ ဖြူပွင့်။

မောင်ဟာ ယောကျ်ားပဲ။

ယောကျ်ားတစ်ယောက်ဖြစ်ပြီးကိုယ်ချစ်တဲ့သူ၊ ကိုယ့်ကို ချစ်တဲ့သူနဲ့ ရဲရဲတင်းတင်း လက်တွဲဖို့ကိစ္စ ဘာဖြစ်လို့ သတ္တိမရှိရ မှာလဲ။

အရေးကြီးတာက ဘဝ။

စုတ်ပြတ်နံ့ချာတဲ့ နှစ်ပြားမတန်ဘဝကြီးနဲ့တော့ ဟုတ်တာပေါ့။ ကိုယ့်ချစ်သူကို ဒုက္ခတွင်းထဲ ဆွဲနှစ်သလို ဖြစ်သွားမှာပေါ့။

ကိုယ်ချစ်သူကို ကိုယ်ချစ်ရင် ကိုယ့်ချစ်သူ ကိုယ့်အနားမှာ ရှိနေနိုင်တဲ့ အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုကို တည်ဆောက်ရဲရမှာပေါ့။

ချစ်သူကို ဒုက္ခတွင်းထဲ ဆွဲမနှစ်ချင်ရင် ချစ်သူတင့်တယ်လှပနိုင်ပေမယ့် ဘဝသစ်တစ်ခုကို ဖန်တီးပစ်ပေါ့။

ချစ်သူဟာ ကိုယ်နဲ့ဝေးလို့ ပျော်ရမှာမှ မဟုတ်ဘဲ။

ချစ်သူဟာ ကိုယ်နဲ့ အတူရှိချင်လွန်းလို့ အင်မတန်မှ ပြည့်စုံတင့်တယ်နေတဲ့ ဘဝထဲကနေ မီးပုံထဲ ခုန်ဆင်းသလို ဆင်းလာခဲ့ပြီး ကိုယ့်ဆီပြေးလာခဲ့ရတာ။

ဖြူပွင့်စိတ်ချမ်းသာအောင် ကြိုးစားတော့မယ်လို့ မောင်ဆုံးဖြတ်လိုက်တယ် ဖြူပွင့်။

မောင် ဘာအားငယ်ရမှာလဲ။ မောင့်မှာ ဖြူပွင့် မြတ်နိုးလေးစားတဲ့ အနုပညာတွေရှိတယ်။ အဲဒီ အနုပညာတွေ ရှင်သန်လှပနေအောင် ကြိုးစားအားထုတ်ဖြည့်ဆည်း နိုင်တဲ့အားအင်တွေ မောင့်မှာရှိတယ်။

အဲဒီလိုပဲ မောင့်မှာ အင်မတန်မှ တမ်းတမျှော်လင့် နေရတဲ့





သူနဲ့ဆုံစည်းရခြင်း ဆိုတဲ့အသက်ရှင်ခြင်း ကိစ္စလေးတွေရှိတယ်။

မောင်ဟာ လောကမှာ အဓိပ္ပာယ်ရှိတဲ့ အသက်ရှင်ခြင်းတွေနဲ့ ရပ်တည်နေတဲ့သူ မဟုတ်တော့ဘူး။ မောင့်မှာ အင်မတန်မှ မျှော်လင့်တမ်းတရာ အသက်ရှင်ခြင်းတွေရှိတယ်။

မောင်ကြိုးစားမယ် ဖြူပွင့်။ ပထမဆုံးမောင့်ကိုမောင် ပြုပြင်တည်ဆောက်မယ်။ ပြီးရင်ဖြူပွင့်ကို မောင့်ဆီမရအရခေါ်ထုတ်မယ်။ ဖြစ်တဲ့နည်းနဲ့ ခေါ်ထုတ်မယ်။

လိုအပ်လာရင် တစ်ခါက မောင့်ကို ခွေးလေခွေးလွင့်တစ်ကောင်ကို ဆက်ဆံသလိုဆက်ဆံခဲ့တဲ့ လူတွေကိုပါ မောင့်အကြောင်းပြရမယ်။

ပြီးရင် လောကကြီးရဲ့ အကောင်းဆုံး ဆိုတာတွေနဲ့ ဝန်းရံပြီး ဖြူပွင့်ကို အတင့်တယ်ဆုံးအနေထားမှာ ရှိအောင်အားထုတ်မယ်။

အတိတ်တွေကို အားလုံးနှုတ်ဆက်ခဲ့ပြီ ဖြူပွင့်။ အနာဂါတ်ရဲ့ ရွှေရောင်လင်းလက်နေမယ့် ဘဝတွေကို ရည်ရွယ်တမ်းတရင်း ပစ္စုပ္ပန်ကာလတွေကို ကြိုးစားမှုအားအင်တွေနဲ့ ဖုံးလွှမ်းပစ်လိုက်မယ်။

ရှေ့ကဆီး၍

ခရီးလမ်းထဲ သစ်ပင်လှဲမလား။

ရေ့ကကန့်၍
အဟန့်အတား ဆူးတွေထားမလား။
ယောကျ်ားပေ့ နော်
တိုက်ပွဲပျော်
ကျွန်တော် တိုက်ရင်းတက်မှာပဲ။

ဆိုတဲ့ ဓနုဖြူကျော်ထွန်းရဲ့ ကဗျာလေးထဲကလိုပေါ့။

မောင်ပြန်လာပြီ ဖြူပွင့်။ လောက်ကြီးထဲကို ထွန်းဝေအောင် တစ်ယောက် တိုက်ပွဲဆင်ဖို့ ပြန်ဝင်လာခဲ့ပါပြီ။

♦ ♦ ♦



အပိုင်း ငါး (နိဂုံး)

(တမ်းတရာ အသက်ရှင်ခြင်းလေးရယ်)

(၁)

ဘယ်လိုလဲ ကိုယ့်လူ၊ ကြိုက်ရဲလား၊ မကြိုက်တာရှိရင် ပြောနော် အားမနာနဲ့"

"ဟာ…ဘယ့်နှယ် မကြိုက်တာရှိရမှာလဲဗျာ၊ ကြိုက်တယ် ကိုကျော်နိုင်ကြိုက်တယ်၊ အရမ်းကိုအဆင်ပြေတယ်ဗျာ"

ကိုကျော်နိုင် အခန်းရှာပြီး ပစ္စည်းပစ္စယများ ဝယ်ထည့် ပြီးသည်အထိ ထွန်းဝေအောင်ကို မပြသေး။ ထွန်းဝေအောင်အတွက် သူကိုယ်တိုင် ငှားရမ်းစီစဉ်ပေးထားသည့် တိုက်ခန်းနှင့် ပရိဘောဂ ပစ္စည်းများကို ခေါ်ပြသည်။

အခန်းနှင့် ပစ္စည်းများက ထွန်းဝေအောင် ပြောသလိုပင် ကမှ မကြိုက်စရာမရှိ၊ အခန်းက ဆောက်ပြီးခါစ တိုက်သစ်လေး

မို့ သစ်လွင်လှပနေသည်။ ဟောင်ကောင်ပုံစံ ခေတ်မီမီကလေးမို့ အထပ်ခိုးဆန်ဆန် အလွှာအထပ်လေးနှင့်ကျယ်ကျယ်ဝန်းဝန်းလည်း ရှိသည်။

ပြီးတော့ မြေညီထပ်။ အောက်ထပ်အခန်းရှည်ကြီးထဲသို့ ကားဒါရိုက်မောင်းသွင်း၍ရသည်။

ပတ်ဝန်းကျင်ကလည်း မြို့ထဲလို ရှုပ်ရှုပ်ထွေ ထွေးဆူဆူ ညံညံရှိမနေ။ စမ်းချောင်းရှမ်းလမ်းကြီးပေါ်မှာရှိသည့် အတွက်သိပ် အခေါင်ကြီးလည်း မဟုတ်။

အရာအားလုံးက စိတ်တိုင်းကျစရာလေးများချည့်တော့ ဖြစ်နေသည်။ အခန်းထဲမှာ သူ့နေရာနှင့်သူထည့်သွင်းထားသည့် ပရိဘောဂများကလည်း ဂ္ဂလှပပနှင့် သပ်သပ်ရပ်ရပ်လေးများ ချည့် ဖြစ်သည်။ ဘုရာခန်း၊ စာဖတ်ခန်း၊ အိပ်ခန်း၊ ဧည့်ခန်း၊ မီးဖိုစသည် ဖြင့် လိုအပ်သည့် ဖွဲ့စည်းပုံကလေးများကလည်း သေသေတာတာ နှင့် ပြည်စုံပြီးသား။

"ကဲ…အခန်းနေရာနဲ့ ပစ္စည်းပစ္စယတွေ ပြည့်စုံပြီဆိုရင် တော့ ဒီမှာ နေရမယ့်သူကို ခေါ်လာဖို့ပဲ လိုတော့တယ် ထွန်းဝေ အောင် မင်းအစီစဉ်က ဘယ်လိုလဲ"





ထွန်းဝေအောင်က ချက်ချင်းပြန်မဖြေသေးဘဲ ကိုကျော်နိုင် စိတ်ကူးကောင်းပုံနှင့် စီမန်ခန့်ခွဲတတ်ပုံကို စိတ်ထဲကနေ ကျိတ်ချီး မွမ်းနေမိသည်။

ဒါတွေအားလုံးအတွက် ထွန်းဝေအောင် သူကိုယ်တိုင် တစ်ပြားတစ်ချပ်မှ ပိုက်ဆံမထုတ်လိုက်ရ။ ကိုကျော်နိုင်က သူ့ဘာ သာသူ အကုန်စိုက်ထုတ်စီစဉ်ပေးထားခြင်းသာဖြစ်သည်။ ပြီးမှ ကုန်ကျစရိတ်အားလုံးအတွက် ထွန်းဝေအောင်က စာမူဖြင့် ပြန်ပေး ချေရမည်ဖြစ်သည်။

သည့်မတိုင်မီ ရက်ပိုင်းကလည်း ၈၂ပုံစံ နငယ်နံပါတ်ဆန်နီ စ်ကပ် ကားလေးတစ်စီး ဝယ်ပေးထားခဲ့သေးသည်။ လုပ်ငန်းသ ဘာသာမက စေတနာပိုင်းပါ ပါသောကြောင့်သာ သည်လောက် ပြည်စုံအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ အားလုံးစုစုပေါင်း တန်ဖိုးက နည်းမည်မဟုတ်။ ထို့အတူတစ်ဖက်က သူ့ကြိုးစားမှုကံ ကြမ္မာ၏ ဖေးမမှုဖြင့် စာအုပ်လေးတွေ အရောင်းရတွင်ကျယ်လာခြင်း ၏ အကျိုးသက်ရောက်မှုလည်းဖြစ်သည်။

ပထမစာအုပ်တုန်းကတော့ ပရိသတ်နှင့်ပြန်လည်ထိတွေ့ ခြင်းဖြစ်သည့်အတွက် ထုတ်ဝေသူကလည်း သိပ်စောင်ရေ များများ

မထုတ်သလို လက်ခံနိုင်သေး လက်မခံနိုင်သေး သိနိုင်ရုံသာဝယ် တင်ကြသည်။ ဒုတိယစာအုပ်ကစ၍ အရောင်းစံချိန်က သိသိသာသာ တက်လာ၏။ အခု တတိယစာအုပ်ထွက်ပြီးချိန်မှာတော့ အခြေအနေကအရမ်းကောင်းသွားပြီ။ ထိပ်တန်းအဆင့် စာရင်းထဲသို့ သူပြန်ဝင်လာသည်။

သည်မှာပင် ကိုကျော်နိုင်က စိတ်ချလက်ချ အနေအထားဖြင့် ထွန်းဝေအောင် လိုအပ်သော အချက်အလက်များကို အားခြင်းကောက်ဖြည့်စည်းပေးခြင်းဖြစ်သည်။

သို့သော် ဒါက ကိုကျော်နိုင်အပိုင်း၊ သူ့အပိုင်းကျတော့

"ခင်ဗျားအပြစ်တင်ရင်လဲ ခံရမှာပဲ ကိုကျော်နိုင်၊ မှန်တာပြောရရင် ကောင်မလေးနဲ့ပက်သက်လို့ ကျွန်တော့်ဘက်က ဘာအစီအစဉ်မှ မလုပ်ရသေးဘူး၊ ဒီကိစ္စတွေလဲ မသေချာသေးဘူးထင်တာနဲ့ ဘာမှမစခဲ့သေးဘူး၊ အခုတော့ အားချင်းထ,စီစဉ်ရတော့မှာပေါ့ဗျာ"

"ဟ…ဒါဖြင့် ခုထိမင်းကောင်မလေးနဲ့ ဘာအဆက်အသွယ်မှ မရသေးဘူးလား"

ထွန်းဝေအောင် ခေါင်းခါသည်။

"မရသေးဘူး ကိုကျော်နိုင်၊ မရသေးတာ မဟုတ်ဘူး၊ ကျွန်တော့်ကိုက ဘာအဆက်အသွယ်မှ မလုပ်တတ်သေးတာ"





"ဟာ…ဒါဖြင့် လုပ်တော့လေကွာ"

"ခုတော့ မလုပ်မဖြစ်ကို လုပ်ရတော့မှာ ကိုကျော်နိုင်၊ ဒါတွေအားလုံး အရန်သင့်ဖြစ်နေမှတော့ခုပဲလုပ်ရတော့မှာပေါ့"

ထွန်းဝေအောင်က ပြန်ပြောရင်း မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

"လုပ်တာတော့ ဟုတ်ပါပြီ၊ ဘာကဘာယ်လို စ,လုပ်မှာလဲ ဖြူပွင့်နဲ့ တွေ့ခွင့်ရဖို့ လွယ်မှလွယ်ပါ့မလား၊ ဖြူပွင့်ကိုယ်တိုင်ကကော ပြောင်းများ ပြောင်းလဲနေမှာလား"

စဉ်းစားရင်း ရင်ထဲမှာ တထိတ်ထိတ်ခုန်လာ၏။

◆ ◆ ◆

(၂)

"အဟင့်....ဟင့်...ဟင့်"

တွေးရင်းတွေးရင်းနှင့် ဖြူပွင့်ရင်ထဲမှာ အရမ်းဝမ်းနည်းလာပြီး ရှိုက်ကြီးတငင်ငိုချလိုက်တော့သည်။

"သူတို့ပြောတဲ့အတိုင်းများမောင် တကယ်ဖြစ်နေပြီလား၊ အင်းလေ...ဟုတ်ချင်လဲဟုတ်မှာပဲ၊ သူတို့ပြောသလိုသာမဟုတ်ရင် တစ်နည်းနည်းနဲ့ ငါနဲ့ အဆက်အသွယ်ရအောင် မောင်ကြိုးစားမှာပေါ့၊ အခုတော့ မောင်က ငါ့ကိုလှည့်တောင်မကြည့်တော့ဘူး။

"ဟုတ်မှာပါ၊ ကိုဝေယံပြောသလို နောက်ဆုံးကျတော့ ငါဟာ မောင် ကစားနေကျ မိန်းကလေးရုပ်လေးတွေ အများကြီး တွေထဲက အရုပ်ကလေးတစ်ရုပ် ဖြစ်သွားရတာပါပဲ"





အတွေးကလည်း ယောက်ယက်ခတ်နေသည်။ ထွန်းဝေအောင်ကို သူ့အရမ်းယုံခဲ့သည်။ တစ်လောကလုံးမှာ ဘယ်သူမယုံယုံ သူယုံသည်ဟု ခိုင်မာသော စိတ်ဓာတ်ဖြင့် ဖြူပွင့် ထွန်းဝေအောင်ကို ယုံခဲ့သည်။ ထွန်းဝေအောင်နှင့် သူအခွဲခွာခံထားရချိန် များမှာလည်း ထိုယုံကြည်မှုကို ခိုင်မမြဲနိုင်အောင် သူဆုပ်ကိုင်ထားခဲ့သည်။

ထိုသို့ယုံကြည်မှုနှင့်လည်း မျှော်လင့်ချက်တစ်ခုကို အမြဲ မျှော်လင့်ထားရှိခဲ့သည်။ ထိုမျှော်လင့်ချက်က တခြားမဟုတ်။ ထွန်းဝေအောင်နှင့် တစ်နေ့ပြန်ဆုံကို ဆုံရမည်။ ပေါင်းကို ပေါင်းရမည် ဆိုသော အချက်ပင်ဖြစ်သည်။ သူ့ဘက်က အခွင့်သာသည်နှင့် မရအရ စွန့်စားပြီး ထွန်းဝေအောင်ရှိရာ မရောက်ရောက်အောင် ပြေးနိုင်ဖို့ ဆုံးဖြတ်ထားသလို ထွန်းဝေအောင်ဘက်ကလည်း အခွင့် အရေးရလျှင် ရသလိုသူ့ကို လာခေါ်မှာပဲ ယုံကြည်ထားခဲ့သည်။

အချိန်တွေက ထင်ထားတာထက် များစွာကြာလာသော အခါမှာတော့ ကိုယ့်ဘက်လည်း ဘာအခွင့်အရေးမှမရ။ ထွန်းဝေအောင်ဘက်ကလည်း ဘာမှလှုပ်လှုပ်ရှားရှားရှိမလာသောအခါ ဖြူပွင့် စိတ်ဓာတ်ကျလာသည်။ သည်ကြားထဲ ဝေယံထွန်းနှင့်ဖေဖေ၊ မေမေ တို့ကလည်း သူ့စိတ်ဓာတ်ယိုင်လဲပြောင်းလဲ လာစေရန် အမျိုးမျိုး ပြောဆို နားချနေသည်။

အထူးသဖြင့် ဝေယံထွန်းပြောခဲ့သော စကားများ…

"ကိုယ်ပြောတာ ယုံလိုက်ဖြူပွင့်၊ ဖြူပွင့် ဒီတစ်သက်မှာ ထွန်းဝေအောင်ကို မမျှော်လင့်နဲ့တော့ တကယ်တမ်းကျတော့ ဖြူပွင့်ကို သူလုံးဝစိတ်ဝင်စားတာ မဟုတ်ဘူး၊ သူစိတ်ဝင်စားတဲ့ မိန်းကလေးမျိုးထဲမှာ ဖြူပွင့်မပါဘူး၊ တစ်ချိန်တုန်းက ဖြူပွင့်ကို စိတ်ဝင်စားသလိုလို ဘာလိုလိုလုပ်ခဲ့တာက သူနိမ့်ကျနေတဲ့အချိန်မို့လို့၊ ဒါတောင် ဖြူပွင့်ကို သူတကယ်ယူရတော့မယ်ဆိုတော့ ဘယ်မှာ ယူဖို့စဉ်းစားလို့လဲ၊ သူဟာ အစကတည်းက လူရှုပ်လူပွေ၊ လူ့ပိုင်းလုံး၊ ဖြူပွင့် မိဘတွေမှာ လူရိုသေ ရှင်ရိုသေရာထူးရှိတာကလွဲလို့ တခြား ငွေကြေးစည်းစိမ် ဥစ္စာတိုက်တာ ဘာမှမရှိဘူး၊ ဒါမျိုးကို သူယူဖို့ ဘယ်လိုမှစဉ်းစားမှာမဟုတ်ဘူး"

"သူဖြူပွင့်ကို လှည့်စားခဲ့တာပါ၊ မယုံမရှိနဲ့၊ တကယ်သာ ချစ်ရင် ခုလိုအနေအထားမျိုးမှာ သူဒီအတိုင်းပစ်ထားမလား၊ ကိုသာဆို ဒီထက်မက ဆယ်ဆလောက် အခက်အခဲရှိရင်တောင် ဒီထက်မက ဆယ်ဆလောက်အခက်အခဲရှိရင်တောင် မရအရ ပြန်ခိုး မှာပဲ၊ ချစ်ရင်ဒီလောက်တော့ စွန့်စားရမှာပေါ့"

"အခုတော့ ပုဂ္ဂိုလ်က အရမ်းမြင့်မားသွားပြီ ဖြူပွင့်၊ ဖြူပွင့်





ကို ကိုယ်တစ်ရက်လိုက်ပြမယ်၊ ဒီကောင်က အခုစမ်းချောင်းမှာ တိုက်ခန်းအသစ်နဲ့ကားနဲ့၊ သူ့ဇာအုပ်တွေကလဲ၊ အရမ်းပြန်နှာမည်ကြီးပြီး ကောင်မလေးတွေလဲ အနားမှာဝိုင်းဝိုင်းလည်နေတာ၊ သူ့ခေါင်းထဲမှာ ဖြူပွင့်ဆိုတာ ဘာမှန်းတောင်သိတော့မှာ မဟုတ်ဘူး"

မဖြစ်နိုင်ပါဘူး ဘယ်လောက်ပဲငြင်းဆန်ခဲ့သော်လည်း ကြားရဖန်များပြီး စကားလုံးတွေက ကျိုးကြောင်းသင့်နေသောအခါ ဖြူပွင့်ဘယ်လိုမှ စိတ်ခိုင်အောင်တင်းမထားနိုင်တော့၊ ချုံးပွဲချပြီး ငိုချပစ်လိုက်မိတော့၏။

"ရှုတ်…ရှုတ်"

ဘယ်လောက်ကြာအောင် ဖြူပွင့် ငိုနေမိသည်မသိ။ ငိုရင်းငိုရင်းနှင့် တစ်ကိုယ်လုံး အားအင်ကုန်ခမ်းသလိုဖြစ်ပြီး မောပမ်းလာသည်။ အချိန်ကလည်း ညဉ်းပိုင်း ရောက်လာ၏။ မောမောနှင့် အိပ်ပျော်လုဆဲဆဲမှာ နားထဲအသံတစ်သံဝင်လာသည်။ ပထမတော့ ဘာမှန်းမသိဖြင့် ကိုယ်နှင့်မဆိုင်သလို နေလိုက်မိသည်။ နောက်မှ ဒီအသံမျိုးက မြွေတွေ ဘာတွေတွန့်တတ်သည့် အသံမျိုးဟု သတိရပြီး အသံလာရာအရပ်ကို ကမန်းကတန်းလိုက်ကြည့်သည်။

"ဟင်"

ဖြူပွင့် လုံးဝမျှော်လင့်မထားသောအဖြစ်။

‘မောင်’

ဟုတ်သည်။ သည်အသံသည် မြွေတွန်သော အသံမဟုတ်။ ထို့အတူသူ့ကို အန္တရယ်ပြုနိုင်သော သတ္တဝါတစ်ကောင်ကောင်၏ မြည်သံလည်း မဟုတ်။ ထိုအသံက သူတအားမျှော်လင့်တမ်းတနေသောချစ်သူ ထွန်းဝေအောင်ပြုနေသော အသံပါလား။

ကံကောင်းသည်မှာ ခါတိုင်းဆိုသည်အချိန်မတိုင်မီက တည်းက အိမ်ထဲခြင်ဝင်မှာစိုး၍ ပြတင်းတံခါးတွေ ပိတ်နေကျ။ ခုတော့ ဖြူပွင့် ငိုနေမိသဖြင့် ပြတင်းပိတ်ရန် မေ့သွားသည်။ ဤသည်ပင် မောင့်အတွက်ကံကောင်းသွားခြင်းဖြစ်သည်။

‘အင်းလေ…မောင့်အတွက်သာမဟုတ် ဖြူပွင့်အတွက် လည်းကံကောင်းသွားတာပါပဲ။ နို့မို့ ပိတ်ထားသောပြတင်းမှနေ အိပ်လုလုဖြစ်နေသော ဖြူပွင့်ကို မောင်အနှိုးရခက်ပေလိမ့်မည်။ ,

ဖြူပွင့် ဝမ်းသာအားရနှင့် ပြတင်းဆီသို့ပြေးသွားမိ၏။

‘မောင်’

‘ဖြူပွင့် မောင်ပြောမယ်၊ အခုဖြူပွင့်ကို မောင်တစ်ခါတည်း လာခေါ်တာ၊ မောင့်ဘက်က အားလုံးအဆင်သင့်ပဲ၊ ကားလဲပါတယ်





ဖြူပွင့်တို့ ခြံအလွန်လေးမှာရပ်ထားတယ်၊ ဆန်နီပစ်ကပ် အဖြူလေး၊ ဘယ်လိုလုပ်မလဲ ဖြူပွင့်ထွက်လာလို့ လွယ်ပါ့မလား’

အိမ်ပြတင်းမှာ သံတိုင်တွေတပ်ထားသဖြင့် အပြင်က မောင်လည်း အထဲမဝင်နိုင်သလို အတွင်းကဖြူပွင့်လည်း ပြတင်းမှ ထွက်ချင်၍တော့မရ။ ဖြူပွင့် စဉ်းစားလိုက်ပြီး…

‘လွယ်တော့ မလွယ်ဘူးမောင်၊ ဒါပေမယ့် ဒီလိုပဲ စွန့်စားရမှာပဲ၊ မောင်ဖြူပွင့်ကို ဘယ်လောက်ကြာကြာစောင့်ပေးနိုင်မလဲ’

‘ဖြူပွင့် မလာမချင်းဘယ်လောက်ကြာကြာစောင့်ရ မှာပဲလေ၊ ဖြူပွင့် ဒီနေ့အစဉ်မပြေလဲ နောက်နေ့ထပ်လာစောင့်ရမှာပဲ မောင်မှ ဖြူပွင့်ကိုမခွဲနိုင်တာ’

‘အို…တကယ်ပြောတာ’

‘တကယ်ပေါ့ ဖြူပွင့်ရယ်’

‘အင်း…အင်း၊ အဲ့ဒါဆို မောင်ဒီလိုကြီးပြတင်းပေါက်မှာ ကုတ်တွယ်ပြီး ရပ်မနေနဲ့တော့၊ ကားဆီသာပြန် ကားထဲမှာပဲထိုင်ပြီး စောင့်နေ၊ ဖြူပွင့်အခြေအနေကြည့်ပြီး လစ်တာနဲ့ထွက်လာခဲ့မယ်’

‘ဟုတ်ပြီ…ဟုတ်ပြီ ဒါဆိုမောင်သွားမယ်နော်ဖြူပွင့် စိတ်ချရမယ်မဟုတ်လား’

'စိတ်ချ မောင်၊ ဒီည မဖြစ်ဖြစ်တဲ့နည်းနဲ့ကို ဖြူမွှင့်ထွက်ခဲ့မယ်'

စိတ်လှုပ်ရှားခြင်း၊ ဝမ်းသာခြင်းတို့ကြောင့် ဖြူမွှင့်တစ်ကိုယ်လုံးတုန်ယင်နေမိ၏။ စောစောကမောင့်ကို အထင်လွဲမှားပြီးငိုလိုက်ရတဲ့ မျက်ရည်တွေကိုလဲ နမြောလိုက်တာလေ။ နောက်ဆုံးကျတော့ ဖြူမွှင့် မျှော်လင့်ယုံကြည်ခဲ့သည့်အတိုင်း မောင်လိုက်လာခဲ့ပြီကော။

◆ ◆ ◆





(၃)

'ဘယ်လိုလဲ ထွန်းဝေအောင်၊ ကောင်မလေးနဲ့တွေ့ ခဲ့လား'

ထွန်းဝေအောင် ပြန်ရောက်လာသည်နှင့် ကားဆီမှာစောင့်နေသော ကိုကျော်နိုင်က စိတ်ပူစွာ လှမ်းမေးသည်။

ထွန်းဝေအောင် ခေါင်းညိတ်ပြပြီး····

'တွေ့ခဲ့တယ်ကိုကျော်နိုင်၊ သူထွက်လာလိမ့်မယ်၊ အခြေအနေကြည့်ပြီး ထွက်ရမှာမို့ နည်းနည်းတော့စောင့်ပါတဲ့'

'ဟာ····စောင့်ရမှာပေါ့၊ မင်းကမပြောခဲ့ဘူးလား၊ မလာမချင်းစောင့်မယ်၊ အဆင်မပြေမချင်းနေ့တိုင်းလာစောင့်မယ်လို့'

ထွန်းဝေအောင်က ရယ်သည်။

'ပြောခဲ့ပါတယ်ဗျာ၊ ဒီစကားလုံးတွေနဲ့ တစ်လုံးမလွဲပါပဲ၊ ဒါပေမယ့် ခင်ဗျားမရယ်ချင်ဘူးလား'

'ဟေ…ဘာဖြစ်လို့ရယ်ချင်ရမှာလဲကွ၊ ဒီလောက်စိတ်ပူနေရတဲ့အထဲ'

'မဟုတ်ဘူးလေ ဒီအသက်အရွယ်ကျမှ ဒီလောက်အသည်းအသန် မိန်းမခိုးနေရလို့'

'ဟ…ဘာဆိုင်လို့လဲကွ၊ ဒီကိစ္စကအသက်အ ရွယ်နဲ့ဘာမှ မဆိုင်ဘူး ရာထူး ဂုဏ်သိန်နဲ့ ဘာမှမဆိုင်ဘူး၊ နာမည် ကြီးတာမကြီးတာနဲ့ ဘာမှမဆိုင်ဘူး၊ မိန်းမဆိုတာ ဘယ်အချိန်ခိုးခိုး ခိုးလို့ရရင် ပျော်စရာကောင်းတာချည့်ပဲ၊ ငါက အဲဒီအလုပ်ကို ဝါသနာကိုပါတာ'

စိတ်လှုပ်ရှားနေသည့်ကြားက နှစ်ယောက်သား ရယ်လိုက်ကြသေးသည်။ ထိုစဉ် ဖြူပွင့်တို့ခြံဝဆီမှ လူရိပ်တစ်ရိပ်လှစ်ခနဲ ပြေးထွက်လာသည်ကို တွေ့လိုက်ရသည်။

'ဟာ…ထွက်လာပြီကိုကျော်နိုင်၊ သွား…သွား ခင်ဗျား ကားဆီ ခင်ဗျားပြန်တော့'

'အေး…အေး ဒါဖြင့်ငါသွားမယ်၊ မင်းစိတ်ချလက်ချသာ လစ်တော့နော်၊ နောက်ကြောင်းတွေ ဘာမှမပူနဲ့ ငါရှင်းထားမယ် ဖြစ်နိုင်ရင် အဲ့ဒီပျားရည်ဆမ်းခရီးမှာ ဝတ္ထုတစ်ပုဒ်လောက် ရအောင် ရေးခဲ့'





'စိတ်ချ…စိတ်ချ'

ပြောပြောဆိုဆိုနှင့် လူချင်းခွဲလိုက်သည်။ ကိုကျော်နိုင်က ဟိုင်းလပ်ကားပြာကြီးဆီ ပြန်လျှောက်သွား၍ ထွန်းဝေအောင်က ကားတံခါးဆီကိုလှမ်းဖွင့်ပြီး ဖြူပွင့်အဆင်သင့်တက်နိုင်ရန် ပြင်ထား ပေးလိုက်သည်။

ထိုစဉ်ဖြူပွင့်နောက်ဘက်ဆီက ကားမီးရောင်တန်းတစ်ခုက လင်းခနဲ တိုးဝင်လာ၏။

'ဟင်'

♦ ♦ ♦

'ဟင်'

ဖြူပွင့်တို့အိမ်မရောက်မီ လမ်းအချိုးလေးကို ကွေ့လိုက်သည်နှင့် သူ့ကားမီးရောင်ထဲမှာ အိမ်ထဲကနေ သုတ်သုတ်ပျာပျာ ပြေးထွက်လာသည့်ဖြူပွင့်ကို ဝေယံထွန်းလှမ်းမြင်လိုက်သည်။ တစ်ဆက်တည်းပင် ဖြူပွင့် ဦးတည့်ပြေးသွားနေသည့်ဆန်နီ ပစ်ကပ် အဖြူလေးကိုလည်း လှမ်းမြင်ရသည်။ ထွန်းဝေအောင်ကား။

နှစ်ခါစဉ်းစားစရာမလိုဘဲ ခုကိစ္စဘာဖြစ်ပြီဆိုသည်ကို

ဝေယံထွန်း တန်းသိလိုက်သည်။ သို့အတွက်ကားကို အရှိန်မသတ်တော့ဘဲ ဆက်မောင်းသည်။

'တီ...တီ...တီ'

ကားဟွန်းသံကိုလည်း အဆက်မပြတ် ပေးလိုက်သည်။

'ဖြူပွင့် မသွားနဲ့ နေဦး'

ကားဟွန်းသံနှင့် အားမရ၊ ကားလေးမှ ခေါင်းထုတ်ပြီး လှမ်းလည် အော်သည်။ သူ့ကားအနားရောက်ခါနီးလေးမှာပင် ထွန်းဝေအောင်၏ ကားအဖြူလေးက ဖြူပွင့်ကို တင်းပြီးစ,ထွက်၏။

'မြန်မြန်တက်ဖြူပွင့်၊ နောက်ကားက ဘယ်သူ့ကားလဲ'

'ကိုဝေယံ့ကား မောင်၊ မြန်မြန်မောင်း သူလိုက်လာလိမ့်မယ်'

ဟွန်းတတီတီနှင့် အော်ဟစ်သံများကိုလည်း ကြားသည်။ ထွန်းဝေအောင် ဘာမှ မစဉ်းစားတော့ဘဲ ကားကိုခပ်ကြမ်းကြမ်းပင် ဆောင့်ထွက်၍ မြန်နိုင်သလောက် မြန်အောင်မောင်းလိုက်သည်။

'ဒုက္ခပဲမောင်၊ လွတ်မှလွတ်ပါ့မလား၊ သူ့ကားမီလာရင်ခက်မယ်'

'မရတော့ဘူးလေ ဖြူပွင့်၊ ဒီတစ်ခါဆိုရင်တော့ သူခံသွား





ရမှာပေါ့၊ ဟိုတစ်ခါလို မောင် အငိုက်မိဘယ်ခံတော့မလဲ'

ထိုစဉ် နောက်ကားမီးရောင်များ ရုတ်တရက် ကွယ်သွားသည်။ သူ့ကားနှင့် ဝေယံထွန်းကားကြားသို့ ကားတစ်စီးဝင်ရောက်ပြီး ကန့်လန့်ဖြတ်ခံလိုက် သောကြောင့်ဖြစ်၏။

ထိုကားက ကိုကျော်နိုင့်ကား။ ဟိုင်းလတ် အပြာကြီး။

'ဟာ...ဒီကားက ဘာလုပ်တာလဲကွာ'

ရုတ်တရက် ကြားမှနေ ကန့်လန့်ကြီး ဖြတ်ဝင်လာသော ကားကြီးကြောင့် ဝေယံထွန်းအသည်းအသန် ဘရိတ်အုပ်လိုက်ရ သည်။ ကားလေးက အရှိန်နှင့်မို့ ကားပြာကြီးနှင့် တိုက်မိလုဆဲဆဲပင်ဖြစ်သွား၏။

'ဟေ့လူ၊ ဖယ်ဗျာ မြန်မြန်၊ ဒီမှာ အရေးကြီးနေလို့'

ပြတင်းမှ ခေါင်းထုတ်၍ ဝေယံထွန်းဒေါသတကြီး အော်ဟစ်သည်။ စိတ်စောနေသောကြောင့် ကိုကျော်နိုင် ကားကြီးကိုပင် ရုတ်တရက် မမှတ်မိ၊ ထိုစဉ်ရယ်ကျဲကျဲနှင့် ကားပေါ်မှနေ ကိုကျော်နိုင် ဆင်းလာသည်။

'ဟဲ...ဟဲ ဘယ်လိုလဲ ဝေယံထွန်း၊ မင်းက ငါ့စာရေးဆရာကို ဘာဒုက္ခပေးမလို့ကားနဲ့ လိုက်တာလဲ၊ မလုပ်ပါနဲ့ကွာ၊

ဒီကားလေးငါ ဝယ်ပေးထားတာ သိပ်မကြာသေးပါဘူး၊ ကားအသစ်စက်စက်ကလေးနဲ့ သူ့မိန်းမ အသစ်စက်စက်လေးကို တင်ပြီးမြန်မာပြည်တစ်ပတ်လောက်တော့ လည်ပါစေဦး၊ လူလဲ ပျားရည်ဆမ်းကားလဲပျားရည်ဆမ်းပေါ့'

'ခင်ဗျား…ခင်ဗျား'

လမ်းက ခပ်ကျဉ်းကျဉ်းမို့ ကိုကျော်နိုင် ကားပြာကြီးကို ကျော်၍ ဝေယံထွန်းဘယ်လိုမှ မရှောင်နိုင်။ ဒေါသဖြစ်လွန်းသဖြင့် ဝေယံထွန်း တစ်ကိုယ်လုံးတုန်ပြီး ဘာစကားမှ အဆီအငေါ်တည့်စွာ ထွက်မလာ။

ထိုအချိန်မှာပင် ထွန်းဝေအောင်တို့ ကားကလေးက ဝေးသထက်ဝေးရာသို့ ဦးတည်ရောက်ရှိသွားပြီဖြစ်၏။

◆ ◆ ◆





(၄)

'မောင် ဖြူပွင့်ကို လာခေါ်တယ်နော်၊ ဝမ်းသာလိုက်တာမောင်ရယ်၊ ဖြူပွင့်က မောင်မရောက်လာခင်လေးတင် ငိုနေမိ သေးတာ'

'မောင်မလာလို့ပေါ့၊ ဖြူပွင့် တစ်ယောက်တည်းမောင်အကြာကြီး ပစ်ထားလို့ပေါ့'

'မောင်လဲအားလုံး အရန်သင့်ဖြစ်အောင် ကြိုးစားနေတာနဲ့ အဲ့လိုဖြစ်သွားတာပါ ဖြူပွင့်ရယ်၊ အားလုံးမပြီးစီးမပြည့်စုံဘဲနဲ့လဲ မောင်ဖြူပွင့်ကို မခေါ်ချင်ဘူး'

'မသိပါဘူး၊ ဖြူပွင့်က မောင်တိုက်တွေကားတွေနဲ့ဖြစ် သွားပြီ ကောင်မလေးတွေ ဝိုင်းနေတယ်ကြားတော့ ဖြူပွင့်ကိုတော့ မေ့သွားပြီထင်လို့'

ထွန်းဝေအောင်က ရယ်သည်။

‘မဟုတ်တာဖြူပွင့်ရယ်၊ မောင့်ဘဝမှာ မောင်တမ်းတ,တာ ဖြူပွင့်တစ်ယောက်တည်းပါ၊ မောင်ကြိုးစားတာတွေလဲ ဖြူပွင့်အတွက်ချည့်ပဲ ပြီးတော့ မောင်ပြောရင် ဖြူပွင့်ယုံမှာလား’

‘ယုံအောင်ပြောရင် ယုံမှာပေါ့မောရဲ့’

‘မောင့်တစ်သက်လုံး ထာဝရခရီးမှာ ဖြူပွင့်မပါလို့ မဖြစ်ပါဘူးဖြူပွင့်ရယ်၊ ဖြူပွင့်မပါရင် မောင်သေသွားလိမ့်မယ်၊ ဖြူပွင့်ဟာ မောင့်အသက်ရှင်ခြင်း အစစ်’

‘သွားပါကွာ၊ အဲဒါကတော့ပိုတာပေါ့’

‘မပိုပါဘူး၊ ဖြူပွင့်၊ တကယ်ပြောတာပါ၊ ဩော် နေဦး… နေဦး၊ ဖြူပွင့်နားထောင်ဖို့ မောင်သိပ်ကြိုက်တဲ့ သီချင်းလေးတစ်ပုဒ် ယူလာတယ်၊ နားထောင်ကြည့် အဲဒါမောင့်ရင်ထဲက ခံစားမှုတွေနဲ့ အဟိအကျပဲ’

‘ဘာသီချင်းလဲမောင်’

‘နားထောင်ကြည့်လေ၊ ဝင်းမင်းထွေးရေးပြီး ထူးအိမ်သင် ဆိုထားတဲ့ သီချင်းလေး’

ပြောရင်းနှင့် ထွန်းဝေအောင်က သူ့ကားကတ်ဆက်လေး ထဲကို အခွေတစ်ခွေထည့်လိုက်သည်။





ရှေ့ပြေးတီးလုံး အသံအဆုံးမှာ သီချင်းစာသားလေးများက ပီပီသသ ပေါ်ထွက်လာ၏။

‘ထာဝစဉ်သာ ရည်ရွယ်ရာ
ထာဝစဉ်သာ ပျော်ရွှင်ရာ
မင်းတစ်ယောက်သာ
ငါကြိုးစားတယ်
အချစ်ရယ်
မင်းအတွက်ပါ’

‘ဟာ…အဲဒီသီချင်း ဖြူပွင့်သိတယ်၊ ဖြူပွင့်…သိပ်ကြိုက်တဲ့သီချင်း’

‘ကြိုက်ရုံမကြိုက်နဲ့ဦးဖြူပွင့်၊ စာသားတွေလဲ နားထောင်ဦး ပြီးတော့ တစ်သက်လုံးလဲ အဲဒီအတိုင်းပဲယုံ’

ကတ်ဆက်မှ သီချင်းသံက ဆက်လက်ပေါ်ထွ[illegible]လာ၏။

‘ထာဝစဉ်သာ ရည်ရွယ်ရာ
ထာဝစဉ်သာ ပျော်ရွှင်ရာ
မင်းတစ်ယောက်သာ
ငါတမ်းတရာ

အသက်ရှင်ခြင်းလေးရယ်

ဒီစာသားအပိုဒ်မှာတော့ ထွန်းဝေအောင်ကော ဖြူပွင့်ပါ အသံလေးများထွက်၍ လိုက်ဆိုသည်။ ကားလေးကအဝေးပြေး လမ်းမကြီးပေါ်တွင် အရှည်လျားဆုံးခရီးတစ်ခုကိုသွားရန်အတွက် လှပစွာ ပြေးလွှားနေ၏ ကားပတ်ဝန်းကျင်မှာတော့ သီချင်းလေးတွေ ပျံ့လွင့်နေပေလိမ့်မည်။

ကားထဲမှာတော့ အလွန်ချိုမြသော ပျားရည်စက်များလှပ ဝေဆာစွာ ကြဲပြန့်လျက်။

ကြိုးစားပါဦးမည်။

**နှမ်ဂျာသိုင်း**